# နောင်တော်ကြီးသိမ် မော်ကွန်း

သဲကုန်းဆရာတော်

## ဘဒ္ဒန္တသီလာစာရ

စီစဉ်ရေးသားပြုစုသည်



ဖခင်ကြီး ဦးထွန်း + မိခင်ကြီး ဒေါ်လှမြင့်

တို့အား ရည်စူး၍

ကိုကျော်နိုင် + ကိုသက်နိုင်

မောင်နှမများ

D1 - ဆောင်းတူးလမ်း၊ စက်မှုဇုန် (၃)

ဒဂုံတောင်ပိုင်း၊ ရန်ကုန်မြို့။

(အလှူတော်ငွေကျပ် - သုံးသိန်း)

# နှောင်တော်ကြီး သိမ်မော်ကွန်း


သဲကုန်းဆရာတော်

ဘဒ္ဒန္တသီလာစာရ

စိစစ်ရေးသားပြုစုသည်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဘဒ္ဒန္တကုဏ္ဍလဇောတိထေရ်၏အမှာစာ | က |
| ၂။ | ဘဒ္ဒန္တဝေပုလ္လ၏ဥယျောဇနကထာ | ခ |
| ၃။ | စာရှုသူများသို့ပန်ကြားပို့ | ဆ |
| ၄။ | ချမ်းအေးအရှင်လျှောက်ထားတင် | ၁ |
| ၅။ | စိတ်ကူးကြံစည်အလီလီ | ၂ |
| ၆။ | သိမ်အကြောင်းသိကောင်းစရာ | ၅ |
| ၇။ | ရှိခိုးပုံပြပဏာမ | ၆ |
| ၈။ | ပဏာမနှင့် ပဋိညာဉ် | ၇ |
| ၉။ | လောကီမှန်မှ လောကုတ္တရာသန်မည် | ၁၃ |
| ၁၀။ | မင်္ဂလာပန္နက်တင် ပွဲဆင်ယင် | ၁၉ |
| ၁၁။ | ဘာကြောင့်သိမ်သမုတ်ရသလဲ | ၂၂ |
| ၁၂။ | သစ္စာမေတ္တာ ဆုမွန်ပတ္ထနာမြတ်ဂါထာ | ၂၅ |
| ၁၃။ | ပြုပြုသမျှ ဆုပန်သချွေ အမျှဝေ | ၂၇ |
| ၁၄။ | ပန္နက်ရိုက်ခန်း ရှေ့သို့လှမ်း | ၂၇ |
| ၁၅။ | သိမ်နုတ်အလျှင် သိမ်သမုတ်ခွင် | ၃၀ |
| ၁၆။ | စောင်းနှယ်သံညှိ ဗျဉ္ဇနဗုဒ္ဓိ | ၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ကံပျက်မပျက် ဗျူဒနဗုဒ္ဓိ (၁၀)ပါး | ၃၆ |
| ၁၈။ | ဗျတ္တ ပဋိဗလ အစွမ်းပြ | ၃၇ |
| ၁၉။ | ဟတ္တပါသ် (၃)သွယ် မှတ်သားဖွယ် | ၃၉ |
| ၂၀။ | သိမ်ကမ္မဝါ မြွက်နှစ်ဖြာ | ၄၃ |
| ၂၁။ | ကမ္မဝါ ပါဠိ ဆုံးဖြတ်ညှိ အသိအပြာပြာ | ၄၄ |
| ၂၂။ | ပုံစံ (၂) ကိုးတိုင်းကိုးဌာနနှတ်နည်းပြ | ၅၅ |
| ၂၃။ | ပုံစံ (၃) တည့်တည့်ကြက်ခြေနှတ်နည်းထွေ | ၅၆ |
| ၂၄။ | ပုံစံ (၄) တစ်နည်းကြက်ခြေတဲ့နှတ်နည်းကွဲ | ၅၇ |
| ၂၅။ | ပုံစံ (၅) ထောင့်တန်းကြက်ခြေပုံနှတ်နည်းစုံ | ၅၈ |
| ၂၆။ | ပုံစံ (၆) ကြက်ခြေထောင့်တန်းနှတ်တစ်ခန်း | ၅၈ |
| ၂၇။ | ပုံစံ (၇) (၂၅)ကွက်နှတ်နည်းစွက် | ၅၉ |
| ၂၈။ | ပုံစံ (၈) (၅၀)ကွက်စုံ အနုလုံ ပဋိလုံ | ၆၀ |
| ၂၉။ | ပုံစံ (၉) အကွက်(၁၀၀) စုံ ရင်ပေါင်တန်းနှတ်ပုံ | ၆၁ |
| ၃၀။ | ပုံစံ (၁၀) မိုင်းကိုင်မိန့်ချက် ညောင်စောင်းကွက်နှတ်ပုံ | ၆၂ |
| ၃၁။ | နှတ်ပြီးတစ်ဖန် နှတ်သင့်ပြန် | ၆၅ |
| ၃၂။ | သီမန္တရိတ်ထားနည်းကျမ်းစဉ်မှီး | ၆၆ |
| ၃၃။ | သိမ်သမုတ်ဖို့အတွက် ရှေ့သို့ဆက် | ၆၉ |
| ၃၄။ | နိမိတ်စောင့်နိမိတ်ကြား အရေးထား | ၇၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | တော် တ္တမံ ပြန်ကြပြန် | ၇၇ |
| ၃၆။ | ဆန္ဒခံယူကြည်ဖြူသာသနာ တိုးတက်ရာ | ၇၈ |
| ၃၇။ | နယ်ကိုစောင့်မှ သာသနာပြု | ၈၁ |
| ၃၈။ | ဤသို့ဂုဏ်တင် အခမ်းအနားအစီအစဉ် | ၈၅ |
| ၃၉။ | ကမ္ဗဝါစာနှစ်ခု အစဉ်တိုင်းပြု | ၈၈ |
| ၄၀။ | သိမ်သမုတ်ခွင် ကြိုတင်ပြင်ဆင် | ၈၉ |
| ၄၁။ | သိမ်သမုတ်ပွဲ စတင်နွှဲ | ၉၀ |
| ၄၂။ | သိက္ခာထပ်မှု ရွှေရတု သိမ်ခုလျှပွဲ မြိမ့်မြိမ့်သဲ | ၁၀၄ |
| ၄၃။ | ချမ်းအေး (ရွှေရတု)သိမ်တော်မော်ကွန်းရွှေစာညွှန်း | ၁၀၅ |
| ၄၄။ | အိပ်မက်ပြီးဆုံး ကျမ်းနိဂုံး | ၁၀၅ |
| ၄၅။ | ဝိသုံဂါမ သမုတ်ပုံပြ | ၁၀၇ |
| ၄၆။ | အမြုတေသာရ ဩဝါဒ | ၁၀၉ |
| ၄၇။ | စာတမ်းပြုအရှင် အတ္ထုပ္ပတ်ဖြစ်စဉ် | ၁၁၂ |
| ၄၈။ | တရားကျင့်နည်း နိသာရည်း ချုပ်ပြီးမှတ်စရာ | ၁၁၄ |
| ၄၉။ | ကျေးဇူးတုံ့ဆပ် တပ်အပ်မသွေ ရရောက်ပါစေ | ၁၁၆ |
| ၅၀။ | ဆရာမြတ်တင်မှီ ကျမ်းအလီလီ | ၁၁၆ |

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ
(အဂ္ဂမဟာပဏ္ဍိတ)(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဘဒ္ဒန္တကုဏ္ဍလဇောတ် မဟာထေရ်၏

# အမှာစာ

ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းခွဲ ပြည်ခရိုင် သဲကုန်းမြို့ သိမ်ကုန်းရွာ သိမ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရ၏(နောင်တော်ကြီးသိမ်တော်) မော်ကွန်းကို အမှာစာရေးပေးရန် တာဝန်ရှိနေပါသည်။ သိမ်နှင့်ပတ်သက်၍ ရေးသားထားသောအခြားစာအုပ်အမျိုးမျိုးတွေထွက်ပေါ်နေသည်ကိုတွေ့မြင် သိရှိနေသော်လည်း မိမိတို့၏ ကျေးဇူးတော်ရှင် တောင်ပြင်နှဂါးဟု ထင်ရှား ကျော်ကြားတော်မူခဲ့သော ပြည်မြို့ ဇောတိကာရုံတိုက်တည် ပထမဆရာတော် ဘုရားကြီး၏ သိမ်ပေါင်းများစွာ သိမ်နှုတ်ပွဲ သိမ်သမုတ်ပွဲများ၌ အယူအဆ ဩဝါဒများကို ကြားသိမှတ်သားထားရကာ သဘောကျသက်ဝင်ပြီးသားဖြစ် သောကြောင့် ထွက်ပေါ်နေကြသော သိမ်နှင့်ပတ်သက်သည့် စာအုပ်များကို အနည်းငယ်သာဖတ်ကြည့်မိပါ၏။

ဘဒ္ဒန္တသီလာစာရ၏ (နောင်တော်ကြီးသိမ်တော်) မော်ကွန်းကိုကား မိမိတို့နှင့်ပတ်သက်သောပုဂ္ဂိုလ် ပြုစုထားသဖြင့် အားလပ်ချိန်ကလေးများ၌ ဖတ်ကြည့်ရာ (ဝိနည်းမှာသိမ် သဒ္ဒါမှာလိမ် ရတနာမှာစိန် ခေါင်းအုံးထိပ်ပိတ် တဒ္ဓိတ်သချာ) အစရှိသည့် ခက်ခဲသောအရာများမှာပါဝင်နေပြီး သာသနာတော် အတွက် အလွန်အရေးကြီး၍ မရှိမဖြစ်သော သိမ်နှင့်ပတ်သက်၍ စုံစုံလင်လင် လေ့လာထားသည်ကို တွေ့ရ၍ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူ မိပါသည်။

ယင်း (နောင်တော်ကြီးသိမ်တော်)မော်ကွန်းမှာ သိမ်နှင့်ပတ်သက်သည်ကိုသာမကပဲ သာသနာရေးကို ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်များမှာ လောကီရေးဖြစ်သော ဗဟုသုတများနှင့် အထွေထွေ ဗဟုသုတပိုင်းဆိုင်ရာ မှတ်သားဖွယ်ပုံပြင် စသည်များကိုလည်း တွေ့ရပါ၏။

စာရေးသားရာမှာလည်း အခမ်းအနားကြီးတစ်ခု ကျင်းပနေသကဲ့သို့ စကားပြောဖြင့် ရေးသားထားသည်ကိုလည်း ကိုင်ဖတ်မိလျှင် လက်ကမချချင်အောင် ဖတ်ချင်စဖွယ်တွေ့ရပါ၏။

သိမ်ဟူသည် သီမ+သီမာ ဟူသော ပါဠိမာဂဓမှ ဆင်းသက်လာသော ပါဠိသက် မြန်မာဝေါဟာရ ဖြစ်ပါသည်။ အဓိပ္ပါယ်အားဖြင့် အပိုင်းအခြားဟု အဓိပ္ပါယ်ရပါသည်။ (နယ်ပယ်အပိုင်းအခြားဖြစ်သည်) မော်ကွန်းစာဥ်ပါသော (နောင်တော်ကြီးသိမ်)သည် ဂါမခေတ်ခေါ် ရွာခေတ်အလို သူကြီးတစ်ပိုင် ယခုခေတ်အလို ရယကတစ်ပိုင်အတွင်းရှိ သံဃာကိုနယ်သိမ်း၍ သမုတ်သော သိမ်ဖြစ်ပါသည်။

ဂါမခေတ်ခေါ် သူကြီးတစ်ပိုင် + ရယကတစ်ပိုင်သည် သူ့အလိုလို အပိုင်းအခြားတစ်ခု သိမ်တစ်သိမ်ဖြစ်နေပါသည်။ အကယ်၍ ဂါမခေတ်အတွင်း၌ သီးခြားသိမ်မဟုတ်ပဲ သံဃာ့ကမ် ဆောင်ရွက်လိုခဲ့သော် တစ်နေရာမှာ သံဃာအားလုံး တစ်တောင်ထွာဟတ္ထပါသ် စုဝေးနိုင်ခဲ့သော် သံဃာ့ကမ်ကို ဆောင်ရွက်နိုင်ပါသည်။ စုဝေးရန်မလွယ်ကူခြင်းကြောင့် သီးခြားသိမ်မဟုတ်ရခြင်းဖြစ်ပါသည်။ နယ်သိမ်းသိမ်သမုတ်သည်ဟုခေါ်ပါသည်။

ဝိသုံဂါမသိမ်ဟူရာ၌ ဂါမခေတ် နယ်ပယ်တစ်ခုအတွင်း၌ သီးခြားမြေကွက်တစ်ခုကို သိမ်သမုတ်ရန် (ဦးပြုအား) သီးခြားရွာစားနယ်စားအဖြစ်ပေးရန်အမိန့်ခံယူ၍သမုတ်သောသိမ်ဖြစ်သည်။ယင်းသိမ်မျိုးကို(**ကမ္ဗဝါစာယ ဗန္ဓတိတ္တောတိသီမာ**)အရဗဒ္ဓသိမ်ဟုခေါ်သည်။ဂါမခေတ်ကြီးတစ်ခုလုံးသည်ကား ကမ္မဝါစာဖြင့် ရွတ်ဖတ်ဖွဲ့သမုတ်ရန်မလိုပဲ နဂိုအတိုင်းပင် သူ့ဟာသူ သိမ်ဖြစ်နေပါတော့သည်။

မဟာသိမ်ကြီးအတွင်း၌ သံဃာစုဝေးရန်မလွယ်ကူ၍ အပိုင်းအခန်း တစ်ခုအနေဖြင့် သမုတ်သောသိမ်ကို ခဏ္ဍသိမ်ဟုခေါ်သည်။ ဂါမခေတ်တစ်ခု အတွင်း၌ နယ်သိမ်းသမုတ်သော ဗဒ္ဓသိမ်၊ သီးခြားဂါမခေတ် နယ်ကလေး သတ်မှတ်၍သမုတ်သော ဗဒ္ဓသိမ်ဟု နှစ်မျိုးရှိသင့်ပါသည်။

ဤသို့စသည် သိမ်နှင့်ပတ်သက်သော အကြောင်းအရာတို့သည် မော်ကွန်းစာ၌ပါပြီးဖြစ်နေရကား(**ဝိနယောနာမသာသနဿအာယု**) ဟူသော ဒေသနာတော်အရ သာသနာတော်၏အသက်ဖြစ်သော ဝိနည်းအရာ အလွန်ခက်ခဲအလွန်အရေးကြီးသောအရာတို့ကိုပြည့်ပြည့်စုံစုံတင်ပြထားသော သာသနာ့အသက် သာသနာ့အောင်မြေ မော်ကွန်းဖြစ်၍ သာသနာတော်နှင့် ပတ်သက်သမျှဗဟုသုတအဖြစ် လေ့လာဖတ်ရှုသင့်ကြောင်း အမှာစာရေးသား အပ်ပါသည်။

ဘဒ္ဒန္တကုဏ္ဍလဇောတိ
ဇောတိကာရုံပါဠိတက္ကသိုလ်
ပြည်မြို့။

အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယပါဠိပါရဂူ
ဘဒ္ဒန္တဝေပုလ္လ၊ မိုးကောင်းကျောင်းဆရာတော် ၏

## ဥယျောဇနကထာ

နောင်တော်ကြီး သိမ်တော်ဖော်ကွန်းစာတမ်းကို ဖတ်ရှုကြည့်ရာ အရှင်အာနန္ဒာ၏(**ဝေဝံမေသုတံ**)ဟူသောစာတမ်းကိုသတိရမိပါသည်။ ဘာ့ကြောင့်ဆိုသော် အရှင်အာနန္ဒသည် ပဌမသံဂါယနာတင်စဉ်အခါက အရှင်မဟာကဿပမထေရ်ကြီး၏အမေးတော်ကိုဖြေဆိုတော်မူရာ၌ထိုထိုပါဠိတော်၊ သုတ်တော်များ၏အစတွင်(**ဝေဝံမေသုတံ**)ဤသို့ကြားခဲ့ရပါသည်ဟုနိဒါန်းချီခဲ့ပါသည်။

ဤသို့ နိဒါန်းချီ၍ ဖြေဆိုခြင်းဖြင့် အရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာဟောကြားတော်မူအပ်သောတရားတော်ကို အရှင်မြတ်၌မထားမူ၍ ကိုယ်သိကိုယ်တတ်မလုပ်သောကြောင့်သူယုတ်မာ၏နယ်ပယ်ကိုကျော်လွန်သည်ဖြစ်၍ သာဝကတပည့်ဟူသောအဖြစ်ကိုဝန်ခံရာရောက်သောကြောင့်သူတော်ကောင်းတို့၏ နယ်ပယ်သို့လည်း ရောက်သည်မည်ပါသည်။

တစ်ဖန် သူယုတ်မာတို့၏ တရားမှ စိတ်ကို ထမြောက်စေသည်မည်၍ သူတော်ကောင်းတို့၏ တရား၌လည်း စိတ်ကိုတည်စေသည် မည်ပါသည်။

ထို့အပြင်လည်း တပည့်တော်၏ ထိုးထွင်းသိမြင်ခြင်းနှင့် မဖက်သက်သက် ဤတရားတော်ကို ကြားနာဆောင်ထားအပ်ကာမျှသာဖြစ်၍ ထိုမြတ်စွာဘုရား၏စကားတော်သာလျှင် ဖြစ်ပါသည်ဟုပြဆိုလျက် အရှင်မြတ်၏ကိုယ်ကို လွတ်စေသည်မည်၍ ဆရာမြတ်ကိုလည်း ညွှန်းသည်မည်ပါသည်။

ထိုသို့ညွှန်းသဖြင့် မြတ်စွာဘုရား၏စကားတော်ကို ပြသည်မည်၍ တရားတော်တည်းဟူသော မျက်စိကိုလည်း တည်စေသည်မည်ပါသည်။

ထို့အတူ စာတမ်းပြုအရှင် ဘဒ္ဒန္တသီလာစာရသည်လည်း စာလိုက်သံဃာတော် တစ်ထောင်ကျော်တို့၏ဦးထိပ်ဝယ် အလွန်တင့်တယ်၍ (တောင်ပြင်နဂါး)ဟု ကျော်ကြားတော်မူသော ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာကာ ဟောဖော်ညွှန်ပြ ဩဝါဒပေးနေတော်မူသည့်အသွင် တန်ဆာဆင်၍ ရေးသားထားသည်ကို တွေ့ရပါသည်။ သိမ်မနုတ်မီ, မသမုတ်မီ သိမ်နေရာပြင်ဆင်ထားပုံ၊လိုအပ်သည့်ထုံးနှင့်ပန္နက်တိုင်အရေအတွက်များပါတိတိကျကျ ညွှန်ပြပြီး စတင်ဆောင်ရွက်ရမည့် ရက်ကောင်းရာဇာ မြေခံ စသည်တို့ပါရွေး၍ ကာယကံရှင်နှင့် သင့်လျော်သော ကြိုးကိုင်ပန္နက်ရိုက် အစီအစဉ်များကိုပြဆိုလျှက် ပျားကြီးစွဲမှစ၍ ကိုးတိုင်းကိုးဌာန၊ ကြက်ခြေ၊ ထောင့်တန်း၊ ရင်ဘောင်တန်း၊ ရက်ကန်းခတ်၊ ခရုပတ်၊ အဝင်၊ အထွက်၊ မြင်းမိုရ်တက်၊ မြင်းမိုရ်ဆင်းနုတ်ခြင်းအဖုံဖုံ နည်းမျိုးစုံတို့ကို လိုအပ်သည်မျှမက များလှစွာသော သိမ်နုတ်ပုံတို့ကို ပုံစံနှင့်တကွပြထားပြီး ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့် ဋ္ဌာန်ကရိုဏ်းပယတ်တို့ကို ပြဆိုကာ အက္ခရဟာပန၊ ပဒဟာပန၊ ဒုရုတ္တ၊ ဒုရုစ္စာရဏ အပြစ်ကင်းကွာရလေအောင် ကမ္မဝါစာ၊ စာနေစာထား၊ ရွတ်ဖတ်ပုံများပါ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထိုင်ပြီးစီစဉ်နေသည့်အလား ပြဆိုထားခြင်းတို့ဖြင့် အလွန်ပင်စုံလင်လှပါသည်။

ဤပြဆိုချက်အားလုံးကိုအရှင်အာနန္ဒာသည်(**ဧဝံမေသုတံ**)ဟူသော စကားဖြင့်အရှင်မြတ်ကိုယ်တိုင်ဖြစ်စေအပ်သောအဖြစ်ကိုဝန်မခံဘဲ ဤတရားသည် တရားမင်းဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၏ စကားတော်ဖြစ်သည်။ ဤတရားတော်ဝယ် တစ်စုံတစ်ခု ယုံမှားတွေးတောမှု မပြုအပ်ဟုပြသဖြင့် အလုံးစုံသော နတ်လူတို့အတွက် ယုံကြည်မှုသဒ္ဓါတရားမရှိသူ၏အဖြစ်ကို ဖျက်ဆီး၍ ယုံကြည်မှုသဒ္ဓါတရား၏ ပြည့်စုံခြင်းကို ဖြစ်စေအပ်သကဲ့သို့ ဤစာတမ်းပြု အရှင်သည်လည်း စာတမ်းအပေါ်၌ ယုံကြည်မှုသဒ္ဓါတရားကို

ဖြစ်စေနိုင်ပါပေသည်။ ဤစာတမ်းကို လက်ကိုင်ပြု၍ ကြုံတွေ့လတ္တံ့သော သိမ်နှုတ်, သိမ်သမုတ် ကိစ္စအဝဝကို ကျနသေချာစွာ ပြုလုပ်နိုင်လောက်ပါပေသည်ဟု အသိအမြင်များ မိမိ၏စိတ်တွင် ရှင်းရှင်းကြီးထင်လာပါတော့သည်။ သို့ဖြစ်သောကြောင့် ဤစာတမ်းကို သာသနာတော်တည်ရှိနေသမျှ လူရှင်ရဟန်းတိုင်းလိုလို ကိုယ်စီကိုယ်ငှ အမြဲဆောင်ထားထိုက်ပါကြောင်းကို တိုက်တွန်းရင်းကဘဲ မိမိ၏ ဥယျောဇနကထာကို နိဂုံးချုပ်လိုက်ရပါသတည်း။

ဘဒ္ဒန္တဝေပုလ္လ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊
ဝိနယ ပါဠိပါရဂူ
မိုးကောင်းပရိယတ္တိစာသင်တိုက်
သဲကုန်းမြို့၊ ပဲခူးတိုင်း(အနောက်)။

# စာရှုများသို့ပန်ကြားမှု

စာရှုသူများ ထင်ရှားသိစေရန် ဦးစွာကြိုတင်၍ ပန်ကြားအပ်ပါသည်။ အထူးကားမဟုတ်ပါ။ သို့သော် ထူးခြားချက်ကတော့ ရှိမည်အမှန်ပါပေ။ ဤ (နောင်တော်ကြီး) သိမ်တော်မော်ကွန်းစာတမ်းအမည်ဖြင့် ရေးသားတင်ဆက်၍ မိတ်ဆွေစာရှုသူတို့၏ လက်ဝယ်ရောက်ရှိ မျက်မှောက်သိမြင်နေရသော စာအုပ်ကို မဖတ်ပါလေနှင့်။ မကြည့်လည်း မကြည့်ပါလေနှင့်။ လေ့လာမှုလည်း မပြုပါလေနှင့်။ ဘာ့ကြောင့်ဆိုသော် ရတနာ–စိန်ကျောက် ထိန်ထိန်တောက်ငြား၊ ငမောက် မတ္တပြားထက်ပင်တန်ဖိုးကြီးမားလှသော ဝယ်၍မရနိုင်သော တန်ဖိုးအမြင့်မားဆုံး ဖြစ်သော(အချိန်) ထိုအချိန် ကုန်သွားမည်စိုး၍ ဖြစ်ပါသည်။ မှန်လှပေ၏။ ဤစာအုပ် ကိုရေးသောအရှင်မှာ နာမည်ရစာရေးဆရာလည်းမဟုတ်။ နာမည်မရ စာရေးဆရာ လည်းမဟုတ်။ စာရေးနေသူလည်း မဟုတ် သောကြောင့်ပါပေ။ ဟုတ်သည်မှာကား ဝါသနာအလျောက် စာဖတ်နေသူ မလွှဲမရှောင်သာပါက အကြောင်းအားလျော်စွာ သံပေါက်ကဗျာ၊ ရှစ်လုံးဘွဲ့၊ ဒွေးချိုး၊ တေးထပ်ရတု၊ လူးတားမော်ကွန်း စသည် လောက်သာ ရေးသား၍ စာရေးဆရာဟု မခံယူသူသာ ဟုတ်ပါသည်။

## စာရေးဆရာမဟုတ်သော စာရေးဆရာ

စည်းစိမ်ချမ်းသာ ဂုဏ်ပါဝါ အာဏာစသည်တို့ဆိုသည်မှာ အမြဲရှိသည်လည်းမဟုတ်။ အမြဲမရှိသည်လည်း မဟုတ်ပါပေ။ သာခကကို ဆောင်ရသော် ဆင်းရဲသား မောင်ပုဏ္ဏဝမှ မဟာသူဌေးကြီးစာရင်းဝင် ဦးပုဏ္ဏဆိုတာဟာ သင်ခန်းစာပြပေါ့။

မင်းလောင်းပေါ်မည်တဲ့ ဟူသော သတင်းစကားအရ စိတ်ဝင်စားစွာ မင်းလောင်းကို ရှုမြင်လိုသောကွမ်းဆော်သို့မဟုတ် ရွာဆော်အလုပ်ဖြင့် အသက်မွေးပြီး အမေမုဆိုးမကြီးကို လုပ်ကိုင်ကျွေးနေသော ဆင်းရဲသားလေးမောင်ကွမ်းဆော်ဟာ မင်းလောင်းကို ကြည့်လိုမြင်လိုဇောနဲ့ တူရွှင်းတောင်ရှိရာ အရပ်သို့ ခပ်သုတ်သုတ်ကလေးပြေးသွားနေစဉ်ဟာမြင်းကြီးနဲ့ အဘိုးပါလား။ ငါ့မြေးလူကလေး မင်းဘာကိစ္စနဲ့အရေးကြီးစွာပြေးသွားနေပါသလဲဆိုတော့ ဘိုးဘိုးကျွန်တော် မင်းလောင်းကိုမြင်တွေ့ချင်လို့ပါဟုဆိုရာ ကိုင်း ဒါဆို မင်းဆန္ဒမြန်မြန်ပြည့်အောင် ဒီမြင်းကိုစီးသွား လိုက်ဖက်အညီဖြစ်တဲ့ ပတ္တမြားဦးသျှောင်နှင့် ပတ္တမြားလက်စွပ်ကိုလည်း ဝတ်ဆင်သွားပါ။ ဒီလှံနဲ့ ဒီဓားကိုလည်း ယူသွားပါလေ။ ဘိုးဘိုးကိစ္စက ဒီနားရောက်လျှင်ပင် ပြီးပါပြီ၊ အဲဒီအရာအားလုံး ငါ့မြေးစိတ်တိုင်းကျ သုံးပေတော့ဟု အဘိုးအို အသွင်ဆောင်ထားသော သိကြားမင်းက ပြောပြောဆိုဆို ပေးလိုက်ရာ လူအုပ်ထဲလည်းရောက်ရော အများကဦးတိုက်ရှိခိုးကြတာတွေ့မြင်ကာမှ မိမိမှာ မင်းလောင်းဖြစ်သွားမှန်း သိရတော့တယ်ပေါ့။ *(မှန်နန်းရာဇဝင်တော် ကြီး-၂၂၅)*

ညီတော်မောင် ဦးနာဂသေနာဘိဝံသ (ငါးဘွဲ့ရ ဓမ္မာစရိယ) အရှင်က နောင်တော်တဲ့ အခုသိမ်နုတ်၊ သိမ်သမုတ်ခဲ့တဲ့အစီအစဉ်အားလုံးကို (နောင်တော်ကြီး သိမ်တော်မော်ကွန်း)အမည်နဲ့ ကျမ်းတစ်စောင်ရေးပေးပါ။ နောင်တော် စိတ်တိုင်းကျအောင်လည်းရေးပေးပါ။ ကုန်ကျစရိတ် အားလုံးအဲတွက် ဘယ်မျှပဲကုန်ပါစေ။ တပည့်တော်တာဝန်ယူပါတယ်။ ပြီးတစ်ခါ နောင်တော်ရဲ့ အသက်(၆၀)ပြည့်ကျော် အလှူပွဲလည်းမီစေလိုပါတယ်။ အဲဒီသံဃာအားလုံးကိုလည်း ညီတော်ဓမ္မဒါန လှူဒါန်းလိုပါတယ်တဲ့။ ဟုတ်ပါပြီ။ သိကြားအစစ်ပါပေ။ အိပ်မက်တော့ မဟုတ်နိုင်တန်ရာပါ။ ထို့အပြင်လည်း ကျောင်းပြန်ရောက်၍ ထိုအကြောင်းကို ပြောပြတဲ့အခါမှာ ဒကာရင်းဖြစ်တဲ့ဦးကံထွန်း (ဘီအေမြန်မာစာ) တပ်မတော် (အငြိမ်းစား) သိမ်ကုန်းရွာကလည်း ရေးသာရေးပါ ဆရာတော်၊ တပည့်တော်လည်း

အတတ်နိုင်ဆုံး ကူညီပေးပါမည်ဟုဆိုရာ အခုတော့ ရေးဖြစ်သွားပေပြီ။ သိကြားမ၍ သိကြားမ၍ပေ့ါ။

## ဝန်းကျင်အဖြာဖြာ မြွတ်ဆရာတဲ့

မိမိသည် စာရေးရမည်ကို အလွန်ပင်ကြောက်ရွံ့လှပါသည်။ ဘာ့ကြောင့်ဆိုသော် စာဆိုတဲ့စာဟာ ဘယ်စာပဲဖြစ်ဖြစ် အလွန်ပင်ခက်ခဲ နက်နဲသော အဓိပ္ပာယ်ကို ဆောင်ကြပါသည်။ စာအမှန် (မ–မဲသူ)ကို (မမဲသူ) ဟု ဖတ်မည်ဆိုပါက အဓိပ္ပာယ်ဟာ မူရင်းအာဘော်နှင့် လုံးဝကွဲလွဲသွားရပါသည်။ ထိုနည်းတူစွာ (ဒီမိုကရေစီ)ကို (ဒီမိုး‌က–ရေစီး)ဟု ဖတ်သံနှင့် (နဘေဆရာ)ဦးပုညကို (နှစ်ပေဆရာ)ဦးပုညဟု ဆိုသည်ကိုလည်းကြားတွေ့ဖူးကာ တစ်ခါရေးသူက အမှုမဲ့အမှတ်မဲ့နဲ့ (နံနက်ဆွမ်းဘုဉ်းပေးကြွပါ)ကို န–ငယ်အထက် သေးသေးတင်မရေးမိလို့ (နနက်)ဆိုပြီး နွားနှယ်သုံးရမလားဟု အထကောက်၍ စွဲချက်တင်သော အချက်ကိုလည်း တွေ့ရဖူးပြီး (ဩဝါဒါစရိယ)ကို ပုံနှိပ်စက်စာစီက (ဒါ)ကို ရေးချ မထည့်မိလို့ (ဩဝါဒစရိယ) ဟု ဖြစ်သည်ကိုပင် ရောမအပြစ်ကြီးသို့ ရှုမြင်ဖူးသည် ကိုလည်း ကြုံရဖူးပါသည်။ ထိုအကြောင်းတို့ကြောင့် စာရေးရန် တာဝန်ကို အမှန်ပင ဝန်လေးခဲ့ရာ သို့ပေမဲ့ ယခုတော့မူ အားပေးချီးမြှောက်သူကလည်း ချီးမြှောက်လို့၊ ကူညီသူကလည်းကူညီလို့ တစ်ခါမိမိအပေါ် ဆရာတွေကလည်း ဝိုင်းဝိုင်းလည်လို့မို့ ဘယ်နည်းမဆို ချွတ်မယ်၊ မှားမယ်၊ လိုမယ်၊ လစ်လပ်မယ်ဆိုပါက ပြုပြင်မည့် ဆရာတွေဟာ ဝိုင်းဝိုင်းလည်နေပြီကော။

## မှားသမျှအရာ–မိမိတာ

ဤစာတမ်းပါ အချက်အားလုံးတွင် အမှားပြင်ဖို့ဟု ဆရာများကို ဦးထိပ်ထက်တွင် ပင့်လျှောက်ပြီး ဖြစ်ပေပြီ။ သို့ဆိုသော်လည်း ဆရာ့မှန်သမျှ တာဝန်နှင့်အညီ (နာနာကျင်ကျင်၊ အပြစ်မြင်က၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူ၏) ဟူသော အင်္ဂါရပ်နှင့်ညီညွတ်ပါမှလည်း ပညာရှိသူတော်ကောင်းတို့ရဲ့ ဆန္ဒပြည့်ဝမည်ဖြစ်ပါသည်။ သို့ဆိုစေဦးတော့ ဤစာတမ်းတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်နှင့် မြန်မာစကားအဓိပ္ပာယ် အယူအဆများချို့ယွင်းမှုတွေ့ပါက ဘယ်သူ၏ တာဝန်မှ မဟုတ်ဘဲ စာရေးသူ၏ တာဝန်သာဖြစ်ပါသည်။ (ဝါ) ဝန်ခံပါသည်။

## တကယ်ပေလား၊ စိတ်ကူးယဉ်ပေလား

ဤစာတမ်းသည် တကယ်ဟုဖြေလျှင်လည်း ဟုတ်၍ စိတ်ကူးယဉ်ပါဟု ဖြေလျှင်လည်း မမှားပါ။ ဘာ့ကြောင့်ဆိုပါသော် ထိုထိုပါဠိ၊ အဋ္ဌကထာ စသော ကျမ်းစာအသီးသီးမှလာသောအချက်များနှင့် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထင်ရှားရှိစဉ်က မိန့်မြွက်ခဲ့သော အရာများဖြစ်သောကြောင့် တကယ်လည်း ဟုတ်ပါသည်။ တစ်ပါးထို့အပြင် အိပ်မက်အသွင်ကိုယူပြီး စာတမ်းတင် ရေးစီခြယ်မှုန်းထားသည်ဖြစ်ရကား စိတ်ကူးယဉ်ဟုလည်းပြော၍ရပါသည်။ ထို့အပြင် မိမိတို့ တကယ်သိမ်သမုတ်ရသည်မှာ(ပါသာဒ) သိမ်ဖြစ်ပြီး စင်စစ်ပြုလုပ်ကြရသည်မှာလည်း နယ်သိမ်၊ ဂါမသိမ်ဖြစ်သောကြောင့် တကယ်ဆိုလည်းဖြစ်၊ စိတ်ကူးယဉ်ဆိုလည်း မှန်နိုင်ပါသည်။

## အမြဲဆောင်ဖွယ် ဤကျမ်းငယ်

ဘာပဲပြောပြော ပန်ကြားလွှာ၏ အစဦးကပင် ဤစာအုပ်ကို မဖတ်မကြည့် မလေ့လာဖို့ကို ပြောခဲ့ပြီပါ။ အချိန်ကုန်လူပန်းမည်စိုးသောကြောင့်ဟု ဆိုခဲ့ပြီ။ သို့ပင်ဖြစ်စေ ဤစာအုပ်ငယ်ကိုကား မိမိတို့မှာ ကိုယ်စီကိုယ်ငှတော့ အမြဲဆောင်ထားထိုက်ပါသည်။ ဘာ့ကြောင့်ဆိုပါမူ တကယ့်သိမ်တစ်ခုခု သမုတ်တော့မည်ဆိုပါက ဒီစာအုပ်ကလေးကို အဆင်သင့်လှန်ထားပြီး မိတ်ဆွေကောင်း သဖွယ် ပြုလုပ်ပုံကို အကူအညီ ပေးမည်မှာမလွဲပါပေ။ ထို့ကြောင့် အချိန်ကို အပိုမကုန်စေတော့ဘဲ ဒီပုံစံအရ ဒီနေ့ဒီလို ဆောင်ရွက်ရမည်ဟု ပြောပြနေသော ဤစာအုပ်ငယ် မှာ စာရှုသူတိုင်းအဖို့ (စာအုပ်စာပေလူ့မိတ်ဆွေ)ဟူသော အချက်ကို ကွက်ကွက်ထင်ထင် တွေ့မြင်ရမည် ဖြစ်ပါပေသတည်း။

စာရေးသူ
**ဦးသီလာစာရ**
သိမ်ကုန်းကျောင်း၊
သဲကုန်းဆရာတော်။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁။ ချမ်းအေးအရှင် လျှောက်ထားတင်

အချိန်သည်ကား (၁၃၆၅)ခုနှစ်၊ ပြာသိုလဆန်း(၃)ရက်၊ (၂၅-၁၂-၂၀၀၃) ကြာသပတေးနေ့၊ ည (၈း၃၀) နာရီအချိန်ဖြစ်၏။ ဘဒ္ဒန္တနာဂသေန (၅)ဘွဲ့ရ ဓမ္မာစရိယ အရှင်သူမြတ်သည် မိမိပင့်လျှောက်ချက်အရ ကြွရောက်တော်မူလာကြသော ဇာတိနယ်သား ရဟန်းတော်အရှင်မြတ်တို့အား တစ်နေရာတည်း၊ တစ်ချိန်တည်း စုံစုံညီညီတွေ့ကြုံလိုက်ရာ အလွန်အားရဝမ်းသာစွာ အာဝါသိက ကျင့်ဝတ်တို့ကို တစ်ဆံခြည်မျှမချွတ်ယွင်းရအောင် ညှိခံပြုစု၍ ဆက်ကပ်ဖွယ် အဖျော်ယမကာများကို အားပါးတရ ကပ်လှူစေပြီးနောက် ရောက်ရှိလာကြသော အာဂန္တုရဟန်းတော်များအား လက်အုပ်ပန်းကို ခန့်ထည်စွာချီပြီး နောင်တော်ကြီး နှစ်ပါးအား အစထား၍ ညီတော်ရဟန်းတော်များတို့ ဘုရားတပည့်တော်ရဲ့ရည်ရွယ် ချက်မှာ တပည့်တော် တောရပျော်မှီး (၅)နှစ်ပြည့်ခရီးမှာ သက်တော်(၅၀)(ရွှေရတု) ခေတ်နှင့်ကြုံကြိုက်ရာ ထိုအခါတွင် နောင်တော်ကြီးနှစ်ပါးတို့က ဦးဆောင်၍ ညီတော်ရဟန်းတော်များအား အလွန်ကြုံခဲ သိခဲလှသည့် သိမ်နှင့်ဆိုင်ရာများကို နည်းပေးလမ်းပြညွှန်ကြားပါရန်နှင့် နောက်နောင်ကြုံလာပါက ဆရာတစ်ဆူနေရာ ယူပြီး ဆောင်ရွက်နိုင်ရန် ရည်သန်၍လည်းကောင်း၊ တစ်ကြောင်းထို့ပြင် သိမ်နှင့် ဆိုင်ရာသိဖွယ်ပြုဖွယ်များသည် အလွန်များပြားလှသည့်အပြင် ဝါဒကွဲ ဆရာကွဲ များလည်း များပြားလှသည်ဖြစ်ရာ ယခုမူ ငြင်းခုံဖွယ်မရှိစေရန်ရည်သန်ပြီး အခြား သံဃာတော်များကို မပင့်တော့ဘဲ၊ နောင်တော်ကြီး နှစ်ပါးတို့ကို ဦးဆောင်၍ ဒေသတူဘွား ဇာတိသားရဟန်းတော် (၂၀)ကျော်တို့ကိုသာ အထူးသီးခြားပင့်ထား ခြင်းဖြစ်ပါသည်။ ဤသိမ်ကိစ္စအဖြာဖြာကို နောင်တော်တို့ စိတ်ကြိုက်သာ ပြည့်စုံ

အောင် ပြုလုပ်ဆောင်ရွက်တော်မူပါဘုရား။ ထိုမှတစ်ပါးလည်း ယခုသမုတ်ရမည့် သိမ်တော်မှာ (ပါသာဒ) ကောင်းကင်သိမ်ဖြစ်၍ (ယောပန ဝိတာန ဩလမ္ဗနာ ဟောတိ ဥပရိကေဝိ သတိယာ ဘိက္ခူနံ ဩကာသောအတ္ထိ၊ ဟေဋ္ဌာနတ္တိ တဿုပရိ ဗဒ္ဓါသိမာ ဟေဋ္ဌာနဩတရတိ (ဝိနယသင်္ဂဟ) ၁၈၉–စာရှိရိုးကို အားကိုးမှီ၍ သမုတ်မည်ဆိုပါက နုတ်ခြင်းအမျိုးမျိုး နယ်သိမ်းခြင်းအဖုံဖုံ အစုံ အစုံမပြုဘဲ လွယ်ကူစွာ သမုတ်နိုင်သော်လည်း စောစောက တပည့်တော် လျှောက်ထားခဲ့သည့်အတိုင်း နည်းစုံရပြီး ဆရာတစ်ဆူဂုဏ်ယူနိုင်ရန်ရည်မျှော်၍ နယ်သိမ်း(သိမ်)တစ်ခု မြေပြင်မှာပြုဘိသို့ သင်တန်းပို့ချသည့်အလား ဆောင်ရွက် တော်မူပါလို့လည်း လျှောက်ထားပါသည်ဘုရား။ တစ်ပါးထို့အပြင် အထူးလျှောက် ထားချင်တာကတော့ ဤသိမ်ပြီးသည်နှင့်တစ်ပြိုင်နက် (နောင်တော်ကြီးသိမ်တော် မော်ကွန်း)အမည်ဖြင့် ကျမ်းစာတစ်စောင်ဖြစ်အောင်လည်း ပြုစုပေးတော်မူပါ၊ ကျမ်းစာရေးရာတွင်လည်း စာမျက်နှာများမည်ကို ကြောင့်ကြမထားဘဲ ပြည့်စုံမှု ကိုသာ အဓိကထားရေးပေးပါဘုရား။ စာအုပ်အတွက် အဘက်ဘက်တာဝန်ယူပြီး တပည့်တော်၏ (ရွှေရတု)နှစ်(၅၀)အထိမ်းအမှတ် ဓမ္မဒါနပြုပါမည်။ နောင်တော် ဦးသီလာစာရ၏ သက်တော် (၆၀)ပြည့်ကျော်ခရီးမှာ မှတ်တမ်းဝင်တစ်ခု ကျန်ရစ်မှု ဖြစ်စေရန် ဆောင်ရွက်ရေးသားတော်မူပါဘုရားဟု လျှောက်ထားရင်းပင် အစဉ် ဦးခိုက်လျက်ရှိပါကြောင်းပါဘုရား။

ညီတော် **ဘဒ္ဒန္တနာဂသေန**

(ပါးဘွဲ့ရဓမ္မာစရိယ)

ချမ်းအေး–တောရကျောင်း

အနန်းကုန်းကျေးရွာ

သထုံမြို့ မွန်ပြည်နယ်။

## ၂။ စိတ်ကူးကြံစည် အလီလီ

ညီတော်–ချမ်းအေးအရှင်မြတ်သည် မိမိရင်တွင်းရှိသော စကားများ ကို ကရားရေလွှတ်သည့်အလား တတွတ်တွတ်လျှောက်ထားစဉ် အချိန်သည် လူကိုမစောင့်ဆိုသည့် စကားအတိုင်း ည (၁၀)နာရီသို့ ရောက်သွားရာ ကျင့်ဝတ်

နှင့်ညီစွာ ညဉ့်အိပ်တည်းခိုရာ ချမ်းအေးမြတ်မဂ္ဂင် ဓမ္မာရုံတိုက်ကြီး၏ သီးသန့် အိပ်ခန်း ခုတင်(၂)လုံးရှိရာသို့ မိမိနောင်ညီ(၂)ပါးတို့အား ခရီးပန်းမှုပြေပျောက်၍ အေးအေးဆေးဆေးချမ်းသာစွာ အိပ်စက်အနားယူရန် လျှောက်ထားပြီး နေမြဲ စံကျောင်းသို့ ပြန်ကြွသွားပါတော့သည်။ မိမိတို့ နောင်ညီနှစ်ပါးသည်လည်း ခုတင်ချင်းယှဉ်၍အိပ်စက်လျက် စကားပြောစဉ် ညီတော်ဦးဝိလာသမှာ နှစ်ခြိုက်စွာ အိပ်စက်သွားပါတော့သည်။ မိမိမှုကား တာဝန် တာဝန်ဟူ၍ နှစ်လုံးသောစကားကို စဉ်းစားရင်းက အင်း. . . ယခုလို အချိန်မျိုးမှာ တို့ရဲ့ ပထမ ဇောတိကာရုံ ပြည်ဆရာတော်ဘုရားကြီးသာ အသက်ထင်ရှားရှိလျှင် ကောင်းမှာပဲဟု တွေးမိ ပါသည်။ ဘာကြောင့်ဆိုပါမူ မိမိတို့ရဲ့ ဆရာတော်ဘုရားကြီးဟာ ဟိုရှေးခေတ် လေးပြင်လေးရပ်မှာ ပညာတတ်ပညာကျော်တွေ အစီအရီပေါများလှသည့် မန္တလေး နေပြည်တော်ကြီးမှာပင် (တောင်ပြင်–နဂါး)ဟု ရဟန်းရှင်လူအများက သဘောတူ ပေးခဲ့သော ဘွဲ့ပိုင်ရှင်ဖြစ်သောကြောင့် ဖြစ်ပါသည်။ မှန်ပါသည်။ ရွှေမန်းနေပြည် တော်ကြီးမှာ ထုံးတစ်ခုဖြစ်ရိုး ရှိပါသည်။ အနောက်ပြင်ရှိ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့မှာ ညဝါကို အထူးလေ့လာပို့ချမှု အလွန်များရကား သက်ရှိ ကိုမဆိုထားဘိ သက်မဲ့ဖြစ်သော ကျောင်းတိုက်၏ တံခါးသေး၊ တံခါးမ အသွယ်သွယ်တို့သည်ပင် ဖွင့်တိုင်း၊ ပိတ်တိုင်း၊ လေတိုးတိုင်း အသံမြည် ထွက်ပေါ် လာသည်မှာ (ဟောဟန်ကား)ဟု မြည်ဘိ၏။ အလားတူ တောင်ပြင်ရှိ ဆရာတော် သံဃာတော်အရှင်မြတ်တို့မှာ သဒ္ဒါစာဝါကို အထူးလေ့လာပို့ချမှု အလွန်များ သောကြောင့် တံခါးငယ်ကြီး အသီးသီးတို့မှာ ဖွင့်–ပိတ်–လေတိုး တိုင်း(ပြယုဂ်ကား) ဟု မြည်သံထွက်ကြောင်း အဆိုရှိကြသည်။ ထိုသို့ ခေတ်စားနေချိန်တွင် ပထမ ဇောတိကာရုံ ဆရာတော်ဘုရားကြီးသည် စနေသား ဘဒ္ဒန္တတေဇနီယ ဖြစ်၍ နေရာနှင့်နေ့ကို အစွဲပြုပြီး တောင်ပြင်–နဂါးဟုဆိုခြင်း ဖြစ်ပါသည်။ ဆိုထိုက် လှပါသည်။ တစ်နေ့မှာ မြို့ရန်ကုန်က မိတ်ဆွေတစ်ဦး မန်းမြို့သို့ ရောက်လာ ပြီး ညည်းတွားပြောဆိုသည်မှာ ''မိတ်ဆွေတို့မန္တလေးဘုန်းကြီးတွေဟာ ထီးထမ်း လမ်းလျှောက် ပွဲစဉ်လျှောက်နေကြတာကို''ဟု ပြောရာ နေပြည်တော်ဖွား မန္တလေးသားက မခံမရပ်နိုင်ဖြစ်ကာ ''လာပါမိတ်ဆွေ တစ်ဖက်မြင်နဲ့မပြောသင့်'' ဆိုပြီး ပြောပြောဆိုဆို အလုပ်ဖြင့်ပြလို၍ မဟာမြတ်မုနိဘုရားကြီးကိုဖူးပြီး ဆရာ တော် စာဝါပို့ချချိန်ကို ခေါ်၍ပြရာ ထောင်ကျော် စာလိုက်သံဃာတော်များနှင့်

စာသင်စာချပုံကို ပြလိုက်ရာ ဩော်. . . ဒီလို ကြည်ညိုစရာ သံဃာတော်တွေ လည်း မန္တလေးမှာ အများကြီးပေကိုးဟု ကြည်နူးစိတ်အဖုံဖုံဖြင့် ဦးတင်လို့မကုန် နိုင်အောင် ဖြစ်သွားရရှာပါသည်။ ထိုစကား အလွန်ပင် မှန်လှပါသည်။ မန္တလေး နေပြည်တော်သားတွေဟာ မိမိတို့ကြည်ညိုရသည်ကို အားမလိုအားမရဖြစ်ကာ သူ့ရိယသတင်းစာမှ စာသင်စာတက်သံဃာတော်များ၏ စုပုံထားရာ ဖိနပ်ပုံကြီး ကိုပင် ဓာတ်ပုံရိုက်ပြီး သတင်းစာမှတစ်ဆင့် နိုင်ငံအဝန်းကိုပင် ကြည်ညိုစေခဲ့ ပါသည်။ ဩော်. . . သဒ္ဓါတရားမည်သည် အံ့ဩဖွယ်ရှိပေစွ။ ဤကဲ့သို့ သာသနာ့ နယ်ပယ်ထဲမှာ အောင်ပွဲတွေ ဆင်နွှဲနေချိန် -ငယ်ဆရာရင်း၏ အမိန့်စာအရ အောက်ရပ်ဌာနေ ပြည်မြို့သို့ပြန်ကြွတော်မူရာ မန္တလေးမြို့တောင်ပြင် ဘုရားကြီး တိုက် ဆရာတော် ဘဒ္ဒန္တနာဒရ အရှင်သူမြတ်ကြီး ညည်းတွားသည့် စကားသံ မှာ- အင်း. . . ဦးတေဇနိယ ယခုလိုပြန်ကြွသွားခြင်းဟာ တို့ရဲ့ အသောကာရာမ တိုက်ကြီးအဖို့ ပရိယတ္တိရွှေတောင်ကြီး ပြိုပျောက်သွားသည့်နှယ် ဖြစ်ပေ၏ဟု လည်းကောင်း၊ တစ်ကြောင်း ထို့အပြင် ပညာရှင်အသီးသီးတို့ စာတမ်းတင်ကြ သည်မှာ ပရိယတ္တိ တစ်ဖုံ အောက်ပြည်သို့ စုန်သွားပြီဟူ၍ လည်းကောင်း နှမြောတသ ပြောဆိုညည်းတွားကျန်ရစ်ခဲ့ပါတော့သည်။ မိမိသည် ပြည်မြို့တွင် စာသင်တိုက် ဖွင့်ကာစာပေများပို့ချပေးနေသော ထို ဇောတိကာရုံ ဆရာတော် ဘုရားကြီးထံတွင် ဓမ္မာစရိယတန်း အောင်မြင်သည်အထိ သင်ကြားနေချိန် ဆရာတော်ဘုရားကြီးဦးဆောင်သော သိမ်သမုတ်ပွဲများကို တပည့်တော်ငယ် အဖြစ်လိုက်ပါခဲ့ဖူးရာ ဘာမျှအခက်အခဲဆိုတာမရှိ၊ မသိခဲ့ရပါ။ ငှက်ပျောသီးမှည့် အခွံခွာပြီး ကြိုက်ရာဇွန်းနဲ့ ကော်ယူစားသောက်ရသည်ထက်ပင် လွယ်သည်ဟု ဆိုပါက လွန်အံ့ဟုမဆိုသာပါ။ အင်း. . . (ဆရာ–ဆရာ) ဆရာ ဆိုတဲ့စကားဟာ ပြည့်စုံအောင် ပြန်ဆိုဖွင့်ရန် ခဲယဉ်းလှပါသည်။ ထိုသို့လွယ်ကူသည်မှာ ဆရာ ကြောင့်ပင်ဖြစ်၏။ ဆရာမပြလျှင် လွယ်ကူလှသည့်ငါးပိကင်သည်ပင် အချိုးမကျဟု ဆိုစမှတ်ပြုကြသည် မဟုတ်ပါလော။ (သိမ်)တဲ့ သာသနာတော်မှာ ဆိုထုံးရှိ၏။ ''ဝိနည်းမှာ သိမ်၊ သဒ္ဒါမှာ လိင်၊ ရတနာမှာ စိန်၊ အလှူမှာ ကထိန်'' တဲ့။ ဒီစကားစုတွေဟာ ခက်ခဲပြီး တန်ဖိုးကြီးမား ရှားပါးကြောင်းဆိုတဲ့ အဖွင့်အဓိပ္ပာယ် များကို ပိုင်ဆိုင်ခြင်းဟု ဆိုလိုဟန်ရှိပါသည်။ ဟုတ်ပါပေသည်။ ယခုတစ်မူလည်း ညီတော် ချမ်းအေးအရှင်က သိမ်ကိစ္စအဝဝနှင့် သိမ်အကြောင်း ကျမ်းစာတစ်စောင်

တဲ့. . .။ ဒီလိုကြီးမားလှသည့် (တာဝန်)ကို ဆောင်ရွက်ရမည်ဆိုတော့ မိမိရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား အထူးထားပြီး သတိရသည်မှာ အလွန် အံ့သြစရာတော့မဟုတ်ပါ (အတ္တ ကိစ္စေသု ပဏ္ဍိတံ) အခက်အခဲ တွေ့ကြုံက ပညာရှိကို အောက်မေ့အမှတ်ရ၏တဲ့။ တစ်ဖန် အိပ်၍မပျော်တိုင်း ကလေးငယ် အတွေးဖြင့်တွေးမိသည်မှာ အင်း. . . ယခုလို ကိစ္စတွေ့ကြုံတုန်းမှာ ငယ်ငယ်က ဖတ်ခဲ့ရဖူးတဲ့ နာရဒဇာတ်တော်ကြီးထဲကလို ရုစာမင်းသမီးခမျာမှာ အယူမှားကို ပြေပျောက်အောင် ဘယ်လိုမှ ပြောဆိုမရသော ခမည်းတော် အင်္ဂတိမင်းကြီး အတွက် အလွန်ပင်ရတက်မအေးဖြစ်ပြီး အရပ်မျက်နှာတို့ကိုရှိခိုးကာ ဟစ်ကြွေး အဓိဋ္ဌာန်ပြုသည်မှာ– "လူ, နတ်, ဗြဟ္မာ၊ ဗိုလ်လူအပေါင်းသူတော်ကောင်းတို့ အကျွန်ုပ်၏ သီလ၊ သမာဓိ၊ ပညာ အဖြာဖြာတို့ကြောင့် အကျွန်ုပ်၏ ကိစ္စအဝဝ အောင်မြင်ရအောင်ကူညီကာ နှိုင်းဆ၍ မှိုင်းမတော်မူပါစေသတည်း" ဟု အဓိဋ္ဌာန် စကားအဆုံး ဖြုန်းခကနဲမကြာ နာရဒဗြဟ္မာမင်းကြီးသည် ကြည်ညိုဖွယ်ရာ ရဟန်း အသွင်ကိုယူပြီး ရောက်လာကာ ပြဿနာအဝဝ ကိစ္စအဖြာဖြာကို ခဏမကြာ ဖြေရှင်းသွားဟာလို တို့ရဲ့ဆရာတော် ဘုရားကြီးလည်း ဗြဟ္မာပြည်မှ သက်ဆင်း ကာ မိမိ၏ရှေ့မှောက်သို့ ကြွရောက်၍လာမည်ဆိုပါက ကောင်းစွ–ကောင်းစွဟု အတွေးရေယာဉ်များဖြတ်ခဲ့၍ ဘဝင်စိတ်များဖြင့်သာ ၌ပျော်သွားပါသတည်း။

## ၃။ သိမ်အကြောင်းသိကောင်းစရာအဖြာဖြာ

ပထမ ဇောတိကာရံ ပြည်ဆရာတော်ဘုရားကြီးသည် တည်ငြိမ် မျက်နှာ ကရုဏာဓာတ်အဖြာဖြာဖြင့် မိန့်တော်မူလိုက်သည်မှာက– "တို့ကွာ. . . မင်းတို့ သဲကုန်းကိုသွားရာ သထုံမြို့၊ အနန်းကုန်းကျေးရွာ၊ ချမ်းအေးတောရ ကျောင်းသို့ သိမ်သမုတ်ရန်သွားကြကြောင်းသိရလို့ တို့ ဒီကို လာခဲ့တာပဲ" ဟု ပြောပြောဆိုဆို အဆင်သင့်ကပ်လှူထားပြီး သောက်ရေဖြင့် ပလုတ်ကျင်းဆေးပြီး စီပလပ်ဖျော်ရည်ကိုဘုဉ်းပေးရင်း အထက်ပါစကားများကို အမိန့်ရှိရာ မိမိအဖို့ စိုးရွံ့စိတ်အားလုံးပျောက်ဆုံးပြီး အားတက်ပြုံးရွှင်သောမျက်နှာဖြင့် "တပည့်တော် တို့အဖို့ ယခုလို ဆရာတော်ဘုရားကြီးကို တောင်းတနေတုန်း ဖြုန်းခနဲ တစ်ခဏ ချင်း ကြွရောက်လာတာကို တွေ့မြင်လိုက်ရတော့ အလွန်ပဲ အားရဝမ်းသာဖြစ်မိ ပါတော့တယ်ဘုရား"။ "အေး. . . အရှင်ဘုရားတို့ ယခု ရောက်နေကြတာက

သိမ်သမုတ်ဖို့ ဟုတ်လား''။ ''မှန်လှပါဘုရား''။ ''ဒီလိုဆိုကွာ တို့တစ်တွေ ရတနာမြတ်(၃)ပါးနတ်အားရှိခိုးကြစို့ရဲ့၊ ကိုင်း. . . ဦးသီလာစာရက နှုတ်ဝယ်ရွရွ ရွတ်ဆိုရှိခိုးပါ၊ တို့တွေကနာယူပြီး ကာယကံ မနောကံတို့ဖြင့် ကြည်ညိုနေကြစို့''။

၄။ ရှိခိုးပုံပြ ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော ဓမ္မဿ၊ နမော သံဃဿ၊ နမော အာစရိယာနံ တိဋ္ဌန္တုသီသေ မေတေ၊ အန္တရာယာ သမေန္တုမေ။

ဒင်းအနက်–

ဘဂဝတော–ဣဿရိယ, ဓမ္မ ယသ သိရီ, ကာမ, ပယတ္တ တည်းဟူသော ခြောက်ဝဘုန်းဟုန် ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူထသော။ အရဟတော–ကိလေသာကင်းပြတ်သဖြင့် မြတ်သောအလှူကို ခံယူတော်မူ ထိုက်ထသော။ တဿ–သမ္မာသမ္ဗုဒ္ဓဿ–မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း၍ သိမြင်တော်မူသော ထိုမြတ်စွာဘုရားသခင်အား။ နမော–ရှိခိုးပါ၏။ ဓမ္မဿ–မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်မြတ်အား။ နမော–ရှိခိုးပါ၏။ သံဃဿ– မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အား။ နမော–ရှိခိုးပါ၏။ အာစရိယာနံ– ပညာသိပ္ပ ညွှန်ပြသွန်သင် ကျေးဇူးရှင်ဆရာမြတ်တို့အား။ နမော–ရှိခိုးပါ၏။ တေ–ထို ဘုရား တရား သံဃာ ဆရာသခင် အရှင်မြတ်တို့သည်။ မေ–အကျွန်ုပ်၏။ သီသေ–ဦးခေါင်းရတနာမြတ်အင်္ဂါထက်၌။ တိဋ္ဌန္တု–တည်နေကိန်းဝပ်တော်မူကြပါစေကုန်သတည်း။ မေ–အကျွန်ုပ်အား။ အန္တရာယာ–ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ဟူသမျှတို့သည်။ သမေန္တု–ကင်းငြိမ်းလွင့်စဉ်ကြပါစေကုန်သတည်း။

''သာဓု. . . သာဓု. . . သာဓု''

''အင်း. . . ငါတပည့်ရဲ့ ဘုရားရှိခိုးက လယ်တီဆရာတော်ဘုရားကြီး ရေးတဲ့ ဥရောပဗုဒ္ဓဘာသာအလင်းပြကျမ်းကလာတဲ့ ပဏာမပေကိုး''။ ''မှန်လှပါ ဘုရား''။ ဆရာတော်ဘုရားက ယခုလို ရွတ်တရက်အမိန့်ရှိလိုက်တော့ ''တပည့်တော် ရပြီးလည်းဖြစ် အမြဲတမ်းနေ့စဉ် (၁၀၈)ခေါက် ရွတ်ဆိုပူဇော်စိပ်နေကျ လည်းဖြစ်တဲ့ ဘုရားရှိခိုးမို့ အလွန်နှစ်သက်ပြီး ယခုလို ရှိခိုးလိုက်ရခြင်းဖြစ်ပါတယ်

ဘုရား။" "အေးကွာ. . . ဒါထက် ကိုယ်ပိုင်ရေး ဘုရားရှိခိုးတစ်ပုဒ်လောက်တော့ ရေးစီးမှပေါ့ကွာ"။ "မှန်လှပါဘုရား။"

၅။ ပဏာမနှင့် – ပဋိညာဉ်

သီ လာဒိစာရ သမ္ဘုဏ်ဏာ

လာ ဘဂ္ဂတ္တံ မဟာပူဇံ။

စာ ဂ ပညာ ဝန္ဒေ ဇိနံ၊

ရ စယိဿံ သိမံ ဂန္ထံ။

ရှင်းအနက်–

အဟံ–သယမ္ဘူထွတ်ထား မြတ်ဘုရားကို ထင်ရှားနေ့ည မေ့မရဘဲ ဆွဆွကြည်ဖြူ မြဲမူမပြတ် ရှိခိုးတတ်ပါသော အမြတ်နာမ်ရုပ် သီလာစာရ မည်သမုတ်သည့် အကျွန်ုပ်သည်။ သီလာဒိစာရ–သမ္ဘုဏ်ဏာသီလအစ မြတ်လှ ဖုံဖုံ ကျင့်ဖွယ်ဂုဏ်နှင့် အစုံအစုံ အကုန်မယွင်း ပြည့်စုံခြင်းလည်း ရှိတော်မူပေ ထသော။ လာဘဂ္ဂတ္တံ–အမှန်လောက ရှိသမျှလာဘ် အရပ်ရပ်နှင့် အမြတ်ထွတ် ဂုဏ် မင်္ဂစုံ ဖိုလ်ပွား တရားလောကုတ် အဟုတ်လာဘ်မြတ် မတုအပ်သည်၏ အဖြစ်သို့လည်း ရောက်တော်မူပေထသော။ မဟာပူဇံ–အလွန့်လွန်များ လောက သားတို့ ကြီးမားမြင့်မြတ် အသက်အပ်နှင်း ပူဇော်ခြင်းလည်း ထိုက်တော်မူပေထ သော။ စာဂပညာစ သမ္ဘုဏ်ဏာဂပညာများစွာ ကြီးမားမခြား မြင်းမိုရ်ပုံနှိုင်းဆိုက အလိုလိုကွယ်ပျောက် ဘုန်းဂုဏ်မောက်လျှံ ကေနှမသေ့ ဂုဏ်ကောင်းတွေနှင့် လည်း ပြည့်စုံတော်မူပေထသော။ ဇိနံ–ငါးမာရ်သုတ်သင် အောင်ခွင်ထိပ်မှူး အောင်ဘုရင်တစ်ဆူ အောင်တလူလူနှင့် အောင်အင္ဂထွတ်ထား ရှင်တော်မြတ် ဘုရားကို။ ဝန္ဒေ–ဝန္ဒာမိ–ဘယ လာဘ ကုလ စာရာဒိဋ္ဌိ မသိမောဟ ကင်းစင် ပလျက် လောကဝှန်ချောက် ဂုဏ်တစ်လျှောက်ကို အောက်မေ့ခါခါ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။ ဝန္ဒေ–ဝန္ဒိတွာ–မကွာမသေ့ ရှိသေ့မြတ်နိုး လက်စုံမိုးကာ သဒ္ဓါခိုင်ဖြိုးရှိခိုးပြီး၍။ သိမံဂန္ထံ–သိမ်မည်ဖော်ပြ ဂန္ထအစုံ နုတ်ပုံ မယွင်း သမုတ်ခြင်းတစ်သွယ် အမယ်မယ်ကို တင့်တယ်ဖော်ရေး နောင်တော် ခေါ်ပြု မြတ်မူလဝန်း သိမ်တော်မော်ကွန်းကို။ ရစယိဿံ–အမှန်ယခု အစပြု၍ သိမူလိုလား မျိုးဆက်ပွားတို့ ထင်ရှားပိပြင် နည်းစုံဆင်ရန် ကေနှစ်စေ့ငု ကသိုဏ်း

ရှသို့ ပြုစုတီထွင် စီရင်ပေးအပ်သတည်း။

"သာဓု. . . သာဓု. . . သာဓု"

"ဒါထက် အခုနက ရှိခိုးတဲ့စကားပိုဒ်ဟာ ဆရာတော်ဦးဗုဓ်ရဲ့အနက်နဲ့တူလိုက်တာ"။ "မှန်လှပါ တပည့်တော် ပြည်မှာနေခဲ့စဉ်က ဆရာတော်ကြီး ရှုပသိဒ္ဓိ ပို့ချစဉ်က ရခဲ့ဖူးတဲ့ အနက်ပါဘုရား"။ "အေး. . . အေး စာတတ်လိုဘိ စာအိုကိုကြည့်တဲ့ကွ၊ ကောင်းစွ. . . ကောင်းစွ. . ."။

"ဒီလိုဆိုကွာ. . . တို့တွေ စကားပြောလို့ကောင်းအောင် အားလုံးနဲ့ မိတ်ဆက်ပေးပါဦးကွာ"။ "မှန်လှပါဘုရား"။

၁။ တပည့်တော် သီလာစာရ–သိမ်ကုန်းကျောင်း
သဲကုန်းမြို့နှင့်အတူ–

၂။ ဦးဝိလာသ (ဓမ္မာစရိယ၊ ဒီဃဘာဏက)
ဇီးဖြူကုန်းကျောင်း၊ ဒါးပိန်မြို့။

၃။ ဦးနာဂသေန (ငါးဘွဲ့ရ ဓမ္မာစရိယ)
ချမ်းအေးတောရ၊ အနန်းကုန်း၊ သထုံမြို့။

၄။ ဦးပညာသီရိ (သ–အ–စ ဓမ္မာစရိယ)
ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မန္တလေးမြို့။

၅။ ဦးဇိနဝံသ (ပထမကြီး)
ကဖောင်း–လပ္ပတ္တာ–မော်လမြိုင်ကျွန်း။

၆။ ဦးဝိဇယ (ပထမကြီး)
ကံ့ကော်ကျောင်း၊ ကျိုက္ကော်၊ သထုံမြို့။

၇။ ဦးဇဋိလ (ပထမကြီး)
အသောကာရုံကျောင်း၊ ကျိုက္ကော်၊ သထုံမြို့။

၈။ ဦးဓမ္မပီယ (ဓမ္မာစရိယ)
ချမ်းအေးတောရ၊ ကျိုက္ကော်၊ သထုံမြို့။

၉။ ဦးအဂ္ဂိနန္ဒ (ပထမကြီး)
ချမ်းအေးတောရ၊ ကျိုက္ကော်၊ သထုံမြို့။

၁၀။ ဦးဇောတိပါလ (ပထမကြီး)
ချမ်းအေးတောရ၊ ကျိုက္ကော်၊ သထုံမြို့။

၁၁။ ဦးခေမိန္ဒ (ဓမ္မာစရိယ)
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။
၁၂။ ဦးဂန္ဓမာ (ပထမကြီး)
နိကာယ်ကျောင်း၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။
၁၃။ ဦးဆေကာနန္ဒ (ပထမကြီး)
ချမ်းအေးရိပ်သာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
၁၄။ ဦးဝိမလ (ပထမကြီး)
အထက်နိဗ္ဗိန္ဒတောရ၊ ပြည်မြို့။
၁၅။ ဦးစန္ဒာဝရ (ဓမ္မာစရိယ)
ပေတောကျောင်း၊ ပေါင်းတည်၊ မြို့င်မြို့။
၁၆။ ဦးခေမာစာရ
ချမ်းအေးတောရ၊ ကျိုက္ကော်၊ သထုံမြို့။
၁၇။ ဦးဝေရသေန
ချမ်းအေးတောရ၊ ကျိုက္ကော်၊ သထုံမြို့။
၁၈။ ဦးကိတ္တိဝရ (ပထမကြီး)
ချမ်းအေးရိပ်သာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

တို့ဖြစ်ကြပါတယ်ဘုရား။ နောက်ရောက်လာမယ့် သံဃာများလည်း ကျန်ရှိပါသေးတယ်ဘုရား။

''အေး. . . အေး. . . အေး. . . အရှင်ဘုရားတို့တစ်တွေက ပညာတတ်တွေချည်းပါကိုး။ ဒီထဲ (ငါးဘွဲ့ရ) ဓမ္မာစရိယတောင် ထူးထူးခြားခြား ကြားလိုက်သေးတယ်။ သူက ဘယ်ကလဲကွ။'' ''မှန်ပါ့ ဒီချမ်းအေးတောရမှာ နေပါတယ်ဘုရား။ ဇာတိကတော့ စစ်ကိုင်းတိုင်း ဖေယျသိမ်ဆရာတော်ဘုရားကြီးရဲ့ မြေးတော်ဖြစ်ပါတယ်ဘုရား''။ ''အော်. . . ဒါကြောင့်ကိုး ဘမျိုးဘိုးတူပေပဲပေါ့၊ တို့လည်းကွာ မင်းတို့ဘိုးတော် ဖေယျသိမ်ဆရာတော်နဲ့ ပါဠိတက္ကသိုလ်ကိစ္စအဝဝတွေမှာ အတူလုပ်ဖော်ကိုင်ဖက်ဖြစ်လို့ အလွန်ပဲ အကျွမ်းဝင်ကြပါတယ်၊ ဒီလိုပညာတတ်ပုဂ္ဂိုလ်ငယ်ငယ်နဲ့ ပျံတော်မူတယ်ကြားရတော့ တို့ တော်တော် စိတ်မကောင်းဖြစ်ရတယ်ပေါ့ကွာ၊ ကိုင်း. . . ကိုင်း. . . ဒါတွေ ထားပါတော့၊ ယခုအရှင်ဘုရားတို့ဆောင်ရွက်ရမယ့်ကိစ္စက သိမ်ဆိုတော့ သိမ်အကြောင်း သိကောင်း

စရာလေးတွေ တပည့်တော်ကြုံတုန်း အချိန်ရသမျှပြောပြလိုပါတယ်၊ (သိမ်)ဆိုတဲ့ စကားလုံးဟာ (သီမာ) ဆိုတဲ့ ပါဠိမှ မ–အထက် အသတ်တင်ပြီး (သီမ)ပါဠိမှ သက်ဆင်းလာတဲ့ (သိမ်)ဟု မြန်မာလို ပြောဆိုရေးသားလာခြင်းပဲ ဖြစ်ပါတယ်။ (ဥပမာ) ကုသလ–ကုသိုလ်၊ ဂဏ–ဂိုဏ်း၊ နိကာယ–နိကာယ်၊ ဆိုဒါမျိုးလိုပါဘဲ။ သီမာ–သိမ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ သီးသန့်ပိုင်းခြားထားသည့်နေရာဟု ဆိုလိုရင်းဖြစ်ပါတယ်။

အဲဒီသိမ်ဟာ အကျဉ်းချုပ်လိုက်ရင်–

(၁) ပကတိ ပင်ကိုအတိုင်း ကမ္မဝါစာတို့ဖြင့် မသမုတ်အပ်တဲ့ အဗဒ္ဓသိမ်

(၂) ကမ္မဝါစာတို့ဖြင့် သမုတ်အပ်တဲ့ ဗဒ္ဓသိမ် ဆိုပြီးနှစ်မျိုးရှိတယ်ပေါ့။ ၎င်းနှစ်မျိုးတွင်လည်း အဗဒ္ဓသိမ်မျိုးတွင် –

၁။ ဂါမသိမ် တစ်ခုသော ခေါမခေတ်ဒီကနေ့ အခေါ်နဲ့ဆိုရင် အုပ်စုတစ်စု အတွင်းအရပ်

၂။ သတ္တဗ္ဘန္တရသိမ် လူနေကင်းတဲ့ တောအတွင်း ကံပြုသံဃာ၏ ပတ်ပတ်လည် ခုနှစ်အဗ္ဘန္တရ အတောင်ဖြင့် (၁၉၆)တောင်ရှိသောအရပ်

၃။ ဥဒကုက္ခေပသိမ် မြစ်နှင့် သမုဒ္ဒရာ ဇာတဿရ ရေအိုင်တို့ဝယ် အလယ် အလတ်အား အစွမ်းရှိသော အမျိုးသား၏ အားကုန် ထုတ်၍ လက်ဖြင့် ရေကိုကော်ပစ်ရာ ရေ၊ သဲတို့၏ရေတစ်ကျ သဲတစ်ကျကျရာအတွင်း အရပ်၊ အဲဒီသုံးမျိုး သုံးနေရာတို့မှာ ကမ္မဝါစာဖြင့် သမုတ်ရန်မလိုပါ။ (ဝါ)မသမုတ်ရ၊ ရဟန်းတော်များ ကံကြီးကံငယ် ကိစ္စအဝဝကို ပြုလုပ်လို့ ရတယ်ပေါ့။

ဒီနေရာမှာ အထူးမှတ်စေလိုတာကတော့ သမုဒ္ဒရာမှာဆိုရင် ကမ်းစပ်ရေရှိမနေသော်လည်း ပကတိလှိုင်းတံပိုးတို့ ကမ်းကိုရိုက်လျက် သက်လျောတည်နေရာ၊ မြေအရပ်နှင့် မြစ်နှင့်ရေအိုင်တို့မှာ ရေမရှိသော်လည်း မိုးလေးလပတ်လုံး ရေလွှမ်းမိုးရာ မြေအရပ်တို့မှာလည်း ဥပုသ်ကံစတဲ့ ကံကြီးကံငယ် ပြုကောင်းတဲ့ မြေအရပ်များပင် ဖြစ်ပါတယ်။

ဒါနဲ့စကားစပ်လို့ ဗျူပ္ပတ်ကလေးတစ်ခု ပြောပြရဦးမယ်။ တစ်ခါက ဆရာတော်ကြီးတစ်ပါးဟာ အင်းကြီးရဲ့တစ်နေရာ မိုးလေးလ ရေရှိတဲ့ ထိန်ပင်အောက်မှာ လပြည့်လကွယ်နေ့တိုင်း ရဟန်းငယ်တစ်ပါးနှင့် အမြဲပင် ဥပုသ်ပြု

တယ်ဆိုပဲ။ ဒီလိုနဲ့ ဆရာတော်ကြီး မရှိတော့တဲ့နောက်မှာ ရဟန်းငယ်လည်း ဆန္ဒရှိရာဒေသတစ်ခုတွင် နေထိုင်ရင်းက ကြုံကြိုက်တဲ့ ရဟန်းတစ်ပါးနဲ့ တောစပ်ရှိ ထိန်ပင်အောက်ရောက်တော့ "ကိုင်း– အရှင်ဘုရား ဒီကနေ့ ဥပုသ်နေ့ ဖြစ်တယ်၊ ဒီ ထိန်ပင်အောက်မှာ ဥပုသ်ပြုကြစို့"လို့ပြောတော့ စာသင်ထားတဲ့ ရဟန်းတော်က "အရှင်ဘုရား ဘယ့်နှယ်ထိန်ပင်အောက်မှာ ဥပုသ်ပြုရမှာလဲ"လို့ လျှောက်ထားတော့ လူကြီးဆိုတဲ့ ဝိတ်ကိုသုံးပြီး "အောင်မယ်–ကိုယ်တော်တို့ ငယ်သူတွေ ခေတ်ကျမှပဲ ကပြောင်းကပြန်ဖြစ်ရတယ်၊ တပည့်တော်တို့ ငယ်ဆရာရင်းနဲ့ နေစဉ်က တစ်သက်လုံး ထိန်ပင်အောက်မှာချည်း အမြဲဥပုသ်ပြုခဲ့တယ်"ဟု ခပ်တိုတို ခပ်ဆတ်ဆတ် ပြောလိုက်သည်ဟူ၏။ ဆရာတော်ကြီးကတော့ မိုးလေးလ ရေနေသည်ကို စွဲ၍ပြုသော်လည်း မှတ်သားသူက ထိန်ပင်ဟုသာ သာမန်မှတ်ခဲ့သော ကြောင့်ဖြစ်သည်။

"သမုဒ္ဒရာ၊ မြစ်၊ ရေအိုင်ထဲမှာ သံဃာတော်များ နှစ်စု နှစ်နေရာ စသည့် ကံပြုကြရာတွင် တစ်စုနှင့်တစ်စုအကြားမှာ ဥဒကုက္ခေပ ရေတစ်ကျ တစ်ခုစာခြား၍ ဥပုသ်ကံ စသည် ပြုကောင်းသည်ဟု အထူးမှတ်သားရန် ဖြစ်ပါသည်။ ဒါဆို အဗဒ္ဓသိမ် အကြောင်းသိလောက်ပြီပေါ့နော်. . .။

ဗဒ္ဓသိမ်အကြောင်း ပြောကြစို့။ အဲဒီဗဒ္ဓသိမ်မှာလည်း. . .

၁။ ခဏ္ဍဗဒ္ဓသိမ် – ကျောင်းတိုက်အတွင်း တစ်စိတ်တစ်နေရာ တစ်ထောင့် တစ်ကွက်၌သာ သီးခြားသမုတ်အပ်တဲ့သိမ်။

၂။ သမာနသံဝါသဗဒ္ဓသိမ်–သံဃာတော်များကံကြီးကံငယ် အတူဆောင်ရာ ဖြစ်တဲ့သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာဖြင့်သမုတ်အပ်သောသိမ်။

၃။ အဝိပ္ပဝါသဗဒ္ဓသိမ် – တိစီဝရိက် အဓိဋ္ဌာန်တင်သောသင်္ကန်းနှင့် ကင်း၍ နေခွင့်ရအောင် အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာဖြင့် သမုတ်အပ်သော သိမ်ဟုဆိုပြီး သုံးမျိုး ရှိတယ်ပေါ့။

အဲဒီ ဗဒ္ဓသိမ်သုံးမျိုးလုံးပင်လျှင် အငယ်ဆုံးသိမ် ပမာဏဟာ ရဟန်းတော် (၂၁)ပါး နေနိုင်လောက်တဲ့ ပမာဏရှိရမယ်။ ဒီထက်ငယ်ရင် သိမ်ပျက် ဖြစ်၍ သိမ်အရာမပါဝင်နိုင်ပါ။ အကြီးဆုံး သိမ်ပမာဏကျတော့ (၃)ယူဇနာအထိ ကျယ်ဝန်းနိုင်ပြီး ဒီထက် တစ်ဆံခြည်မျှပိုလွန်ကလည်း သိမ်ပျက်ဖြစ်၍ သိမ်စာရင်း တွင် မပါဝင်နိုင်တော့ဘူးပေါ့။ အဲဒီလို သိမ်မျိုးကို (မဟာသိမ်)ဟု ခေါ်ရပါတယ်။

အရှင်ဘုရားတို့ကို ဗဟုသုတဖြစ်ဖွယ်ပြောလိုတာကတော့ မဟာသိမ်တော်ကြီးသုံးလုံး မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့ဖူးတယ်၊ အဲဒီသုံးလုံးကတော့–

၁။ ပုဂံခေတ် ပုဂံအနုရုဒ္ဓါမင်းကြီး ဒကာခံသမုတ်ခဲ့တဲ့ အလျား (၁၆၂) အနံ (၁၄၇) တောင်ရှိ သိမ်တော်ကြီးတစ်လုံး။

၂။ အင်းဝခေတ်က အင်းဝမြို့တွင် နရပတိစည်သူမင်းကြီးလက်ထက်မှာ သာသနာတော်နှစ်(၂၃၇၁)ခု၊ ကောဇာသက္ကရာဇ်(၁၁၈၉)ခုနှစ်မှာ သမုတ်ခဲ့တဲ့အလျား(၂၁၅)တောင်အနံ(၁၅၀)တောင်ရှိသိမ်တော်ကြီးတစ်လုံး။


၃။ ပျဉ်းမနားမြို့၌ ဇေယျသိမ်ကျောင်းတိုက်တစ်ခုလုံးကိုခြုံပြီး သမုတ်ခဲ့တဲ့ (အလျား အနံ မဖော်ပြ) သိမ်တော်ကြီးတစ်လုံးတို့ ဖြစ်ပါတယ်။

အဲဒီ မဟာသိမ်တော်ကြီး(၃)လုံးအပြင် ဒီထက်ရှေးကျတဲ့ မဟာသိမ်တော်ကြီး(၂)လုံးလည်းရှိပါသေးတယ်၊ အဲဒီမဟာသိမ်တော်ကြီးကတော့–

၁။ ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်မြို့ရှိ ကျောင်းတိုက်ကြီး (၁၈) တိုက်ကို ခြုံပြီး အရှင်သာရိပုတ္တရာ ရဟန္တာအရှင်သူမြတ်ကြီး ဦးဆောင်၍ သမုတ်တော်မူခဲ့တဲ့ မဟာသိမ်တော်ကြီး တစ်လုံး။

၂။ ဘုရားရှင်ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သီဟိုဠ်ကျွန်း အနုရာဓမြို့ကြီးကိုခြုံပြီး အရှင်မဟာမဟိန္ဒရဟန္တာအရှင်မြတ်ကြီးဦးဆောင်၍ သမုတ်တော်မူခဲ့တဲ့ မဟာသိမ်တော်ကြီးတစ်လုံးတို့ ဖြစ်ပါတယ်။

ယခု အရှင်ဘုရားတို့ တကယ်တမ်းသမုတ်ရမည့်သိမ်က ပါသာဏခေါ် ကောင်းကင်သိမ် (ဝါ) ဓမ္မာရုံပေါ်မှာ သမုတ်ရမည့်သိမ် ဖြစ်ပါတယ်။ ဒီသိမ်ဖြစ်ပေါ်လာတာကလည်း ဝိနယသင်္ဂဟအဋ္ဌကထာ (၁၈၉)တွင် ပြဆိုချက်နှင့် မိုင်းကိုင်သိမ်ပုံ(၆၁)ပုံစံအရ ပြုလုပ်ကြတာဖြစ်ပါတယ်။ ဥပမာပုံစံကို ရေးဆွဲကြည့်ပါ။



ဝိတာန ဥဒ္ဓဏ တောင်ပေါ်သိမ်ပုံစံ

ဗဒင်းကို အဋ္ဌကထာ စာဆိုက ဝိတာနုသ္တဏ္ဍနာကို မျက်နှာကြက် သ္တဏ္ဍ (ဝါ) မှိုပွင့်သ္တဏ္ဍ၊ ဝိမတိဋ္ဌီကာ၌ မှိုင့်သ္တဏ္ဍဟု အဆိုရှိပါသည်။ ဒေသခေါ်ထုံးအရဆိုပါက တပည့်တော်တို့ မြေလတ်မှာတော့ မျက်နှာကြက်ကို ပြန်မိုးဟုခေါ်၍ အရှင်ဘုရားတို့အထက်အရပ်ဒေသမှာတော့ အာကာစပ်ဟုလည်း ကောင်း၊ ဘုံ ဟုလည်းကောင်း ခေါ်ကြောင်းကို သိရပါသည်။ အထူးပြောလိုတာ ကတော့ အဲဒီသိမ်မျိုး (ဝါ) တိုက်ဆောင်အတွင်း သိမ်သမုတ်မည်ဆိုပါက ကျောက် နိမိတ်ကို အနည်းဆုံး (၃)လုံးမှစ၍ (၄)လုံး (၈)လုံး သင့်သလို ထားရမည်ဖြစ်ပါ တယ်။ အဲဒီ နိမိတ်တိုင်များကို ဘေး(၄)ဘက်ရှိ တိုက်နံရံတို့နဲ့ မထိအောင်ထား စေ၍ ထုံးစံအတိုင်း နိမိတ်စပ်အောင် (၁)ကြိမ် (၄)ကြိမ် (၅)ကြိမ် နိမိတ်ကြားပြီး သမာန သံဝါသ သီမာသမ္မုတိ ကမ္မဝါစာဖြင့် (၁)ကြိမ် (၅)ကြိမ် စသည့်ဖတ်ပြီး ထို့နောက် အဝိပ္ပဝါသ သီမာ သမ္မုတိ ကမ္မဝါစာဖြင့်လည်း အထက်ပါအတိုင်း နည်းတူဖတ်၍ သမုတ်နိုင်ကြောင်းကို သိစေလိုပါတယ်ဘုရား''။

## ၆။ လောကီမှန်မှ လောကုတ္တရာသန်မည်

''အရှင်ဘုရားတို့အဖို့ သိမ်နှင့်ဆိုင်ရာ သိမှတ်ဖွယ်များကို ယခုလောက် ဆိုပါက အတော်အသင့် သဘောရောမနောပါပေါက်လောက်ပြီလို့ တပည့်တော် ယူဆမိပါတယ်။ ချမ်းအေးတောရဆရာတော်ရဲ့ နယ်သိမ်းသိမ်နုတ်ပုံ သမုတ်ပုံ တို့ကို မဆောင်ရွက်မီမှာ လောကီမှန်မှ လောကုတ္တရာသန်မည်ဟု ပြဆိုထားတဲ့ ပေါင်းတည်မြို့ စလင်းလယ်ပြင်ကျောင်း ဆရာတော်ကြီးရေးတဲ့ နိယတဂတိက- ဘုံစဉ်စံ ကျမ်းညွှန်းအရ ရက်ကောင်းရက်ရာဇာ စသည် ရွေးသင့်သမျှ ရွေးကြ ရအောင် ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုကို ပြုလုပ်ကြတော့မည် ဆိုပါက အစစ ပြည့်စုံမှုရှိဖို့ဟာ အလွန်ပင်အရေးပါတယ်ပေါ့။ အထူးသဖြင့် သေးငယ်တဲ့ နေ့မြင် ညပျောက် အလုပ်မျိုးထက် အခိုင်အမာ ထည်ဝါကြာမြင့်စွာ တည်နေရစ်မယ့် အလုပ်မျိုးဆိုပါက ပို၍ပို၍ပင် ပြည့်ပြည့်စုံစုံရှိဖို့ အရေးကြီးတယ်ပေါ့။ ဒါကြောင့် ယခု သိမ်သမုတ်မှုမစခင် ရှောင်ကြဉ်ရမယ့် ပြဿဒါးရက်ကို ရွေးကြရအောင် သူ့စာဆိုက-

'တမာ သက်ရင်း၊ အင်ကြင်း ဆူးရစ်၊ လေးလစင်စစ် ပြဿဒါးဖြစ်၊ တန်ခူးလမှာ စ၍စစ်တဲ့'။

တန်ခူး (တမာ=စနေ, ကြာသပတေး)၊ ကဆုန် (သက်ရင်း= သောကြာ, ဗုဒ္ဓဟူး)၊ နယုန် (အင်ကြင်း=တနင်္ဂနွေ, တနင်္လာ)၊ ဝါဆို (ဆူးရစ်=အင်္ဂါ, ဗုဒ္ဓဟူး)၊ ဝါခေါင် (တမာ= စနေ, ကြာသပတေး)၊ အဲဒီလကာအရ လေးလစီ (၃)ခါလှည့်ကြည့်လိုက်ရင် ဆိုင်ရာလရဲ့ပြဿဒါးနေ့ရက်ဟာ ထင်ရှားသိရပြီ။ အဲဒီပြဿဒါးနေ့ရက်များကို မည်သည့်အမှုကိစ္စမဆို စ၍မပြုလုပ်ဖို့ ရှောင်ကြဉ်ကြရန် ရှေးသူဟောင်းတို့ အဆိုရှိခဲ့တယ်။

ဒါနဲ့စပ်လို့ ငယ်ငယ်ကျောင်းသားဘဝက ဆရာသမား ပြောပြဖူးတဲ့ဇာတ်ပွဲတော်ကတော့ တောရွာထုံးစံအရ တစ်စုံတစ်ခုကိစ္စပြုလုပ်တိုင်း ရွာဦးကျောင်းဆရာတော်ထံ ရက်ကောင်းနေ့ကောင်းများကို မေးလျှောက်ပြီးပြုလုပ်လေ့ရှိတယ်၊ အများ ပြုလုပ်လိုက်နာသည်ကို ကြိုက်တဲ့သူလည်းရှိသလို မကြိုက်တဲ့သူလည်း ရှိစမြဲဆိုသည့်အတိုင်းကို လူညစ်ဆိုတဲ့သူဟာ သူများတကာ ဘုန်းတော်ကြီးထံ သွားပြီးမေးလျှောက်တာကိုလည်း သူ့စိတ်ထဲမှာမကြိုက် လူအများ ကျောင်းသွားလည်းမကြိုက် ဘုန်းကြီးရွေးချယ်ညွှန်ကြားတိုင်း ပြုလုပ်တာလည်း မကြိုက်ဘူးတဲ့၊ ဒါနဲ့တစ်နေ့တော့ ငါရဲ့အကြောင်း ဘုန်းကြီးရော ရွာသားတွေရော ပြလိုက်ဦးမယ် ရည်ရွယ်ချက်နဲ့ ဘုန်းကြီးကျောင်းသွားပြီး သူများနည်းတူ မေးပြီး ပြုလုပ်တယ်၊ အများကတော့ ထင်ကြတယ်၊ ကိုလူညစ်ကြီးလည်း တို့နောက်ပါလာပြီလို့လေ၊ ဘယ်ဟုတ်မလဲ အဲဒီကိုလူညစ်က အများနဲ့ အစစ ကပ်ဖဲ့ပြုလုပ်ချင်တဲ့ သူ့ညဉ့်ဆိုးအတိုင်း ဘုန်းတော်ကြီးက ပြဿဒါးရက်ကိုရှောင်ဖို့ရွေးပေး၊ သူက အဲဒီနေ့ကိုပဲ မျိုးချမှု, စိုက်မှု, ရိတ်သိမ်းမှု, နယ်မှု အားလုံးကို ပြဿဒါးနေ့ချည်း ရွေးရွေးပြီး ပြုလုပ်တယ်တဲ့လေ၊ ပြုလုပ်ဆို တော်သေးတယ်၊ အခုတော့ ကျောင်းဘေးကနေ ကောက်လှိုင်းတိုက် အသွားအပြန်တိုင်းမှာ ဘုန်းတော်ကြီးကြားလောက်အောင် 'ပြဿဒါး ငါမယုံ ကောက်လှိုင်း တိုက်လို့ မကုန် – လှည်းလမ်းကြီးကို ဖုန်မှုန်ဖုန်' ဆိုပြီး ရွတ်ဆိုသွားတော့ တစ်ခါနှစ်ခါတော့ အမှတ်မထားမိဘူးပေါ့၊ ဆိုပါများလာတော့မှ ဘုန်းတော်ကြီးက ဩော်. . . ဒီဒကာ ငါ့ဆီ ကိစ္စတိုင်းလာလာမေးပြီး လက်စသတ်တော့ ငါ့ကို ကပ်ဖဲ့ပြုပြီး အခုလိုဆိုတာကိုးလို့ သဘောပေါက်ပြီး မကျေနပ်ပေမယ့် အောင့်သက်သက်နဲ့ပဲသည်းခံနေရတော့တယ်။ ဒီလိုနဲ့ ကိုလူညစ်ကလည်း ပြဿဒါးနေ့ကိုချည်းရွေးပြီး လုပ်တဲ့နှစ်ကျမှပဲ လယ်တွေကပိုကောင်းပြီး ဒီနှစ်တော့ စပါးတွေဟာ အလိုချင်ပြေအောင်ရမှာပဲဆိုပြီး အကုန်တိုက်ပြီးတဲ့

ကောက်ဆိုင်ပုံကြီးကိုကြည့်ပြီး အလွန်အားရကာ မနက်ဖြန်တော့ ကောက်နယ်တစ်ယောက်ပါငှားပြီး နယ်မှဖြစ်မယ် ငါတစ်ယောက်တည်းဆို တော်တော်နဲ့ပြီးမှာမဟုတ်ဘူးလို့ စိတ်ကူးနဲ့ အိပ်မောကျ အိပ်ပျော်သွားရာ ညဥ့်သန်းခေါင်ချိန်မှာ နွားမီးဖိုကနေမီးကူးပြီး ကောက်ဆိုင်ပုံကြီးကို မီးတွေလောင်ကာ ငြိမ်းသတ်သော်လည်း မီးအားကိုမနိုင်ဘဲ ပြာပုံဖြစ်မှ မီးကိုငြိမ်းသတ်နိုင်တော့တယ်တဲ့။

ဒီအချိန်ကျမှ ကျောင်းကဘုန်းတော်ကြီးက စိတ်ထဲတော့ မကောင်းလှပေမယ့် စကားတုံ့တော့ ချေဦးမှပဲဆိုပြီး 'ဟေး. . . ငညစ် မယုံချင်တဲ့ ပြဿဒါးပြာပုံကြီးနဲ့အဖွေးသား ဖြစ်၍နေပါပေါ့လား'လို့ဆိုပြီး ကျောင်းသို့ပြန်သွားတယ်ဆိုပဲ။ ဒီသာဓကကို ကောက်ချက်ချယူရမယ်ဆိုပါက အစစအရာရာမှာ လောကအများနဲ့ ကပ်ဖိုးကပ်ဖဲ့ ဆန့်ကျင်ဘက် ပြုလုပ်မယ်ဆိုပါက အထူးသဖြင့် သီလနှင့်ပြည့်စုံသူများကို ဆန့်ကျင်ဘက် ပြိုင်ဆိုင်တိုက်ခိုက်မယ်ဆိုပါက အစစအရာရာအကျိုးနည်း ဖြစ်တတ်ကြောင်း ထင်ရှားသိရတယ်ပေါ့၊ ဒါဟာ ပုံပြင်ပဲဆိုပြီးတော့ မျက်ကွယ်မပြုသင့်ပေဘူး။

ဘုရားဟောဖြစ်တဲ့ ကေနိပါတ်မင်္ဂလဇာတ်အဋ္ဌကထာ အဖွင့်မှာလည်း ကြည့်မယ်ဆိုပါက 'တတ္ထယသ္မာ မင်္ဂလာ သမ္ဗုဟတာတိ ယဿအရဟ တောဝိဏာသ၀ဿဒိဋ္ဌမင်္ဂလံ' စသည်အရ လောကီနယ်နှင့်စပ်သည့် အရပ်ရပ်ကို ဘုရားနှင့် ရဟန္တာတို့သာ နုတ်ပယ်ပြီး ဖြစ်တယ်ဆိုတော့ ကျန်တဲ့ အရိယာနဲ့ ပုထုဇဉ်တို့အဖို့ လောကီကိစ္စအဝဝနှင့် ဘယ်မှာကင်းနိုင်ပါ့လဲ။ ပြီး တစ်ခါ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ပေါဋ္ဌပါဒသုတ်အဖွင့် (၃၁၆)မှာ မဇ္ဈိမ–သံယုတ္တ–အင်္ဂုတ္တရနိကာယ်ကြီးသုံးရပ်နှင့် ဣကိဝုတ်အဋ္ဌကထာ တို့မှာပြဆိုထားတဲ့ဂါထာကို သာဓကထုတ်ပြီးပြဆိုရမယ်ဆိုရင် 'တသ္မာဗုဒ္ဓါ ပဌမံ သမ္မုတိကထံ ကထေတွာ။ ပစ္ဆာ ပရမတ္ထကထံ ကထေန္တိ' ဆိုပြီး ဘုရားရှင်သော်မှ လောကသုံး သမုတိသစ္စာကို လက်ဦးမိန့်တော်မူပြီး နောက်မှ ပရမတ္ထသစ္စာကို မိန့်တော်မူတယ်ဆိုပဲ၊ အင်း. . . ဆရာတော်ကြီးတစ်ပါးဖြစ်ပြီး လောကီဘက် ခပ်ယိုင်ယိုင်ပါလားလို့ အထင်စွဲသွားမှာစိုးသည့်အတွက် ကျမ်းကိုးသာဓကတွေ ထုတ်လိုက်ရပါတယ်၊ တကယ်တော့ အရှင်ဘုရားတို့ အပည့်တော်တို့တွေဟာ လောကီနှင့်မကင်းသူများပီပီ အစစအရာရာအဆင်ပြေအောင် ကျင့်သုံးလိုက်နာ မှုပြုတာဟာ လောကဓံမှ အပြစ်နှစ်ဝနဲ့လွတ်ကင်းနိုင်ကြမယ်ပေါ့။

ကိုင်း. . . ရှောင်ဖို့ ပြဿဒါးကို ရွေးစိစစ်ပြီး ဆောင်ဖို့ရာ ရက်ရာဇာကို လည်းရွေးကြရအောင်လို့ ဘာတဲ့လင်္ကာက–

'တန်ခူးကျော်သာလှ၊ ထွန်းပကဆုန်၊ နယုန်ညွှန်းမြ၊ အောင်လှ ဝါဆို၊ သာလိုဝါခေါင်၊ မြတောင်တော်သလင်း၊ သီတင်းဆီမီး၊ သောရီ တန်ဆောင်မုန်း၊ ချမ်းသုံးနတ်တော်၊ မိနော်ပြာသို၊ မိညိုတပိုတွဲ၊ ထဲဝင် တပေါင်း၊ (အဲဝင် တပေါင်းနှင့် သာမြတပေါင်းလည်းမူကွဲရှိ) ရက်မြတ်ကောင်း သည်၊ ရက်ကောင်းရာဇ ရာဇာတည်း'။

အဲဒီလင်္ကာနှင့်အညီ ယခုအရှင်ဘုရားတို့ သိမ်–သမုတ်မည့်လက ပြာသိုလဆိုတော့ (မိနော်) ပြာသိုအရ (မိ) ကြာသပတေးနေ့ (နော်)စနေနေ့ ဆိုတော့ ပြာသိုလတစ်လလုံးမှာ ကြာသပတေးနေ့နဲ့ စနေနေ့တိုင်းဟာ ရက်ရာဇာ ရက်ကောင်းချည်းပဲပေါ့။ ဒီလိုကောက်ယူဖို့ကလည်း နေ့သင့်နံသင့် အက္ခရာ ကောက်ပုံကို သိထားရမယ်ပေါ့။ ဘာတဲ့ နံသင့်အက္ခရာကောက်ပုံလင်္ကာလေးကို ဦးသီလာစာရက ဆိုပြစမ်းပါဦး''။ ''မှန်လှပါဘုရား''။

'က–ခ–ဂ–ဃ–င တနင်္လာ၊ မှတ်ပါကျားမင်းသာ။
စ–ဆ–ဇ–ဈ–ည အင်္ဂါ၊ မှတ်မှာခြင်္သေ့သာ။
ဋ–ဌ–ဍ–ဎ–ဏ၊ တ–ထ–ဒ–ဓ–န စနေ၊ မှတ်လေနဂါးမြွေ။
ပ–ဖ–ဗ–ဘ–မ ကြာသပတေး၊ မှတ်ကြ ကြွက်မင်းရေး။
ယ–ရ–လ–ဝ ဗုဒ္ဓဟူး၊ မှတ်ပါဆင်အထူး။
သ–ဟ သောကြာ၊ မှတ်ပါပူးမင်းသား။
အ–အာ–ဣ–ဤ–ဥ–ဦး–ဧ–ဩ တနင်္ဂနွေ ဂဠုန်မင်းဟုမှတ်ပါလေ'

''အဲဟုတ်ပြီ– အရှင်ဘုရားက ဘုန်းကြီးကျောင်းထွက်ပီသတယ်၊ ဒီက နေ့ခေတ် အေ–ဘီ–စီ–ဒီ အတန်းကျောင်းထွက်တွေလည်း ဒီစာမြင်ရင် သဘော ပေါက်ရောပေါ့နော်၊ အထူးမှတ်စရာကတော့ ဗုဒ္ဓဟူးနေ့ နံနက် (၁)နာရီမှစ၍ နေ့လည် (၁၂) နာရီ အတွင်း ဗုဒ္ဓဟူးနေ့သား၊ နေ့လယ်(၁၂) နာရီ မှ ည(၁၂)နာရီ အထိကို ရာဟုနေ့သားဟု မှတ်ရမယ်၊ တစ်ချို့အက္ခရာများမှာ (ရ)ကို ရာဟုနံ ဟုလည်း ကောက်ယူရမယ်၊ ပြီးတစ်ခါ 'သက်ရှိ–ရင်းယူ–သက်မဲ့မူ ကောက်ယူ အဖျားမြဲမှတ်သား'။ အရ အသက်ရှိက အမည်၏ အရင်းစာလုံး၊ ဥပမာ– ဦးနာဂသေန၊ ဦးထွန်းအေးတို့မှာ (နာ နှင့် ထွန်း) သက်မဲ့အမည်ဖြစ်တဲ့ ကုဏ္ဍို၊

သပြေ စသည်တို့မှာ (ကြို နှင့် ပြေ) တို့ကို ကောက်ယူရမယ်ပေါ့၊ ကိုင်း. . . ရက်ရာဇာနေ့ရွေးပြီး လုပ်ငန်းစကြရအောင်၊ ဩော်. . . ဒီထဲမှာ ပန္နက်ရိုက်က စရမှာဆိုတော့ မြေခံ ရက်ကောင်းရွေးဦးမှဖြစ်မယ်၊ အဲဒီ မြေခံ ရက်ကောင်း ရွေးတဲ့ လင်္ကာကိုလည်း ဆိုစမ်းပါဦး''။ ''မှန်လှပါဘုရား''။

'ဆန်းနှစ်ကညာ၊ သုံးမှာသော်နွား၊ ငါးတစ်ဆယ်လေး၊ ဂဠုန်တွေး လော့၊ ခုနစ်ရေးမြင်းလု၊ ဆယ်ကပြဟ္မာ၊ ဆယ့်သုံးပါတည်း၊ ဆယ်တစ် ဆယ့်ငါး၊ မိုးသိကြားဟု၊ မှတ်သားမြေခံ၊ ရက်ကောင်းမှန်သည်၊ ကြွင်းကျန် ဆန်းရက် မကောင်းတည်။

ဆုတ်တစ်ကညာ၊ လေးမှာသော် နွား၊ ခြောက်ကား ဂဠုန်၊ ရှစ်ကြုံ မြင်းလု၊ ကိုးဝပြဟ္မာ၊ ဆယ့်လေးပါတည်း။ တစ်ဖြာ ဆယ့်နှစ် သိကြားဖြစ်စဉ်၊ ဆင်လျှင်ဆယ့်ငါး၊ ကောင်းငြားမြေခံ၊ လဆုတ်မှန်သည်၊ ကြွင်းကျန်ဆုတ်ရက် မကောင်းတည်း'။

''အေး. . . မင်းဆိုသွားတာက တို့ငယ်ငယ်က ရ,ထားတာနဲ့တော့ မတူဘူးနော်။ တို့ရခဲ့တာက 'မြေခံ နှစ်ပါးယုတ်မြတ်များ မှတ်သားမျိုးလေးဖြာ လဆန်း တစ်ရက် နတ်ခံလျှက် ကျေညက်ဖြိုးတီးရာ' စသည်ဖြင့် စာပိုဒ်ပေါင်း (၁၀)ကျော် ရှိတယ်။ ယခု အရှင်ဘုရား ဆိုသွားတာက (၂)ပိုဒ်တည်းနဲ့ အကုန် ပြည့်စုံသွားတာပဲ။ အဲဒါ ဘယ်ကရခဲ့တဲ့စာလဲကွ''။

''မှန်လှပါ တပည့်တော်များရဲ့ ငယ်ဆရာရင်းဖြစ်ကြတဲ့ မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ပေါင်းတည်အုပ်စု၊ ပေတောကျောင်းတိုက် ဆရာတော် ဦးသာဂရနဲ့ တိုက်အုပ် ဆရာတော် ဦးသောပါက အရှင်မြတ်တို့ရဲ့ထံက ရခဲ့ခြင်းဖြစ်ပါတယ် ဘုရား။''

''အေးကွာ. . . အရှင်ဘုရားတို့ ဆရာများက ခေတ်စနစ် အသက်တမ်း လိုက်ပြီး အချိန်တိုတိုနဲ့ မြန်မြန်သိတတ်အောင် သင်တတ်ပါပေတယ်။ တို့ ဂုဏ်ယူ ပါတယ်ကွာ။ ကဲ–ဒါဆိုရင်. . . ပြာသိုလဆန်း(၃)ရက်နေ့ဟာ နွားမြေခံဖြစ်တယ် ဟုတ်လား။''

''မှန်ပါ၊ တပည့်တော်များ မနက်ကတည်းက တင်ကြိုပြီး စတီအနေနဲ့ (၄)ထောင့် ပန္နက်အမှတ်အသားများ ရိုက်ထားကြောင်းပါဘုရား'' ဟု ဦးနာဂသေန က လျှောက်ထားရာ–

''ဟေ. . . ဟုတ်လား၊ ဒါဆိုကောင်းတာပေါ့ကွာ လဆန်း(နှစ်ရက်) ကညာ မြေခံကောင်းကို ယူပြီးတော့ ပန္နက်ရိုက်မိမယ်ဆို တစ်မျိုးပဲကွ၊ ကြုံတုန်း ပြောရဦးမယ်၊ တို့ပြည်မြို့ကို တာဝန်နဲ့ရောက်လာတဲ့ မြို့နယ်မှူးဦးနေဝင်း၊ ဇာတိက နတ်မောက်က၊ အမျိုးသမီးကဇီးကုန်းဇာတိ၊ အဲဒါ တို့ကို လှူစရာအစုံနဲ့ ရောက်လာပြီး စကားအစဉ်ကျရာပြောရင်းက သူတို့လျှောက်ထားတာက– 'တပည့်တော်များလည်း ဘုန်းကြီးမျိုးဖြစ်ကြောင်း။ အဘိုးတော် ဘုန်းကြီးဟာဆို လောကီဘက်က တော်တော်ပေါက်ရောက်ကြောင်း'ပြောပြီး အဲဒီ ဆရာတော်ကြီးက တစ်နေ့ မိန့်တော်မူသည်မှာ. . . 'မောင်နေဝင်းနဲ့ မခင်ဝင်းတို့ မင်းတို့ ငယ်သူတွေမှတ်ထားကြ၊ ဘုန်းကြီးကျောင်းဝိုင်းထဲမှာ ကျောင်းစသည့် အဆောက်အအုံဆောက်လှူရင် (ကညာသမီး) မြေခံရက်ကို ရှောင်လွှဲပြီးပြုလုပ်ကြရမယ်၊ အဲဒီမြေခံရက် ပြုလုပ်မိပါက ကျောင်းထိုင်၊ ကျောင်းရှိဘုန်းကြီးတွေ လူထွက်တတ်တယ်ကွ၊ တို့တွေ ကိုယ်တွေ့မို့ မင်းတို့ကို သတိပေးတာတဲ့'။ ဒါလဲပဲ မှတ်သားထိုက်တဲ့ သာဓကပေပဲ၊ သီလက္ခန်အဋ္ဌကထာစာမျက်နှာ (၈၉) ဂါထာယ လက္ခဏာပုဒ်ရဲ့ အဖွင့်သာဓကမှာ ကျောင်းတစ်ကျောင်းမှာ ဖွတ်ရပ်ကမီးမှုတ်နေပုံ တလှတပ ရေးဆွဲထားရာ အဲဒီ ကျောင်းရှိသံဃာတွေ ကြီးစွာပျက်စီးရာ တစ်နေ့ အာဂန္တု ဗဟုသုတရှိ ရဟန်းတစ်ပါးရောက်လာပြီး တွေ့မြင်လိုက်ရာ ထိုဖွတ်ရပ် မီးမှုတ်နေပုံကို ဖျက်ဆီးပစ်လိုက်မှပဲ ဒီကျောင်းဟာ ကောင်းသွားတယ်ဆိုပဲ၊ ဒါကြောင့် ပေါ့၊ ရှေးက ဦးဆောင်လက်သမားဆရာကြီးများဟာ အိမ်၊ ကျောင်း စသည် ဆောက်က အဆောက်အအုံများကို လက်ဆော့, ခြေဆော့, တွေ့ကရာမရေးဖို့ ငယ်သူများကို အထူးတားမြစ်ဆုံးမလေ့ရှိသည်ကိုတွေ့ရတယ်လေ၊ ဒီကနေ့ခေတ် ဒါတွေကို အတုယူမှု တော်တော်နည်းလာကြတယ်၊ အင်း. . . ဆင်ခြင်ကြဖို့ ပေါ့နော်၊ ဒါနဲ့စပ်လို့ ဦးနာဂသေန တဖွဖွစိုးရိမ်စိတ်နဲ့ပြောတဲ့ စကားတစ်ခွန်းက မာတုဂါမကိစ္စကို တပည့်တော် အကြောက်ဆုံးပဲဘုရား၊ အခု လဆန်း(၃)ရက်မှာ နွားလားဥသဖ မြေခံဆိုတော့ (သုံးရက်မှာ နွားခံလာငြား လာဘ်ကားကြီးလှစွာ) ဆိုသည့်အတိုင်း အရှင်မြတ်ရဲ့ဘုန်းကံကြောင့် အဟုတ်အဟတ်တည့်တည့်မတ်မတ် ဖြစ်ရတယ်ပေါ့။ တို့ရဲ့သဘော ပြောလိုတာကတော့ အဲဒီ ကညာ၊ နွားလား၊ သိဒ္ဓေါမြင်း၊ ဂဠုန်၊ သိကြား၊ ဗြဟ္မာ(၆) ဖြာ မြေခံထည်းက တို့ရဟန်းသံဃာ များနှင့်စပ်ဆိုင်ပါက ဗြဟ္မာမြေခံကို အကောင်းဆုံးယူပြီး ပြုလုပ်သင့်တယ်လို့

အထူးမှတ်စေလိုပါတယ်၊ ကိုင်း– ဒါဆို တို့တွေ လုပ်ငန်းခွင်စကြရအောင်။ ဩော်. . . ဒါထက် ဦးနာဂသေန ပန္နက်ရိုက်တဲ့အခါ အသုံးပြုဖို့ ထုံးနဲ့ ကြိုး ပန္နက်တိုင်များ စီမံပြီးပြီလား''။

''မှန်လှပါ၊ အုန်းဆံကြိုးနဲ့ ပလတ်စတစ်ကြိုးကြိုက်ရာသုံးဖို့ ပေရှည် (၅၀)စီ၊ ထုံးလည်း ကြိုတင်မှာထားသည့်အတိုင်း (၃)ပုံး၊ ပန္နက်တိုင်လဲပဲ ဝါးပန္နက် (၅၀)ချောင်းနဲ့ ပွတ်လုံးပန္နက် (၉)ချောင်းတို့ကို ဆရာတော်များရဲ့ ဩဝါဒအတိုင်း ဝါးပန္နက်အတွက် အရှည်(တစ်ပေ)၊ ပွတ်လုံးပန္နက်အတွက် အရှည်(တစ်ပေခွဲ)တို့ကို မြေထွက် မြေဝင်အတိုင်း အရင်းဘက်က ချွန်ခိုင်း၍ အားလုံးပြီးပါပြီဘုရား၊ ဒါကို ဒကာတစ်ဦးက သစ်သားပန္နက်အရင်းပိုင်းဘယ်လိုသိရမလဲမေးလို့ (၇)နှစ်သား အရွယ် မဟောသဓာရဲ့ သာဓကဖြင့် ရှင်းပြရပါသေးတယ်ဘုရား၊ ဒါ့အပြင်လည်း ရွှေပန္နက်၊ ငွေပန္နက်ပြုဖို့ ရွှေရောင်၊ ငွေရောင်စက္ကူများလည်း အဆင်သင့်ရှိပြီး ရွှေရည်၊ ငွေရည်နဲ့ နံ့သာရည်များကိုလည်း အချိန်မီရောက်အောင် စီမံပြီးဖြစ်ပါတယ် ဘုရား''။

''အေးကွယ် သာဓု. . . သာဓု၊ အလုပ်တစ်ခုဆိုတာ အခုလို စေ့စေ့ ငုငုရှိတာဟာ အကောင်းဆုံးပေါ့''။

## ၇။ မင်္ဂလာပန္နက်တင် ပွဲဆင်ယင်

''ကဲ. . . အရှင်ဘုရားတို့၊ တပည့်တော်တို့တတွေဟာ စုဝေးပြီး သိမ် သမုတ်ကြဖို့ဆိုပြီး အစစအရာရာ လိုအပ်ချက်မရှိအောင် အားလုံးလိုလို စီစဥ်ပြီး နေကြပြီပေါ့။ အဲဒီသိမ်သမုတ်ဖို့ အရင်းခံက ဘာလဲဆိုတော့ မြေကြီး မြေကွက်ဟာ အရေးပါအဓိကအကျဆုံးဖြစ်တယ်၊ ကိုင်း. . . ဦးနာဂသေနက မိမိကျောင်းတိုက်ထဲ သိမ်သမုတ်လိုတဲ့နေရာကို ညွှန်ပြပါဦး၊ ဘယ်နေရာလဲလို့''။

''မှန်လှပါ. . . ကြွတော်မူပါဘုရား၊ ဒီနေရာဟာ ကျောင်းဦးကျောင်းဖျား ဖြစ်၍ အကွက်အကွင်းကျပြီး နောက်နောင်မျှော်ကာ သာသနာ့ အဆောက်အအုံ များ လိုအပ်သလို ဆောက်လုပ်ရန် အလွန်ပနံရမည့် ဒီနေရာကို ပြုလိုပါတယ် ဘုရား''။

''ကိုင်း– ဒီလိုဆို အခုမျက်မြင်အနေကတော့ ဒကာတွေက အရှင် ဘုရားကို လှူထားပြီးဖြစ်လို့ အရှင်ဘုရားပိုင်ပြီးဖြစ်တာတော့ မှန်ပါရဲ့၊ သို့ပေမယ့်

ဒီမြေကြီးတွေဆိုတာက ကမ္ဘာဦးအစကနေပြီး ဖြစ်ပေါ်တည်ရှိနေတာဖြစ်လို့ မြေရှိတော့ မြေစောင့် မြေပိုင်၊ ရေရှိတော့ ရေစောင့် ရေပိုင်ဆိုတာ ရှိတတ်စမြဲပေါ့၊ ဥပမာ–လူတစ်ယောက် မွေးဖွားပေါ်ပေါက်လာတော့ ထိုသူရဲ့ ကိုယ်စောင့်နတ်၊ အိမ်ဆောက်တော့ အိမ်စောင့်နတ်၊ ကျောင်းဆောက်တော့ ကျောင်းစောင့်နတ် ဆိုတာမျိုးလိုပေါ့၊ ဒါ့ကြောင့် ဒီနေရာမှာ စောင့်ရှောက်နေထိုင်ကြတဲ့ ဘုန်းမစိုး (ဘူမဒေဝ)နတ်များရှိတတ်ပါတယ်၊ တပည့်တော်တို့ သာသနာအတွက် ၎င်းနတ်တို့ထံက မြေကိုအလှူခံကြစို့ရဲ့ အရှင်ဘုရားရဲ့သိမ်ဟာ ပိုပိုမိုမို ပေ(၅၀)ပတ်လည် လောက်အတွက်ဆိုရပါ့မလား''။ ''မှန်လှပါ ရနိုင်ပါတယ်ဘုရား''။

## မြေအလှူခံပုံ

''ဤမြေ ဤနေရာ အဝန်းအဝိုင်း၌ ပိုင်ဆိုင်စိုးကြပ်၊ ဘူမဒေဝ အမည်ရသည့် သူတော်ကောင်းနတ်အပေါင်းတို့ တို့သံဃာတော်အားလုံးတို့သည် သင်တို့ငါတို့နှင့်တကွ လောကသုံးပါးတွင် ပြိုင်ယှဉ်ကင်းဘိ မုနိထွတ်ထား ရှင်တော်မြတ်ဘုရား၏သာသနာအတွက် တိုးတက်ခံ့ထည်ကြာမြင့်စွာ တည်ရှိရန် ရည်သန်၍ ဤနေရာတွင် သိမ်တစ်ခု သမုတ်လိုပါသည်၊ သို့ဖြစ်၍ ဤမြေရာရှိ ပေ(၅၀)ပတ်လည်ခန့် မြေကွက်ကို တို့ဘုရား အမှူးထားပြီး သံဃာတော်အား လှူဒါန်းကြပါကုန်လော့ (၃–ကြိမ်ဆို) လှူဒါန်းပြီးပါက သင်တို့မှာ အကယ်၍ နေထိုင်ဖို့ရာလိုအပ်ပါက သက်ဆိုင်ရာ နတ်မင်းကြီးတို့ထံတောင်းခံ၍ နေကြပါကုန်လော့၊ တို့သံဃာတော်များ၏ လုပ်ငန်းကိစ္စအဝဝနှင့် ဤကျောင်းနေအရှင် အဆက်ဆက်တို့၏ လုပ်ငန်းအဝဝကိုလည်း အစွမ်းရှိသမျှ ကူညီကြပါကုန်လော့၊ စောင့်ရှောက်ကြပါကုန်လော့၊ ဘေးရန်ဟူသမျှ မြူမျှပင်မတွေ့ရအောင် ဖယ်ရှင်းကူညီကြပါကုန်လော့၊ တို့တွေပြုပြုသမျှ ကုသလအဖုံဖုံ အလုံးစုံကိုလည်း သင် ဘူမစိုးနတ်တို့အားဦးစွာထား၍ (၃၁)ဘုံသားတို့အား အမျှပေးဝေပါ၏ အမျှ–အမျှ–အမျှ ယူကြပါကုန်လော့''။

(ဤနည်းပဲဖြစ်စေ၊ မိမိဉာဏ်စွမ်းရှိသလိုဖြစ်စေ သံဃာတော်များ စုဝေးနေထိုင်ပြီး အသံအောင်၊ အသံပြည် တစ်ပါးပါးကို အလှူခံစာကို ရွတ်ဆိုပါစေ။)

''ကဲကဲ. . . ဦးနာဂသေနရေ. . . မိမိအတွက် ဘူတဂါမ်ပထဝီ ခဏန

သိက္ခာပုဒ်များမှလည်းလွတ်အောင် ကိုရင်ငယ်, ဒကာ, ကျောင်းသား စသူတို့အား သမဏဝေါဟာရနဲ့ သန့်ရှင်းခိုင်းပေးပါဦးနော်၊ တပည့်တော်နဲ့ သံဃာများကတော့ ရေခွေးကြမ်းလေး ဘုဉ်းပေးရင်းက ဆွေးနွေးစရာလေးတွေကို ဆွေးနွေးလိုက်ဦးမယ်''။

မှတ်ချက်။ ။(ထယ်ဖြင့်လည်းကောင်း၊ ထွန်ဖြင့်လည်းကောင်း၊ ပေါက်ပြားတူရွင်း စသည်ဖြင့်လည်းကောင်း လိုအပ်သလို မြေပြင်ကို ညီညွတ်အောင် ပြုလုပ်စေရန် ဖြစ်ပါသည်။)

၁၃၆၅–ခု၊ ပြာသိုလဆန်း(၄)ရက်၊ သောကြာနေ့ နံနက်(၈)နာရီအချိန်ဖြစ်၏။

''အင်း. . . ဦးနာဂသေနဟာ စစ်ကိုင်းဇေယျသိမ်ဆရာတော် ဦးပညိန္ဒရဲ့ မြေးလည်းဖြစ်၊ တပည့်လည်းဖြစ်သည့်မှာ ဖြစ်ကာမျှမဟုတ်ဘဲ ပီပီသသရှိလွန်းလှပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဝိနယာလင်္ကာရ ဋီကာလာ 'အာဒါသ တလံ ဝိသသမံ သုဒ္ဓံ ဝိမလံကတွာ'စတဲ့ စာအရှိကို အသိအကျင့်နဲ့အညီ ပြုထားလိုက်သည့်မှာ မြေနေရာကို ကြေးမုံ(မှန်)ပြင်သဖွယ် ညီညွတ်တင့်တယ်ရုံမျှမကဘဲ လေးမျက်နှာမှာ လှူဝင်လှူထွက်ပေါက် လေးပေါက်ထားပြီး ရာဇမတ်ကွက်တွေကာလျှက် မြေပြင်မှာလည်း သဲဖြူရွရွတွေခင်းလို့ လေးထောင့်အရပ်တို့မှာလည်း သာသနာ့အောင်လံကြီးတွေ တလွင့်လွင့်စိုက်ထူကာ လေးမျက်နှာအရပ် ထိုထိုမှာလည်း အောင်လံငယ်များ တလုတပ ဆွဲတင်ထားပြီး ခေါင်းရင်းအထက်ပိုင်းမှာ ကျကျနနစားပွဲများတင့်တယ်အောင်ပြင်၍ ရွှေရောင်ပြားပတ်ထားတဲ့ ရွှေပန္နက်(၅)ချောင်း၊ ငွေပန္နက်က (၄)ချောင်း၊ အခြားပန္နက် အချောင်း(၅၀) တို့ကိုလည်း အစီအရီပြင်လျှက် အောင်သပြေ အောင်ပန်းအိုးများနဲ့အတူ ရွှေရည် ငွေရည် နှံ့သာရည်တို့ကို ရွှေဖလား ငွေဖလား စသည်များနဲ့ အစီအစဉ်တကျ ပြင်ထားလိုက်တာ ဟိုအဝေးထောင့်(၄)ထောင့်နှင့် အပေါက်(၄)ပေါက် ဘေးတိုင်များမှာလည်း ငှက်ပျောပင်ရှင်စိုက်ထားတာကစပြီး ဘာဆိုဘာမျှလိုလေသေးမရှိဘဲကိုး၊ တပည့်တော်တို့အဖို့ ဒီမြင်ကွင်းကိုမြင်လိုက်ရတာ ဟိုရှေးငယ်စဉ်က ဦးဖိုးစိန်ကြီးရဲ့ ဇာတ်ပွဲကို ကြည့်မြင်ရတုန်းက တော်တော်ပျော်ခဲ့တယ်လို့ ထင်မိခဲ့တာ၊ အခု အရှင်ဘုရားရဲ့ သိမ်ပန္နက်တင်အခမ်းအနားရှုခင်းကို မြင်လိုက်ရတော့မှပဲ ဟိုတုန်းက ပျော်ခဲ့တာဟာ ဘာမှမဟုတ်ဘဲ ဒီအပျော်ကမှ တကယ့်ကို ပျော်စရာကောင်းတဲ့

အပျော်ပေကိုးလို့ သဘောကျ မနောကျ ပေါက်ပေတော့တယ်၊ နောက်နောင်လဲ ဘာသာရေး အခမ်းအနားတွေမှန်သမျှ ဒီလိုပဲဖြစ်အောင်ကြိုးစားကြပါလို့ တပည့်တော် အထူးပဲမေတ္တာရပ်ခံလိုက်ပါတယ်နော်။ ကိုင်း–ဒါဆို ပန္နက်တင်အခမ်းအနား စကြစို့ရဲ့၊ ဦးကိတ္တိ– အရှင်ဘုရားက အခမ်းအနားအစီအစဉ်ကို တင်ပြပေးပါဦး''။

''သာသနာတော်နှစ် ၂၅၄၇–ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅–ခုနှစ်၊ ပြာသိုလဆန်း (၄)ရက်၊ (၂၆–၁၂–၂၀၀၃)၊ သောကြာနေ့၊ နံနက် (၈) နာရီအချိန်၊ မွန်ပြည်နယ်၊ သထုံမြို့၊ ကျိုက္ကော်–အနန်းကုန်းကျေးရွာ၊ ချမ်းအေးတောရ ကျောင်းတိုက်အတွင်းရှိ မြတ်မဂ္ဂင်–နောင်တော်ကြီးသိမ်တော်ကြီး ပန္နက်တင် အခမ်းအနား အစီအစဉ်များပါဘုရား. . . .

၁။ တစ်နံပါတ်အစီအစဉ်အရ – ကြွရောက်တော်မူလာကြသည့် သံဃာတော်အားလုံးတို့က နမောတဿစသည့် ဘုရားရှိခိုးဖြင့် ဤအခမ်းအနားကြီးကို စတင်ဖွင့်လှစ်ရန်ပါဘုရား။ (ပြီးစေ)

၂။ နှစ်နံပါတ်အစီအစဉ်အရ – သမန္တာမှ အစပြု၍ မင်္ဂလ၊ ရတန၊ မေတ္တ၊ ခန္ဓ၊ ဝဇ္ဇာဒ္ဓနာဂ္ဂိယ သုတ်များနှင့် ဘုရား၊ တရား၊ သံဃာဂုဏ် ပုဗ္ဗဏှသုတ်တော်များ ဆိုပူဇော်တော်မူကြရန်ပါဘုရား။ (ရွတ်ဖတ်ပြီးစေ)

၃။ သုံးနံပါတ်အစီအစဉ်အရ– သိမ်သမုတ်ရကြောင်း သိကောင်းစရာ အဖြာဖြာတို့ကို နာယက ဆရာတော်ဘုရားကြီးက မိန့်ကြား၍ အားလုံးက နာယူတော်မူကြရန်ပါဘုရား''။

''အခုနက အခမ်းအနားမှူး ဆရာတော်က သိမ်အကြောင်း သိကောင်းစရာအဖြာဖြာကို ရှင်းပြဖို့ဆိုပြီး လျှောက်ထားသွားတယ်၊ တို့အနေနဲ့ ဒီနေရာမှာ ဘာ့ကြောင့် အဟုတ် သိမ်သမုတ်ရတယ် ဆိုတဲ့ ခေါင်းစဉ်းလေးကိုပဲ ရှင်းလင်းပြောပါရစေ။

## ၈။ ဘာ့ကြောင့် သိမ်သမုတ်ရသလဲ

''ယခင်သုံးနံပါတ်အစီအစဉ်တုန်းက ရှင်းလင်းတင်ပြပြီးဖြစ်တဲ့ အဗဒ္ဓသိမ် သုံးမျိုးအရ ဆိုပါက သိမ်ကို သမုတ်ဖို့ရာ မလိုသလောက်ပင် ဖြစ်တော့တယ်ပေါ့၊ စဉ်းစားကြည့်လေ ရေအိုင်၊ ချောင်း၊ မြစ်၊ သမုဒ္ဒရာတို့ရှိနေပါက ဥဒကုက္ခေပသိမ် အလိုလိုဖြစ်၍ ရဟန်းအားလုံး ကံ–အစုံပြုလို့ရတယ်၊ နောက်တစ်ခါ လူနေရွာနေ

မဟုတ်တဲ့ တောဆိုပြန်ရင်လည်း သတ္တဗ္ဘန္တရသိမ် အလိုလိုဖြစ်ပြီးမို့ ကံကိစ္စ အားလုံးပြီးနိုင်တယ်၊ လူနေရွာနေအရ ဖြစ်ပြန်တော့လည်း ဂါမသိမ် (ဂါမ)ဖြင့် (နိဂမ–နိဂုံးရွာကြီး) (နဂရ–မြို့)တို့ကိုပါသိမ်းယူနိုင်ပြီး အလိုအလျောက် ဂါမသိမ် မြောက်လို့ ရဟန်းတော်တိုင်း ကံဆောင်မှုခရီးရောက်ကာ ကိစ္စအစုံ ပြီးမြောက် နိုင်ပြီပေါ့၊ ဒါဆို သိမ်ဟာ သမုတ်စရာမလိုတော့ဘဲ ရေရှိ, မြေရှိ, တောရှိက ပြီးနေပြီ ပေါ့လို့ ရှန်ရှန်လေးကြည့်ပြီး ကောက်ချက်ချဖို့လို ဖြစ်နေတယ်၊ ဒီလို မဟုတ်သေးပါဘူး သိမ်ဟာ သမုတ်ဖို့လိုအပ်ပါတယ်၊ အလွန့်အလွန်ပဲ လိုအပ် ပါတယ်၊ ဥဒကုက္ခေပ (ရေသိမ်) ရေအိုင်, ချောင်း, မြစ်, သမုဒ္ဒရာထဲသို့ ရဟန်း တော်များစိတ်ကူးဖြင့် ကံကိစ္စတစ်ခုပြုကြည့်ပါ။ အနည်းဆုံး ရဟန်း (၄)ပါးမှစ၍ ဆယ်, ရာ, ထောင် သံဃာတော်အများ ရေသိမ်ကို ကံဆောင်ကြပြီဆိုပါတော့။ အဲဒီထဲ လှေ, သင်္ဘော, ဖောင်စသည်ရှိပါမှ ပြုလို့ရပေမည်၊ မြစ်ကြီး, သမုဒ္ဒရာ ကြီးများဖြစ်မူ လေထန်လှိုင်းကြီးပြီး ဆောင်ရွက်တဲ့ ကံဆောင်ဖို့ မဆိုထားနဲ့ ဘုန်းတော်ကြီးများပါ ရေကူးမတတ်ပါက တစ်ဘဝပြတ်၍ တစ်ဇာတ်သိမ်းသွား ရဖွယ် ကြုံတွေ့နိုင်သည်အထိ အခက်အခဲကို မြင်ကြည့်ကြပေါ့နော်၊ သတ္တဗ္ဘန္တရ (တောသိမ်) ဆိုပြန်ရင်လည်း တောထဲနေလေ့ တောပျော်မွေ့တဲ့ ရဟန်းတော်များ အဖို့ လွယ်ကူသလို ရှိနေသော်လည်း အများသံဃာတော်တို့မှာ မြို့ငယ်, မြို့ကြီး အသီးသီးမှာအနေများကြသည်ဖြစ်ရာကား ကံဆောင်မှုကိစ္စကြုံတိုင်း တောထဲ သွားရမည်ဆိုပါက ဒီကနေ့လို ကံဆောင်မှုကိစ္စ ပေါများလှသည့် ခေတ်ဝယ် မြို့ကြီးသံဃာတော်တို့ တောကပင်ပြန်ရဖို့ အကြောင်းမမြင်နိုင်တော့ပါ၊ ဤသည် လည်း မလွယ်ကူလှသည့် ကိစ္စပင်မဟုတ်ပါလား၊ ထိုမှတစ်ပါး ရွာနိဂုံး မြို့ရှိက (ဂါမသိမ်) ဆိုသည်မှာလည်း ရဟန်းတော်များ ကံဆောင်ကိစ္စပြုတိုင်း–

၁။ ဂါမခေတ်အတွင်းရှိ ရဟန်းတော်တိုင်း ထိုတစ်နေရာတည်းမှာ တစ်စု တစ်ဖွဲ့တည်း ဟတ္ထပါသ်စပ်၍ တည်နေရခြင်း။
၂။ အကယ်၍ အကြောင်းမညီညွတ်၍ မကြွလာနိုင်ပါက ရဟန်းချင်းသာ ဆန္ဒပေး၊ ဆန္ဒယူရခြင်း။
၃။ သို့မဟုတ် ထိုဂါမခေတ် အပြင်ဘက်သို့ထွက်၍ နေထိုင်ရခြင်း။
၄။ ထိုကံပြုသော ရဟန်းတို့ကိစ္စမပြီးမချင်း မလာနိုင်သော ရဟန်းသည် ဂါမခေတ်အတွင်းရှိ ဗဒ္ဓသိမ်ထဲဝင်၍ ကျင်ကြီး၊ ကျင်ငယ် စွန့်လိုသော်

လည်း အပြင်ဘက်သို့ မထွက်ရခြင်း။

၅။ ဂါမခေတ် အုပ်စုနယ် အဆုံးစွန် အရပ်လေးမျက်နှာမှ ရဟန်းတစ်ပါး တလေမျှ မဝင်ရဖို့ ဒကာအစောင့်များကို စောင့်စေခြင်း။

အဲဒီအချက် (၅)ချက် ညီညွတ်ပြည့်စုံပါမှ (ရွာသိမ်)၌ ကံဆောင်မှု ပြီးပြည့်စုံပါသည်၊ အကယ်၍ ပြဆိုပြီးအချက်(၅)ချက်တွင် တစ်ခုခုချွတ်ယွင်းပါက ကံဆောင်မှုသည်လည်း ပျက်ပြယ်ရပါတော့သည်၊ ဒီကနေ့ခေတ်လိုကား ရထား အသွားအလာများသော ကာလဝယ် အဲဒီ အဗဒ္ဓ (ဂါမသိမ်)၌ ကံဆောင်မှုမှာ ဖြစ်နိုင်စရာ အကြောင်းမထင်နိုင်ပါ၊ မဖြစ်နိုင်ဟု ကေန်မဆိုကောင်း၍သာ ရှောင် လိုက်ရပါသည်။

သုံးလူထွဋ်ထင် သဗ္ဗညုဘုရားသခင်သည် ဖော်ပြပါအခက်အခဲ အားလုံး ကို မြင်တော်မူ၊ သိတော်မူပြီး အခုရောနောင်ပါ များလှစွာသော မျိုးဆက်သစ် ဝေနေယျတို့အား တောနေခြုံကြား ဘုံဖျားမကျန် ကေန်မြင်တော်မူ၍ အနုဇာ နာမိ စရှိအလာ ဒေသနာတော်ဖြင့် သိမ်သမုတ်ဖို့အရေး အခွင့်တော်ပေးသည့် ရှင်တော်မြတ်ဘုရားအား အထပ်ထပ်ပင် ရှိခိုးဦးတင်ထိုက်ပါတော့သည်၊ ဒီလို အခွင့်ပေးချက်ကို ဦးထိပ်ထက်ရွက်၍ နှောင်းခေတ်အရှင် သူတော်စင်တို့ နည်းယူ ဆပွား ကောင်းကျိုးများရန် ရည်စိတ်သန်လျှက် စံနမူနာအဖြစ် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့် အရှင်မဟာမဟိန္ဒမထေရ်မြတ်ကြီးတို့သည် သေးငယ်သော ခဏ္ဍဗဒ္ဓသိမ်ကိုမဆိုထားဘိ အလွန်ကြီးကျယ်သော မဟာသိမ်တော်ကြီးများကိုပင် သမုတ်တော်မူကြပါသည်၊ ဤအချက်တို့ကို ထောက်ထား၍ သိမ်သမုတ်ခြင်း ကိစ္စသည် လိုအပ်၍သာ ဘုရားရှင်ခွင့်ပြုတော်မူပါသည်၊ လိုအပ်ချက်ကို အကွက် ပေါ်စေလိုသည့်အတွက် ရဟန္တာ အရှင်မြတ်ကြီးတို့ သမုတ်တော်မူကြပါသည်။

သို့ဖြစ်၍ သိမ်သမုတ်ခြင်းကိစ္စသည် လိုအပ်သည်၊ အလွန့်အလွန်ပင် လိုအပ်သည်ဟု အလေးဂရုပြုပြီး သိမ်သမုတ်မှုနောင်ရေးရှုပြီး ခွင့်ပြုတော်မူသည့် ဗုဒ္ဓရှင်တော်မြတ်ကြီးနှင့် နည်းပေးလမ်းပြ စံပြုသမုတ်ပြတော်မူကြသော ရဟန္တာ အရှင်မြတ်ကြီးတို့အား များစွာအကြိမ်ကြိမ် ဦးညွတ်နိမ်၍ တပည့်တော်၏ကထာ စဉ်ကို ဒီတွင်ရပ်နားခွင့်ပြုတော်မူကြပါကုန်ဘုရား''။

''သာဓု. . . သာဓု. . . သာဓု''

၄။ လေးနံပါတ်အစီအစဉ်အရ– ချမ်းအေးတောရ ဆရာတော်ဘုရားက

ရွှေ၊ ငွေ စသည့် ပန္နက်တို့ကို နံ့သာရည်၊ အောင်သပြေတို့ဖြင့် ပက်ဖြန်းပေးတော်မူပါရန် ဖြစ်ပါတယ်ဘုရား။

၅။ ငါးနံ့ပါတ်အစီအစဉ်အရ– ရန်ကုန်၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၅)၊ သင်္ဂဟလမ်း။ (ဃ)ရပ်ကွက်နေ သိမ်ဒကာ ဦးကျော်နိုင်၊ ဦးသက်နိုင် ညီအစ်ကို မောင်နှမမိသားစုတို့က ရွှေရည်၊ ငွေရည်၊ အောင်သပြေ တို့ဖြင့် ရွှေ ငွေ စသောပန္နက်တိုင်များကို ပက်ဖြန်းပူဇော်ပေးရန် ဖြစ်ပါတယ်။

၆။ သစ္စာ၊ မေတ္တာ၊ ဆုမွန် ပတ္တနာ မြတ်ဂါထာတို့ကို ရွတ်ဖတ် ပူဇော်ရန် ဖြစ်ပါတယ် ဘုရား။

## ၉။ သစ္စာ၊ မေတ္တာ၊ ဆုမွန်ပတ္တနာ မြတ်ဂါထာ

၁။ သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

ရင်းအနက်

ဘောန္တော – သာသနာအနှစ် စင်စစ်ချစ်ခင် သူတော်စင်မည် ကြောင်း အို–သူတော်ကောင်းတို့။ သာသနဿစ– ဗုဒ္ဓမြတ်စွာ သာသနာ ထွတ်ဘုန်း တစ်ခုလုံးအပြင် အပြုံးညီညီ ချမ်းအေးထေရ်နှင့် တူညီဆပွား ဒေသသားတို့ ကြိုးစားနေ့ည မလစ်အားထုတ် ပြုလုပ်အပ်သည့် ချမ်းအေး ခေါ်လတ် နည်းစုံကပ်သည့် သာသနာတော်မြတ်ကြီး၏လည်းကောင်း။ လောကဿစ– လူ့လောကတွင် ရှိရှိသမျှ အနန္တဟူ ဆူဆူဗိုလ်နှင့် များဆို တကွ ချမ်းအေး ထေရ်လှ ဒကာ ဒကာမအစုံ တစ်ဖုံခေါ်ပြြင် ဦးကျော်နိုင်၊ ဦးသက်နိုင် နှစ်ဝ နှမမွေးချင်းရင်းထက်ရင်း၏လည်းကောင်း။ ဝုဍ္ဎိ– လောကီနယ်စပ် အရပ်ရပ်ဆို ထိုထိုလောကုတ် အဟုတ်တိုးပွား ကောင်းကျိုးတရား အလွန်များခြင်းသည်။ သဗ္ဗဒါ– ညဥ့်၊ နေ့၊ နာရီ တစ်မည်မိနစ်၊ မလစ်စက္ကန့်၊ မလပ်မကွာ မြဲစွာမယိမ်း အခါခပ်သိမ်း၌။ ဘဝတု–ကောင်းမှုကောင်းရာအဖြာဖြာတို့ ခါခါမသွေဖြစ်နိုင်ကြပါ စေသတည်း။ သာသနမ္ပိစ– ဗုဒ္ဓမြတ်စွာ (–) သာသနာတော် မြတ်ကြီးကိုလည်း ကောင်း။ လောကဉ္စ– လူ့လောကတွင် (–) နှမမွေးချင်းရင်းထက် ရင်းကိုလည်း ကောင်း။ ဒေဝါ– လောကပါလ မည်နာမဖြင့် တေဇာကဲမောက် များမြောက်ခြံရံ

ကေန်ဂျမြေ အထွေထွေနှင့် မသွေကိုယ်ရှိ စောင့်သည့်နတ်များ အစထား၍ များပေလုံးစုံ အကုန် အကုန် အဖုံဖုံရှိ နှံ့ဘိသိကြား အများပြဟ္မာ နတ်ဒေဝါတို့သည်။ သဗ္ဗဒါ– နေ့ရော ညဥ့်ပါ ဘယ်ခါမတိမ်း အခါခပ်သိမ်း၌။ သဗ္ဗဒါ– စားလေရာ၊ သောက်လေရာ၊ သွားလေရာ၊ ရောက်လေရာ၊ နေလေရာ၊ ထိုင်လေရာ၊ ကြံစည်စိတ်ကူး ပြောဆိုပြုလုပ်ရာ ခပ်သိမ်းသောအခါ၌။ ရက္ခန္တု– ရင်မှဖွားချစ်သားစင်စစ်သို့ မလစ်မြဲစွာ အကဲပါလျှက် နှစ်သက်မသွေ စောင့်ရှောက်တော်မူနိုင်ကြပါစေ ကုန်သတည်း။

"သာဓု. . . သာဓု. . . သာဓု"

၂။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာတေ့ဘဝတွ န္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

ဋင်းအနက်

ဘောန္တော– ရွှေရတုသိမ် အောင်ပွဲကြိမ်ဖို့ နှစ်မျိုးသဘင် ဆင်ယင်ဘိတောင်း အိုသူတော်ကောင်းတို့။ တေ– တုမှာကံ–ပန္ဒက်တင်ပွဲ ဆင်နွဲကြရာ များစွာစုပေါင်းသည့် အသင်သူတော်ကောင်းတို့အား။ သဗ္ဗီတိယော– လုံးစုံ ဗလဝ ဘေးရန်တွေကြုံရတတ်သည့် ဥပဒ္ဒဝ မှန်သမျှတို့သည်။ ဝိဝဇ္ဇန္တု– ပိန်းကြာဖက်တွင် ရေမတင်သို့ မထင်မရှား ကိုယ့်နားမရောက် တောက်လျှောက်ဝေးရာ ဖဲအကွာကြီး ဖဲကွာကြပါစေကုန်သတည်း။ သောကော– စိုးရိမ်ပူဆွေးငိုကြွေးအစ များလှ ထင်ထင် ပူပင်ခြင်းမှန်သမျှသည်လည်းကောင်း။ ရောဂေါ– အိုနာရောဂါ ကိလေ နာဟု နှစ်ခုစိတ်ကိုယ် နာဆိုခံခက် မသက်မသာများစွာဘိတောင်း ကိုးဆယ့် ခြောက်ဖြာသော အနာရောဂါအပေါင်းသည်လည်းကောင်း။ ဝိနဿတု– နေရောင် ခြည်အောက် နှင်းမှုန်ပျောက်သို့ အထောက်မကြာ လျှင်စွာမယွင်း ခုချက်ချင်းသာ ပျောက်ကင်းကွာ ပါစေကုန်သတည်း။ အန္တရာယာ– မတွေ့ပါလို မမြင်လိုကြ ဒုက္ခမျိုးစုံ အန္တရာယ်အဖုံဖုံတို့သည်။ မာ–ဘဝန္တု–ယခုကာစ ဘဝထိုထို မဂ်ဖိုလ် နိဗ္ဗာန် ကေန်ရောက်လစ် ထိုခေတ်တိုင်အောင် ဘေးလွတ်ရှောင်နိုင်ကြပါစေ ကုန်သတည်း။ သုခီစ– ချမ်းသာကိုယ်စိတ် တရိပ်ရိပ်ထွက်လာ နေခန်းဝါသို့ ဖြာဖြာစုံမောက် ချမ်းသာဂုဏ် တောက်ပခြင်းသည်လည်းကောင်း။ ဒီဃာယု ကောစ–အသက်ရှည်ကြာ ဝိသာခါသို့ နန္ဒာထေရ်မင်း ထင်လင်းဗာကုလ ပုံသမျှသို့

သက်လုရှည်ကြာ ရောဂါကင်းရှင်းဖြစ်ရခြင်းသည်လည်းကောင်း။ ဘ၀–ဘ၀၌–မြေပြင် ထင်လင်း မြင်းမိုရ်မင်းသို့ လမင်းနေသာ ပုံပမာတူ မလွဲမူဘဲ အသည်းမှာဖြူ တစ်ကြူကြူပ၀င်း ဖြစ်ခြင်းကြီး ဖြစ်နိုင်ကြပါစေ ကုန်သတည်း။

"သာဓု. . . သာဓု. . . သာဓု"

## ၁၀။ ပြုပြုသမျှ ဆုပန်သခွေ အမျှဝေ

၄။ ခုနစ်နံပါတ်အစီအစဉ်အရ– ပြုပြုသမျှ ကုသလကို ဆုပန်ခြွေပြီး အမျှဝေရန် ဖြစ်ပါသည်ဘုရား။ အားလုံးညီညီရွတ်ဆိုတော်မူကြရန်ပါ ဘုရား။

ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။ (၃–ကြိမ်ရွတ်ဆိုရန်)

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမ။ (၃–ကြိမ်ရွတ်ဆိုရန်)

အားလုံးကြားကြားသမျှ၊ အမျှ. . . အမျှ. . . အမျှ ယူတော်မူကြပါ ကုန်လော့။

"သာဓု. . . သာဓု. . . သာဓု"

ခေါင်းလောင်း ကြေးစည် ဘ၀ဂ်တိုင် ဟီးစေသော်. . .။

## ၁၁။ ပန္နက်ရိုက်ခန်း ရှေ့သို့လှမ်း

"ကိုင်း ဒါဆို တပည့်တော်တို့ ရှေ့သို့တစ်ခန်း ဆက်ကြဦးစို့၊ ဘာလဲ ဆိုတော့ ပန္နက်ရိုက်ဖို့ပေါ့နော်၊ ဒါဆို ဦးသီလာစာရ က နေ့လိုက် ကြိုးကိုင် ပန္နက်ရိုက်ရွေးနည်းကိုလည်း ဆိုစမ်းပါဦးလေ"။ "မှန်လှပါဘုရား"။

၁။ တနင်္ဂနွေသားတွင်၊ အိမ်ဆောက်ချင်၊ ကြိုးလျှင်ကိုင်ရ၊ ကြာသပတေး၊ သောကြာပ။

ပန္နက်တိုင်မူ၊ စနေလူ၊ စိုက်ထူ ကြီးပွားရ။

၂။ တနလ်ာသားတွင်၊ အိမ်ဆောက်ချင်၊ ကြိုးလျှင်ကိုင်ရ၊ သောကြာ နှစ်ယောက်ပ။

ပန္နက်တိုင်မူ၊ တနင်္ဂနွေလူ၊ စိုက်ထူ ကြီးပွားရ။

၃။ အင်္ဂါသားတွင်၊ အိမ်ဆောက်ချင်၊ ကြိုးလျှင်ကိုင်ရ၊ စနေ နှစ်ယောက်ပ။

ပန္နက်တိုင်မူ၊ တနလ်ာလူ၊ စိုက်ထူ ကြီးပွားရ။

၄။ ဗုဒ္ဓဟူးသားတွင်၊ အိမ်ဆောက်ချင်၊ ကြိုးလျှင်ကိုင်ရ၊ တနင်္ဂနွေ၊ တနင်္လာပ။

ပန္နက်တိုင်မူ၊ အင်္ဂါလူ၊ စိုက်ထူ ကြီးပွားရ။

၅။ ကြာသပတေးသားတွင်၊ အိမ်ဆောက်ချင်၊ ကြိုးလျှင်ကိုင်ရ၊ တနင်္လာ၊ အင်္ဂါပ။

ပန္နက်တိုင်မူ၊ ဗုဒ္ဓဟူးလူ၊ စိုက်ထူ ကြီးပွားရ။

၆။ သောကြာသားတွင်၊ အိမ်ဆောက်ချင်၊ ကြိုးလျှင်ကိုင်ရ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးပ။

ပန္နက်တိုင်မူ၊ ကြာသပတေးလူ၊ စိုက်ထူ ကြီးပွားရ။

၇။ စနေသားတွင်၊ အိမ်ဆောက်ချင်၊ ကြိုးလျှင်ကိုင်ရ၊ ဗုဒ္ဓဟူး၊ ကြာသပတေးပ။

ပန္နက်တိုင်မူ၊ သောကြာလူ၊ စိုက်ထူ ကြီးပွားရ။


ဤနည်းလိုက်နာ၊ ကျင့်သုံးပါ၊ ချမ်းသာကြွယ်ဝ၊ သက်ရှည်ရ ဖြစ်ပါတယ် ဘုရား''။

''အေးကွယ် သာခု. . . သာခု၊ ရှေ့ထုံးလည်းမပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့ဆိုတာတွေ လိုက်နာကြမယ်ဆိုပါက အကျိုးများဖို့ချည်းဘဲပေါ့၊ ဒါဆိုရင် ကာယကံရှင် ပဓာနက ဦးနာဂသေန စနေသားဆိုတော့ ကိုင်း– ပန္နက်ကြိုးကို ဗုဒ္ဓဟူးသားနဲ့ ကြာသပတေးနေ့သားများက ကိုင်ရမယ်နော်၊ ပန္နက်တိုင်များကိုတော့ သောကြာသားက ရိုက်ရမယ်၊ ကိုင်း–ဒါဆို ရွှေပန္နက် (၁)ချောင်းကိုယူခဲ့၊ ဟောဒီ အလယ်ဗဟိုတည့်တည့်နေရာမှာ နမောဗုဒ္ဓဿ, နမောဓမ္မဿ, နမောသံဃဿလို့ စိတ်ထဲတွင်ဆို၍ဖြစ်စေ နှုတ်သံပါထွက်၍ဖြစ်စေဆိုပြီးတော့ (သိစေ)ရိုက်စေရမယ် နော်၊ အဲဒီနည်းအတိုင်း အထောင့်ပန္နက် (ရွှေလေးချောင်း)၊ တူရူ (တည့်တည့်) ပန္နက် (ငွေပန္နက် လေးချောင်း)တို့ကို သိမ်ဒကာ ကိုကျော်နိုင်၊ ကိုသက်နိုင်တို့ပါ ရိုက်ပါစေနော်၊ ဗီဒီယိုနဲ့ မှတ်တမ်းတင်ဓာတ်ပုံတွေလည်း ရိုက်ထားကြနော်၊ ဒါမှ နောင်မြင်တိုင်း ကုသိုလ်တွေ တိုးပွားမှာ''။

မှတ်ချက်။ ။ပန္နက်တိုင်များကို ရဟန်းတော်များကိုယ်တိုင်မရိုက်ရန်။ သိက္ခာပုဒ် ကို ဂရုပြုရှောင်ရမည်။ သာမဏေ ဒကာများကို ခိုင်းရာတွင်လည်း လိုအပ်သော နည်းဖြင့်ခိုင်းစေရန် အထူးဂရုပြုရမည်။ (ဆွမ်းဆန်

တွင် ကြွက်ချေးစင်ကြယ်မှုရှိခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ကျေနပ်မှုကို ပြည့်ပြည့်ဝဝယူရမည်။)

''ကိုင်း ဒါဆို အထောင့်တူရူ (တည့်တည့်) ပန္နက်များ ရိုက်ပြီးပါက အရပ်(၄)မျက်နှာ ဝါးပန္နက်များကို ဦးဝိလာသက (၁၁)ပင် ပတ်လည်(၁၀)ခန်း ရအောင်ဝေခွဲပြီး အလယ်ပန္နက်မှ ဟိုဘက်ဒီဘက် (၅)ခန်းစီရအောင် စိမ်းနိုင်း ပါနော်''။




ဂါမသိမ်/ကျောင်းဝိုင်းအတွင်းတစ်နေရာရှိ သိမ်ကွက်ပုံစံ

မှတ်ချက်

၁။ ဘေးပတ်လည်ကား ကျောင်းဝိုင်းဟုပြသည်။

၂။ သိမ်မှာ (၁၀)ပေပတ်လည်ထက် မကျဉ်းစေရ။ ထို့ထက်ကား လိုအပ်သလို ကျယ်နိုင်၏။

၃။ သိမ်သမုတ်မည့်နေရာတွင် ရွှေ–ငွေ ပွတ်လုံး ပန္နက်(၉)ချောင်း၊ ဝါးပန္နက်(၃၂)ချောင်း ရိုက်ပြီးပုံဖြစ်၏။

''အဲဒီ ပြဆိုပြီးဖြစ်တဲ့ ပုံစံ(၁)ရဲ့ စတုရန်း(၄)ဘက် ပတ်လည်ကို ဦးဝိလာသက ရေ(၂)ဂါလံလောက်ထဲကို ထုံးအမှုန့် နို့ဆီဘူး (၃)လုံးစာလောက် ထည့်မွှေပျော်စေပြီး ကရားကြီးကြီးတစ်လုံးတွင်ထည့်၍ အရှေ့, အနောက်, တောင်,

မြောက်ကြိုးကို တင်းတင်းဆွဲပြီး အဲဒီ ကြိုးပေါ်တည့်တည့် ဖြောင့်တန်းအောင် ထုံးရည် ထင်ထင်ရှားရှားဖြစ်အောင် တော်ရုံနဲ့မပျက်အောင် လောင်းခိုင်းစေပါနော်၊ အဲဒီစိုက်ထားတဲ့ ပန္နက်တိုင်အားလုံးကိုလည်း မြေမျက်နှာပြင်နှင့်အညီဖြစ်အောင် ဒကာတစ်ဦးဦးကို ရိုက်စေနော်၊ အင်း. . . လက်မြန်ခြေမြန်ဖြစ်တဲ့ သိမ်ဒကာ ကိုကျော်နိုင်၊ ကိုသက်နိုင် တို့ကို ရိုက်ခိုင်းလည်းရပါတယ်''။ ''ပြောရင်းဆိုရင်း စကားတောင် မဆုံးသေးဘူး၊ ခလုပ်တိုက်မိလို့ဆိုပြီး ရိုက်တောင်နေပါပြီဘုရား''။ ''အေး-ဟုတ်ပြီ၊ ဒီအတိုင်း မရိုက်ဘဲထားလည်းရပေမယ့် ခလိုမြေပြင်နှင့်အညီ ရိုက်ထားလိုက်တော့ ခလုတ်တိုက်မှုမရှိဘဲ ပိုပြီးချမ်းသာမှုရပေတာပေါ့နော်''။

''အခု ပုံစံ(၁)မှာပြတာက မြား(၄)စင်းအလယ်မှာ ပျားငယ်များစုဝေးနေတဲ့ပုံကို တွေ့မြင်ရပါလိမ့်မယ်၊ တပည့်တော်တို့ ယခုရှိနေကြတဲ့ သံဃာအားလုံးဟာလည်း အဲဒီ ပျားများစုနေပုံကဲ့သို့စုပြီးတော့ သိမ်နုတ်ကမ္မဝါနှစ်ဆူ (အဝိပ္ပဝါသနှင့် သမာနသံဝါသ) သီမာသမူဟနန ကမ္မဝါစာကို တစ်ခုပြီးတစ်ခု ဆက်၍ ပြီးဆုံးအောင်သာ ရွတ်ရမှာဖြစ်ပါတယ်ဘုရား၊ ဒီနည်းကိုတော့ (ပျားပန်းခုတ်၊ ပျားပန်းခတ်၊ ပျားကြီးစွဲ) နုတ်နည်းလို့ ပညာရှင်အသီးသီးတို့ ခေါ်ထုံးပြုကြတယ်ပေါ့။

## ၁၂။ သိမ်နုတ်အလျှင် သိမ်သမုတ်ခွင်

''အခန်း (၈)တွင် ဆရာတော်ဘုရား အမိန့်တော်ရှိထားသည်မှာ သိမ်သမုတ်တဲ့အလုပ်ဟာ အလွန့်အလွန်လိုအပ်သည်ဟူသော စကားအရ အလွန်ပင် အလျှင်အမြန်သိမ်သမုတ်လိုပါသည်ဘုရား၊ ဘာ့ကြောင့် လိုအပ်တဲ့သိမ်သမုတ်မှုကို မပြုသေးဘဲသိမ်နုတ်ခြင်းကို အလျှင်စလိုပြုရပါသနည်းဟူမူ၊ အင်း. . . ဟုတ်ပေသည်၊ ဒီအမေးကား မေးသင့်သော အမေးပင်ဖြစ်ပေသည်၊ အဖြေကား စိတ်ချလက်ချသိမ်သမုတ်မှုအောင်မြင်လို၍ ဖြစ်ပေသည်၊ ယခုသမုတ်မည့် မြေနေရာဝယ် ယခင်က သိမ်ဟောင်းမရှိခဲ့ဟု အဘိညာဉ်ကင်းသူတို့အဖို့ ဘယ်သူမှ အတိအကျ မပြောနိုင်ပေ၊ အတိအကျသိမ်ဟောင်းမရှိခဲ့ဟု ပြောနိုင်သူရှိ၍ စိတ်ချလက်ချ ယုံကြည်ရသည်ဆိုပါက သိမ်နုတ်ကမ္မဝါစာ အားလုံးကိုထားဘိ၊ တစ်လုံးတလေမျှပင် ရွတ်စရာ, နုတ်စရာမလိုဘဲ အဆင်သင့် စိတ်ရှိတိုင်း သမုတ်ရုံသာဖြစ်ပါသည်၊ ယခုမူ ထိုသို့အတိအကျမသိရပါပေ၊ တကယ်လို့ စိတ်ရှိတိုင်းမနုတ်ဘဲ သိမ်သမုတ်

မည်ဆိုပါက ယခင် သိမ်ဟောင်းအပေါ် ထပ်မိလွှမ်းမိဖြစ်၍ (လွှမ်းသိမ်)ဖြစ်ပြီး သိမ်အသစ်ဟာ သိမ်အရာမအောင်မြင်တော့ဘဲ သိမ်ပျက်ကြီးသာ ဖြစ်သွားရပါသည်၊ (လွှမ်းသိမ်) ဟုဆိုရာမှာ သိမ်ဟောင်းတစ်ခုလုံးအပေါ်ကို အားလုံးလွှမ်းမိဖုံးမိမှသာမဟုတ်ဘဲ ရဟန်း(၄)ပါးစာ ထိုင်ပြီး ကံပြုလောက်သော မြေအရပ်ပေါ်သို့ လွှမ်းမိလျှင်ပင် (လွှမ်းသိမ်)သိမ်ပျက်ဖြစ်ရတယ်ပေါ့၊ ထို့အပြင် (စပ်သိမ်)ဟုလည်း ရှိပေသေးသည်၊ ရဟန်း(၄)ပါးနေလောက်သော ပမာဏအောက် အယုတ်ဆုံးအားဖြင့် တစ်ဆံချည် မြေအရပ်ပေါ်သို့ လွှမ်းခြုံ၍ သိမ်အသစ်သမုတ်လျှင်လည်း ထိုသိမ်မှာ (စပ်သိမ်)ဖြစ်၍ သိမ်ပျက်ပင်ဖြစ်ရပါတော့သည်၊ သိမ်ပျက်ကို အပျက်ဟုသိမည်ဆိုပါက တော်ပေသေး၏၊ မည်သည့်ကံကိစ္စမျှ မပြုလုပ်ဘဲ ရှောင်လွှဲပါက တစ်စုံတစ်ခု အကျိုးယုတ်ဖွယ်ရာမရှိနိုင်ပါ၊ အဲဒီ မအောင်မြင်သော သိမ်ပျက်ကိုပင် သိမ်ကောင်းဟုထင်ပြီး ကံကြီး, ကံငယ် ကိစ္စအားလုံး ပြုမည်ဆိုပါက ထိုပြုပြုသမျှ ကံအားလုံးလည်း ကံပျက် တွေချည်း ဖြစ်ရပြီး သာသနာတော် တစ်လျှောက်မှာ ဘယ်ကလောက် အကျိုးများ ဆုတ်ယုတ်သွားနိုင်မည်ကို ဉာဏ်ကြီးကြီး၊ မျက်စိ, နားကျယ်ကျယ်ဖြင့်သာ သိကြပါတော့နော်၊ ဒါကြောင့် သိမ်အသစ်မသမုတ်ခင်မှာ သိမ်နုတ်မှုကိစ္စကို အလျှင်ပြုလုပ်ရတယ်၊ အကြိမ်ကြိမ်အထပ်ထပ်လည်း နုတ်ရတယ်။ လေးဘက်မျက်နှာမှာ ပို၍ပို၍လည်း နုတ်ရတယ်လို့ဆိုတာကို သဘောပေါက်တော်မူကြစေလိုပါတယ်ဘုရား''။

## ၁၃။ စောင်းနှယ်သံညို ဗျဥ္စနဗုဒ္ဓိ

''ဒီမျှလောက်ဆိုပါက အရှင်ဘုရားတို့အဖို့ သိမ်နုတ်ရခြင်း၏ ရည်ရွယ်ချက်သဘောရင်းကို အမြင်ရှင်းလောက်ပြီပေါ့နော်၊ ကိုင်း. . . ဒါဆိုပါက သိမ်ကို နုတ်ကြပါစို့ဟုငြားအံ့၊ အဲဒီသိမ်နုတ်တယ်ဆိုတာကလည်း မြက်နွယ်သစ်ပင်များကို နုတ်ရသလို သစ်တုံးတိုင်များကို နုတ်ရသလို အင်နဲ့အားနဲ့ တူးဖော်ပြီး နုတ်ရတာမျိုးမဟုတ်ဘဲ ဆိုင်ရာဆိုင်ရာ ဥတ်ကမ္မဝါစာများ ရွတ်ဖတ်၍ နုတ်ရခြင်း ဆိုတာကတော့ အရှင်မြတ်တိုင်းလိုလို သဘောရော မနောပါ ပေါက်ပြီးဖြစ်တယ်ဆိုတာကို ခြွင်းချက်မရှိယုံကြည်ပြီး ဖြစ်ပါတယ်ဘုရား။

အဲဒီဆိုင်ရာဆိုင်ရာ ဥတ်ကမ္မဝါများကို ဖတ်ရွတ်တဲ့အခါမှာ စာဖတ်နည်းမျိုး သာမန်ဖတ်ရုံနဲ့မပြည့်စုံသေးပါဘုရား၊ ဒီလိုကြီးကျယ်ခံ့ထည်ဝါတဲ့ သာသနာ့

ကိစ္စကိုမဆိုထားဘိ လူသာမန်တို့ နားအရသာခံ ဖြေဖျော်တဲ့ တူရိယာများကို တီးခတ်မှုကိစ္စများကိုပင် ကြည့်ပါဦး၊ ပတ်ဝိုင်းရှိ ဗုံငယ်များကို ပတ်စာနုတ်ခြင်း၊ ဖြည့်ခြင်း၊ စောင်းတွင်ရှိ ကြိုးများကိုလျော့ခြင်း၊ တင်းခြင်းစသည် သီချင်းအလိုက်ပြင်ပေး၊ ညှိပေးပြီးတီးပါမှ လိုအပ်တဲ့အသံ ပီပီပြင်ပြင်ဖြစ်ပြီး နားထောင်မှုအရသာကိစ္စ လမ်းဆုံးရောက်ပြီး မြောက်နိုင်တယ်ပေါ့၊ အဲဒီလိုပါပဲ သာမန်အရပ်သားများပြုတဲ့ အခုပြီးအခုပျောက် ကိစ္စမျှလောက်ကလေးကိုပင် အခုလိုစနစ်လှလှ၊ စည်းကမ်းကျကျ ပြုလုပ်ကြရသေးတယ်ဆိုတော့ တပည့်တော်များရဲ့ သာသနာပြုကိစ္စထာဝရအရှည်တည်မြဲရေးကိစ္စမှာ ယခုကမ္မဝါစာ ဖတ်ရွတ်ရမယ့်ကိစ္စဟာဆိုရင် ပဓာနအခန်းအဓိကနေရာက ပါဝင်နေတယ်ဆိုတာကို အရှင်မြတ်တို့ သဘောပေါက်လောက်ပြီး ဖြစ်ပါတယ်၊ အဲဒါကြောင့် ဘုရားရှင်နှင့်တကွကျမ်းတတ်ပေါ်လွင် ပညာရှင်အသီးသီးတို့က ကမ္မဝါစာဖတ်နည်းကို ထိထိမိမိသိရှိတော်မူရန် ဗျဉ္ဇနဗုဒ္ဓိ (၁၀)ပါးကို ပြတ်ပြတ်သားသား ညွှန်ကြားတော်မူခဲ့တာကတော့ ဝိနယသင်္ဂဟ အဋ္ဌကထာ (၃၉၇)မှာ–

'သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စ နိဂ္ဂဟိတံ။

သမ္ဗန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါ' လို့ ဖြစ်ပါတယ်ဘုရား။

၁။ သိထိလဟူသည်– သိထိလံနာမ ပဉ္စသု ဝဂ္ဂေသု ပထမ တတိယံ။ ဆိုလိုရင်းကတော့–

| | | | | |
|---|---|---|---|---|
| ပ | ဒု | တ | စ | မ |
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

(၅)လုံးကို က–ဝဂ်ဟုလည်းကောင်း
(၅)လုံးကို စ–ဝဂ်ဟုလည်းကောင်း
(၅)လုံးကို ဋ–ဝဂ်ဟုလည်းကောင်း
(၅)လုံးကို တ–ဝဂ်ဟုလည်းကောင်း
(၅)လုံးကို ပ–ဝဂ်ဟုလည်းကောင်းပြဆိုပြီး

အဲဒီဝဂ်(၅)မျိုးတွင်လည်း ဝဂ်တစ်ခုတစ်ခုတွင် ပါဝင်သော အက္ခရာများကို က–သည် ပထမအက္ခရာ၊ ခ–သည် ဒုတိယအက္ခရာ၊ ဂ–သည် တတိယအက္ခရာ၊ ဃ–သည် စတုတ္ထ အက္ခရာ၊ င–သည် ပဉ္စမ အက္ခရာဟု အမည်ပေးပြီး ကျန်သည့် (၄)ဝဂ်ကိုလည်း အလားတူပင်ယူရမည်ဟု သိသာကြောင်း

ကိုပြပြီး အဲဒီ(၅)ဝဂ်တွင် ပထမအက္ခရာအမည်ရတဲ့ က၊ စ၊ ဋ၊ တ၊ ပ (၅)လုံးနဲ့၊ တတိယအက္ခရာ အမည်ရတဲ့ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ (၅)လုံးပေါင်း (၁၀)လုံးတို့ဟာ သိထိလအက္ခရာတွေပဲပေါ့။ အဲဒီ(၁၀)လုံးကို ရွတ်ဖတ်တဲ့ အခါမှာ ဌာန်-ကရိုဏ်းတို့ကို လျော့သည်ကိုပြု၍ (ဝါ)အသံ မပျင်းစေဘဲ ရွတ်ဆိုရမယ်လို့ (သာရတ္ထ-ဋီ-တ. ၄၉၂)တွင် ပြည့်နှန်ထားတယ်လေ''။

၂။ ''ဓနိတဆိုတာကတော့ ဓနိတံနာမတော သေ့ဝ ဒုတိယ-စတုတ္ထံ တဲ့ ထိုဝဂ်(၅)မျိုးတို့တွင် ဒုတိယဖြစ်တဲ့ ခ၊ ဆ၊ ဌ၊ ထ၊ ဖ အက္ခရာ (၅)လုံးနဲ့ စတုတ္ထဖြစ်တဲ့ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ အက္ခရာ (၅)လုံးပေါင်း (၁၀)လုံးဟာ ဓနိတပဲပေါ့။ အဲဒီ သိထိလ ဓနိတ ခွဲဝေပြတဲ့ နေရာမှာ အရှင်ဘုရားတို့ သင်ခဲ့ပြီးဖြစ်တဲ့ ရူပသိဒ္ဓိကျမ်းအဆိုက ပိုပြီးထင်ရှားတယ်။ သူ့အဆိုက (ဝဂ္ဂ ဒုတိယ-စတုတ္ထာ ဓနိတာ တိပိ ဝုစ္စန္တိ) ဝဂ်၏ ဒုတိယ စတုတ္ထ အက္ခရာ (၁၀)လုံးတို့ကို ဓနိတဟုဆိုပြီး (ဣတရေ သိထိလာ)ဟု အဆိုရှိရာ ဓနိတ (၁၀)လုံးမှ ကျန်အက္ခရာ (၃၁)လုံးတို့ဟာ သိထိလတွေချည်း ပြဆိုလိုက်ရာ (၃၁)လုံးက ဘာတွေလဲဆိုတော့ ဝဂ်၏ ပထမအက္ခရာ (၅)လုံး၊ တတိယ အက္ခရာ (၅)လုံး၊ ပဉ္စမ အက္ခရာ (၅)လုံး၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ ဟူသော အဝဂ်အက္ခရာ (၈)လုံး အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ ဟူသော သရ (၈)လုံးပေါင်း (၃၁)လုံးဖြစ်တယ်ပေါ့။ ဓနိတအက္ခရာများကို ရွတ်ဆိုတဲ့ အခါမှာ ဌာန်၊ ကရိုဏ်းတို့ကို လျော့လျော့မဟုတ်ဘဲ အသံပြင်းပြင်း၊ အသံ ကျယ်ကျယ် ရွတ်ဆိုရမယ်လို့ (သာရတ္ထ-ဋီ)မှာပင် ညွှန်ပြထားပြန်တယ်လေ။ ဦးနာဂသေနက ဘာများပြောရန်ရှိလို့ ဟန်ပြင်နေပါသလဲဘုရား''။

''တခြားမဟုတ်ပါဘူးဘုရား။ ခ၊ ဆ၊ ဌ၊ ထ၊ ဖ ဒုတိယအက္ခရာ (၅)လုံးတို့ဟာ ဒီမှာ အသံပြင်း၊ အသံကျယ် ရွတ်ရမယ်ဆိုတော့ ဟိုအခြေခံ သဒ္ဒါမှာ ခ၊ ဆ၊ ဌ၊ ထ၊ ဖ (၅)လုံးတို့ကို အဃောသမည်၍ ပြင်းပြင်းမဆိုရ၊ လျော့လျော့ရွတ်ရမယ်လို့ဆိုတာ တွေ့ဖူးလို့ပါဘုရား''။

''ဪ. . . ဟုတ်ပေသားပဲ။ အရှင်ဘုရားက စာသင်၊ စာကြည့်၊ စာတက်တဲ့ နေရာမှာ (၁)တပည့်ခံသင်ယူနည်း (၂)ဂုဏ်ရည်တူ သင်ယူနည်း (၃)ဆရာပြု၍ သင်ယူနည်းဆိုတဲ့သင်နည်း (၃)မျိုးအရ ဆရာပြုလုပ်၍ သင်ရမယ်လို့ ဆိုခဲ့တဲ့ အရှင်ဘုရားတို့ရဲ့ ဆရာဦးသာအေး (ခ) ဦးသာဂရရဲ့တပည့် ပီသ

ပါပေတယ်။ ဒါကတော့ ဒီလိုပါ အခြေခံသဒ္ဒါမှာ ဆိုတဲ့နည်းက တစ်ပါးသော သက္ကတကျမ်းမှလာတဲ့ အမည်များကိုလည်း ဒီမာဂဓသဒ္ဒါတို့မှာ ယူသင့်က ယူဖို့လို့ သဘောထားကြီးကြီးဖြင့် ခွင့်ပြုထားတာဖြစ်ပါတယ်။ ကောက်ရိတ်ယောက်ျားဟာ ကောက်စပါးများကိုရိတ်ရင်းက စပါးတု မြက်သီး၊ မြက်နှံတွေပါ သိမ်းကြုံးရိတ်မိတဲ့ အတွက် အထိုက်အလျောက်အကျိုးသက်ရောက်မှုရှိသော်လည်း တကယ်တမ်း ရိတ်ယူရမှာက စပါးသာဖြစ်သလို ဒီနေရာမှာလည်း (သာမာဂဓိ မူလဘာသာ)လို့ မိန့်ဆိုထားတယ်မဟုတ်လား။ မှန်လှပါ တပည့်တော် ကျေနပ်ဝမ်းသာလှပါတယ် ဘုရား''။

၃။ ''ဒီဃ–အရက ကိုင်း–ဒါဆို ဒီဃ အကြောင်းပြောကြဦးစို့ 'ဒီဃန္တိ ဒီဃေန ကာလေန ဝတ္တဗ္ဗ အာကာရာဒိ' တဲ့။

(ဝိနယ–ဋ)အရ နှစ်မကြာ ကာလရှိသော ရှည်စွာသော ကာလဖြင့် ရွတ်ဆိုအပ်တဲ့ အာ၊ ဤ၊ ဦ၊ ဧ၊ ဩ သရ (၅)လုံးနဲ့ ၎င်းတို့နှင့် ယှဉ်တွဲသော ဗျည်းများကို ဒီဃလို့ မှတ်သားပြီး ရွတ်ဆိုရာမှာလည်း အသံရှည်ရှည်ဆွဲပြီး ရွတ်ဆိုရမယ်တဲ့''။

၄။ ''ရဿ–ကျပြန်တော့လည်း 'ရဿန္တိ တဂော ဥပဍ္ဎကာလေန ဝတ္တဗ္ဗ အကာရာဒိ' အရ–

''တစ်မကြာကာလရှိပြီး ဒီဃ၏ ထက်ဝက်မျှ ရွတ်ဆိုရသော အ၊ ဣ၊ ဥ သရ(၃)လုံးနဲ့ ၎င်းတို့နှင့် တွဲဘက်ဖြစ်တဲ့ ဗျည်းများကို ရဿဟု မှတ်သားပြီး ရွတ်ဆိုတဲ့နေရာမှာလည်း အသံတိုတိုနဲ့ ရွတ်ဆိုရမယ်တဲ့။ ဆိုကြည့်ပါ. . . အ– ဆိုက အသံတိုပြီး၊ အာ–ဆိုက အသံရှည်သည်ကို ကိုယ်တိုင်သိရတယ်ပေါ့''။

၅။ ''ဂရု–အလှည့်ရောက်လာပြီ 'ဂရုကန္တိဒီဃမေဝယံဝါ(–)နဂ္ဂဟိတိတိ ဝေံ၊ သံယောဂ ပရံကတွာ ဝုစ္စတိ' အရ–

နဂ္ဂဟိတ်–ဋ က–သံယုဂ်ကို ကြည့်ပြီး (နက်)ဟု လေးလေးပင်ပင် ရွတ်ဆိုရမယ်လို့ သိစေပါတယ်''။

၆။ ''လဟု–ကျတော့ 'လဟုကန္တိရဿမေဝ ယံဝါ(–) နခမတိတိဝေံ အသံယောဂ ပရံကတွာ ဝုစ္စတိ' ဟုညွှန်ပြချက်အရ

နခမတိ–ဋ(န)ဟု ပေါ့ပေါ့ ရှန်ရှန်ကလေး သိသာရုံမျှသာ ရွတ်ဆိုရမယ် တဲ့လေ''။

၇။ ''နိဂ္ဂဟိတ– အရပြပုံကတော့ 'နိဂ္ဂဟိတန္တိ– ယံကရဏာနိ၊ နိဂ္ဂဟေတွာ၊ အဝိဿဇ္ဇေတွာ အဝိဝဋ္ဋေန မုခေန သာနုနာသိကံကတွာဝတ္တဗ္ဗံ' ဟုမိန့်ဆိုချက်အရ–

ကရိုဏ်းတို့ကိုနှိပ်၍ (ဝါ) မစွန့်မူ၍ အသံကိုမလွှတ်ဘဲ စဉ်းငယ်ဖွင့်သောခံတွင်းဖြင့် နှာခေါင်းသံနှင့်တကွပြု၍ (ဝါ) နှာခေါင်းသံပါ အောင် ၊ ဆိုလို့ရင်းမှာ ခံတွင်းကိုအနည်းငယ်ဖွင့်ရုံမျှကလေးဖွင့်ပြီး နှာခေါင်းမှ လည်း လေထွက်အောင်ပြု၍ အသံကိုမပြတ်စေဘဲ နောက်အက္ခရာနဲ့ တစ်ဆက်တည်းရွတ်ဆိုရမည်ဟု ပြဆိုပါတယ်။ သံယော–ဆိုတဲ့ စကားလုံးကိုလက်တွေ့ဆိုကြည့်ပါ ဒီနေရာမှာ အဝိဝဋ္ဋေန–၌ လုံးဝခံတွင်းမဖွင့်ရဟုမဆိုရ အနုဒရာကညာတို့ကဲ့သို့ (အ) ကိုအပွကအနည်းငယ်အနက်ဟော ယူရမည်ဟု (ဝိသုဒ္ဓါရုံပုဒ်စစ်ကဏ္ဍ)၌ အဆိုရှိပါတယ်။

အဲဒီ နိဂ္ဂဟိတ ရွတ်ဆိုနည်းကို မိမိတို့ ငယ်စဉ်သက်န်းဝတ်တုန်းကဆိုခဲ့တဲ့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ကို ဌာန်ကရိုဏ်းကျကျ အားပါးတရ ကျေနပ်အောင်ဆိုကြည့်ပြီး နည်းမှီးသိရန်သာလိုပါသည်။ ဒါကိုမှ စိတ်တိုင်းမကျသေးရင်လည်း (မဟာဝါ–၌ ၂၅၁) (ဝိမတိ–ဋီ–ဒု–၉၅) ( သာရတ္ထဋီ –တ–၂၀၁) (ဝဇိရ ဗုဒ္ဓိ–ဋီ–၄၁၂) တို့ကိုကြည့်၍ ကျေနပ်တော်မူကြပါဘုရားလို့သာ လျှောက်ထားပြီးကျယ်မှုကို ချုံးလိုက်ရပါတော့သည်ဘုရား''။

၈။ ''သမ္ဗန္ဓ–အရကို ပြတဲ့နေရာမှာလည်း 'သမ္ဗန္ဓန္တိယံ ပရပဒေန သမ္ဗန္ဓိတွာတုဏှိံသာတိဝါ တုဏှာသာတိဝါ ဝုစ္စတိ' လိုဖွင့်ပြပြီး

တုဏှိံသာတိ–၌ တုဏှိံ–ရှေ့ပုဒ်နှင့် အဿာနောက်ပုဒ်ကို စပ်၍–ဆိုပုံများကို နမူနာယူ၍ သိရန်ပါပဲဘုရား''။

၉။ ''ဝဝတ္ထိတ–ကိုထုတ်ပြတဲ့နေရာမှာလည်း 'ဝဝတ္ထိတန္တိ၊ ယံပရပဒေန၊ အသမ္ဗန္ဓိကတွာ ဝိစ္ဆိန္ဒိတွာ တုဏှိံ အဿာတိဝါ။ တုဏှာ–အဿာတိဝါဝုစ္စတိ'ဟူသောဖွင့်ဆိုချက်အရ–

တုဏှိံ–ရှေ့ပုဒ်နှင့်အဿာ–နောက်ပုဒ်တို့ကို မစပ်စေဘဲဖြတ်၍ ရွတ်ဆိုပုံကို နည်းယူရန်သာဖြစ်ပါတယ်ဘုရား''။

၁၀။ ''ဝိမုတ္တကိုလည်း 'ဝိမုတ္တန္တိ–ယံကာရဏာနိ၊ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ၊ ဝိဝဋ္ဋေန၊ မုခေန အနုနာသိကံ အကတွာ ဝုစ္စတိ' အရ သိတော်မူရန်မှာ

ကရိုဏ်းတို့ကို မနှိပ်ဘဲ (ဝါ) မစွန့်ဘဲလွှတ်၍ ခံတွင်းကိုမပိတ်ဘဲဖွင့်ပြီး နှာခေါင်းသံ မပါစေဘဲ ရွတ်ဆိုရမည်ဟု ညွှန်ကြားထားပါတယ်ဘုရား''။

## ၁၄။ ကံပျက်,မပျက် ဗျဥ္ဇနဗုဒ္ဓိ(၁၀)ပါးနှင့် ချိန်စက်

"အထက်က ပြဆိုခဲ့ပြီးဖြစ်တဲ့ ဗျဥ္ဇနဗုဒ္ဓိ (၁၀)ပါးနှင့် မကိုက်ညီတိုင်း ဆိုင်ရာ ဆိုင်ရာ ကံကိစ္စများပျက်နိုင်ပါသလောဟူမူ အဖြေမှာ . . ပျက်တဲ့ ကံလည်း ရှိသလို မပျက်တဲ့ကံလည်းရှိတယ်ပေါ့ ၊ (သိ–ဝ–နိဂ်–ဝိ၊ ချွတ်လေဘိ၊ ပျက်၏ကံ အရာ) ဟူ၍ အလွယ်သိမှတ်ရန်ဖြစ်ပါသည်။ ဆိုလိုရင်းကတော့ ဣမာနိ စတ္တာရိ ဗျဥ္ဇနာနိ အန္တောကမ္မာဝါစာယ ကမ္မံဒူသေန္တိ၊ အရ–

၁။ သိထိလကို ဓနိတပြု၍ ရွတ်ဆိုခြင်း (ဥပမာ) (သုဏာတု) ကို (သုဏာထု) ဟုသိထိလအစား ဓနိတ ရွတ်ဆိုခြင်းစသည်ပေါ့နော်။

၂။ ဓနိတကိုသိထိလပြု၍ ရွတ်ဆိုခြင်း (ဥပမာ) (ဘန္တေ–သံဃော)ကို (ဗန္တေ–သံဂေါ) ဟု ဓနိတအစား သိထိလ ရွတ်ဆိုမိခြင်းစသည် ဖြစ်သွားတတ် တယ်လေ။

၃။ နိဂ္ဂဟိတ ကို ဝိမုတ္တ–ပြု၍ရွတ်ဆိုခြင်း (ဥပမာ) (ပတ္တကလ္လံ ) ကို (ပတ္တကလ္လာ)ဟုနိဂ္ဂဟိတရွတ်ဆိုရမည့်အစား ဝိမုတ္တ–အဖြစ်ရွတ်ဆို မိခြင်းစသည်နှင့်

၄။ ဝိမုတ္တကို နိဂ္ဂဟိတပြု၍ ရွတ်ဆိုမိခြင်း (ဥပမာ)(သုဏာတု)ကို (သုဏံတု)ဟု ဝိမုတ္တရွတ်ဆို ရမည့်နေရာမှာ နိဂ္ဂဟိတပြု၍ ရွတ်ဆိုခြင်း စသည်တို့ကို နည်းမှီး၍ သိရန်ဖြစ်ပါတယ်ဘုရား။

အခုပြောခဲ့တဲ့ ဗျဥ္ဇနဗုဒ္ဓိ (၄)ပါးချွတ်ယွင်းသွားပါက မိမိတို့ ဆောင်ရွက် တဲ့ ကံကိစ္စအားလုံးဟာ ပျက်စီးသွားရတယ်ပေါ့ဘုရား။ ဤဗျဥ္ဇနဗုဒ္ဓိ (၄)ပါးမှ အပ–ကျန်တဲ့ဗျဥ္ဇနဗုဒ္ဓိ(၆)ပါးကြောင့်တော့–(ကျန်ဗျဥ္ဇန–ခြောက်ဝ ယွင်းတွက် ကံမပျက်) ဟူသော သံပေါက်ကဗျာအရနှင့် ဣမာနိဟိ ဆ–ဗျဥ္ဇနာနိ–ကမ္မံန– ကောပေန္တိ ဟူသော အဋ္ဌကထာ စကားအရ ကံပျက်စီးမှု မဖြစ်နိုင်ပါဘုရား။ ဒါပေမဲ့လည်း ဒီဃ–ကို ဒီဃ။ ရဿ–ကို ရဿ။ ဂရုကို ဂရု။ လဟုကို လဟု။ သမ္ဗန္ဓကို သမ္ဗန္ဓ။ ဝဝတ္ထိက ကို ဝဝတ္ထိက။ ပီပီပြင်ပြင် ဖြစ်အောင် ရွတ်ဖတ် ခြင်းသည်သာ ကုဋ္ဌနူနာအတွက်– နှမ်းတစ်စေ့စာမျှ အပြစ်မရှိသော အမျိုးသမီး ငယ်၏ တင့်တယ်လှပခြင်းသည်သာ အကောင်းဆုံးဖြစ်ဘိသကဲ့သို့ ကမ္မဝါစာ

ဆိုင်ရာမှာလည်း ဒုရုတ္တ ဒုရုစ္စာရဏ အပြစ်ကင်းစင်ခြင်းသည်သာလျှင် ဆီးနှင်း မြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးအင် လွန်သန့်စင်သည့် လပြည့်ဝန်းကြီးပမာ လွန်စွာတင့်တယ်နိုင်ပါသည်လို့ သတိပေးစကား ဒီနေရာကနေ လျှောက်ထား လိုက်ပါရစေပါဘုရား''။

၁၅။ ဗျတ္တ ပဋိဗလ အစွမ်းပြ

''ကမ္မဝါစာ ရွတ်ဖတ်မှုဆိုင်ရာဝယ် ဒုရုတ္တ ဒုရုစ္စာရဏ ဟူသော မကောင်းသောရွတ်ဆိုမှု အနည်းငယ်အပြစ်စသည့်မှ ကင်းလွတ်စင်ကြယ်ရန်မှာ ဗျတ္တ–ပဋိဗလ–ဂုဏ်နှစ်ဝနှင့်ပြည့်စုံရန် လွန်စွာမှ အရေးကြီးလှပါသည်။ သို့ဖြစ်၍ ရှင်တော်မြတ်ကိုယ်တော်တိုင်ပင် 'ဗျတ္တေနဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော' ဟုမိန့်ဟောတော်မူခဲ့သည် မဟုတ်ပါလော။ ဤ၌ ဗျတ္တ–ဟူသည် ကျေပွန်စွာ ရရှိသူကိုဆိုရပြီး ပဋိဗလ–မှာ ရဲဝင့်စွာဆိုနိုင်သူဟု အဓိပ္ပာယ်ရပါသည်။ ကျေပွန်စွာရ ဟူသည်–

၁။ ဝိနည်းအဋ္ဌကထာနှင့် တကွ ဝိနည်းပိဋကတ်တော်ကို နှုတ်တက် အာဂုံရခြင်း၊ သို့မဟုတ် ဥတ္တိ ဒုတိယ သိမ်နှုတ် သိမ်သမုတ် ကမ္မဝါစာမျှကို နှုတ်တက်အာဂုံရခြင်းနှင့်

၂။ ဌာန်၊ ကရိုဏ်း ပယတ်–ဗျဉ္ဇနဗုဒ္ဓိ အပိုင်းအခြားကို တတ်သိလိမ္မာ သောဆရာများထံ နည်းခံသင်ယူခြင်းဟူသော အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါက ဗျတ္တ– ပုဂ္ဂိုလ်ဖြစ်ကြောင်း သိနိုင်ပါတယ်ဘုရား။

ဒီနေရာမှာ ရှေးကပညာရှိ ဆရာတော်မြတ်ကြီးတို့ ဆိုထုံးတစ်ခုရှိခဲ့ သည်မှာ (ကမ္မဝါစာ–လျှာကျိုးစေရမည်) လျှာကျိုးသည် ဟူသည်မှာလည်း ကမ္မဝါစာအတွက် ဗျဉ္ဇနဗုဒ္ဓိ(၁၀)ပါးနှင့် ဌာန်–ကရိုဏ်း–ပယတ် တို့ကို ရှေးဦး ကပင် ပြက်ပြက်ထင်ထင်သိမြင်ပြီးသူကို လျှာကျိုးသည်ဟုဆိုရပါသည်။ သို့ဖြစ်၍ ဆရာစဉ်ဆက်လမ်းညွှန်ချက် ပြုတော်မူကြသည်မှာ. . .

၁။ဃောသ– လည်ချောင်းအရပ်၌ဖြစ်သော (အ–အာ–က–ခ–ဂ–ဃ– င–ဟ) ရှစ်လုံးတို့တွင် (ဟ)ကိုစံထား၍ (ဟ–ဟ–ဟ–ဟ)ဟု လည်ချောင်းအရပ်မှ ဖြစ်ပေါ်လာပုံကိုလည်းကောင်း။

၂။ တာလုဇ–အာစောက်အရပ်အာခေါင်အရပ်၌ ဖြစ်သော (ဣ–ဤ–

စ–ဆ–ဇ–ဈ–ည–ယ)ရှစ်လုံးတို့တွင် (ယ) ကိုစံထား၍ (ယ–ယ–ယ–ယ) ဟု အာစောက်အာခေါင်အရပ်မှ ဖြစ်ပေါ်လာပုံကိုလည်းကောင်း။

၃။ မုဒ္ဒဇ–လျှာထိပ်–အာထိပ်အရပ်၌ဖြစ်သော (ဋ–ဌ–ဍ–ဎ–ဏ–ရ–ဠ)ခုနစ်လုံးတို့တွင် (ရ)ကိုစံထား၍ (ရ–ရ–ရ–ရ)ဟု လျှာထိပ် အာထိပ် အရပ်မှ ဖြစ်ပေါ်လာပုံကိုလည်းကောင်း။

၄။ ဒန္တဇ– သွားအရပ်၌ဖြစ်သော (တ–ထ–ဒ–ဓ–န–လ–သ) ခုနစ်လုံးတို့တွင် (သ)ကိုစံထား၍ (သ–သ–သ–သ)ဟု သွားအရပ်မှဖြစ်ပေါ်လာပုံကိုလည်းကောင်း။

၅။ ဩဋ္ဌဇ– နှုတ်ခမ်းအရပ်မှ ဖြစ်သော (ဥ–ဦ–ပ–ဖ–ဗ–ဘ–မ) ခုနစ်လုံးတို့တွင် (မ) ကိုစံထား၍ (မ–မ–မ–မ)ဟု နှုတ်ခမ်းအရပ်မှ ဖြစ်ပေါ်လာပုံကိုလည်းကောင်း။

၆။ နာသိက–နှာခေါင်းအရပ်၌ ဖြစ်သော (နိဂ္ဂဟိတ် နှင့် င–ဉ–ဏ–န–မ)ခြောက်လုံးတို့တွင် (င)ကို စံထား၍ (င–င–င–င) ဟု နှာခေါင်းအရပ်မှဖြစ်ပေါ်လာပုံကိုလည်းကောင်း။

၇။ ဥရ–ဌာန်–ရင်ခေါင်းအရပ်၌ဖြစ်သော (င–ဉ–ဏ–န–မ–ယ–ရ–လ–ဠ–ဝ) အက္ခရာ(၁၀)လုံးတို့နှင့် တွဲယှဉ်သော(ဟ)အက္ခရာဟူသော (ဌ–ဥ–ဏှ) စသည့် (၁၀)လုံးတို့တွင် (ဝှ–ဝှ–ဝှ–ဝှ) ဟုရင်ခေါင်း အရပ်မှဖြစ်ပေါ် လာပုံကိုလည်းကောင်း။

ဤသို့ ချာသ– ဆရာ အလိုအရ ကဏ္ဌတာလု– မုဒ္ဒ– ဒန္တ–ဩဋ္ဌ ဌာန်ဟု (၅)မျိုး။ ရူပသိဒ္ဓိ ဆရာအလိုအရ– 'နာသိက, ဥရ' ဌာန်(၂)ပါးထည့်၍ (၇)မျိုး။ စူဠနိရုတ္တိ ဆရာအလိုအရ– 'သိရ' ဌာန်ထည့်၍ (၈)မျိုး။ ဆရာတော် ခင်ကြီးပျော်အလိုအရ– 'ဒွိဇ' ဌာန်များထည့် ဌာန်(၉)မျိုးတို့ကို မိမိတို့ကိုယ်တိုင် စိတ်ရှည်ရှည်ထား၍ လေ့လာဆိုကြည့်မယ်ဆိုပါက တိဋ္ဌန္တိဥဏ္ဏာ တွေ့ဌာန် အရ အလွန်ပင် အားရကျေနပ်မှုကို ရနိုင်မည်ဖြစ်ပါသည်ဘုရား။

ပဋိဗလ–အရ ရဲဝံ့စွာဆိုနိုင်သူဟု အဆိုရှိသော်လည်း ရှင်ရဟန်းတို့၏ အလယ်မှာ ဆိုရဲဆိုဝံ့ ရှိရုံမျှဖြင့် ပဋိဗလဟုမဆိုနိုင်သေးပါ။ (ဥပမာ) ဆိုင်းဝိုင်း၊ တီးဝိုင်း စသည့်အတွင်းသို့ ရဲဝံ့မှုတစ်ခုတည်းဖြင့် စည်းလွတ်၊ ဝါးလွတ် ဝင်ရောက် ဆိုသူကို မြင်ကြားရသူတိုင်းက ကဲ့ရဲ့ဖွယ်ဖြစ်ပြီး ဆိုင်ရာတီးဝိုင်းများအဖို့လည်း

ညှော်ခံဖြေဖျော်မှု အစီအစဉ်အတွက် ပျက်ပြယ်ပြီး အနှောင့်အယှက်သဖွယ်သာ ဖြစ်သွားစရာရှိပါသည်။ ဒါ့ကြောင့် ဒီလိုအဖြစ်မျိုးကို ကာကွယ်တဲ့အနေနဲ့ အဋ္ဌကထာ ဆရာပညာရှင်ကြီးများ ကိုယ်တော်တိုင်ကပင် ပဋ္ဌဗလ၏ဂုဏ်ရည်များကို–

၁။ ကုတ်ဟီးချောင်းဆိုး သလိပ်ရောဂါ စသည်ကင်းရှင်းသူဖြစ်ခြင်း။

၂။ နှုတ်ခမ်း–သွား–လျှာ စသည်နှင့်ပြည့်စုံသူဖြစ်ခြင်း။

၃။ ပါဠိ–အဋ္ဌကထာ–ဋီကာများကို သင်ကြားပို့ချလေ့လာမှုများသူဖြစ်ခြင်း။

တည်းဟူသော ဂုဏ်အင်္ဂါ သုံးရပ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်သာ ကရိယန္တေ ဉစ္စာရိယန္တေ–တေနာတိ–ကရဏံ အရ အက္ခရာတို့၏ ဖြစ်ကြောင်း ဖြစ်သောလျှာလယ်အရပ် ၊ လျှာဖျား၏အနီးအရပ်၊ လျှာဖျားအရပ်၊ မိမိဌာန်တို့ကို ကေန်ကေသိမြင်ကြကာ ဉစ္စာရဏတ္တံ၊ ပယကိယတေ ပယတနံ အရအက္ခရာတို့ကို ရွတ်ဆိုရန်အားထုတ်ခြင်းဟူသော နှုတ်ခမ်းတို့၏ ပိတ်ခြင်း၊ ဖွင့်ခြင်း၊ ထိခြင်း၊ စဉ်းငယ်ထိခြင်း တည်းဟူသော ပယတ်လေးပါးတို့ကို ပြက်ပြက်ထင်ထင်သိမြင်ပြီး ရွတ်နိုင်ဖတ်နိုင်သည့် ဝိနယမိုရ်ထေရ်ပုဂ္ဂိုလ်မြတ်သည်သာ ပဋ္ဌဗလဂုဏ်မြောက် အဆုံးတိုင်ရောက်နိုင်သူဟုဆိုလောက်ရကား အရှင်မြတ်တို့သည်လည်းနာမည်ကြီး ကုမ္ဘဏီနှင့်စက်ရုံကောင်းကောင်းတို့မှ ထုတ်လုပ်အပ်သောပစ္စည်းကောင်းပမာ တန်ဖိုးကြီးစွာဖြင့် လူ–ရှင်–ရဟန်းတို့၏အလယ်မှာ အလွန်ပင်တင့်တယ်–ထည်ဝါစေကြောင်း တပည့်တော် ဒီနေရာကနေ ဆုတောင်းလိုက်ပါသည်ဘုရား''။

## ၁၆။ ဟတ္ထပါသ် (၃)သွယ် မှတ်သားဖွယ်

၁။ ဆိုင်ရာဆိုင်ရာ ရဟန်းသံဃာတို့ပြုလုပ်အပ်သော ကံ–ကိစ္စ အဝဝ တို့အတွက် ကမ္မဝါစာ များကို ပီပီပြင်ပြင် အပြစ်ကင်းစင်အောင်ဖတ်ရွတ်ပါမှ အောင်မြင်ပြီးစီးနိုင်သည်ဟုဆိုရာ ဘယ်သို့နေရာယူ၍ ဘယ်ပုံထိုင်ပြီး ဘယ်ပုံ ကိုင်ကာ ဖတ်ရွတ်ရမည်နည်းဟူမူ အဖြေကား ဟတ္ထပါသ်စပ်အောင်နေရာယူပြီး ဆောင့်ကြောင့်ထိုင်ကာ ဒူးနှစ်ဘက်အပေါ် တတောင်နှစ်ခုကိုထောက်ထားရပါမည်။ ၎င်းနောက် ကမ္မဝါစာ၏နှစ်ဘက်အဖျားကို နှစ်လက်မခန့်ချန်၍ လက်နှစ်ဘက်ဖြင့် ကိုင်ကာဖတ်ရွတ်ရမည်ဖြစ်ပါသည်။ ဤနေရာဝယ် ဟတ္ထပါသ်–ဟူသော စကားကို အနည်းငယ်ပြောလိုပါသည်။ ဟတ္ထပါသ–ပါဠိမှ– ပတ္ထပါသ် မြန်မာမှုပြုရာ ထို ဟတ္ထပါသ်သည်–

(၁) တစ်တောင့်ထွာ–ဟုယူရသော ဟတ္ထပါသ်က တစ်မျိုး

(၂) နှစ်တောင့်ထွာ–ဟုယူရသော ဟတ္ထပါသ်က တစ်မျိုး

(၃) ဆယ့်နှစ်တောင်–ဟုယူရသော ဟတ္ထပါသ်က တစ်မျိုးအားဖြင့်

သုံးမျိုးရှိရာ အနည်းငယ် ရှင်းလင်းလျှောက်ထားရပါမူ–ဟတ္ထပါသ–၌ (ဟတ္ထ+ပါသ) ဟုနှစ်ပုဒ်ခွဲပြီး ဟတ္ထ–လက်၊ ပါသ–ကျော့ကွင်း ဟူသော အနက်ကို ဟောရင်းဖြစ်ပြီး အဓိပ္ပာယ်မှာ (လက်ကျော့ကွင်း) ဟူ၍ပင်ဖြစ်ပါသည်။ ၎င်းကို ပိုမိုရှင်းလင်းစွာသိစေရန်အတွက် မိမိစိတ်တိုင်းကျ ထိုင်လိုက်ပါ။ မိမိ ရှေ့ဘက်သို့ မိမိ၏လက်နှစ်ဘက်ကို လက်ထိပ်ချင်းထိ၍ ဝိုင်းကြည့်ပါ။ အဲဒီ လက်ကျော့ကွင်းအဝိုင်းကိုတိုင်းကြည့်ပါက တစ်တောင့်ထွာခန့်ရှိမည်မှာ သေချာပါသည်။ ဤဖြစ်ရပ်မှာ စိတ်ကူးယဉ်မဟုတ်သော လက်တွေ့ပင်ဖြစ်သည်။

သို့ဆိုပါက မိမိဘာသာကြံဆ၍ ယူခြင်းပေလောဟူမူ ကင်္ခါအဘိနဝဋီကာဝယ် ဟတ္ထပါသောနာမဒီယဍ္ဎ ဟတ္ထပ္ပမာဏော ဟူသော စာဆိုနှင့်အညီပင် ဖြစ်ပါသည်။ ဒီအချက်ကိုပင် ထပ်ဆင့်၍ လျှောက်ထားလိုပါသေးသည်။ (ဒီယဍ္ဎ)ကို အပေုန+ဒုတိယော ဒိယဍ္ဎော ဟုဝိဂြိုဟ်ပြုပြီး အပေုန အခွဲနှင့်တကွ ဒုတိယော နှစ်ခုတို့၏ ပြည့်ကြောင်းတည်း (တစ်နည်း) အပေုန–အခွဲနှင့် ဒုတိယော နှစ်ခုတည်း။ ဤအနက်ဖွင့် နှစ်မျိုးစလုံးအရပင် တစ်ထောင်ကတစ်ခု အခွဲကတစ်ခု ယူပါမှ နှစ်ခုပြည့်ပါမည်။ သို့ဖြစ်၍ ဒိယဍ္ဎအရ တစ်တောင့်ထွာ–ဟုယူရခြင်း ဖြစ်ပါသည်။ တချို့အဆိုရှိကြသည်မှာ နှစ်ခုနှင့် အခွဲတစ်ခု (ဝါ) နှစ်ခုခွဲဟုဆိုကြရာ၌ စဉ်းစားကြည့်ပါက ဒုတိယော၌ သချ်ာပူရဏ တဒ္ဓိတ်–တိယပစ္စည်းအရသည် အပြည့်အစုံသာ ထက်ဝက်မဟုတ်ဟု မဆိုတန်ရာ သချ်ာပြည့်ရုံသာ ဆိုလိုရင်းဖြစ်ပါသည်။ (ဥပမာ) ဆရာတော်က ကိုယ်ရင်ငယ်တစ်ပါးအား သပိတ်နှစ်လုံး သွားယူချေဟုစေခိုင်းရာ ကိုယ်ရင်ငယ်သည် သပိတ်ကိုယ်ထည် အဖုံးအစုံတစ်လုံးနှင့် အဖုံးမပါ သပိတ်ကိုယ်ထည် တစ်လုံးယူလာခဲ့ရာ၊ သပိတ်မှာ နှစ်လုံးအရေအတွက်မပြည့်ဟု မဆိုရဘဲသကဲ့သို့ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ အပေုန–ဒုတိယောကို ဘယ်သို့ပဲအနက်ဆိုဆို နှစ်ခုခွဲမရ တစ်ခုခွဲသာရသည်ဟုယူပါမှ ကျမ်းဂန်အဆိုများနှင့် ညီညွတ်ပါမည်။ သာဓကမှာ ဝေါဟာ ဒိယဍ္ဎဇာတိ သဟ သဿံ (–) ကထေတွာ (ဇာတ်အဋ္ဌ–မ–၃၂၇) အရလည်းကောင်း၊ ဒိယဍ္ဎဂါထာ မာဟ ဆိုပြီး တစ်ဂါထာခွဲကိုသာပြဆိုထားတဲ့ (ဇာတ်–အဋ္ဌ– တ–၂၃၀) အရလည်း

ကောင်း ညီညွတ်မည်ဖြစ်ရာ ဝိနည်းဆိုင်ရာတွင်လည်း ဂရုကနှင့် လဟုက နှစ်ခုအနက် ဂရုက ကိုသာ လေးစားလိုက်နာသင့်သည်ဖြစ်ရကား ရဟန်းတော် အချင်းချင်း နေထိုင်ကြရာတွင် တစ်ထောင့်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ နေထိုင် ခြင်းသည်သာအကောင်းဆုံးဖြစ်ပါကြောင်းကို လျှောက်ထားအပ်ပါသည်ဘုရား။

၂။ စကားအစဉ်သင့်တုန်းမှာ နှစ်တောင့်ထွာ ဟတ္ထပါသ် အကြောင်း ကိုလည်း လျှောက်ထားပါရစေဘုရား။ ၎င်းဟတ္ထပါသ–ပုဒ်ကိုပင် ကင်္ခါပဝိရဏော သိက္ခာပုဒ်အဖွင့်ဝယ်ဟတ္ထပါသေဋ္ဌိနောတိ (–) အပုတေယျ။ ဟတ္ထပမာဏောဟု လည်းကောင်း။ အပုတေယျပုဒ်ကို – အပုတေယျ–ယောဇနသတေတိ– စသည့် (ဋီ–သစ်–၃၆၂ )တို့တွင် နှစ်ခုခွဲအနေဖြင့် ဖွင့်ဆိုထားသောကြောင့် ဟတ္ထပါသ်အရ နှစ်တောင့်ထွာယူရပြီး ကြဉ်ဖယ်ထိုက်သော လူ စသော ဝဇ္ဇနီယ ပုဂ္ဂိုလ်များနှင့် ကြဉ်ဖယ်ရာ၌ကား ပို၍ဂရုကဖြစ်အောင် နှစ်တောင့်ထွာဟတ္ထပါသ်မှ အပပြု၍ ကြဉ်ဖယ်ထိုက်ကြောင်းကိုအရှင်မြတ်တို့သဘောပေါက်ပြီးဟု တပည့်တော်ယုံကြည် ဖြစ်ကြောင်းပါဘုရား။

၃။ ထိုမှတစ်ပါး တစ်ဆယ့်နှစ်တောင် ဟတ္ထပါသ်ဟူသည်မှာ ရဟန်း လောင်းကိုဆုံးမသောနေရာတွင် ကေမန္တိပုဒ်နှင့် အမုမ္ဗိသြကာသေပုဒ်ကို ထောက် ချင့်၍ တစ်ဆယ့်နှစ်တောင်ကျော်လွန်သောအရပ်ကို ယူသင့်ပါသည်။ ဘာ့ကြောင့် ဆိုသော် ရဟန်းလောင်းကို ဆုံးမရာ၌ စည်းဝေးသော သံဃာတော်များကြားသိရန် မလိုအပ်ပါပေ။ ထိုသို့မကြား မသိဖို့ဆိုပါက (ပါစိတျာဒိ–၅)တွင် ဒွါဒသ ဟတ္ထေ ဂေဟေ စသည်ဖြင့် ပြဆိုရာ (၁၂)တောင်ရှိနေအိမ်ဝယ် အစတွင် ပထမထေရ်၊ အလယ်တွင် ဒုတိယထေရ်၊ အဆုံးတွင် တတိယထေရ်တို့ ထိုင်နေစဉ် ပထမ သံဃထေရ်နှင့် ဒုတိယထေရ်တို့ စကားပြောရာ ဒုတိယထေရ်သာ ပထမထေရ်၏ စကားသံကိုလည်းကြား၊ အဓိပ္ပာယ်ကိုလည်းသိရပြီး တတိယထေရ်မှာ စကားသံ ကိုသာ သဲ့သဲ့ကြားရပြီး ဘာဆိုမှန်းမသဲကွဲပါပေ။ ထိုကဲ့သို့ ပြောဆိုမှုကို အပ္ပသဒ္ဒ နည်းသော၊ တိုးသော အသံဟု ဆိုရပါသည်။ ဤသာဓကများကို ထောက်ချင့် ၍ ရဟန်းလောင်းအား သံဃာများ၏ ဟတ္ထပါသ်မှ လွတ်ရာဖြစ်တဲ့ အရပ်ကို ယူရာမှာ (၁၂)တောင် ဟတ္ထပါသ်၏ အပြင်ဘက်ဟု ယူရခြင်းဖြစ်ပါသည်။ ဤ၌ ဟတ္ထပါသအရ လက်ကျော့ကွင်း (ဝါ)လက်လှမ်းမှီဟု ဝေါဟာရ အနက်အရ တကယ့်လက်လှမ်းမှီ မဟုတ်သော်လည်း တစ်စုံတစ်ခုကိစ္စ အတွက် မိတ်ဆွေတို့

လက်လှမ်းမှီသလောက် ပြောလိုက်၊ ဖိတ်လိုက်ပါဟု ဆိုသော အရာကဲ့သို့ ဖြစ်ပါသည်။ ယခု ပြောပြခဲ့တဲ့ ဟတ္ထပါသ် (၃)မျိုးအရ သူ့နေရာနှင့်သူ ယူတော်မူရန် ဖြစ်ပါသည်။ ဒါတွေဟာလည်း ကျမ်းဂန်တွေကိုမှီးပြီး ဆရာ့နည်းများကိုစုစည်း၍ တင်ပြခြင်းသာဖြစ်ပါသည်။ (ဥပမာ)အနေနဲ့လျှောက်ထားရပါမူ ထမင်းစုံ၊ ဟင်းစုံ ခွမ်းဝိုင်းကြီးကို ကျကျနနပြင်ပြီး ကပ်လှူရာတွင် အရှင်မြတ်တို့ စိတ်ကြိုက်သာ လျှင် ဘုဉ်းပေးတော်မူကြပါဟု လျှောက်ထားရင်းကပဲ. . .

''ကဲကဲ-ဒါဆိုရင် အရှင်ဘုရားတို့ ယခုနှုတ်မယ့် သိမ်ကွက်အလယ်ကို (ပျားကြီးစွဲ)ပုံလို ဟတ္ထပါသ်စပ်ပြီးထိုင်ကြစို့ရဲ့။ အဲဒီထိုင်တဲ့နေရာမှာလည်း ဥက္ကာမြို့ကံ နိသိဒါပေတွာနဲ့အညီ တောသုံးတောင်ကို အုပ်စိုးတဲ့ ခြသေ့်မင်းဟာ ခြသေ့်တို့၏ တင့်တယ်ခြင်းဖြင့် ရဲတင်းစွာ ထိုင်နေဘိသို့ အရှင်မြတ်အားလုံးတို့ဟာလည်း ကြောက်ရွံ့ခြင်းအလျဉ်းမထားဘဲ ကားကားဝင့်ဝင့် တင့်တင့်တယ်တယ် ဆောင့် ကြောင့်ထိုင်ပြီး ဒူးနှစ်ဖက်တွင် တတောင်နှစ်ဖက်ထောက်တင်၍ ကမ္ဗဝါစာရွက်ကို အဖျားနှစ်ဖက်အတွက် နှစ်လက်မခန့်စီ ချန်ထား၍ ညီညီကိုင်လျက် (သတိ- ကမ္ဗဝါစာကို လက်နှစ်ဖက်စုံစု၍ အလယ်တွင်လည်းမကိုင်ရ။ လက်တစ်ဘက်က အပေါ်ကနေ ကွေးပိုက်၍လဲ မကိုင်ရ) ခြသေ့်မင်းသည် သားကောင်မြင်တိုင်း ဟောက်သတ်လိုက်မည်ဟူသော ဟန်မာန်ထားပုံမျိုးဖြင့် နေသည့်ပုံလို အရှင်မြတ် တို့ဟာလည်း ကမ္ဗဝါစာတွေ့တိုင်းကို ဗျဥ္ဇနဗုဒ္ဓိ (၁၀)ပါးနှင့်အညီ ဌာန်၊ ကရိုဏ်း၊ ပယတ်တို့ကိုမလွတ်စေဘဲ ကြောင်ပုဖွန်စား ကျွတ်ကျွတ်မည်အောင်ဝါးဘိသကဲ့သို့ တတွတ်တွတ်အသံလွှတ်၍ ရွတ်ဖတ်ကြပါစို့လို့။ ကိုင်း-ဒါဆို ဦးဝိလာသက နှလုံးသွင်းဖို့အချက်ကို သတိပေးလျှောက်ထားလိုက်ပါဦး''။ ''မှန်လှပါဘုရား''။

''ယခု ဤကျောင်းတိုက်တွင်းရှိ သံဃာတော်အားလုံး ဤသိမ်အတွင်း စုံညီစွာရောက်ပါပြီလားဘုရား။ (အစုံရောက်ပါပြီဘုရားဟု တစ်ပါးပါးကလျှောက်ရမည်)

တခြားမဟုတ်ပါဘုရား။ တစ်ကျောင်းတိုက်လုံး သံဃာသိမ်း၍ နှုတ်ခြင်း ကပို၍ ဂရုကဖြစ်၍ပါဘုရား။

အရှင်မြတ်တို့ဘုရား မဏ္ဍပ်ထိုးခြင်း၊ ဖျာ စသည် ခင်းခြင်းများသည် မပြုလုပ်ထိုက်၍ မြေပြင်မှာ နေပူဒဏ်ကို သည်းခံတော်မူကြပါဘုရား။ ဖိနပ်လည်း မစီးရပါဘုရား။

တစ်ပါးထိုင် အခင်း၊ ခုံ စသည် အပေါ်မှာတော့ ထိုင်သင့်သည်

ဖြစ်၍ ဦးနာဂသေန ကိုယ်တိုင် ကြိုတင်စီမံထားတဲ့ ထိုင်ခုံအလုံး (၂၀)ရှိသည်မို့ တစ်ပါးတစ်ခုံကျ ရရှိပါပြီလားဘုရား (ရပါပြီဘုရားဟုလျှောက်ရန်)

ပြီးတော့တစ်ခါ ထိုင်တဲ့နေရာမှာလည်း တစ်ပါးနှင့်တစ်ပါး ကိုယ်နဲ့ ရော သက်နိုးချင်းပါ မထိအောင် (ဒွိသိမ်သီမဌ) မဖြစ်အောင် ဂရုပြု၍ ထိုင်တော်မူကြပါဘုရား။ အထူးအနေနဲ့ ကမ္မဝါစာဖတ်နေစဉ်မှာ ဤနေရာရှိ ရှေးကသိမ်ဟောင်းကိုနှုတ်ပစ်သည်ဟု အထူးနှလုံးသွင်းပြီး ကမ္မဝါစာများကို ဖတ်ရွတ်တော်မူကြရန် ပါဘုရား။

ဤသို့လျှောက်ထားရသည်မှာ နှလုံးသွင်းမရှိလျှင်လည်းကောင်း၊ ဆေးစီရင်လို၍ ဖတ်လျှင်လည်းကောင်း၊ အန္တရာယ်ကင်းစေလို၍ ဖတ်လျှင်လည်းကောင်း သိမ်ဟောင်းမပျက်နိုင်၍ပါဘုရား။

ကမ္မဝါစာဖတ်ရာမှာလည်း ၁။ အဝိပ္ပဝါသ သီမာ သမုဟာနန ကမ္မဝါစာကို အလျှင် ဖတ်ပြီးမှ ၂။ သမာန သံဝါသ သီမာသမုဟာနန ကမ္မဝါစာကို တစ်ဆက်တည်းဖတ်ရန်ပါဘုရား''။

ဦးနာဂသေနမှ- ''မှန်ပါ ဒီအတွက် နှစ်ခုတွဲ ကမ္မဝါစာ (၂၀)ရွက် စီမံထားပြီးဖြစ်ပါတယ်ဘုရား''။

''သာဓု. . . သာဓု. . . သာဓု. . . ''

## ၁၇။ သိမ်ကမ္မဝါ မြွတ်နှစ်ဖြာ

၁။ အဝိပ္ပဝါသ သီမာသမုဟာနန ကမ္မဝါစာ။

(ဉတ်) သုဏာတုမေ၊ ဘန္တေသံဃော၊ ယော သော သံဃေန။ တိစီဝရေန အဝိပ္ပဝါသော၊သမ္မတော၊ ယဒိသံဃဿ၊ ပတ္တကလ္လံ၊ သံဃောတံ တိစီဝရေန အဝိပ္ပဝါသံ သမုဟာနေယျ သောဉတ္တိ။

(စာကိုယ်) သုဏာတုမေ၊ ဘန္တေသံဃော၊ ယော သော တိစီဝရေန အဝိပ္ပဝါသော၊ သမ္မတော၊ သံဃောတံ တိစီဝရေန အဝိပ္ပဝါသံ သမုဟနတိ၊ ယဿာ ယသ္မတော ခမတိ။ တေဿ တိစီဝရေန အဝိပ္ပဝါသဿ။

သမူဂ္ဃါတော သောတုဏှဿ ယဿနက္ခမတိ သော ဘာသေယျ။

(နိဂုံး) သမုဟတော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော၊ ခမတိ သံဃဿ တသ္မာတုဏှီ။ ဧဝမေတံ ဓာရယာမိ (၆–၃–၁၄၉၉)

၂။ သမာနသံဝါသ သီမာသမုဟနန ကမ္မဝါစာ။

(ဉတ်) သုဏာတုမေ၊ ဘန္တေသံဃော၊ ယာ သာ သံဃေန။ သီမာသမ္မတာ သမာနသံဝါသာ၊ ဧကုပေါသထာ။ ယဒိသံဃဿ၊ ပတ္တကလ္လံ၊ သံဃောတံ သီမံ သမုဟနေယျ သမာန သံဝါသံ ဧကုပေါသထံ သောဉတ္တိ။

(စာကိုယ်) သုဏာတုမေ၊ ဘန္တေသံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ၊ ဧကုပေါသထာ၊ သံဃောတံ သီမံသမုဟနတိ။ သမာန သံဝါသံ၊ ဧကုပေါသထံ၊ ယဿာယာဟာသ္မ တော ခမတိ၊ ဇတိဿာ သီမာယ သမာနသံဝါသာယ။ ဧကုပေါသထာယ၊ သမုဂ္ဃါတော သောတုဏှဿ ယဿနက္ခ မတိ သော ဘာသေယျ။

(နိဂုံး) သမုဟတာ၊ သာသီမာ၊ သံဃေန သမာန သံဝါသာ၊ ဧကုပေါသထာ ခမတိ။ သံဃဿာ တသ္မာတုဏှီ။ ဧဝမေတံ ဓာရယာမိ

(သိမ်နှုတ်ကမ္မဝါစာအစုံပြီး၏။)

## ၁၈။ ကမ္မဝါပါဠိ ဆုံးဖြတ်ညှိ၊ ဖတ်သိအဖြာဖြာ

"ယခုအချိန်ကစပြီး အရှင်မြတ်တို့အားလုံးဟာ သိမ်မြေကွက်ကိုနင်း၍ (ဝါ) သိမ်မြေကွက်ပေါ်မှာထိုင်၍ သိမ်နှုတ် ကမ္မဝါစာနှစ်ဆူကို တကြိုကြိုဖြင့် ဖတ်ရွတ်ရန် အဆင်သင့်ရှိနေကြပြီဖြစ်ရာ ကမ္မဝါစာဆိုင်ရာ ဖတ်ရွတ်ပုံတို့ကို တပည့်တော် အနည်းငယ်မျှလျှောက်ထားပါရစေဘုရား။ တခြားတော့မဟုတ်ပါဘူး။ စာပေအဆိုအမိန့်များစွာတို့သည် မနေ့တစ်နေ့ကမှ ပေါ်လာကြသည်မဟုတ်ပါ။ ရှေးနှစ်ပေါင်းများစွာကာလမှပင် စတင်ပေါ်လာခဲ့ကြရာ အထူးအားဖြင့် တပည့်တော်တို့ရဲ့ ဗုဒ္ဓစာပေများဆိုပါကနှစ်ပေါင်းနှစ်ထောင်ကျော်ကာလမှ စတင်ပေါ်လာခဲ့ကြသည်ဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယ သံဂါယနာတင်ခေတ်အထိ ရဟန္တာ

အရှင်မြတ်တို့ နှုတ်ရအာဂုံဆောင်ခဲ့ရာမှ စတုတ္ထသံဂါယနာတင်မှစ၍ ပေထက် အက္ခရာတင်ခဲ့ရာ ထိုမှအဆက်ဆက် ကျောက်စာ၊ ပုရပိုက်စာ၊ စာအုပ်စာ ဟူသော ယနေ့ခေတ်အထိ ပြောင်းကူးမှတ်သားလာခဲ့ကြရာ အခါပေါင်းများစွာပင် (ဝါ) အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် ကူးပြောင်းလာခဲ့ပုံတို့ကို အားလုံးသိကြပြီး ဖြစ်ပါသည်။ သို့ဆိုက ကူးကြ၊ ရေးကြ၊ စာစီကြရာ၌ အခါအားလျော်စွာ ကျွမ်းကျင် သည့်ပုဂ္ဂိုလ်များ ရေးကူးစာစီကြတာရှိသလို တစ်ခါတစ်ခါ အလုပ်ဖြစ်ရုံမျှ ရေးကူး စာစီကြသည့်အခါလည်း ကြုံကြရပါသည်။ ကျောင်းစာရေးများ၊ ပေစာအငှားရေး သော အင်္ဂလိပ်ခေတ်ကာလကို မျှော်ပြီးတော့မြင်ရန်ဖြစ်ပါသည်။ တစ်ခါတစ်ခါ ကျွမ်းကျင်သူများ ကိုယ်တိုင်ပင် ပမာဒလေခဖြစ်ကာ မြင်းကောင်းခွာလိပ် ဟူသော စကားဖြင့် သတိကိုဖြစ်စေခဲ့ကြရသည်မှာလည်း ပုဂ္ဂိုလ်အများနှင့် အကြိမ်ပေါင်း လည်း များခဲ့ကြရပါပေပြီ။ ဒါဆိုပါက စာတိုင်းလိုလို ၎င်းစာဆိုသည့်အတိုင်း အမှန် ချည်းသာဟု ကောက်ပြောဖို့ရာမှာ အလွန်ပင်ခဲယဉ်းလှသည့်ဆိုတဲ့အချက်ကို အရှင် မြတ်အားလုံးပင် သဘောပေါက်ရိပ်စားမိပြီဖြစ်ပါသည်ဘုရား။ ဒီလိုဆိုပါက အမှန် မဟုတ်သော အက္ခရာများကိုပယ်၍ အမှန်ဖြစ်သော အက္ခရာများနှင့် ဖလှယ်ရန်ရှိ သည်ပေါ့ဟု လွယ်လွယ်ကူကူပြောဆို၍ဖြစ်သော်လည်း လက်တွေ့တွင်မူ ရောမ အခက်အခဲကြီးပင်ဖြစ်ပါသည်။ ဟုတ်မှန်လှပေသည်။ ထေရဝါဒမထေရ်မြတ်တို့မှ စ၍ ယနေ့ထက်တိုင် စာတစ်လုံး ဘုရားတစ်ဆူ (အက္ခရာကေမေကေ့ ဗုဒ္ဓရူပံ သမံသိယာ)ဟူသော ဂရုကြီးကို ရှေ့တန်းတင်မှုတို့ကြောင့် ပြင်ဖို့အတွက် အလွန်ပင် စိုးရွံ့လက်တွန့်၍နေကြရပါတော့သည်။ တပည့်တော်ရဲ့သဘောထားကို ပြောရမည် ဆိုပါက (ကြောက်တတ်ဝန်ကင်း)ဆိုတာက နှလုံးသွင်းသင့်မှာသွင်းပြီး (ကြောက်လွဲ- ရဲမင်းဖြစ်) ဆိုတဲ့စကားကို အလေးအနက်စဉ်းစားပြီး (ယုန်သူငယ်လိုလည်း အကြောက်မကြီးနဲ့ ခါချဉ်ကောင်လိုလည်း အရဲမကြီးနဲ့ )ဆိုတဲ့စကားကို နည်းယူ ကျင့်သုံးခြင်းသာ အကောင်းဆုံးဖြစ်မည်ဟု ဆိုလိုပါသည်ဘုရား''။

## ပြင်လွန်းက ပျက်ပုံပြင်

''မကြာခင်က ဖြစ်ရပ်အမှန်တစ်ခုပဲပေါ့။ ဦးရန်ကုန်အမည်ရှိ စာတော် စာတတ် ဆရာတော်ကြီးဟာ တောရွာရှိ အလှူကိစ္စအတွက်ကြွသွားရာ ရင်းနှီးပြီး ဆရာတော်တစ်ပါးဖြစ်တဲ့ တောကျောင်းဘုန်းကြီးထံ 'အရှင်ဘုရားဆီမှာ ပရိတ်ကြီး

စာအုပ်ရှိပါက တပည့်တော်ကို လှူနိုင်ကလှူပါ၊ မလှူနိုင်ကလည်း ငှားပါဘုရား' ဆိုတော့ တောကျောင်းဘုန်းကြီးက 'ဘယ့်နှယ်ဆရာတော် မြို့ကြီးပြကြီးက လာပြီး တောလာပရိတ်ကြီးစာအုပ်အလှူခံရတယ်'လို့ ပြန်ပြောတော့၊ ရင်းနှီးတဲ့ ပုဂ္ဂိုလ်ချင်းဆိုတော့ 'မပြောပါနဲ့တော့ ကိုယ်တော်၊ မြို့မှာရှိတဲ့ ပရိတ်ကြီးစာအုပ် တွေက လူတတ်တွေများပြီး ဟိုလိုပြင်လိုက် ဒီလိုပြင်လိုက်နဲ့ ပြင်လွန်းပြီး မူရင်းပါ ပျောက်၍ အပျက်တွေပဲကျန်တော့တယ် ကိုယ်တော်ရေ့'တဲ့။ အင်း. . . ဒါလည်း ဟုတ်ပေတာပဲ''။

## ရေမျိုးပုံပြင်

''ဘုရားရှင် ရွှေလက်ထက်တော်က ဖြစ်၏။ စာပေ အဝါးမဝသော ရဟန်းကြီးတစ်ပါးအား ဆရာဖြစ်သူက (ဥဒယ–ဝယ) အဖြစ်အပျက် ကမ္မဋ္ဌာန်းကို ပို့ချပေးလိုက်ရာ ရေစပ်တစ်နေရာမှာ (ဥဒယ–ဝယ) ဟု အကြိမ်ကြိမ် ရွတ်ဆို အားထုတ်နေစဉ် ဝုန်းခနဲ ဗျိုင်းအုပ်တွေထပြန်တော့ လန့်ပြီး မူရင်းအမှန်ကမ္မဋ္ဌာန်း ကွယ်ပျောက်ပြီး မျက်မြင်ဖြစ်တဲ့ (ဥဒက–ဗက) ရေဗျိုင်းကမ္မဋ္ဌာန်းကို အကြိမ် ကြိမ်ရွတ်ပွားသော်လည်း တရားရဖို့ထား ဥပစာရသမာဓိမှမရလေတော့ အကြောင်း စုံမေးလျှောက်ချက်အရ သိရပြီး ဒီတွင်မှ ဘုရားရှင်က ရှင်မဟာကပစ္စည်းအား (အဋ္ဌောအက္ခရသညာတော) ဟု အနက်ကိုအက္ခရာတို့ဖြင့် ကောင်းစွာသိရမည် ဟု ပြင်ဖို့လမ်းစမူ ချပေးတော်မူခဲ့ဟန် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ ကုသလာ ဓမ္မာ အမှန်ကို က–အက္ခရာ က၊ ဥ–သရ ပေရွက်ပိုးစားပြီး ပျောက်သွားတော့ (ကသလာဓမ္မာ–အကသလာဓမ္မာ–အဗာကတာဓမ္မာ)ဟု ရွတ်ဆိုကျက်သံကြား လျှင်ကား မုချပင်ပြင်ရမည်။ ထိုမှတစ်ပါးလည်း (မဟာရာဇမင်းကြီး၊ တွံ–သင် သည်) ဟုဆိုတဲ့ စာအမှန်ကို နိဿယဖြစ်၍ သိလွယ်တဲ့စာလုံးများ မြှုပ်ထားပြီး နိဿယ အရှိအတိုင်း (မဟာရာဇ–ကြီးတွံသည်) ဟုရွတ်ဆိုပို့ချရာ ထက်မြက် တဲ့ တပည့်တစ်ပါးက 'ဆရာတော်ဘုရား ကျီးတွံ–ဆိုတာက သဘာဝမကျပါ။ ကြက်တွံဆိုတာမှ သဘာဝကျပါသည်'ဟု လျှောက်ထားရာ ဆရာ့စိတ်ကိုသုံးပြီး 'ဟေ့ကောင်– စာတစ်လုံး ဘုရားတစ်ဆူတဲ့ကွ။ စာထဲမှာက ကျီးတွံ ဆိုထား တယ်ကွ၊ မင်းဟာမင်း မကြောက်ရင် ကျီးတွံတွံ ကြက်တွံတွံ၊ တွံချင်ရာ တွံကွာ' ဟူ၏''။

## တုံးတိုကောင်းကင်ပျံ ပုံပြင်

"နောက်တစ်မျိုးပြောရဦးမယ် နိဿယစာအရှိကတော့ (ဘမရာ–ပိတုန်းတို့သည်၊ အာကာသေ–ကောင်းကင်၌၊ ပက္ခန္တိ–ပျံဝဲကြကုန်၏။) အဲဒါ ပေစာမှာဆိုတော့ ပုဒ်ဖြတ်စတာတွေ မပါဘဲကိုး။ စာပို့ချတဲ့ ဆရာတော်ကိုယ်တိုင် ချပေးလိုက်ပုံက 'ဘမရာပိ–တုန်းတို့သည်၊ အာကာသေ–ကောင်းကင်၌၊ ပက္ခန္တိ–ပျံဝဲကြကုန်၏' တဲ့။ ဒါနဲ့ စာလိုက်သူရှင်ငယ်တစ်ပါးက 'အရှင်ဘုရား တုံးတွေကောင်းကင်ပျံတယ်ဆိုတော့ ဘယ်လိုအတောင်တွေနဲ့ပျံသလဲဘုရား' လို့ မေးတော့ စိတ်ထဲက တိုကနဲဖြစ်ပြီး 'ဘယ်သိမလဲကွ– ဘုရားရှင်လက်ထက်က ဆိုတော့တုံးတွေလည်း ဈာန်ရချင်ရမှာပေါ့' တဲ့– ဟီ–ဟိ"။

## နွားဖြစ်တဲ့ပုံပြင်

"စာဆိုတဲ့စာဟာ တကယ်တော့ တော်တော်ကို ခက်တာတွေ တွေ့ရတယ်လေ။ စာကအမှန်ဖြစ်သော်လည်း ပုဒ်ဖြတ်မှုတစ်မျိုးဖြစ်သွားရင် အဓိပ္ပာယ်လည်း ပါစဉ်အောင်လွဲသွားနိုင်တာတွေရှိတယ်လေ။ (ဒါနတော–ဘောဂဝါ) တဲ့ ဒါစာအမှန်ကတော့ အလှူပေးက အသုံးအဆောင်ပရိဘောဂတွေ အပြည့်အစုံရနိုင်တယ်တဲ့။ ဒါကိုပင် ကလီကမာသူတစ်ဦးက (ဘော–အိုအချင်းတို့၊ ဒါနတော–ဒါနကြောင့်၊ ဂဝါ–နွားဖြစ်၏)တဲ့။ ဒါဟာ ပုဒ်အမှန်ကိုပင် တစ်မျိုးဖြတ်တော့ ပါစဉ်အောင် အလွဲကြီးလွဲသွားရတယ်ပေါ့။ ထိုနည်းအတူပင် တကယ်အထွတ်တင် (အရဟံ)ဂုဏ်တော်ကြီးကို တိုက်နဖူးမှာ ပူဇော်တဲ့အနေနဲ့ရေးထားသည်ကိုပင်–ဒီအိမ်က (အရ–ဟံတယ်)ဆိုပါလား။ သံဃာတော်များသီလပေးစာတမ်း(ယမဟံ) ကိုပင်၊ ဘုန်းကြီးတွေများ တို့တွေအမြဲလှူလို့ ရရနေတာကိုပဲကွာ။ သီလပေးတိုင်း အပြစ်ပြောနေပုံက(ရ–မဟာန်)တဲ့။ ဒါတွေကို တပည့်တော် ယခုလို ကျယ်ကျယ်ပြန့်ပြန့် လျှောက်ထားနေရတာက တခြားမဟုတ်ပါဘူး။ အမှန်ကိုပင် ပုဒ်ဖြတ်မှားလို့ အဓိပ္ပာယ် ပါစဉ်အောင်လွဲရပုံ (ဝါ) အပါယ်စဉ်အောင်လွဲရပုံတို့ကို အထူးအရေးထားသိမြင်ကြဖို့ရည်ရွယ်ပြီး လျှောက်ထားခြင်းဖြစ်ပါတယ်ဘုရား။ ပြီးတော့ရှိသေးတယ်. . . အဒိန္နဒါနာတဲ့ တကယ်ရှိသည်မှာ (အဒိန္နာ–ဒါနာ)၌ အဒိန္န+အာဒါန–ဟုခွဲပြီး အဒိန္န–မပေးသောဥစ္စာကို၊ အာဒါန–ယူခြင်း၊ စာဟာအလွန်ပင်ရှင်းလင်းသော်လည်း(အဒိန္န–ဒါန)လို့လည်း ဆိုလိုက်ရော၊ အဒိန္န–မပေးသည်ကို၊

ဒါန-ပေးခြင်းလို့ အဓိပ္ပာယ်ဖြစ်သွားရာ ဘယ်မျှခရီးကွာလှမ်းသည်ကို အကြမ်းစားဉာဏ်ဖြင့်ပင်သိသာလှသည်။ ဒီလို ပါဠိနှင့် နိဿယစာတွေသာ ဖြတ်ရပ်ပုံစည်းမကျပြီး အဓိပ္ပာယ် အယူအဆ လွဲမှားရပါသလား၊ မြန်မာစာကောဟူမူ ဆက်စပ်မှုကြီးတုန်းပြောပါရစေနော်''။

## စာဥ-ပုံပြင်တဲ့

''တစ်ခါက အထက်အညာက စာရေးဆရာတစ်ဦးဟာ ခါသတ္တဝါရဲ့ တွံကြူးသံနှင့် ခါဥရဲ့အရသာကို နှစ်သက်သဘောတွေ့ပြီး ခါဥဆိုတဲ့ ဝတ္ထုအမည်မှည့်ပြီး ပဓာန-ဇာတ်ကောင်ကိုလည်း ခါဥ အမည်ပေးပြီး ဝတ္ထုရှည်ရေး၍ စာပုံနှိပ်စက်တာဝန်ခံ အယ်ဒီတာထံသို့ပို့ပြီး အကြောင်းအားလျှော်စွာ အဲဒီအယ်ဒီတာက ဒီဝတ္ထုဇာတ်လမ်းကို သဘောခွေ့ပြီး စက်တင်ရိုက်မည်ပြုရာ ခါဥ-ဆိုတဲ့စကားကို အောက်ရွာအောက်ပြည်သားအဖို့ မရင်းနှီးရကား၊ မူရင်းစာရေးဆရာထံ မေးရန်ကြံပြန်တော့လည်း၊ ၎င်းဟာ လူသာမန်တို့နဲ့ စည်းခြားတစ်နေရာရောက်နေကြောင်း ကြားသိရတော့ ကိုင်းဒါဆို ခါဥဆိုတာ မဖြစ်နိုင်ဘူး။ သူနဲ့အကျွမ်းဝင်ရင်းနှီးတဲ့ စာဥဆိုတဲ့အမည်ဖြင့်ပြင်ပြီး စာအုပ်ထုတ်ဝေလိုက်ရာ လူအကြိုက်များပြီး တော်တော်အရောင်းစွံနေချိန်မှာ မူရင်းဆရာနဲ့တွေ့ပြီး အဲဗျာ ကျွန်တော်က ခါဥလို့ သဘာဝကျကျအမည်ပေးထားတာ အခု စာဥဘဝနဲ့ပဲ ဇာတ်သိမ်းရတော့တယ်ပေါ့ဟူ၏။

ဒီနေရာမှာကြည့်မယ်ဆိုပါက ဘယ်သူ့ဘယ်သူမှ အပြစ်မဆိုထိုက်ပါ။ မြန်မာစာရေးရာတွင် ရေးချကို ဝိုက်ချ,မောက်ချနှစ်ခုကို သူ့နေရာနှင့်သူ ရေးမိဖို့ လွန်စွာအရေးကြီးပါသည်။ ဥပမာ- ခ-ဂ-င-ဒ-ဓ-ပ-ဝ ဟူ သော(၇)လုံးတို့အဖို့ မောက်ချဖြင့်(ခါ-ဂါ-ငါ)စသည်ရေးသားပြီး ကျန်အက္ခရာတို့မှာကား နှစ်မျိုးစလုံး ကြိုက်သလို ရေးနိုင်ပါတယ်။ ဒီခါဥနေရာမှာ မောက်ချမပီပြင်ဘဲ ဝိုက်ချဆန်ဆန်ဖြစ်တဲ့အတွက် ခါဥမှ စာဥဘဝသို့ အပြောင်းခံလိုက်ရတယ်ပေါ့။ ဩော်. . . ဒုက္ခ-ဒုက္ခ. . . ပြီးတော့ ရှိသေးတယ် မြန်မာစာပဲပေါ့၊ ဘာတဲ့. . .

## အစ်ကိုနဲ့ နည်းရတော့မယ်တဲ့ ပုံပြင်

''တစ်ခါက မြို့ကြီးကနေ သူဌေးသား ပညာတတ် ကျောင်းသားကြီး

တစ်ဦးနှင့် တောသူလုံမေတို့ နှစ်ဦးသား လူကြီးမိဘတွေမသိဘဲ နှစ်ဦးသဘောတူ ရည်ငံနေကြရာ သူဌေးသား ကိုကျောင်းသား မြို့ကြီးသို့ပြန်သွားတဲ့နောက်မှာ မိဘလူကြီးတွေက ရိပ်စားမိပြီး လုံမငယ်အား ညဦးတို့မပူနဲ့ တို့သဘောတူတယ်။ ကျောင်းဆင်းအပြန်ဘွဲ့ယူပြီး ပေးစားမယ်လို့ ပွင့်ပွင့်လင်းလင်း ပြောဆိုကြရာ လုံမငယ်ခမျာ အလွန်ကြီး အားရဝမ်းသာပြီး အစ်ကိုကျောင်းတော်သားကြီးထံ စာမရေးတတ်ရေးတတ်နဲ့ အစွမ်းကုန် ကြိုးစားပြီးရေးလိုက်တာက လူကြီးတွေ လည်း အကုန်သိ၊ ညီမတို့ အကိုတို့ တစ်နေ့ နည်းရတော့မယ်ဟူ၏။ ဒါနဲ့သတ်ပုံကို အလေးထားတဲ့ ကျောင်းတော်သားကြီးခမျာ (နည်း)ဆိုတာက နဲတာ–ကုန်တာပဲ၊ တို့ဒီဘဝ မပေါင်းရတဲ့အတူဆိုပြီး ရေထဲသို့ဆင်း၍ ဇာတ်သိမ်းသွားရတယ်ပေါ့။ ဒီအကြောင်းစုံကို တောကလုံမေလည်း ကြားလိုက်ရော အလွန်စိတ်ထိခိုက်ပြီး အစ်ကိုနောက်လိုက်တော့မယ်ဆိုကာ သူ့ကိုယ်သူ အဆုံးစီရင်သွားရှာတယ်တဲ့လေ။ ဩော်. . . စာ. . . စာ. . .။ စာဆိုတဲ့စာဟာ တကယ်ပဲနက်နဲပါတကား။ အဲဒီလို အကြောင်းကြောင်းတွေ ထောက်ဆပြီး ဘယ်စာမဆို သူ့နေရာနဲ့သူ ယူလို့ရတယ် အဓိပ္ပာယ်လည်း မပျက်ဘူး၊ အကျိုးရှိနေမယ်ဆိုရင် လုံးဝပြင်စရာမလိုဘူးပေါ့၊ တကယ့်ကိုလွဲမှားပြီး အဓိပ္ပာယ်ပါပျက်ပြီး အကျိုးနည်းမယ်ဆိုရင်တော့ ပြင်တာဟာ အကောင်းဆုံးပဲပေါ့''။

''ကိုင်း. . . အရှင်ဘုရားတို့ရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ ကမ္မဝါစာကို မဖတ်ခင်လေ့လာကြည့်ရအောင်–

၁။ အဝိပ္ပဝါသ– သိမ်နှုတ်ကမ္မဝါစာကို အလျှင်ကြည့်ကြပါ။ အဝိပ္ပ ဝါသော၊ အဝိပ္ပဝါသံ၊ အဝိပ္ပဝါသဿ၊ အဲဒီပုဒ်တွေရဲ့အောက်ကနေ မျဉ်းရည် လေးဆွဲပြီး မှတ်ထားကြရအောင်။ အဲဒီ အဝိပ္ပဝါသော ပုဒ်ကို ပုဒ်ခွဲ ကြည့်ပါက အ–ရှေး၊ ဝိ–ရှေး၊ ပ–ရှေး ရှိတဲ့ (ဝသ) ဓာတ်ဖြစ်သောကြောင့်လည်းကောင်း၊ (ပါဒယော နိစ္စသမ္ဗန္ဓာ–ပရာဒိဝ၊ ပရေနတု)ဟူသော အလင်္ကာကျမ်း၏လမ်းညွှန် ပြချက်အရ ပ–ဉပသာရ ပုဒ်ကို နောက်ပုဒ်၏အစကဲ့သို့ ဖတ်ရမည်ဟုလည်း ကောင်း၊ ပြဆိုချက်နှင့်အညီ (အဝိပ္ပ+ဝါသော)ဟုမဖတ်ရဘဲ (အဝိပ်+ပဝါသော)ဟု အမှန်ဖတ်ရန်ဖြစ်ပါသည်ဘုရား။

(သမူဟနေယျ၊ သမုဟနေယျ)ဟု ပါဠိနှစ်ချက်ရှိရာတွင် မှာလည်း (မဇ္ဈေဝိပရိတော)စသည်ဖြင့် သဒ္ဒနီတိ–ကျမ်းအဆိုရှိရာ၊ သံ–ရှေ၊ အဝရှေး

ရှိသော(ဟန) ဓာတ်ဖြစ်၍ ၊ အဝ ပုဒ်ကို ဩဝိပရိတ်–ဥ–ပြုရာ၌ ဒီဃမရောက်နိုင်သောကြောင့် (သမူဟာနေယျ) မဖြစ်သင့်ပါ။ (သမုဟာနေယျ) ဟုသာ အမှန်ဖြစ်သင့်ပါသည်။ ၎င်းကိုဖတ်ရွတ်သောအခါတွင်လည်း (ယာဒေသာဒိ ပရာဒိဝ) ဟူသော အလင်္ကာကျမ်းနှင့်အညီ သ–အထက်ရှိ နိဂ္ဂဟိတ်ကို မပြု ထားရကားနောက်ပုဒ်၏ အစကဲ့သို့ပင် ဖတ်ရပါမည်။ (သမု+ဟာနေယျ)ဟုမဖတ်ရ (သ+မုဟာနေယျ)ဟုသာ ဖတ်ရန်ဖြစ်ပါသည် ဘုရား။

ကြုံတုန်းမို့ ဗဟုသုတ–အဖြစ်ပြောရဦးမယ်။ အဲဒီ သ+မုဟာနေယျ–ပုဒ်ကိုပင်လျှင်. . .

၁။ သံယုဂ်နှောင်းရာတွင် ရှေ့သရကို၊ ဒီဃကဲ့သို့ ဒီဃ–ကို ရဿ–ကဲ့သို့ ဖတ်နိုင်သည်ဟု ယူဆ၍ (သ–မုဟာနေ့ယျ)ဟုလည်းကောင်း။

၂။ သေဋ္ဌ–မေတ္တာ–ခေတ္တ၊ ပုဒ်များကဲ့သို့ ကြံဆ၍ (သမုဟာနစ်ယျ) ဟုလည်းကောင်း။

၃။ နောက်–ယ–အသတ်ဖြစ်၍(သ–မုဟာနယ်ယျ)ဟုလည်းကောင်း။

၄။ ယ–သတ် နောက်ပစ် သမာနာဝ–ဟု ပရိဘာသာ အရပြု၍ (သ–မုဟာနဲ့ယျ) ဟုလည်းကောင်း။

၅။ သ–မုဟာနက်ယျ

၆။ သ–မုဟာနင်ယျ

၇။ သ–မုဟာနည်းယျ

၈။ သ–မုဟာနိန်ယျ ဤသို့ စသည်ဖြင့် ဖတ်ရွတ်မှုမပြုထိုက်ပါဘုရား၊ ဘာကြောင့်ဆိုပါက သံယုဂ်နှစ်မျိုးရှိရာတွင်။

၁။ ပကတိသံယုဂ်–ဥပမာ သ–မုဟာနေယျ စသည်တည်း။ဤ၌ ယျေ–ဝိဘတ်သည် မူလနဂိုကပင် ယ–နှစ်လုံးသံယုဂ်ဖြင့် (ယျ) ဟု ရှိနေပြီးဖြစ်ရာ၊ ၎င်းကို အသံမပြောင်းဘဲ (သ–မုဟာနေယျ) ဟုသာဖတ်ရပါမည်ဘုရား။ မိမိတို့ငယ်စဉ် ရခဲ့ပြီးဖြစ်တဲ့ဓဂ္ဂ–သုတ်လာ (ဥလ္လောကေယျာထ) ကိုဆိုပြီး စဉ်းစားကြည့်ပါ။ ပြီးတစ်ခါအာချာတ်သုတ်စဉ်–ဖတ်ခဲ့ကျက်ခဲ့စဉ်က ဘယ်လိုဆိုခဲ့ပါသလဲ ၊ သတ္တမီ (ယေျ–ယျုံ–ယျောသိ) စသည် နုတ်သက်ပြီးကို ရွတ်ဆိုကျေနပ်မှ လက်ခံကြရန်ဖြစ်ပါတယ်ဘုရား”။

၂။ ဝိကတိ–သံယုဂ်ဥပမာ တွေ့စသည်တည်း၊ ဤ၌ မူလနဂိုကပင် ဧ–ကတစ်ပုဒ်။ ထ–ပစ္စည်းကတစ်ပုဒ် (တ္တ)ဟုရှိရာ အသံပြောင်း၍ (တွေ့–အစ်ထ)ဟုဖတ်ရပါမည်။ ထိုအရာမျိုးများစွာရှိကြောင်းကို အရှင်ဘုရားတိုင်းလိုလို သိပြီးဖြစ်ကြပါလိမ့်မည်ဘုရား။ နောက်(ယဿာယသ္မတော)ကို (ယဿာ–ယသမတော)ဟု မဖတ်ရ။ (ယဿာယသ်သမတော)ဟု အသံမှန်ဖြင့်ဖတ်ရပါမည်။ ဘာကြောင့် ဆိုပါက ဝဂ်–ဗျည်း နှင့် အ–ဝဂ်ဗျည်းဆင့်သောအရာဖြစ်၍ (ဝဂ်အဝဂ္ဂပါဠိဆင့်ပြ၊ ဖတ်ရအသတ်အသံတည်း။)ဟူသော နည်းဥပဒေသအရ (ယသ္မတော)ဝယ် (ယသ်)ဟူသော အသတ်နှင့် (သ)ဟူသော ပင်ကိုယ်အသံပါ ရွတ်ဆိုရပါမည်။ ဤသဘောထားကိုနည်းမှီးယူပြီး (တသ္မာ)ကို (တ–သမာ)ဟုမဖတ်ရ။ (တသ်သမာ)ဟု အသံမှန်ဖြင့် ဖတ်ရမည်။ (တုဏှသ) ကိုလည်း (တုံဏှသ်သ)ဟု ဖတ်ရွတ်ရပါမည်။ ဒီစနစ်တွေဟာလည်း တကယ်တော့ အထူးအဆန်းလည်း မဟုတ်ကြပါ။ ရှည်ရှည်ဝေးဝေးလည်း ဉာဏ်နဲ့ပြေးကြည့်နေစရာလည်း မလိုတော့ပါ။ မွေးဖွားကာစ၊ စကားပြောတတ်စအရွယ်ကပင် ဆိုလာခဲ့တဲ့ (အနုဂ္ဂဟ်ကထွာ) ဟူသော သီလခန်းတွင် ဆိုခဲ့ပြီးနည်းကိုလည်းကောင်း၊ သဒ္ဒါသင်စ တက်စက ဆိုခဲ့တဲ့ (ယုတ္တေတိကသ္မာ) (ဝါတိကသ္မာ) (ကွစိတိကသ္မာ) တို့ကို ငယ်မူငယ်သွေးအသံနဲ့ပင် ခပ်ကျယ်ကျယ်ကလေး ရွတ်ဆိုကြည့်ပါက (တသ္မာတုဏှိ )ကို တတ်သမာတုံဏှိ–ဟူသော အသံထွက်မှန်ကို မိမိတို့ကိုယ်တိုင် ကေန်သဘောကျပါမည်ဘုရား။ ဒီနေရာမှာ စကားစပ်မိ၍ ပြောပါရစေဘုရား၊ ကမ္ဘဝါစာနဲ့တော့ မဆိုင်ပါဘူး၊ အနေကဇာတိ–ဂါတာလာ (တဏှာနံ)ဟု နှုတ်ကျိုးနေပါကလည်း (တံဏှာနံ) ဆိုတဲ့ အသံမှန်ဖြင့် သတိဆောင်ပြီး အစားထိုးရွတ်ဆိုပါက ပညာရှိတို့ အလယ်မှာလွန်စွာပင် တင့်တယ်ဖွယ်ရာရှိပါမည်ဘုရား။

ကဲကဲ. . . ရှေ့နားက (နက္ခမတိ)ပုဒ်က (ခမတိ)ပုဒ်ကို ပြောကြစို့ရဲ့ (ခမတိ) (ခမ္မတိ) နှစ်ပုဒ်ရှိရာ ယခင်က ယူဆခဲ့ကြသည်မှာ (ခမ္မတိ)ဟု မဒွေးဘော်ပြင်ပြီး ယဿာ ယသ္မတောကို (ဆဋ္ဌီကတ္တာ)ဟု အယူအဆ ရှိခဲ့ဖူးပါသည်။ ဒီအချက်ကို မန်လည်ဆရာတော်ကြီးက. . .

'ကမ္ဘပါဠိ ခမတိ–ပုဒ်အနေ၊ စာတွေကအလွန်များ၊ မဒွေးဘော်ရှိမယ့် လျှော့,မလျှော့ဟု နေပြည်တော်သဒ္ဒါတတ်တို့ ဆုံးဖြတ်ကြလား'ဟူသော အမေးကဗျာကို ဥဒုမ္ဗရတောရနေဆရာတော်ကသာ 'မဒွေးဘော်ရှိမှ လျှော့မည်'ဟုဖြေသော်လည်း၊ အခြားမည်သည့်ပုဂ္ဂိုလ်ကမျှ လိုက်နာယူဟန်မရှိပါ။ ဆရာတော် အရှင်ဇနကာဘိဝံသ ကမ္ဘ၊ ယဿ ကာမေ ရောစတေ အရ (ရောစနတ္ထ–သမ္ပဒါန်)ဟု ယူဆ၍ (ယဿာ ယသ္မ တော)ကို (သမ္ပဒါန်)၊ (ခမတိ)ကို (ကတ္တား)အနက်ဟု ဋီလက္ခန် ဘာသာဋီကာ (ပ–၅၉)တွင် ရှင်းပြထားသည်ကို တွေ့ရသည်။ တပည့် တော် အစပိုင်းတုန်းက လျှောက်ခဲ့သလို မူလအတိုင်း အဓိပ္ပာယ်ယူလို့ ရပါက လူတတ်မလုပ်ခြင်းကသာ ပညာရှင်များ ချီးကျူးဖွယ်ရာဖြစ်ပါ သည်။ အဲဒီ (ခမတိ)ပုဒ်ရင်းကို ဝေဖန်ကြည့်ပါက ခမုဓာတ်၊ တိဝိဘတ် ဖြစ်၍ (ခမ–တိ) (ခ–မတိ)ဟုဖတ်တတ်ကြရာ၊ မဖတ်ရပါ၊ (ခမတိ)ဟူ၍ တစ်ဆက်တစ်စပ်တည်း အသံမှန်ဖြင့်ဖတ်ရပါမည်။

အနည်းငယ်ရှင်းပြပါရစေဘုရား. . .

၁။ ပုဒ်ချင်းစပ်က သန္ဓိစပ်=ယဿိန္ဒြိယာနိ စသည်တည်း။

၂။ နှစ်ပုဒ်စသည် စပ်က သမာသ်စပ်ပုံစံ–ရာဇပုတ္တော ။

၃။ ပုဒ်ပစ္စည်းစပ်က တဒ္ဓိတ် ပုံစံ ဝါသိဋ္ဌော

၄။ ဓာတ်ဝိဘတ်စပ်က–အာချာက်စပ် ပုံစံ –ခမတိ

၅။ ဓာတ် ပစ္စည်းစပ်က ကိတ်စပ် ပုံစံ –ဘာဝေါ

အဲဒီစပ်ထားပြီး ပုဒ်များကို စပ်ထားသည့်အတိုင်းသာ အမှန်ဖတ်ရမည်။ ပုဒ်ကွဲအောင်, ဓာတ်ကွဲအောင်, ပစ္စည်းကွဲအောင်, ဝိဘတ်ကွဲအောင်ဟူ၍ ခွဲပြီးမဖတ်ရပါ။ အကယ်၍ ခွဲပြီးဖတ်ပါက ပညာရှိများ ရယ်ဖွယ်ရာဖြစ်ပါသည်။ ဥပမာ ဖတ်ဆိုကြည့်ပါ– (ယဿိန္ဒြိယာနိ)ကို (ယဿ+ဣန္ဒြိယာနိ) ဟုလည်းကောင်း၊ (ရာဇပုတ္တော)ကို (ရဇော ပုတ္တော)ဟုလည်းကောင်း၊ (ဝါသိဋ္ဌော)ကို (ဝသိဋ္ဌ+ဏ)ဟုလည်းကောင်း၊ ဤသို့စသည် ဆိုကြည့်ပါ။ ဘာနဲ့တူမလဲဆိုပါက ပွဲနေ့ပွဲထိုင် လူဂုဏ်တန်များစုဝေးရာအလယ်မှာ မလုံမလဲပုဆိုးကွဲကြီးကိုဝတ်ပုံနှင့် သာတူ၏ဟု ဆိုရန်ရှိပါတော့သည်။ ဤကဲ့သို့ ပြောဆိုသည်မှာ မိမိဘာသာမိမိ ငါ့စကားနွှားရသဘောဖြင့် ပြောဆိုခြင်းမဟုတ်ပါ။ ကျမ်းပေါင်း(၆၀)ကျော် ရေးတော်

မှုသွားတဲ့ အရှင်ဇနကာဘိဝံသ အရှင်မြတ်ကလည်း သူ့ရဲ့ ကစ္စည်းဘာသာ ဋီကာ (ဒု–၂၆၀)မှာ(ပကတိလိင် ဓာတွေဝ၊ ဝိဘတ္တိ ပစ္စယာပန ပစ္စယော) တေဒစိန္တာ–ကျမ်းကို သာဓကတင်ပြီး သဒ္ဒါမှန်သမျှဝေဖန်ကြည့်ပါက (ပကတိ)နှင့် (ပစ္စယ)ဟုနှစ်မျိုးသာရှိ၏ (ပကတိ)ဟူသည် နဂိုမူလ အရင်းအစ သဒ္ဒါတည်း။

ဥပမာ– လူ၌ အဝတ်မပါသေးခင် အထည်ကိုယ် ပင်ကိုရုပ်မျိုးနှင့်တူ၏။ ထို(ပကတိ)ဆိုသည်မှလည်း လိင်နှင့်ဓာတ် တို့ပင်ဖြစ်သည်။ (ပစ္စယ)ဟူသည်မှာ နာမ်ဝိဘတ်နှင့်တကွ အာချာက်ဝိဘတ်–တဒ္ဓိတ်ပစ္စည်း ကိတ်ပစ္စည်းအားလုံးတို့ကို (ပစ္စယ)ဟု ခေါ်အပ်၏။ ဥပမာ– လူ၏ပင်ကိုယ်ရုပ်ကို ဖုံးအုပ်ဝတ်ဆင်ထားသော အဝတ်များနှင့်တူ၏ဟု အဆိုရှိရာ သဒ္ဒဝိဒူ ပညာရှိအဆူဆူတို့က တင့်တယ်လှပ အောင် ဆင်မြန်းပေးထားသည်ဖြစ်ပါလျှက် နမောတဿ–ဘုရားရှိခိုးတွင်ပါသော (ဘဂဝတော)ပုဒ်ကိုပင် (ဘဂ+ဝတော)ဟုဆိုဝံ့သူတို့မှာ ကိုယ့်အသံကိုကြားအောင် စေ့စေ့ငုငုနားထောင်မှုပြုကြည့်မယ်ဆိုပါက ဟယ်. . . အဝတ်နှင့်ခန္ဓာကိုယ် တခြား စီပါလားဆိုပြီး ၊ ပဏ္ဍာစာရီ အမျိုးသမီးခမျာမှာ ဘုရားရှင်နှင့်တွေ့မှ အရှက်ဝင်ပုံ ကဲ့သို့သောပုံစံကို မြင်ယောင်မိပါတော့သည်။ သို့ဖြစ်၍ (ခမ–တိ) ဆိုသည်မှာလည်း မကောင်းပါ။ (ခ–မတိ)ဆိုပါက ပို၍မကောင်းပါ။

ကဲကဲ. . . ဒါဆိုရင် (သောဘာသေယျ) ပုဒ်ကို သွားကြပါစို့ရဲ့။ အဲဒီ သောဘာသေယျ–ကိုတော့ သမုဟာနေယျ–ပုဒ်ရဲ့ ဟန်ပန်အတိုင်းသာ နည်းယူဖတ်ရွတ်ရန်ပဲ ဖြစ်ပါတယ်နော်။

(တုဏှိ)ပုဒ်ကို ဆိုကြစို့ရဲ့။ (တုဏှိ)ဟူ၍လည်းကောင်း (တုဏှီ)ဟူ၍ လည်းကောင်း နှစ်တွေရှိရာ တုဏှိတိ (တုဏှိ+က္လတိ)ဟူ၍လည်းကောင်း၊ တုဏှိတိ (တုဏှိ+က္လတိ) ဟူ၍လည်းကောင်း နှစ်မျိုးစလုံးပင် သင်သည်ဖြစ်သော်လည်း (တုဏှော–ဟေဟန်–အဿာတိ) အဿတ္ထိတဒ္ဓိတ် (ဤ) ပစ္စည်းဖြစ်သောကြောင့် ၎င်း(ဤ) ကာရန္တ–နိပါတ်ပုဒ် မရှိကောင်းဟူငြားအံ့ (ပါဠိ) (ပတိဠိ)ပုဒ်တို့သည် နိပါတ်ပုဒ်ဟု ကျော်အောင်စံထားမှု အဘိဓာန်နိဿယ၌ အဆိုရှိသောကြောင့် (တုဏှိ)ဟု ဖတ်ရွတ်ခြင်းသည်သာ ကောင်းမွန်လှပါတယ်ဘုရား။ ဒါဆိုရင် အဝိပ္ပ ဝံသ သိမ်နှုတ်ကမ္မဝါစာအတွက် သင့်မြတ်လောက်ပါပြီ။

၂။ သဟာနုသံဝါသ–သိမ်နှုတ်ကမ္မဝါစာကို ကြည့်ကြရအောင်နော်။ အဲဒီမှာလည်း (သီမာ)(သိမာ)ဟု နှစ်မျိုးရှိရာတွင်လည်း နှစ်မျိုးစလုံးပဲ အသင့်ချည်း

ပါပဲ။ ဘာ့ကြောင့်ဆိုတော့ (သိ-ဗန္ဓနေဒိဃော) ဟု ရူပသိဒ္ဓိကျမ်းက ဆို၍ (သိယတိ-ဗန္ဓိယတီတိ -သီမာ)ဟု ဉာသကျမ်းကလည်း အားကျမခံပြဆိုထား ရာ နှစ်မျိုးစလုံးပဲ သိ-ဓာတ်၊ မံ-ပစ္စည်း။ အာ-ပစ္စည်းတို့ဖြင့် သာမည ဆိုထားသော ကြောင့် နှစ်မျိုးစလုံးပင်သင့်မြတ်ပါသည်။ သို့ဖြစ်၍ မိမိတစ်ပါးတည်းဖတ်ရွတ်ရာ၌ ကား (သိမံ-သိမံ) (သီမာ-သီမာ) ကြိုက်နှစ်သက်သလို ဆိုနိုင်သော်လည်း နှစ်ပါးစသည် အများနှင့်ဖတ်ရွတ်ပါက အများနှင့်ညှိ၍ အသံညီညီ ရွတ်ဆိုခြင်း သည်သာ မိမိရော ကြားရသူအများပါ ကြည်ညိုဖွယ်ဖြစ်စရာရှိပါသည်။ သာမန်ဟု သဘောမထားဘဲ တစ်ပါးသူအား ကုသိုလ်ပေးဝေနိုင်ခြင်းဟာ သူတော်ကောင်း အလုပ်ပီသသည်ဟု ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။ ဒီကိစ္စနှင့်ပတ်သက်၍ သာဓက တစ်ခုအရှိကို လျှောက်ထားပါရစေဘုရား။ ရန်ကုန်မြို့ကြီး၏ တစ်နေရာ အချိန် တော်တော်ကြာကာလကဖြစ်တယ်ပေါ့။ ပထမခေါင်းဆောင် ပဓာန ဆရာတော်ကြီး က ဒုတိယအကြိမ်ဖတ်မည့် နာမည်ကြီး ထင်ရှားသော ဆရာတော်ကြီးကိုပင် အရှင်ဘုရားအနေနဲ့ (သီမာ)ဟုဒီဃနဲ့မဖတ်ဘဲ (သိမာ) ဟု ရဿဖြင့် ဖတ်ရွတ်ပေး ပါဟု တိုက်တွန်းလျှောက်ထားရာ၊ ထိုဆရာတော်ကြီးက မိမိမှာ(သီမာ)ဟု ဒီဃနဲ့ ချည်း ဖတ်နေကျနှုတ်ကျိုးနေ၍ ယခုပြင်ဖတ်မည်ဆိုပါက အမှားမှားအယွင်းယွင်း ဖြစ်ဖွယ်ရှိ၍၊ တပည့်တော်အား ဒီကိစ္စဝယ် ကမ္မဝါစာဖတ်ရာ၌ မပါဝင်ဘဲ နေဖို့ခွင့် ပြုပါဟု ပန်ကြားသည့်အဖြစ်မျိုးကို ကြုံတွေ့ရဖူးပါသည်။ ဒီလိုဖြစ်ရသည်မှာလည်း ညက်ညောသည်ဟု မဆိုနိုင်ပါ။ သို့ဖြစ်၍ တစ်ပါးတည်းဆိုပါက ဆန္ဒအရှိအတိုင်း ဖတ်ခြင်းသည်သာ အပြစ်လွတ်ဖွယ်ရှိပါတယ်ဘုရား။

ကိုင်း- ဒါဆို ရှေ့ဆက်ပြီး (ကေုပေါသထာ) (ကေူပေါသထာ) အဲဒီနှစ် မျိုးတွင်လည်း နှစ်မျိုးလုံးပင်သင့်သည်ဟု ယူရန်ဖြစ်ပါသည်ဘုရား။ အကြောင်း ပြမည်ဆိုပါက ဆရာတော် ဦးပခန်းကမ္မ (ကမ္ဗုပနိဿယော)ဟူသော ပဌာန်းပါဠိ တော်ကြီးကို အထောက်အထားပြု၍ (ကေူပေါသထာ) ရှိသင့်ဟု အယူရှိပါသည်။ တပည့်တော်တို့ရဲ့ သဘောထားကို ပြောရမည်ဆိုပါက (ကေုပေါသထာ)ဟု ဥ-ရဿဖြင့် ရှိခြင်းက ဗလဝ-ဖြစ်ဖွယ်ရှိပါသည်။ အကြောင်းကိုပြရပါမူ ထိုထို ပါဠိတော်ဝယ် ဥပေါသထ-သဒ္ဒါနှင့် သန္ဓိစပ်ရာတို့၌ (အဋ္ဌုပေါသထော) (အရိယု ပေါသထော) (နိုဂန္ထုပေါ သထော) (ဂေါပါလကုပေါသထော) စသည်များကို ထောက်ထား၍ (ကေုပေါသထာ)ဟု၊ ဥ-ရဿဖြင့် ရှိခြင်းကပို၍ ဆီလျော်မှာ

ဖြစ်ပါတယ်ဘုရား။ ကိုင်း– ဒါဆိုပါက ဤနေရာရှိ ရှေးကသိမ်ဟောင်းကိုနှုတ်သည် ဟု နှလုံးသွင်းကာ သိမ်နှုတ်ကမ္မဝါစာနှစ်ဆူကို အဝိပ္ပဝါသ သိမ်နှုတ်ကမ္မဝါစာမှ စ၍ အစဉ်အတိုင်း ဖတ်ရွတ်တော်မူကြပါကုန်စို့''။

မှတ်ချက်။ ။အကြီးဆုံးသံဃာထေရ်က (ဘန္တေ)နေရာတွင် (အာဝုသော)ဟု ပြင်ဖတ်၍ သံဃာငယ်အားလုံးက (ဘန္တေ)ဟု စာအရှိတိုင်းဖတ်ရွတ်ရန်ဖြစ်ပါတယ်ဘုရား။ ဤပျားကြီးစွဲ နှုတ်နည်းဖြင့် တစ်ကြိမ်နှုတ်လျှင်လည်း ပြီးနိုင်ပါသည်။ ထို့ထက်ပိုလွန်၍ ထောင့်(၄)ထောင့်။ တည့်တည့်(၄)နေရာတို့ပါ နှုတ်မည်ဆိုပါက ပို၍ကောင်းသည်ဟုမှတ်ရန်ဖြစ်ပါသည်။

''ကိုင်းကိုင်း. . . ဒါဆိုရင် (၂)နံပါတ် သိမ်နှုတ်နည်းဖြစ်တဲ့ ကိုးတိုင်းကိုးဌာနဖြစ်တဲ့ နှုတ်နည်းကို နှုတ်ကြစို့ရဲ့ ကဲ– ဒါဆို ဦးဝိလာသအရှင်မြတ်က အဲဒီသိမ်ကွက်ကို အရှေ့အနောက် (၃)ကွက်၊ တောင်မြောက် (၃)ကွက်ပေါင်း (၉)ကွက်အညီအမျှရအောင် ဦးပဥ္စင်းငယ် (၂)ပါးကို ကြိုးတစ်ဘက်တစ်စစီ ကိုင်နိုင်းပြီး မြန်မြန်ပြီးအောင် ဟိုထိပ်–ဒီထိပ် တစ်ပါးစီက ထုံးအမှုန့်အတိုင်း (ရေနဲ့မဖျော်ဘဲ) ကြိုးတင်းတင်း ဖြောင့်ဖြောင့်ဆွဲတဲ့အပေါ်မှာ သိသိသာသာ ထင်ရှားအောင် ထုံးဖြူးပေးပါနော်''။

မှတ်ချက်။ ။ယခုကစ၍ အလယ်မျဉ်းကွက်အားလုံး ဖျက်၍လွယ်ကူအောင် ထုံးအမှုန့်အတိုင်းဖြူးရမည်ဟုမှတ်ပါရန်။ (ရေနဲ့မဖျော်ရပါ)

၁၉။ ပုံစံ (၂)ကိုးတိုင်း ကိုးဌာနနှုတ်နည်းပြ

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၈ | ၉ | ၄ |
| ၇ | ၆ | ၅ |

ဤပြထားသော (၁–၂)စသည့် အစဉ်အတိုင်း သံဃာစုံပင် အကွက်စေ့

အောင်ဖတ်ရွတ်ရမည်။ သံဃာအားလုံး ကမ္မဝါစာကို ဖတ်ရွတ်ခြင်းက ပိုပြီးဂရု ဖြစ်ပါသည်။

တစ်ဖန် (၉–၈) စသည်မှပြန်၍လည်း(၁)သို့ ပြန်ရောက်သည့်တိုင်အောင် ဖတ်ရမည်။

မှတ်ချက်။ ။(၁) အလွန်ကျယ်ဝန်းသောသိမ်ဖြစ်မူ ဤ(၉)ဌာနထက်ပိုလွန်၍ နှုတ်ရမည်။ အထက်ဖော်ပြပါသိမ်ကွက်မှာ ဒီကနေ့ အများပြု ထုံး ပေ(၅၀)ပတ်လည်ကွက်အတွက်ဖြစ်ပါသည်။

(၂) အလယ်မှစ၍ လက်ဝဲ, လက်ယာ၊ အလယ်မှစ၍ ခရုပတ်၊ ဒေါင်မှစ ခရုပတ်အလယ်တွင်ဆုံး။ ထောင်လိုက်ကြက်ခြေ ဖတ်နိုင်သည်။

ကဲ ပုံစံ(၂)ကို စိတ်ကြိုက်ကျေနပ်အောင် နှုတ်ပြီးပြီမို့ ဦးဝိလာသက ပုံစံ (၃) တဲ့ကြက်ခြေကွက်ကိုလည်း ခုနကလို ကြိုးကိုင်ထုံးဖြူးခိုင်းပါဦးနော်။ တပည့်တော်တို့တော့ ရေအေးအေးလေးသောက်ရင်းနားပါရစေ''။

## ၂၀။ ပုံစံ (၃) တည့်တည့်ကြက်ခြေနှုတ်နည်းထွေ

<table>
<tr><td colspan="3" rowspan="3">၁၉</td><td>၉</td><td colspan="3" rowspan="3">၁၀</td></tr>
<tr><td>၈</td></tr>
<tr><td>၇</td></tr>
<tr><td rowspan="3">၁၈</td><td rowspan="3">၁၇</td><td rowspan="3">၁၆</td><td>၆</td><td rowspan="3">၁၁</td><td rowspan="3">၁၂</td><td rowspan="3">၁၃</td></tr>
<tr><td>၅</td></tr>
<tr><td>၄</td></tr>
<tr><td colspan="3" rowspan="3">၁၅</td><td>၃</td><td colspan="3" rowspan="3">၁၄</td></tr>
<tr><td>၂</td></tr>
<tr><td>၁</td></tr>
</table>


ဤ တဲ့ကြက်ခြေကွက်ကို တစ်ဖွဲ့လျှင် သံဃာ(၆)ပါးစီတွဲ၍ အနောက်မှ

အရှေ့အရပ်သို့လည်းကောင်း၊ တောင်မှ မြောက်အရပ်သို့လည်းကောင်း ကွက်စေ့အောင် ဖတ်ရွတ်ရပါမည်။

သံဃာ(၄–၅)ပါး ဆိုက ဖြစ်နိုင်သော်လည်း ဂရုယူ၍ (၆)ပါးတွဲရသည်ဟု မှတ်ရန်ဖြစ်ပါသည်။

မှတ်ချက်။ ။သံဃာအချင်းချင်း၊ ပခုံးစွန်ချင်း၊ တတောင်ချင်း၊ သကၤန်းချင်း မထိစေရန် ဂရုပြု၍ထိုင်တော်မူကြရန် ဖြစ်ပါသည်။

## ၂၁။ ပုံစံ (၄) တစ်နည်းကြက်ခြေတဲ့ နှုတ်နည်းကွယ်





"ကဲ– ဦးဝိလာသက အလယ်အကွက်က ထုံးမျဉ်းကလေးကို အဖျက်ခိုင်းပြီး ဘေးလည်း တစ်ကွက်စီတိုး၍ ပုံစံတစ်မျိုးတဲ့ကြက်ခြေကွက် ဖော်ပေးပါဦးနော်။

ဤကြက်ခြေတစ်နည်းအတွက်လည်း (၆)ပါးတစ်တွဲဖြင့်ပင် ဂဏန်းစဉ်အတိုင်း ကွက်စေ့အောင် ဖတ်ရန်ဖြစ်ပါသည်။

သိမ်ဟောင်းကို ကျွတ်အောင် နှုတ်သည်ဖတ်သည်ဆိုသော နှလုံးသွင်းကို အမြဲသတိရှိတော်မူကြရန် ဖြစ်ပါတယ်ဘုရား"။

## ၂၂။ ပုံစံ (၅)ထောင့်တန်းကြက်ခြေပုံ နူတ်နည်းစုံ




ပုံစံ (၅) သည် ထောင့်တန်းကြက်ခြေကွက် ဖြစ်သည်။ ၎င်းကို (၁–၂) စသည် အကွက်စေ့ (၁၉)ကွက်မလပ်အောင် ဖတ်ရန်ဖြစ်ပါသည်။

ကတ်ထူပြားအဝိုင်း (သို့) လေးထောင့်ပေါ်မှာ(၁–၂)စသည် ထင်ထင်ရှားရှားရေး၍ ဤစနစ်အတိုင်းစဉ်ချပြီးဖတ်ရွတ်က ပို၍ချမ်းသာလွယ်ကူနိုင်ပါသည်။

''မှန်လှပါ တပည့်တော် စိတ်ကူးပေါ်ပြီး (၁–၂) အစဉ်ဖြင့် ကတ်ပြား (၅၀)အထိ စီစဉ်ပြီးဖြစ်ပါသည်ဘုရား''ဟု ဦးနာဂသေနမှ လျှောက်ထားရာ–


''သာဓုပါ အရှင်ဘုရား– သာဓု. . . သာဓု. . . သာဓု''

## ၂၃။ ပုံစံ (၆)ကြက်ခြေထောင့်တန်း နူတ်တစ်ခန်း

ကဲ– တစ်ဖန် ထောင့်တန်းကြက်ခြေနူတ်ဖို့ရန်အတွက် အလယ်ကွက်က ထုံးတွေကို ရေးနည်းအတူ ဖျက်လိုက်ကြဦးစို့ရဲ့၊ ဦးကိတ္တိက တံမြက်စည်းနဲ့ လှည်းချ ဖျက်ပေးပါဦးလေ။ ဦးဝိလာသက ကြိုးကိုင်အရှင်များနဲ့ ထုံးဖြူးမည့် အရှင်များကိုခေါ်ပြီး မူရင်းပုံစံကိုကြည့်၍ အကွက်ဖော်ပေးပါဦးနော်။

ကိုင်း–ကျန်တဲ့ ပုဂ္ဂိုလ်တွေက ခေတ္တမှုနားပြီး အဖျော်ယမကာနှင့် ဆေးကွမ်းများကို ဘုဉ်းပေးကြပါဦးလေ။

ပုံစံ(၆) ထောင့်တန်းကြက်ခြေ (တစ်နည်း)




အထူးမှတ်ရန်မှာ ဤထောင့်တန်း ကြက်ခြေမှစ၍ သံဃာကို (၄–၅)ပါးဖွဲ့၍ နေနိုင်သည်။ သံဃာများကလည်း ယခင်အတိုင်း(၅–၆)ပါးသာ နေရန်နှင့် သိမ်ပမာဏ အလွန်ကျဉ်းပါကလည်း (၅)ပါးသာဖတ်ရန်ဖြစ်ပါသည်။ လက်တွေ့ကြုံရသော အကွက်အကျဉ်းအကျယ်အလိုက် ဆုံးဖြတ်ခြင်းသာ သင့်လျော်ပါသည်။

မှတ်ချက်။ ။တစ်ကွက်လျှင် (၄)ပါးအောက်တော့ လျှော့၍မနေရပါ။

၂၄။ ပုံစံ (၇) (၂၅)ကွက်နှုတ်နည်းစွက်

| | | | | |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁၀ | ၉ | ၈ | ၇ | ၆ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၂၀ | ၁၉ | ၁၈ | ၁၇ | ၁၆ |
| ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ |

ဤ (၂၅)ကွက်နှုတ်နည်းအတွက် ပုံစံကွက်ကို ပုံဖော်ရန်လည်း အထူး

မခက်ပါ။ ရွတ်ဖတ်ရန် အစဉ်လည်း အထူးမခက်ပါ။ ကြောင်လိမ်လှေကား အဆင်း အတက်နှင့်အလွန်တူပါသည်။ ၎င်းကိုခရုပတ်ဟုလည်း ခေါ်ကြပါသည်။ သိမ်ကွက် အခြေအနေအရ (အရိပ်–နေပူ)အလိုက် အရှေ့မှအနောက်သို့လည်းကောင်း၊ အနောက်မှအရှေ့သို့လည်းကောင်း၊ တောင်မှမြောက်သို့လည်းကောင်း၊ အလယ်မှ စ၍ လက်ယာပတ်၊ လက်ဝဲ ဆန္ဒရှိသလို ဖတ်နိုင်ပါသည်။

## ၂၅။ ပုံစံ(၈) (၅၀)ကွက်စုံ အနုလုံ+ပဋိလုံ

''ကဲ– ဒါဆိုရင် ဦးဝိလာသက စနစ်ကျစွာနဲ့ အဲဒီ(၂၅)ကွက်ကို မဖျက် စေဘဲ အထောင်မတ်မတ်မျဉ်း အလယ်တိုင်တစ်ခုစီ ကြိုးဆွဲပြီး ထုံးဖြူပေးပါနော်။ အဲဒါဆို ပုံစံ(၅၀)ကွက်ဟာ အထင်အရှားပေါ်လာပါလိမ့်မယ်''။

ဤ(၅၀)ကွက်မှာ ဝိနယာလင်္ကာရဋီကာ အနု+ပဋိလုံနည်း ဖြစ်သည်။ (၁–၂)အတိုင်း (၅၀)ထိ (၅၀–၄၉)အစဉ်အတိုင်း (၁)အထိ ဖတ်ရန်ဖြစ်ပါသည်။

မှတ်ချက်။ ။အချိန်အခါအားလျော်စွာ လက်ယာရစ် ခရုပတ်၊ လက်ဝဲရစ် ခရုပတ်၊ မြောက်မှတောင်သို့လည်းကောင်း၊ တောင်မှမြောက်သို့ လည်းကောင်း ဆန္ဒအရ ဖတ်နိုင်ပါသည်။ ပမာဏတော့ သိရန် အရေးကြီးပါသည်။

ပုံစံ (၈) (၅၀)ကွက်ပုံစံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၅ | ၆ | ၁၅ | ၁၆ | ၂၅ | ၂၆ | ၃၅ | ၃၆ | ၄၅ | ၄၆ |
| ၄ | ၇ | ၁၄ | ၁၇ | ၂၄ | ၂၇ | ၃၄ | ၃၇ | ၄၄ | ၄၇ |
| ၃ | ၈ | ၁၃ | ၁၈ | ၂၃ | ၂၈ | ၃၃ | ၃၈ | ၄၃ | ၄၈ |
| ၂ | ၉ | ၁၂ | ၁၉ | ၂၂ | ၂၉ | ၃၂ | ၃၉ | ၄၂ | ၄၉ |
| ၁ | ၁၀ | ၁၁ | ၂၀ | ၂၁ | ၃၀ | ၃၁ | ၄၀ | ၄၁ | ၅၀ |

"ပထမ (၅၀)ကွက်မှာ အထောင်(မတ်မတ်) (၁၀)ကွက်ယူပုံဖော်ပြီး နောက်နည်းမှာ အထောင်(မတ်မတ်)တွင် (၅)ကွက် ကန့်လန့်(အလဲ) (၁၀)ကွက် ပုံဖော်ရန်သာ ဖြစ်၍ ထူးပါသည်။

ဦးနာဂသေန စီစဉ်ထားတဲ့ ကတ်ထူပြား (၁–၂)ဂဏန်းစဉ်တွေဟာ ဒီနေရာမှာ အသုံးဟာလိုလာတော့တာပဲနော်။ ပမာဏကြည့်၍ အတက်၊ အဆင်း၊ လက်ယာ၊ လက်ဝဲ၊ ခရုပတ်၊ အနု၊ ပဋိလုံ ဖတ်ရန် ဖြစ်ပါသည်"။

ပုံစံ(၈) (၅၀)ကွက်တစ်နည်းပုံစံ

| | | | | |
|---|---|---|---|---|
| ၅၀ | ၄၉ | ၄၈ | ၄၇ | ၄၆ |
| ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ |
| ၄၀ | ၃၉ | ၃၈ | ၃၇ | ၃၆ |
| ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ |
| ၃၀ | ၂၉ | ၂၈ | ၂၇ | ၂၆ |
| ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ |
| ၂၀ | ၁၉ | ၁၈ | ၁၇ | ၁၆ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁၀ | ၉ | ၈ | ၇ | ၆ |
| ၁ | ၂ | ၃ | ၄ | ၅ |

## ၂၆။ ပုံစံ (၉)အကွက် (၁၀၀)စုံ ရင်ဘောင်တန်းနှုတ်ပုံ

"ကဲကဲ ယခုတစ်ခါ ဦးဝိလာသက မူရင်း(ပထမ)ဆုံး ရိုက်ခဲ့တဲ့ ပန္နက်တိုင် အရှိအတိုင်း အရှေ့အနောက် (၁၀)ကွက် ပတ်လည်အကွက် (၁၀၀)ဖော်ရန် အတွက် ယခုလက်ရှိ (၅၀)ကွက်ကို ဖျက်လိုက်ကြစို့ရဲ့"။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
|---|---|---|---|---|---|---|---|---|---|
| ↓ | ↓ | ↓ | ↓ | ↓ | ↓ | ↓ | ↓ | ↓ | ↓ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| ↑ | ↑ | ↑ | ↑ | ↑ | ↑ | ↑ | ↑ | ↑ | ↑ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |

ဤအကွက် (၁၀၀)စုံကို ရင်ပေါင်တန်းဖတ်ရာ၌ သံဃာကို (၁၀)ပါး တစ်ဖွဲ့ဖြင့် (၂)ဖွဲ့ခွဲ၍ ဖတ်ရပါမည်။


အရှေ့မှစ၍ အနောက်အဆုံးအထိ၊ အနောက်မှစ၍ အရှေ့အဆုံး အထိ၊ တောင်မှမြောက်သို့၊ မြောက်မှတောင်သို့ ရင်ပေါင်တန်းဖတ်ရန် ဖြစ်ပါသည်။

အချိန်ကိုသိ၊ ပညာရှိတော်မူရန်မှာ– ဦးဆောင်ပုဂ္ဂိုလ်တိုင်း၏ တာဝန် ဖြစ်ပါသည်။

## ၂၇။ ပုံစံ(၁၀)မိုင်းကိုင် မိန့်ချက်ညောင်စောင်းကွက်နှုတ်ပုံ

ဤညောင်စောင်းကွက်ပုံစံဖော်ရာတွင် ပထမစက္ကူပေါ်တွင် ပုံစံငယ်ကို ကျကျနန (၃)ကြိမ်ထက်မနည်းပေါ်အောင်ဆွဲကြည့်ပြီးမှ မြေကြီးပေါ်တွင်အကွက် ရိုက်ပါက လွယ်ကူစွာပုံပေါ်နိုင်ပါသည်။ (၁၁)ပင် ပတ်လည်ဖြစ်၏။

ပုံစံ(၁၀)ညောင်စောင်းကွက်ပုံစံ




ဤမိုင်းကိုင် ဆရာတော်နည်း ညောင်စောင်းကွက်ကို ပုံစံတွင်(၁–၂) စသည် အစဉ်အတိုင်း အကွက်စေ့အောင်ဖတ်ပြီး တစ်ဖန် (၅၀–၄၉) စသည် (၁) အကွက်ရောက်အောင်ဖတ်ရပါမည်။ ဤနည်းကို မြင်းမိုရ်တက် မြင်းမိုရ်ဆင်း ဖတ်နည်းဟု ခေါ်ပါသည်။

မှတ်ချက်။ ။အရပ်(၄)မျက်နှာ ကြိုက်ရာအရပ်ကစ၍ ဖတ်နိုင်ပါသည်။ အကွက်စေ့မှုသာ ပဓာနဖြစ်ပါသည်။


''ဦးနာဂသေန၏ စီမံချက် ကတ်ထူပြား ဂဏန်းတို့မှာ ဤပုံစံအတွက် အလွန်အရေးပါကြောင်း လက်တွေ့သိရပြီးပေါ့နော်။ ဒီကနေ့ အချို့ပြုနေကြသည်မှာ ဤညောင်စောင်းကွက်တစ်ခုတည်းကိုသာ အကွက်ဖော်စေပြီး ကိုးတိုင်းကိုးဌာနကစ၍ လက်ယာ လက်ဝဲ ခရုပတ် ယက်ကန်းခတ် ရင်ဘောင်တန်းစသည် လိုအပ်သလို ကျေနပ်အောင်ဖတ်ကြသည်လည်းရှိပါသည်။ ကြိုက်ရာ ကြိုက်ရာ ပြုလုပ်ကြပါဟုသာ မှာကြားအပ်ပါသည်ဘုရား။

ကဲကဲ– ညောင်စောင်းကွက်ချပုံသဘောတွေတော့ သိကြပြီပေါ့။ အဲဒီ

စာသိသဘောကို ငါသိဖြစ်အောင် လက်တွေ့အကွက်ဖော်ကြပါစို့ရဲ့။ ဒါမှလည်း လက်တွေ့ပါသော သဘောတရား ဖြစ်သွားမယ်လေ။ ကြားဖူးတာလေးတစ်ခု စပ်မိတုံး ပြောရဦးမယ်။ မသိရင် အခက်ဆိုတဲ့ ပုံပြင်လေးက–အရှင်ဘုရားတို့ ပေါင်းတည်ရွာ၏ အနောက်တည့်တည့်မှာ အိမ်ခြေတစ်ထောင်ခန့်ရှိတဲ့ ရွာကြီး တစ်ရွာဆိုပဲ၊ အမည်တော့ မဖော်ပြောတော့ဘူးနော်။ ဂဏ်သိက္ခာကိုငဲ့တဲ့အနေ နဲ့ပေါ့။ အဲဒီလို ရွာကြီးရပ်ကြီးဆိုမှတော့ လူရှင်ရဟန်း မျက်စိကြီးနားကြီး အသွယ်သွယ်ပေါများတယ်ပေါ့။ တစ်နေ့တော့ ကျောင်းတစ်ကျောင်းမှာ သိမ် သမုတ်မယ်ဆိုပြီး စီမံဆောင်ရွက်ကြရာ အဲဒီညောင်စောင်းကွက်လည်းရောက်ရော စာကြည့်ပုံစံ ကြည့်ပြီးလုပ်ရင် ဘာမဖြစ်ရမှာလဲဆိုပြီး ပြုလုပ်ကြရာ တစ်နေ့လုံး ချွေးပြန်အောင် ပြုလုပ်ကြသော်လည်း ဘယ်လိုမှမဖြစ်တဲ့အဆုံးမှ ကိုင်း–လှည်းနဲ့ မြန်မြန်သွားပြီး ပေါင်းတည်က စမွယ်ရုံကျောင်း ဆရာတော်အသက် (၉၀)ကျော်ရှိ ဆရာတော်ကြီး ဦးစန္ဒောဘာသကို အကျိုးအကြောင်းလျှောက်ထားပြီး ယခု တစ်ပါတည်းသာကြွဖို့ရန်ပင့်ခဲ့ပေတော့လို့ လှည်းသမားနဲ့ ဆရာတော်တစ်ပါးကို အပင့်ခိုင်းပြီး ရောက်သည်နှင့်တစ်ပြိုင်နက် ဆရာတော်ကြီးဟာ ကျောင်းပေါ်ပင် မတက်ဘဲ သိမ်ကွက်ထဲ တစ်ခါတည်းဆင်းပြီး ဤသို့ဤပုံ စသည် စီမံညွှန်ကြား လိုက်ရာ မိနစ်အနည်းငယ်အတွင်းမှာပင် ညောင်စောင်းကွက်လှလှလေးတွေ ပေါ်ထင်လာတယ်ဆိုပဲ၊ တော်သေးတယ် ဆရာတော်ကြီးက အသက် (၉၀) ကျော်ရှည်ပေလို့သာပေါ့နော်။

ကဲကဲ. . . ကြိုး,ထုံးတို့ အသင့်စီမံပြီးမှပဲ၊ လက်တွေ့ အကွက်ဖော် ကြည့်ကြရအောင် ၊ အဲဒီ မူလလေးထောင့်ကွက်ရဲ့ အရှေ့ဘက်ထိပ်က တောင်–မြောက် မျဉ်းတစ်ကြောင်း ပိတ်ဆွဲပါ။ အဲဒီလိုပဲ အနောက်ဘက်ထိပ်က တောင်မြောက်မျဉ်းတစ်ကြောင်း ပိတ်ဆွဲပါ။ နောက်တစ်ခါ မြောက်ဘက်ထိပ်က အရှေ့အနောက်မျဉ်းတစ်ကြောင်း၊ တောင်ဘက်ထိပ်ကလည်း အရှေ့အနောက် မျဉ်းတစ်ကြောင်းဆွဲပါ။ အဲဒီနည်းနဲ့ချည်း အရှေ့, အနောက်, တောင်, မြောက် စသည့် ပတ်လည်တစ်ကြောင်းစီသာ ပိတ်သွားပြီး ထို့နောက်မှ ပုံစံကိုကြည့်ပြီး တစ်ကွက်ခြားစီ မျဉ်းတိုကလေးများ လိုအပ်သလို ပိတ်,ပိတ်သွားပါက လိုအပ်တဲ့ ညောင်စောင်းကွက်ပုံကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။ တစ်ခုအရေးကြီး တာက မျက်နှာပြင်အကွက် (မ)မဖြစ်ဖို့ (စုံ)ဖြစ်ဖို့ပဲ အဓိကအရေးကြီးပါတယ်''။

ပုံစံ (၁၁)ညောင်စောင်းကွက်ဆွဲပုံ–ပုံစံ



ဒီပုံစံရှိ မြားကလေးများဟာ မျဉ်းရှည်ပိတ်ပုံကို ပြခြင်းဖြစ်ပါသည်။ မျဉ်းတိုကလေးများမှာ နောက်မှ လိုအပ်သလို ပိတ်ခြင်းဖြစ်ပါသည်။ မျဉ်းရှည်ပိတ်ပြီးပါက မျဉ်းတိုပိတ်ရန်အတွက် မိမိ၏ မျက်မြင်ရော ဉာဏ်မျက်မြင်ပါ ထင်ရှားလာပါလိမ့်မည်။

## ၂၈။ နှုတ်ပြီးတစ်ဖန် နှုတ်သင့်ပြန်

"ကဲကဲ. . . အရှင်ဘုရားတို့ ခေတ္တနားနေရင်း ပြောစရာရှိတာလေးတွေ ပြောကြရအောင် တခြားတော့ မဟုတ်ပါဘူးလေ။ အခု ပုံစံ(၁)ကနေစပြီး (၁၁) အထိပြီးခဲ့ပြီမို့ အကုန်အစုံ မဟုတ်သေးသော်လည်း အထိုက်အလျောက်တော့ တော်တော်ပဲ ပြည့်စုံသွားပြီပေါ့။ နောက်နောင်လည်း ဦးနာဂသေန ဖြစ်လိုဖြစ်စေချင်တဲ့ဆန္ဒနှင့်အညီ ဒီသိမ်နှုတ်နည်းများအတိုင်း ဦးဆောင်ပြုဆောင်ရွက်သွားကြမယ်ဆိုပါက ပြည့်စုံတဲ့ ခေါင်းဆောင်တစ်ဦးရဲ့ အရည်အသွေးကို ဆောင်နိုင်လောက်ပြီပေါ့နော်။

အခုတစ်ဖန်ပြောလိုတာကတော့ အစဦးဆုံး သိမ်ကွက်ယူကတည်းက ပို၍ ယူပြီးနှုတ်လာမယ် (ဝါ) ပိုမိုနှုတ်လာခဲ့မယ်ဆိုပါက သမုတ်ရာတွင် လိုအပ်သလောက် သိမ်ကွက်ကို သမုတ်ပြီး၊ ကျန်နှုတ်ပြီး (၄) မျက်နှာရှိအကွက်ကို သီမန္တရိတ် အနေနဲ့ ချန်ထားမယ်ဆိုပါက အပြင်ဘက်ရှိ မဟာသိမ်ကြီးနှင့်

လည်းကောင်း၊ ယခင်က မသိရသော ဗဒ္ဓသိမ်နှင့်လည်းကောင်း စပ်ရန်လုံးဝမရှိနိုင်တော့ဘူးပေါ့။ သို့ဖြစ်မုန်းသိလျက်နှင့်ပင် ဂရုကကိုယူပြီး ရှေးဆရာတော်ကြီးများက အဲဒီအပြင်ကွက် (၈)မျက်နှာကို သံဃာအားလုံးစုပြီး (ကြက်ခြေစု)နှုတ်နည်းဟူသော အမည်ပြု၍ သိမ်နှုတ် အနည်းဆုံးတစ်ကြိမ်စီ (၈) မျက်နှာ (၈)ကြိမ်နှုတ်တော်မူကြ၍ နည်းညွှန်ပေးတော်မူကြပါသည်။

ဒါဘာ့ကြောင့်ဟူမူ (သီမာလင်္ကာရ)သိမ်နှစ်ခု ရောစပ်ခြင်းအဖြစ်မှ ကင်းစင်လိုသောကြောင့်ဖြစ်ပါသည်။ အကယ်၍ ရှားရှားပါးပါး တစ်ဘက်ဘက်က မနှုတ်ခဲ့၍ စပ်နေမည်ဆိုပါက ကံကိစ္စပြုတိုင်း-

၁။ ခေတ်အတွင်း သံဃာများ အစုံပင့်ရခြင်း၊

၂။ ဆန္ဒဖြစ်စေတောင်းခံယူရခြင်း၊


၃။ အခြားလွတ်ရာ သိမ်အပြင်သို့ ရှောင်ပေးစေရခြင်း စသည်ဆောင်ရွက်ပြီးပြုပါမှ မိမိလက်ရှိကံမှုကိစ္စ အောင်မြင်နိုင်ပါသည်။ ထိုသို့မပြုပါက မိမိပြုသော ကံကိစ္စ ပျက်နိုင်ပါသည်။ ယခုသမုတ်သော သိမ်မှုကား မပျက်ပါ။ အောင်မြင်မြဲ အောင်မြင်ပါသည်။ သို့သော် နောက်နောင်အတွက် အများကြီးမျှော်ကြည့်ရန်ဖြစ်ပါသည်။ ဤသို့မျှော်၍ ရှေးဆရာတော်တို့ ပြုမူကြသည်ကို လေးစားကြည်ညိုဖွယ်ရာ မြင်တော်မူကြရန်သာ ဖြစ်ပါသည်။ အကယ်၍ မူလသိမ်ကွက်ယူထားသည့်အတိုင်း သိမ်နိမိတ်ထား၍ သမုတ်လိုသည်ဖြစ်မူ (ဝိနယာလင်္ကာရ-ဋီ)နည်းအတိုင်း ညောင်စောင်း တစ်ခုစာ နှစ်ခုစာမျှ တိုးချဲ့၍နှုတ်ပါမှ အစစ စိတ်ချရမည်ဖြစ်ပါသည်။ ၎င်းကိုလည်း အသိအမြင်လွယ်အောင် ပုံစံ (၁၂) အနေနဲ့ပြပါမည်။ အထူးလေ့လာကြည့်ရန်သာဖြစ်ပါသည်''။

## ၂၉။ သီမန္တရိတ်ထားနည်း ကျမ်းဆိုမှီး

''ဒီစကားဝိုင်းမှာ အရှင်ဘုရားတို့အဖို့ သိမ်သမုတ်လုဆဲဆဲဖြစ်နေပြီဆိုတော့ ယခုသမုတ်မည့် နယ်သိမ်း သိမ်ရဲ့ အပိုင်းအခြားနှင့် သီမန္တရိတ်ခေါ် သိမ်အကြားအရပ်တို့ကို ကေန်သိဖို့ အရေးကြီးပါသည်။ သို့မှသာ ရေဆိုက-ရေနိမိတ်၊ ကျောက်ဆိုက ကျောက်နိမိတ်တို့ကို သတ်သတ်မှတ်မှတ် ပြုလုပ်နိုင်ပါမည်။ ထိုအချက်များကို ပုံစံ (၁၂)ဖြင့် ပြဆိုပါမည်။ အထူးစိတ်ဝင်စားစွာ လေ့လာကြည့်ရှုတော်မူရန်သာ ဖြစ်ပါသည်ဘုရား''။

ဤပုံစံ (၁၂) ကိုလေ့လာပါက အလယ်အကွက်မှာ သမုတ်တော့မည် ဖြစ်၍ ဗဒ္ဓသိမ်အမည်ကိုလည်းကောင်း၊ တစ်စိတ်တစ်နေရာဖြစ်၍ ငယ်သော ကြောင့် ခဏ္ဍသိမ်အမည်ကိုလည်းကောင်း၊ သမာနသံဝါသ ကမ္မဝါစာဖြင့် သမုတ် မည်ဖြစ်သောကြောင့် သမာနသံဝါသက သိမ်အမည်ဖြင့်လည်းကောင်း၊ အဝိပ္ပါသ ကမ္မဝါစာဖြင့်လည်း သမုတ်မည်ဖြစ်သောကြောင့် အဝိပ္ပဝါသသိမ်အမည်ကိုလည်း ကောင်း ရရှိတော့မည်ဖြစ်ပါသည်။ ထိုသိမ်(၄)ထောင့် (ဝ) ပြထားသော သင်္ကေတ မှာ အကယ်၍ ကျောက်နိမိတ်ပြုမည်ဆိုပါက အတွင်းကျောက်တိုင်အသားနှင့် ထောင့်အညီ အပြင်ဘက်တွင် ကျောက်တိုင်စိုက်ရန်ဖြစ်ပါသည်။

ပုံစံ (၁၂) သီမန္တရိတ်စသည်ပြပုံ




အကယ်၍ ရေ–နိမိတ်ဖြင့် ပြုမည်ဆိုပါကလည်း အတွင်းနှုတ်ခမ်းသားနှင့်အညီ အပြင်ဘက်ယူပြီး တွင်းတူးရန် ဖြစ်ပါသည်။ ရေနေအောင် စိတ်ချရအောင် (၂–၃)ရက် ကြိုတင်ပြီးတူး၍ ရေများ ခဏခဏ လောင်းထည့်ထားနိုင်ပါသည်။

မှတ်ချက်

နိမိတ်မကြားခင်သာ ရေထည့်နိုင်သည်။ နိမိတ်ကြားသည်မှစ၍ ထပ်ပြီး ရေမထည့်ရပါ။ ရေနေအောင်ဆိုပြီး အမျိုးမျိုးအဖုံဖုံ တွင်းကို မပြုလုပ်ရပါ။ ပုဇွန်တွင်း၊ ကြွက်တွင်း စသည်ရှိရင်တော့ ပကတိမြေရိုးရိုးဖြင့် ပိတ်ရ၏။

"အကယ်၍ ညောင်စောင်းကွက် ဆိုပါရင်လည်း အပြင်ဘက်ဆုံး ထောင့်ကို အပြင်နိမိတ်၊ ထိုမှ အတွင်းတစ်ကွက်ထောင့်ကို အတွင်းနိမိတ်ပြုရန် စီမံနိုင်ပါသည်။

သီမန္တရိတ်အမည်ဖြင့် မြားပြထားသော နေရာကွက်မှာ ယခု သမုတ်မည့်သိမ်နှင့် မဟာသိမ်နှစ်ခုတို့၏အကြားအရပ် (၀ါ) သိမ်အဆက်ဖြတ်ထားသော နေရာဖြစ်ပါသည်။ အဲဒီ သီမန္တရိတ် နေရာကွက်ကိုလည်း အရပ် (၄)မျက်နှာနှင့် ထောင့် (၄)ခု အရပ်တို့ကို သံယာများ (၁၀)ပါး (၂၀)ပါး စသည် ထိုင်၍ ရသလောက် အနည်းဆုံး သိမ်နှုတ်တစ်ကြိမ်စီနှုတ်သင့်ပါသေးသည်။ သို့မှ သိမ်အကြောဖြတ်နိုင်၍စိတ်ချရပါမည်။ အပြင်နိမိတ်ကိုလည်း ထောင့်(၄)ထောင့်တွင် အတွင်းနှုတ်ခမ်းသားနှင့်အညီ အပြင်ဘက်ကထား၍ စိုက်ထူရပါမည်။ (သတိ)ပြုရန်မှာ အပြင်နိမိတ်ကို နိမိတ်မကြားရပါ။ အတွင်းနိမိတ်ကိုသာ နိမိတ်ကြားရပါမည်။ ဤပုံစံ၌ နိမိတ်အတွင်း (၄)ခု၊ အပြင် (၄) ခုသာပြထားသော်လည်း အတွင်းနိမိတ် (၈)ခု၊ အပြင်နိမိတ် (၈)ခု ပြုနိုင်ပါသည်။ ဤကား ဒီကနေ့ပြုလုပ်စဉ်အရ ဖြစ်ပါသည်။ နိမိတ်မှာ(၃)ခုမှစ၍ နိမိတ်(၁၀၀)အထိပင် ထားနိုင်ကြောင်းကို (ပါစိတ္ထ–၄–၂၆၉)တွင် ညွှန်ပြထားပါသည်။

သီမန္တရိတ်၏ အပြင်ဘက် အကွက်ကျယ်မှန်သမျှမှာ ကျောင်းဝိုင်း သို့မဟုတ် ပကတိ–ဂါမသိမ် သို့မဟုတ် သမုတ်ထားက မဟာသိမ်ဖြစ်နိုင်ကြောင်းကို သိရန်ဖြစ်ပါသည်။ အကယ်၍ မဟာသိမ်အတွင်းမှာ တစ်စိတ်တစ်ပိုင်းယူပြီး သမုတ်သော သိမ်ဆိုပါက သီမန္တရိတ်နှင့် အပြင်နိမိတ်တိုင်များဟာ မပါလျှင်မဖြစ်ဘဲ စင်စစ်ပင်လိုအပ်လှပါသည်။ မဟာသိမ်မရှိဘဲ ဂါမသိမ်တွင် တစ်စိတ်တစ်နေရာကို သမုတ်ရာ၌ကား ထိုသီမန္တရိတ်နှင့် အပြင်နိမိတ်များ မပါလည်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်နိုင်သော်လည်း ရှေးရှေးဆရာများနှင့် အဋ္ဌကထာဆရာများတို့ပင် အများနှင့် မဆန့်ကျင်ဘဲ လုပ်ရိုးလုပ်စဉ်ကို အလေးထားပြီး အတွင်းနိမိတ်၏ အပြင် တည့်တည့်တွင် သီမန္တရိတ်များကို ပြုထုံးအနေဖြင့် စီမံကြပါသည်။ နိမိတ်

ကျောက်တိုင်များကိုလည်း (၃-၄)ခုဖြင့် သမုတ်နိုင်သော်ငြားလည်း အရပ်(၈) မျက်နှာအရှိအတိုင်း အတွင်းနိမိတ် (၈)ခု၊ အပြင်နိမိတ်(၈)ခုပင် အင်္ဂါပြည့်စုံအောင် ဆင်မြန်းထားကြသည်ကိုပင် အထက်အောက် မြန်မာပြည်အနှံ့ရှိ သိမ်တော်များ ကို မြင်တွေ့ရှုံမှုဖြင့်ပင် သိနိုင်ပါသည်။ ထိုသို့ အတွင်းနိမိတ်၊ အပြင်နိမိတ်မှာ သိမ်နှစ်ခု မစပ်မထိခြင်းသာလိုရင်းဖြစ်၍ လက်တစ်သစ်မျှ ခွဲပြီးထားက ဖြစ်နိုင် သော်လည်း အသိလွယ်ကူ၍ အမြင်ရှင်းစေရန်ရည်သန်ပြီး တစ်ထွာ တစ်တောင် နှစ်တောင် စသည်ခွာ၍ထားနိုင်ကြောင်းကို လက်တွေ့သိမ်အများကပင် ပုံပြဆရာ အနေရှိနေကြောင်းကို နည်းလမ်းညွှန်ပြထားသည်များအား မြင်တတ်ဖို့ပဲရှိကြောင်း ပါဘုရား''။

## ၃၀။ သိမ်သမုတ်ဖို့အတွက် ရှေ့သို့ဆက်

''ယခု အရှင်မြတ်တို့အဖို့ သိမ်သမုတ်သော ကံကို ဆောင်ရွက်ကြ ရတော့မည် ဖြစ်ပါသည်။ အဲဒီ သိမ်သမုတ်ကံသည် ရဟန်းအဘယ်မျှ ရှိပါမှ ဆောင်ရွက်နိုင်ပါသနည်းဟူမူ ရဟန်း (၄)ပါးမှစ၍ ရဟန်း(၁၀၀) ရဟန်း(၁၀၀၀) စသည် စသည် ဆောင်ရွက်နိုင်ပါသည်။ ဒီနေရာမှာက ငှက်မနားသိမ် ဆိုတဲ့ သာဓကတစ်ခုကို ကြုံတုန်း ပြောပါရစေနော်။ (ဝိနယာလင်္ကာရ-ပ-၃၆၀)နှင့် သာသနလင်္ကာရ (၁၁၀) တို့မှာ အရှင်မဟာရဋ္ဌသာရ၏ ဆရာဖြစ်တော်မူသော သီဟိုဠ်ရောက်ကြီးဟုကျော်ကြားတော်မူသည့် သီရိသဒ္ဓမ္မကိတ္တိဘွဲ့အမည်ရှိ ဆရာ တော်ဘုရားကြီးဟာ မိမိနှင့်တကွ ကျန်ရဟန်း(၃)ပါး ပေါင်း(၄)ပါးတည်းဖြင့်သာ မိမိ၏နေရာအနီး စစ်ကိုင်းတောင် ဥမင်သုံးဆယ်တောင်ထိပ်တွင် ငှက်မနားသိမ် ဟူသောအမည်ဖြင့် သမုတ်ခဲ့ပါသည်။ ရှာမှရှားသည့် (၄)ပါးသမုတ် သိမ်ဖြစ်၍ အလွန်ထူးဆန်းအံ့ဩဖွယ်ရှိပါပေစွ-အဟောဝတ. . . အဟောဝတ. . .

ထိုသို့ အံ့ဩဖွယ်ရာပင်ဖြစ်သော်လည်းပဲ တောင်ဖီလာဆရာတော်ကြီး ကမူ မိမိ၏ ဝိနယာလင်္ကာရကျမ်းတွင် ဤကဲ့သို့ ပြုလုပ်ခြင်းသည် ပကတတ် ရဟန်းကို အလွန်စိတ်ချသောကြောင့် ဖြစ်ဟန်ရှိသည်။ ပကတတ် ရဟန်းကို သိနိုင်ခဲရာကား (၄)ပါးထိုက်သောကံကိစ္စကို (၄)ပါးထက်များစွာ ပြုလုပ်ခြင်းသည် သာ သံသယကင်းရှင်းပြီး လုံးဝအပြစ်လွတ်နိုင်သောကြောင့် အထူးချီးမွမ်းထိုက် သည်ဟု ဆိုထားပါသည်။ ဤအဆိုအမိန့်သည် အလွန်ပင်သဘာဝကျပါသည်။

ကဲ- ဒီလိုဆို ယခုတပည့်တော်တို့ရဲ့ သိမ်သမုတ် ပင့်သံဃာက (၂၀)ကျော်ဆိုတော့ ဆရာတော်ကြီးများ နှစ်သက်နိုင်လောက်တဲ့နည်းကို ဦးနာဂသေနက ဆောင်ရွက်ပြီးဖြစ်နေမှပဲ မလိုတော့ဘူးပေါ့။ ဒါဆိုရင် ဦးကိတ္တိက နိမိတ်စောင့်ပုဂ္ဂိုလ် (၈)ပါးကို ရွေးပေးပါဦး၊ တပည့်တော်က နိမိတ်ကြားပုဂ္ဂိုလ် (၅)ဦးလောက် ရွေးပါဦးမယ်နော်. . .''။ ''မှန်လှပါ ဘုရား''။

## ၃၁။ နိမိတ်စောင့် နိမိတ်ကြား အရေးထား

''အရှင်မြတ်တို့ဘုရား၊ ယခု တပည့်တော်တို့ နယ်သိမ်း-ဗဒ္ဓသိမ်သမုတ် ရန်အတွက် အလွန်နီးကပ်သောအချိန်သို့ ရောက်နေပြီဖြစ်ပါတယ်။ ထိုသိမ်ကို ရောရှောရှုရှုအောင်မြင်ရေးမှာ ကင်္ခါအဋ္ဌကထာပြဆိုချက်အရ အင်္ဂါ(၃)ပါးရှိရာ။

၁။ (ကောဒသဝိပတ္တိ သီမာယော အတိက္ကမိတ္ဝာ) အရ (ကြီးငယ်-ကျိုးရိပ်-အနိမိတ် ဗဟိဒ်တည်သမုတ်။ အိုင်-သမုတ်-မြစ်-စပ်လွှမ်းလစ်။ ဆယ့်တစ် သိမ်ပျက်ဆုတ်) ဟူသော ဝိနယသံစိပ်လာ သိမ်ပျက်(၁၁)မျိုးမှကင်းရှင်းစေရန် နည်းစုံသွင်း၍ အကြိမ်ကြိမ် နှုတ်ခြင်းနှင့်တကွ၊ ရှောင်သင့်သည်တို့ကို ရှောင်လာခဲ့ပြီးဖြစ်၍ အဲဒီ နံပါတ်(၁)အင်္ဂါနှင့်လည်းပြည့်စုံပြီဟု ဆိုနိုင်ပြီပေါ့နော်။

၂။ (တိဝိသေမ္ပတ္တိယုတ္တာ) အရ (နိမိတ်ပရိကံ သုံးဖြာမှန်-ကောန်သမ္ပတ္တိ)နှင့်အညီ နိမိတ်၏ပြည့်စုံခြင်း၊ ပရိသတ်၏ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ပြည့်စုံခြင်းတို့လည်း အရေးပါလှပေသည်။

၃။ ထိုမှတစ်ဖြာ (နိမိတ္တေန-နိမိတ္တံသမ္မန္နိတ္ဝာ သမ္မတာ)အရ နိမိတ်ခြင်း စပ်အောင်ကြား၍ သမုတ်ခြင်းဟူသော အင်္ဂါ(၃)ပါးနှင့် ညီညွတ်ပါမှ အပြစ်ကင်းစင်ပြီး အောင်မြင်သောသိမ်ဖြစ်လာရပေမည်။

သို့ဖြစ်ရာ နိမိတ်-နိမိတ် ဟူသော စကားသည် နေရာများစွာယှုလျှက်ရှိနေသည်ကို တွေ့ရတယ်ပေါ့။ အဲဒီ နိမိတ္တ-နိမိတ်ရဲ့ အဓိပ္ပာယ်ကတော့ သိမ်၏အပိုင်းအခြား အမှတ်အသားဖြစ်သော ဝတ္ထုကို ဒီနေရာမှာ နိမိတ်ဟု ဆိုလိုရင်း အနက်ပဲပေါ့။ အဲဒီနိမိတ်အမှတ်အသား ဝတ္ထုများဟာ (တောင်-ကျောက်-တော-သစ်-လမ်း-မြစ်-တောင်ပို့-မြစ်ရေ တို့မှတ်ဖို့ နိမိတ်ရှစ်) အချုပ်

ပြထားတဲ့ ကခ်ါဘာသာဋီကာစကားကို အနည်းငယ်ရှင်းကြစို့ဆိုပါရင် (၁)တောင် နိမိတ် (၂)ကျောက်နိမိတ် (၃)တောနိမိတ် (၄) သစ်ပင်နိမိတ် (၅) လမ်းနိမိတ် (၆) တောင်ပို့နိမိတ် (၇) မြစ်နိမိတ် (၈)ရေနိမိတ် ရှစ်မျိုးပေပဲပေါ့။

အဲဒီ နိမိတ်(၈)မျိုးတွင် ဒီကနေ့ အသုံးတွင်ကျယ်နေတာကတော့ ကျောက်နိမိတ်၊ ရေနိမိတ်(၂)မျိုးပဲပေါ့။ ဒါ့ကြောင့် ဒီမှာလည်းပဲ ကျောက်နိမိတ်နဲ့ ရေနိမိတ်တို့အကြောင်းကို အရှင်ဘုရားတို့အား အနည်းငယ် လျှောက်ထားပါရစေနော်။ အခု တပည့်တော်တို့ သမုတ်မယ့်သိမ်ကလည်း ကျောက်နိမိတ်နဲ့ သမုတ်မှာဆိုတော့ အဲဒီ ကျောက်နိမိတ်က အယူအဆ အာစရိယဝါဒတွေ တော်တော်လေးများတယ်။ ရှေးကအသုံး (၃၂)ပိုလ်ဆိုတဲ့ အရင်းခံကို တစ်ပိုလ် (၄-၅-၁၀-၄၀-၅၀ သားနှင့် တစ်ပိဿာဟု အသီးသီးဝါဒ (၆)မျိုးရှိရာ နားထဲ ထွေးပြီး စာနယ်ကျယ်မှာစိုးလို့ ရှင်းတော့မပြတော့ဘူး။ သိလိုရင်တော့ ဆိုင်ရာ ဆိုင်ရာ စာတွေထဲဘဲ ရှာကြည့်ကြပေါ့နော် (သိမ်မျိုးစုံဘာသာဋီ-၄၅)နှင့် (သိမ် သင်တန်း ၂၉)တို့မှာ အလွယ်ဆုံးတွေ့နိုင်တယ်ပေါ့။ အဲဒီ (၃၂)ပိုလ်အလေးချိန်ရှိတဲ့ တင်လဲခဲပမာဏရှိတဲ့ ကျောက်ဖြစ်ရမယ်တဲ့။ အထက်ပါဝါဒ ၄ သား၊ ၅ သား စသည် ဝါဒအားလုံးသည်ပင် ဝိပ္ပတ္တိမဖြစ်နိုင်ဟု ဆုံးဖြတ်ချက်ချတော်မူကြပါ တယ်တဲ့ မှန်နိုင်ပါသည်''။

## ဝါးသွေးကျောက်ပုံပြင်

''တစ်ခါတုန်းက မိုးတားမြို့၊ ဘုရားကြီးကျောင်းတိုက်တွင် ရေနိမိတ်ဖြင့် သမုတ်ရာ တွင်းတစ်ခု ရေမနေ၍ ယနေ့ခေတ်သုံး ကျောက်တိုင်ကို နိမိတ်ပြုခဲ့ ကြောင်းနှင့် ထို့အပြင် ရွှေဂူမြို့၊ အင်ကြင်းတောရသိမ်ကိုလည်း ဝါးသွေးကျောက်ကို နိမိတ်ပြု၍ မန်လည်ဆရာတော်ဘုရားကြီးကိုယ်တိုင် ကျင့်သုံးခဲ့တဲ့ အစဉ်အလာ ရှိခဲ့တယ်လေ။ ဒါ့ကြောင့် မိမိတို့ကိုယ်တိုင် ကျေနပ်စိတ်ချလောက်တဲ့ ကျောက် ပမာဏကိုသာ ပြုရုံပေါ့နော်''။

## ကျွဲလှည်းနဲ့ကျောက်

''တစ်ခုပြောရန်ရှိသေးတယ်။ မင်းကွန်းတိပိဋကက ဆရာတော်ဘုရားကြီး ဟာ မိမိရဲ့ မြင်းခြံမြို့နယ်၊ ကျီးပင်ရွာကျောင်း သိမ်သမုတ်ရာ ကျောက်ခဲကြီး

တစ်လုံးကို ကျွဲလှည်းတစ်စီးနှင့် တင်၍ယူလာရာ ကျွဲကြီးတွေ မနည်းရုန်းရတယ် ဆိုပဲ။ ဒီတော့ ဆရာတော်ဘုရားကြီးက ကျောက်တုံးနားသွားရပ်ပြီး ကျောင်းနေ အာဝါသိကကို 'မောင်ဥတ္တမ–ရ အလုပ်ဆိုတာ မိမိရော သူတစ်ပါးပါ သံသယ ကင်းအောင်လုပ်တာဟာ အကောင်းဆုံးကွ' ဟုပြောခဲ့သည်ကို ဦးဥတ္တမမှတစ်ဆင့် တပည့်တော်ကြားသိရတယ်ပေါ့ဘုရား။ ဒါဟာလည်း အစစအရာရာမှာ ရှိသေ လေးစားလိုက်နာတတ်တဲ့ ဝါသနာနှင့်အညီ ဂရုကိုယူပြီး ပြုမူတတ်သော ထိုဆရာတော်ဘုရားကြီးအား ဦးညွတ်ကန်တော့ပါ၏လို့နော်။

ကိုင်း–ရေနိမိတ်ကိုသိဖို့လိုတယ်။ အသုံးများတဲ့ ရေနိမိတ်အကြောင်းလဲ သိသင့်တယ်ပေါ့နော်။ ရေဆိုတဲ့နေရာမှာ အိုးခွက်၊ စည်ပိုင်း၊ အုတ်ကန် စသည့် တခုခုပြုလုပ်ထားတဲ့ အရာဝတ္ထုနဲ့တည်နေတဲ့ ရေကို အသုံးမပြုရဘူးနော်။ သဘာသဝမြေမှာတည်တဲ့ မစီး, မသွားတဲ့ တွင်း၊ အိုင်၊ လေးထောင့်ကန်၊ တစ်ဘက်ဆည်ကန်၊ ဆားငံချောင်း စသည့်ရေနှင့်ယုတ်စွအဆုံး ဝက်လူး, ဝက်တူးရေအိုင်၊ ကလေးကစားတဲ့ရေအိုင်၊ သိမ်သမုတ်ခါနီးမှ တူးအပ်သော ရေတွင်း ဖြစ်စေအပ်ပါတယ်။ သမာန သံဝါသက ကမ္မဝါစာအဆုံးအထိ ရေ အနည်းငယ်ရှိတည်နေမယ်ဆိုပါက ရေနိမိတ်အတွက် ပြည့်စုံအောင်မြင်သည် ဟု မှတ်ရမယ်လေ။ ဆရာတော်ကြီးများ အစဉ်အဆက်အားလုံးလိုလိုပင် အငြင်း အခုံ ဝါဒကွဲမရှိသော ရေနိမိတ်ကိုပင် အလွန်နှစ်နှစ်သက်သက် အသုံးများခဲ့သည် ကို တွေ့ရပါသည်။ ထိုကဲ့သို့ ရေဖြင့်သမုတ်ပြီးပါမှ အမှတ်အသား မပျောက် အောင်ဆိုပြီး သစ်သားတိုင်၊ ကျောက်တိုင် စသည်ကို နှစ်သက်သလို ပြုတော် မူကြပါသည်။ ဩော်. . . ဦးကိတ္တိ ဘာများလျှောက်ထားစရာရှိလို့လဲ''။ ''မှန်လှပါ နိမိတ်စောင့် သံဃာစာရင်းပါဘုရား''။ ''ဩော်. . . ဟုတ်ပေသားပဲ မှန်း ပြစမ်း ပါဦး''။

| | | |
|---|---|---|
| ၁။ | တနင်္ဂနွေ | အရှေ့မြောက်ထောင့်အရပ်။ |
| | | ဦးအဂ္ဂနန္ဒ၊ ချမ်းအေးတောရကျောင်း။ |
| ၂။ | တနင်္လာ | အရှေ့တည့်တည့်။ |
| | | ဦးခေမိန္ဒ မစိုးရိမ်၊ မန္တလေး။ |
| ၃။ | အင်္ဂါ | အရှေ့တောင်ထောင့်။ |
| | | ဦးဇောတိပါလ၊ ချမ်းအေးတောရကျောင်း။ |

၄။ ဗုဒ္ဓဟူး တောင်တည့်တည့်။
ဦးဝိမလ၊ အထက်နိဗ္ဗန္ဒ၊ ပြည်မြို့။
၅။ စနေ အနောက်တောင်ထောင့်။
ဦးဓမ္မပီယ၊ ချမ်းအေးတောရကျောင်း။
၆။ ကြာသပတေး အနောက်တည့်တည့်။
ဦးဂန္ဓမာ၊ နိကာယ်၊ တောင်ဒဂုံ၊ ရန်ကုန်။
၇။ ရာဟု အနောက်မြောက်ထောင့်။
ဦးဝိဇယ၊ ကုံကော်ကျောင်း၊ ကျိုက္ကော်။
၈။ သောကြာ မြောက်တည့်တည့်။
ဦးဆေကာနန္ဒ၊ ချမ်းအေးရိပ်သာကျောင်း၊ ရန်ကုန်။

"နေ့နံအလိုက် စေ့အောင်မရလို့ ဖြစ်နိုင်တဲ့နည်းနဲ့ပဲ ရွေးကောက်ထားရပါတယ်ဘုရား ဖြစ်တယ်မဟုတ်လား ဆရာတော်"။

"ဖြစ်ပါတယ်လေ. . . အဲဒါက လောကီကျင့်ထုံးတွေပါ။ ညီလည်း ညီပေါ့။ မညီတော့လည်း ရနိုင်ပါတယ် အပြစ်မရှိပါဘူး"။

"နိမိတ်ကြားမယ့် ဆရာတော်တွေတောင် တပည့်တော် အခုမှပဲ စာရင်းပြုရတော့မယ်"။

၁။ ဆရာတော် ဦးသီလာစာရ — သိမ်ကုန်းကျောင်း သဲကုန်းမြို့က အရှေ့အရပ်မှစ၍ ကျောက်နိမိတ်ကြားတော်မူရန်ပါ ဘုရား။

၂။ ဆရာတော် ဦးဝိလာသ — ဇီးဖြူကုန်းကျောင်းတိုက် ဒါးပိန်မြို့က တောင်အရပ်မှစ၍ ကျောက်နိမိတ် ကြားတော်မူရန်ပါ ဘုရား။

၃။ ဆရာတော် ဦးနာဂသေနာဘိဝံသ — ချမ်းအေးတောရကျောင်း၊ အနန်းကုန်းက အနောက်အရပ်မှ စ၍ ကျောက်နိမိတ်ကြားရန်ပါ ဘုရား။

၄။ ဆရာတော် ဦးပညာသီရိ — ရွှေဝါဝင်းကျောင်း မြတောင်တိုက် မန္တလေးက မြောက်အရပ်မှစ၍ ကျောက်နိမိတ်ကြားရန်ပါ ဘုရား။

၅။ ဆရာတော် ဦးဖိနဝရ ခဆောင်းရွာကျောင်း မော်ကျွန်းက အလယ်မှနေ၍ အရှေ့အရပ်မှ စကာ ကျောက်နိမိတ်ကြားရန်ပါ ဘုရား။

"အရှင်ဘုရားတို့ အခုလို နိမိတ်စောင့်၊ နိမိတ်ကြားပုဂ္ဂိုလ်များ စုံစုံညီညီ ရှိနေတုန်းမှာ တပည့်တော် သတိပေးစကားလေး အနည်းငယ်မျှပြောပါရစေနော်။ ဒါလည်း ပညာရှိသတိဖြစ်ခဲ့ ဆိုထုံးအရ ကျင့်သုံးမှု သဘောပဲပေါ့။ ပထမ နိမိတ်စောင့်ဆိုတဲ့နေရာမှာ လူဖြစ်စေ၊ သာမဏေဖြစ်စေ၊ ရဟန်းဖြစ်စေ စောင့်နိုင်တယ်ပေါ့။ ဒုတိယ ဘယ်နေရာကနေ ဘယ်ပုံနေရမလဲဆိုပါရင် အတွင်းနိမိတ်၏ အပြင်ဘက်တွင် ထိုင်၍ဖြစ်စေ၊ ရပ်၍ဖြစ်စေ နေထိုင်နိုင်ပါတယ်။ နိမိတ်ကြား ပုဂ္ဂိုလ်က ကြားလိုက်၊ မေးလိုက်သည့်အခါ နိမိတ်၏အရှိအတိုင်း ဖြေရုံပဲဖြစ်ပါ တယ်ပေါ့။ ဥပမာ–ရေနိမိတ်ဖြစ်ခဲ့ရင် (ဥဒကံ–ဘန္တေ)ပါဠိလို မြန်မာလိုဆိုပါက (ရေပါဘုရား) ပါဠိ အနက်တွဲ ဖြေဆိုလိုပါက (ဘန္တေ–အရှင်ဘုရား၊ ဥဒကံ– ရေပါဘုရား) ကြားပြီးအဆုံးမှာ (အာမဘန္တေ)ပါဘုရားဟု ဆိုရုံသာဖြစ်ပါတယ်ပေါ့။ (အာမဘန္တေ ဟုမဆိုဘဲလဲရပါသည်)။ အကယ်၍ ကျောက်နိမိတ်ဆိုပါကလည်း ပါဠိလို (ပါသာဏော ဘန္တေ) မြန်မာလို (ကျောက်ပါဘုရား) ပါဠိ အနက်တွဲလိုက (ဘန္တေ–အရှင်ဘုရား၊ ပါသာဏော– ကျောက်ပါဘုရား)ဟုဆိုရုံသာဖြစ်တယ်ပေါ့။

နိမိတ်ကြားပုဂ္ဂိုလ်ကတော့ လူ,သာမဏေများ ပြုလုပ်ခွင့်မရှိပါ။ ရဟန်း ကသာလျှင် နိမိတ်ကြားမှုကို ပြုနိုင်ပါသည်။ ကြားသောအခါတွင်လည်း နိမိတ် ၏အနီးအရောက်သွားပြီး နိမိတ်အတွင်းကနေပြီး ကြားရမည်။ ထို့အပြင် သိမ်၏ အလယ်မှနေ၍လည်း ကြားနိုင်ပါသည်။ နိမိတ်ကြား၊ နိမိတ်ဖြေ နှစ်ဦးစလုံးပင် သိမ်အတွင်း သံဃာတော်များအလယ်မှာနေ၍လည်း ကြားနိုင်၊ ဖြေနိုင်ပါတယ်ပေါ့။

ကဲကဲ. . . အရှင်ဘုရားတို့ တပည့်တော်တို့တွေ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုတဲ့ စကားနှင့်အညီ လက်တွေ့ ကြားပုံ၊ ဖြေပုံ ပြုလုပ်ကြစို့ရဲ့နော်။ ကြားတဲ့ အရပ်မျက်နှာမှာ ဘယ်အရပ်ကစစ ကြိုက်ရာ အရပ်ကစ၍ ကြားနိုင်ပါ တယ်။ အဲ. . . အရေးကြီးတာက အဲဒီ စကြားတဲ့အရပ်ကို ပြန်ထပ်အောင် စပ်အောင်ကြားမှုကတော့ အဓိကပဲနော် (နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတ္ဝာ)လို့ စာဆိုရှိတယ်မဟုတ်ပါလား။

ကိုင်း– ဒါဆို ကျောက်နိမိတ်ထားပြီး အရှေ့အရပ်ကစပြီး ကြားကြ၊ ဖြေကြစို့ရဲ့''။

နိမိတ်ကြား ဝိနည်းဓိုရ်က မေးရန်

ပါဠိလို

၁။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ ဧသော ပါသာဏောနိမိတ္တံ

မြန်မာလို

အရှေ့အရပ်၌ အဘယ်နိမိတ်နည်း အဲဒီကျောက်သည်နိမိတ်

ပါဠိ + အနက်

ဗဇ္ဈာဟ႑ာယ– ယခုအဟုတ် ဘွဲ့သမုတ်အပ်သော။ ဣမိဿာ သီမာယ ချမ်းအေးမည်ပြု (ရွှေရတု)ဖေါ်ညွှန်း မော်ကွန်းထင်ပေါ် ဤသိမ်တော်၏ ပုရတ္ထိမာယ–ဒိသာယ တနလ်ာဆို ကျားဖိုလ်မင်းမြတ် မြဲစောင့်အပ်သော အရှေ့မျက်နှာ၌ နိမိတ္တံ–ဤသိမ်နယ်ကို ပိုင်းခြား သတ်မှတ်ကြောင်းဖြစ်သော နိမိတ်အမြတ်သည် ကိံ–တောင်–ကျောက်–တော–သစ်–လမ်း–မြစ်–တောင်ပို့–မြစ်ရေတို့စင် ဤရှစ်ခွင်တွင် ဘယ်လျှင်စင်စစ် ဖြစ်သနည်း။

နိမိတ်စောင့်က ဖြေရန်

ပါဠိလို

= ပါသာဏော ဘန္တေ

= အာမဘန္တေ

မြန်မာလို

= ကျောက်ပါဘုရား

= မှန်လှပါဘုရား

ပါဠိ + အနက်

=ဘန္တေ–အရှင်ဘုရား ပါသာဏော ကျောက်သား ခဲလစ် စင်စစ် ဖြစ်ပါသည် ဘုရား

| | |
|---|---|
| ဿောပါသာဏော မယိမ်းမယိုင် | =(အာမဘာဒ္ဓေ– သာဓုဘာဒ္ဓေ) |
| နိုင်ထက်နိုင်သည့် ဤကျောက်တိုင် | ကြိုက်ရာဆိုပါလေ– |
| သည် နိမိတ္တံ–ချမ်းအေးမည်ပြု | ဘာမျှမဆိုဘဲလဲ ရသည် |
| (ရွှေရတု)ခေါ်ညွှန်း မော်ကွန်းထင်ပေါ် | |
| မြတ်သိမ်တော်၏ မှတ်သားကြောင်း | |
| နိမိတ် (တုလျလိင်္ဂ)သာ (သတိ)နိမိတ် | |
| တည်း စသည် ကြိယာသံလုံးဝမပါစေရ | |

| နိမိတ်ကြား ဝိနည်းဓိုရ်က မေးရန် | နိမိတ်စောင့်က ဖြေရန် |
|---|---|
| ၂။ အရှေ့တောင်အရပ်ဖြစ်မှု | |
| ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |
| ၃။ တောင်အရပ်ဖြစ်မှု | |
| ဒက္ခိဏာယ ဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |
| ၄။ အနောက်တောင်အရပ်ဖြစ်မှု | |
| ဒက္ခိဏာယ အနုဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |
| ၅။ အနောက်အရပ်ဖြစ်မှု | |
| ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |
| ၆။ အနောက်မြောက်အရပ်ဖြစ်မှု | |
| ပစ္ဆိမာယ အနုဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |
| ၇။ မြောက်အရပ်ဖြစ်မှု | |
| ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |
| ၈။ အရှေ့မြောက်အရပ်ဖြစ်မှု | |
| ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |
| ၉။ အရှေ့အရပ်ဖြစ်မှု | |
| ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ | ( ။ ) အာမဘာဒ္ဓေ |

မှတ်ချက်။ ။ဤကဲ့သို့ ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ၊ ပါဠိ+အနက်တွဲလျက်
ဖြစ်စေ ကြားနိုင် ဖြေနိုင်ပါသည်။

အကယ်၍ ရေနိမိတ်ဖြစ်လျှင်ကား–

၁။ အရှေ့အရပ်ဖြစ်မှု

| | |
|---|---|
| ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ | ဥဒကံ ဘန္တေ |
| တေံ ဥဒကံ နိမိတ္တံ | အာမဘန္တေ |

၂။ အရှေ့တောင်အရပ်ဖြစ်မှု

| | |
|---|---|
| ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ | ဥဒကံ ဘန္တေ |
| တေံ ဥဒကံ နိမိတ္တံ | အာမဘန္တေ |

စသည် စသည် ပါဠိ မြန်မာ အနက် ကြိုက်ရာဆို၍ ကြားနိုင် ဖြေနိုင်ပါသည်။ ဤကဲ့သို့ နိမိတ်(၈)လုံးမထားဘဲ (၄)လုံးထားလဲ ဖြစ်နိုင်ပါသည်။

## ၃၂။ တေံ–ဣမံ ပြင်ကြပြန်

"ကဲ–ဒါဆို နိမိတ်ကြား၊ နိမိတ်ဖြေနှင့်ဆိုင်ရာကတော့ ပြီးပြည့်စုံလောက်ပြီပေါ့ဘုရား။ ဒီနေရာမှာ ကြုံကြိုက်တုန်းမို့ (တေံ)ဆိုတဲ့ နိမိတ်ကြားစာသားကို (ဣမံ)ဟု ပြင်သင့်မပြင်သင့် အနည်းငယ်ပြောလိုပါတယ်ဘုရား။ ထိုထို ပါဠိတော်လာရင်းရှိသည့်အတိုင်း အဓိပ္ပာယ်ယူလို့ရပါက ပါဠိစာသား ဘုရားရှင်ရဲ့ စကားတော်ကို မပြင်တာက အကောင်းဆုံးပါဘုရား (အနီး–ဣမ၊ ဝေးမှာ–တ၊ တေ–မနီးမဝေးတည်း) ဟူသော သဒ္ဒါဆရာတို့ရဲ့ အဆိုကို ကေန်ကေ မမှတ်ယူသင့်ပါ။ သာဓကကိုပြရသော် ဣတိဝုတ်အဋ္ဌကထာတွင် တေသဒ္ဒါသည်–

၁။ အာသန္နပစ္စက္ခတ္တ – အနီးမျက်မှောက်–အနက်

၂။ ဒူရပရမ္မုခတ္တ – အဝေးမျက်ကွယ်–အနက်

ဟူ၍ နှစ်မျိုးဟောနိုင်ကြောင်းကိုလည်းကောင်း၊ ကေနိပါတ်မင်္ဂလဇာတ်(၁၅)နှင့် ကုသနာဠိဇာတ် (၈၈)တို့တွင် တေ–သဒ္ဒါ အနီးဟောကိုပြဆိုပြီး ကုရုင်္ဂမိဂဇာတ်(၁၉၀)တွင်မူ တေန္တိ–ဣဒံ ဟုလည်းကောင်း ဖွင့်ဆိုမှုများနှင့်တကွ။ အရှင်ဘုရားတို့ ငယ်စဉ်က ဆိုလာရခဲ့သော တေဒဟောသိ၊ တေ ဒင်္ဂါဇ သတ္တာ၊ တေံမင်္ဂလမုတ္တမံ တို့ကို စိတ်နဲ့ တိုးတိုးလေးအနက်ဆိုကြည့်ပါက မိမိဘာသာမိမိ အဓိပ္ပာယ်သိရှိနိုင်ပါလိမ့်မည်။ ထို့အပြင် ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့သည့် (ဝိ–၃–၁၄၉) သမာနသံဝါသ သိမ်နှုတ်ကမ္မဝါစာမှာ မိမိတို့ဖိထိုင်နေလျက်ဖြင့်ပင် (တံ–သိမံ–သမုဟနေယျ) စသည်ရွတ်ဆိုနေကြရာ ဒီထက်နီးသော

နေရာရှိပါမှပဲ (တေ)ကို (ဣမ)ပြင်တော်မူကြပါလို့သာ လျှောက်ထားပါရစေ တော့ဘုရား''။

မှတ်ချက်။ ။တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ဆိုသကဲ့သို့ (အနီး-အဝေး) နှစ်မျိုး စလုံးပြီးနိုင်သော ဘုရားဟောမူရင်း (တေ)သဒ္ဒါကို ထိန်းသိမ်းကြပါစို့ ဘုရား။

## ၃၃။ ဆန္ဒ ခံယူ ကြည်ဖြူ သာသနာ တိုးတက်ရာ

''ဦးနာဂသေန ဆန္ဒဆောင်ယူဖို့ရာအတွက် ဘယ်ရဟန်းငယ်များကို တာဝန်ယူဖို့ ပြောထားပါသလဲ ဘုရား''။

''ဦးဇောတိပါလနဲ့ ဦးဓမ္မပီယ နှစ်ပါးတို့ကို တာဝန်ယူဖို့ ပြောထားပြီး ဖြစ်ပါတယ်ဘုရား''။

''ကဲ-ဒါဆို ဆောင်ယူသွားကြမည့် ပုဂ္ဂိုလ်များကို တပည့်တော် အထူး မှာစရာလေးတွေရှိတယ်။ ခဏသည်းခံပြီး နာယူမှတ်သားပါဦးနော်။ သိမ်က နယ်သိမ်သမုတ်ရမှာဆိုတော့ ဒီ ချမ်းအေးတောရနှင့်တကွ ဆိုင်ရာအုပ်စုမှာရှိတဲ့ ရဟန်းတော်မှန်က အလုံးစုံသိမ်သမုတ်စဉ်မှာပါဝင်စေရမယ်။ အကယ်၍ အကြောင်း တစ်စုံတစ်ခုရှိလို့ မကြွမလာနိုင်ပါက ထိုရဟန်းတို့ထံမှဆန္ဒကို ဆောင်ယူကြားမှု ပြုရတယ်။ ယုတ်စွအဆုံး အမြဲဒီအုပ်စုထဲနေတဲ့ ရဟန်းသာ မဟုတ်သေး။ အခု နေ့၊ ည နာရီမှာ ကြွဝင်လာတဲ့ အာဂန္တုရဟန်းပင်ဖြစ်စေ ပင့်ရ(သို့မဟုတ်)ဆန္ဒ ယူရတယ်။ သို့မှလည်း ဒီသိမ်သမုတ်မှုဟာ အပြည့်အဝအောင်မြင်မှုရှိနိုင်မယ်ပေါ့။ ဒါကြောင့် အရှင်ဘုရား ဆိုင်ရာကျောင်းတိုက်နှင့် ဆိုင်ရာဆရာတော်များထံ မှောက်သို့ ရောက်တဲ့အခါမှာ ကြို့ကြို့ယို့ယို့နဲ့ နိမ့်ရာအရပ်မှာထိုင်ပြီး ငယ်စဉ်က အရှင်ဘုရားတို့ ဆရာက သင်ပြပေးလိုက်တဲ့ (ခြေ တံတောင် ဒူး လက် နဖူး၊ ငါးဦး ဘိစေ ရှိခိုးလေ)ဆိုတဲ့ စာညွှန်းအတိုင်းထိုင်ပြီး (လက်နှစ်ဖက်၊ ဒူး၊ နဖူး မြေသား၊ ထိခြင်းငါး၊ မှတ်သား ဦးချပုံ)ဆိုတဲ့ စာကဗျာနှင့်အညီ ဦးချပြီးပါမှ တပည့်များရဲ့ အနန်းကုန်းရွာ၊ ချမ်းအေးတောရကျောင်းတိုက်အတွင်း အခု ည (၉-၁၀)နာရီခန့်မှစ၍ နယ်သိမ်းသိမ်သမုတ်မည်ကို အရှင်မြတ်ဘုရားတို့မှ ဆန္ဒ ပေးတော်မူကြပါဘုရားဟု ရိုရိုသေသေ လျှောက်ထားရမည်နော်။ ဒီလိုမှာရတာ အကြောင်းထူးရှိခဲ့ဖူးတယ်လေ. . . ဖြစ်ရပ်ကတော့. . .။

အလှူပွဲကြွမှ သိမ်သမုတ်ရတဲ့

တစ်ခါက တောရွာတစ်ခုမှာ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး ကြီးမှူးပြုလုပ်တဲ့ နယ်သိမ်းသိမ် သမုတ်ရန်အတွက် စီမံမှုပြုကြရာတွင် အဲဒီ အုပ်စုအတွင်းရှိ ရဟန်းတစ်ပါးဟာ အဲဒီ သိမ်သမုတ်တဲ့ကျောင်းက ပုဂ္ဂိုလ်နဲ့ စည်းမကိုက်ဖြစ်ပြီး ပင့်လည်းမကြွ၊ ဆန္ဒလည်းမပေး၊ ရှောင်ထွက်ပြီးလည်းမသွား ဘဲ ပေခံနေရာ၊ အဲဒီအကြိမ် သိမ်သမုတ်မှုရပ်ဆိုင်းလိုက်ရပြီး ဆရာတော်ကြီးဟာ မိမိအားတဲ့ရက်ကို ကျောင်းခံဘုန်းကြီးနှင့် နှစ်ကိုယ့်တစ်စိတ်စီမံပြီး ထိုဆန္ဒမပေး သော ဘုန်းကြီးကို ခရီးဝေး ညဥ့်အိပ်သွားရမယ့်အရပ်က အလှူပွဲပင့်တယ်ဆိုပြီး၊ အဲဒီဘုန်းကြီး အလှူပွဲကြွသွားတဲ့ညကျမှဘဲ သိမ်သမုတ်ပွဲကျင်းပရာ အောင်အောင် မြင်မြင်ဖြစ်သွား၍ ဩော်. . . ဦးဝိစိတ္တဟာ စာတတ်ရုံတင် မဟုတ်ဘူး၊ အရာ အားလျော်စွာ တော်တော်ပဲ ပါးနပ်လိမ္မာပါပေတယ်ဟု ကျောင်းခံဆရာတော်ကြီး မှ ချီးမွမ်းပြောဆိုသောဟူ၏။

ဒါလည်းပဲ မှတ်သားထိုက်တဲ့ ဖြစ်ရပ်အမှန်ပဲပေါ့။ ဒါကြောင့် ပညာရှင်များ အဆိုက (ဆင်၊ ကလေး၊ မ၊ ရာဇ၊ ရဟန်း၊ ဤငါးခန်း၊ ချော့စမ်းမှန်သိပညာရှိ) တဲ့။ အချော့ကြိုက် ငါးဦးမှာ– ဆင်၊ ကလေးငယ်၊ အမျိုးသမီး၊ မင်း၊ ရဟန်းဆိုပဲနော်။ ဒါတွေက စပ်မိလို့ပြောနေတာပါ။ တကယ်ကတော့ ဒီနေ့ခေတ်မှာ အစစဖွံ့ဖြိုး တိုးတက်တဲ့ခေတ်ဆိုတာ ပုဂ္ဂိုလ်တိုင်း သဘောပေါက်ပြီးဖြစ်လို့ ကျဉ်းမြောင်းလှတဲ့ အယူအဆအစွဲအလမ်းတွေ အားလုံးလိုလိုပျောက်ပြီးဖြစ်လို့ ဒါလောက် ခက်ခဲမှု မရှိတော့ပါဘူး ဒီသိမ်သမုတ်တဲ့ အလုပ်ဟာလည်း တစ်ဦးတစ်ယောက် အတွက် မဟုတ်ဘူး အများအတွက်၊ တစ်သာသနာလုံးအတွက် ဆိုတာ သဘောရော မနောပါ ပေါက်ပြီးဖြစ်ကြတယ်ပေါ့။ အဲ. . . ဒါပေမဲ့ လိုအပ်ရင် ဖြည့်စွက်ဖို့အတွက် အရှင်ဘုရားတို့က ဆန္ဒပေးပုံ၊ ဆန္ဒကြားပုံများကိုတော့ သတိပြုပါဦးနော်"။

ဆန္ဒပေးပါဠိ

ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ။
(၃)ကြိမ်

ဎင်းအနက်

ဆန္ဒံ–ဆန္ဒကို။ ဒမ္မိ–ပေးပါ၏။ မေ–၏။ ဆန္ဒံ–ဆန္ဒကို။ ဟရ–

သံဃာသို့ဆောင်ပါလေ။ မေ-၏။ ဆန္ဒံ-ဆန္ဒကို။ အာရောစေဟိ-သံဃာအား လျှောက်ပါလေ။

ၑင်းမြန်မာလို

ဆန္ဒပေးပါ၏။ တပည့်တော်ဆန္ဒကိုဆောင်ယူပြီး သံဃာအား လျှောက်ထားပါ ဘုရား။

ၑင်းအတို

တပည့်တော် ဆန္ဒပေးပါတယ်လို့ သံဃာအားလျှောက်ပါ ဘုရား။

"အဲဒီ ဆန္ဒပေးနည်းများတွင် ကြိုက်ရာတစ်ခုခုဖြင့် ပေးနိုင်တယ်ပေါ့ ဘုရား၊ ပေးလိုက်သော ဆန္ဒများကို ဆောင်ယူလာခဲ့သော ရဟန်းကသာ သံဃာ့ထံလာ၍ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်တယ်ပေါ့။ အခြားရဟန်းသို့ တစ်ဆင့်ခိုင်းစေက ထိုဆန္ဒဟာ သံဃာ့ထံသို့ မရောက်နိုင်ပါ၊ ဥပမာ-(၁-၂-၃) ရဟန်းများက (က) ရဟန်းကိုပေးရာ (က) ရဟန်းက (ခ)ကို တစ်ဆင့် ပေးခိုင်းရာ၌ (က) ရဟန်း၏ဆန္ဒသာလျှင် သံဃာ့ထံရောက်၍ (၁-၂-၃) ရဟန်းများ၏ဆန္ဒ သံဃာ့ထံသို့မရောက်တော့ပါ၊ ဆန္ဒဆောင် ရဟန်းသည်လည်း မိမိဆောင်ယူလာခဲ့သော ဆန္ဒကို သံဃာတော်၏ ဟတ္ထပါသ်အတွင်းသို့ အရောက်ကြွပြီး ဆန္ဒကိုကြားလျှောက်ရန် ဝတ္တရားရှိပါသည်။ သို့ဖြစ်၍ ဆန္ဒကို ကြားလျှောက်ရပေမည်"။

ဆန္ဒကြားလျှောက်ပုံ

ရှေ့က ဆိုင်ရာဘွဲ့အမည်တော်ကို ထည့်၍ (ဥပမာ) ဦးဓမ္မပီယ ဖြစ်မူ-ပါဠိလို

ဓမ္မပီယေန ဘိက္ခုနာ၊ ဆန္ဒော၊ ဒိန္နော၊ တမဟံ၊ သံဃဿ၊ အာရောစေမိ။

ၑင်းအနက်

ဓမ္မပီယေန ဘိက္ခုနာ-ဓမ္မပီယ အမည်ရှိသော ရဟန်းသည်။ ဆန္ဒော-ဆန္ဒကို။ ဒိန္နော-ပေးအပ်ပါပြီ။ အဟံ-သည်။ တံ-ထိုဆန္ဒကို။ သံဃဿ-အား။ အာရောစေမိ-ကြားလျှောက်ပါ၏ ဘုရား။

ၑင်းမြန်မာလို

ဦးဓမ္မပီယ ပေးလိုက်သော ဆန္ဒကို တပည့်တော် သံဃာတော်အား လျှောက်ထားပါသည် ဘုရား။

ၚင်းအတို

ဦးဓမ္မပီယက သဘောတူကြောင်း ဆန္ဒပေးလိုက်ပါတယ် ဘုရား။

မှတ်ချက်။ ။၁။ ဤဆန္ဒပေး ဆန္ဒကြားတို့မှာ မိမိတို့ကြိုက်ရာ နားလည်လွယ် သောစကားဖြင့်လည်း ပေးနိုင်ကြားနိုင်ပါသည်။

၂။ ဗဒ္ဓသိမ်တစ်ခုခုအတွင်းနေပါက သိမ်အပြင်ဘက် ထွက်ပြီးမှ ဆန္ဒကို ပေးစေရပါမည်။

၃။ ဆန္ဒဆောင် တစ်ပါးကို နှစ်ပါး စသည် အများလည်းပေးနိုင် ပါသည်။

၄။ လူနှင့်သာမဏေများမှာ ဆန္ဒဆောင် ဆန္ဒကြား မပြုရပါ။ ရဟန်းသာ ပြုရပါသည်။

## ၃၄။ နယ်ကို စောင့်မှ သာသနာပြု

"ကဲ. . . ဒါဆို ဦးနာဂသေနရေ. . . နယ်မြေအလိုက် အစောင့် အရှောက်များပေးရန် ဆိုင်ရာအုပ်စုလူကြီးများကို ဖိတ်ကြားထားပြီးပါပြီလား။"

"မှန်လှပါ၊ ပြောဆိုထားပြီးဖြစ်ပါတယ် ဘုရား။ ဆရာတော်များရဲ့ သမုတ်ရမယ့် ကိစ္စက နေ့လား၊ ညလား သဲသဲကွဲကွဲ မသိရလို့မို့ တပည့် ဒကာ၊ ဒကာမတွေကို တကယ်လို့ မနက်ဆိုပါက ဆွမ်းစား၊ ဆွမ်းကပ်ချိန် ဆိုပါရင် အစောင့်လူကြီးများအသွား၊ ဟိုကြြ တကယ်လို့ ရဟန်းသံဃာ တွေ့နေ ပါက ဆွမ်းကိစ္စ မလစ်ဟင်းရအောင် ဆွမ်းချိုင့်–ရေသန့်ဘူး၊ နေရာထိုင်ခင်း၊ လက်သုတ်ဝတ်၊ ဖွန်းက အစမကျန်အောင် စီမံခိုင်းထားပြီး ဖြစ်ပါတယ်ဘုရား။ ညနေ–ညပိုင်းဆိုရင်လည်း အဖျော်ယမကာ စီပလပ်ဘူးများကို စီမံခိုင်းထားရာ အားလုံးအဆင်သင့်ရှိပြီး ရဟန်းသံဃာကြွလာရင်ကပ်ပြီး မလာရင်လည်း ဒကာတို့ သဘောဆိုတာ ပြောဖို့ပဲရှိပါတော့တယ် ဘုရား။"

"ကောင်းလှပေ့ ကိုယ်တော်ရေ၊ အင်း. . . ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတာပေကိုး၊ ဩော်. . . အရှင်ဘုရားရဲ့ ဘကြီးတော် ဇေယျသိန် ဆရာတော်ကို ထင်းခနဲ မြင်ရောင်သွားတော့တာပဲ၊ သခါရ. . . သခါရပဲကိုး။"

"ဟိုးနား အခုလာထိုင်တဲ့ ဒကာတွေက ဘာကိစ္စလာကြတုံး။"

"အဲဒါ– ဒီအုပ်စုက ဖိတ်ထားတဲ့ အုပ်စု ဒကာကြီးတွေပါဘုရား။"

"ဒီဒကာတွေ အသက်ရှည်ဦးမယ် ပြောနေဆိုနေတုံး ဖြိုးခနဲ ရောက်လာကြတာ။"

"အရှင်ဘုရားက ညနေ(၄)နာရီအရောက်လာရမယ်ဆိုလို့ပါဘုရား။"

"ဪ. . . ဟုတ်ပေသားပဲ၊ အခု(၄)နာရီတိတိပဲနော်၊ ကဲ. . . ဒါဆို ဦးနာဂသေန. . .၊ အရှင်ဘုရားဒကာတွေနဲ့ ပြောစရာရှိတာတွေ အေးအေးဆေးဆေးပြောကြဦးနော်။ တပည့်တော် လိုအပ်တာလေးတွေ သွားပြီးစီမံလိုက်ဦးမယ်"။ "မှန်လှပါဘုရား"။

"ဒကာကြီးတို့- အခု ဒီကို ဖိတ်တာက တခြားအကြောင်းမဟုတ်ပါဘူး၊ အခု ဘုန်းကြီးရဲ့ ချမ်းအေးတောရကျောင်း၊ ဒကာကြီးတို့ရဲ့ အနန္တကုန်းရွာဦးကျောင်းဆိုလည်း ဟုတ်တယ်ပေါ့နော်. . . အဲဒီကျောင်းအတွင်းမှာ သာသနာတိုးတက်ပြန့်ပွားဖို့ရန်ရည်ရွယ်ပြီး သိမ်တစ်ခုသမုတ်ဖို့ရန်အတွက် ဒကာကြီးတို့ကို ဖိတ်ကြားရခြင်းဖြစ်ပါတယ်။ ဒီတော့ ဒကာကြီးတွေက လျှောက်ကြမယ် 'တပည့်တော်တို့က ဘာစာမှ မတတ်မသိဘဲ ဘုန်းကြီးများသာလုပ်လို့ ဖြစ်မှာပေါ့'လို့ ဟုတ်ပါတယ်၊ ဦးစီးမှူး ဒကာကြီး ဦးရွှေလှိုင်၊ ဦးသိန်းတို့ ပြောတာဟာ။

ဒါပေမဲ့ သာသနာပြုမှုကိစ္စ ဘုန်းကြီးတို့ရဲ့ လုပ်ငန်းအဝဝဟာ ဘုန်းကြီးများ မပြုလုပ်နိုင်ဘဲ ဒကာတွေကသာ ပြုလုပ်နိုင်တာတွေ ရှိတယ်ပေါ့။ အခု ကြည့်လေ. . . နယ်သိမ်း သိမ်သမုတ်ရန်ကိစ္စမှာ လမ်းဆုံ၊ လမ်းမ၊ လမ်းလေးခွ ဆုံရာတို့မှာ ဘုန်းကြီးများ လုံးဝစောင့်နိုင်ခွင့် မရှိဘူး။ ဒကာကြီးတွေသာ စောင့်နိုင်ခွင့်ရှိတယ်။ ဘုရားရှင်ဟာ ဒါကြောင့် ကျေးဇူးရှင်တို့တွင် အကြီးမားဆုံး ကျေးဇူးရှင်ကြီးဖြစ်တယ်။ ဒါဟုတ်ပေတာပဲ- အခုကြည့်လေ. . . ရဟန်းများအတွက် အဓိကအကျဆုံးဖြစ်တဲ့ သိမ်သမုတ်ရာမှာတောင် ရဟန်းရော၊ ဒကာများကိုပါ ကုသိုလ်ကို ဝေခွဲပေးခဲ့တာလေ။ ဒါကြောင့် အခု ဘုန်းကြီးပြောမယ့်စကား အားလုံးရဲ့ ခေါင်းစီးစာတန်းကို ကြည့်လေ (နယ်ကိုစောင့်မှုသာသနာပြု)တဲ့။ အဲဒါ အခု ဘုန်းကြီးရဲ့ တောရပျော်(၅)နှစ်နဲ့ သက်တော်(၅၀)နှစ် ရွှေရတုရောက်ချိန်မှာပင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ဦးကျော်နိုင်၊ ဦးသက်နိုင် ညီအစ်ကို မောင်နှမတစ်စု တို့ဟာ နေ,လ အရောင်တို့အောက်မှာ ပွင့်လန်းလာတဲ့ ကြာပွင့် ကြာပန်းများပမာ သိမ်အလှူတစ်ခု ဒါနပြုလိုမှုဖြစ်ပြီး ဘုန်းကြီးတို့ အခု ဆောင်ရွက်လာခဲ့ရာ ဘုန်းကြီးတို့ဘက်ဆိုင်ရာ (သုတ်သင်မှု)

ဆိုတဲ့အင်္ဂါအရ (၁) နယ်မြေ ရှိ ရဟန်းအားလုံးကိုပင့်ခြင်း၊ (၂) ဆန္ဒဆောင်ယူခြင်း (၃) သိမ်သမုတ်နေစဉ်အတွင်း မလာနိုင်သော ရဟန်းတို့အား ဗဒ္ဓသိမ်တစ်ခုခု အတွင်းသို့ ဝင်နေစေခြင်းဆိုတဲ့ သုတ်သင်မှု အင်္ဂါရပ်များကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်ရာ၊ ဘုန်းကြီးတို့ ပြုလုပ်လို့မရတဲ့၊ အခု ဒကာများတာဝန်ယူရမယ့်(စောင့်ရှောက်ခြင်း)ဆိုတဲ့ အလုပ်ဟာ အခု ဘုန်းကြီး တို့ရဲ့ အနန်းကုန်းအုပ်စု နယ်မြေပိုင်အတွင်းသို့ အခြားအုပ်စု ရွာ,မြို့တို့မှ ကြွ ရောက်လာကြတဲ့ ရဟန်းသံဃာတော်များကို ဤနယ်အုပ်စုတွင်းသို့ မဝင်လာ ဖို့ကို ဆိုင်ရာလေးမျက်နှာ, ရှစ်မျက်နှာ အသွားအလာ၊ အဝင်အထွက် ပြုနိုင်သော နေရာများမှ ယုတ်စွအဆုံး ချောင်း၊ မြစ် စသည်မှ ကြွလာသော ရဟန်းသံဃာ များကိုပင် ဤဆိပ်ကမ်းသို့ မဆင်းမတက်ဖို့၊ သိမ်သမုတ်စဉ်အတွင်း ခေတ္တမျှ သည်းခံပြီး သီတင်းသုံးနေပေးဖို့ ရှိသေစွာလျှောက်ထားပြီး အဖျော်ယမကာ၊ ဆေး၊ ကွမ်း စသည့် မလိုအောင်ကပ်လှူပြီး လိမ္မာပါးနပ်စွာလျှောက်ထားရန် ဖြစ်ပါတယ်။ အဲဒီ 'စောင့်' ဆိုတဲ့နေရာမှာလည်း ကိုက်(၅၀) ၊ ကိုက်(၁၀၀) စသည့် မိမိအုပ်စုအပြင်ဘက်ထွက်ပြီး စောင့်ပေးစေလိုပါတယ်။

ကြားဖူးတာလေးပြောပြရဦးမယ်၊ မြို့ငယ်လေးတစ်ခုမှာ အစောင့်များ မရောက်ခင်လေး ရဟန်းတစ်ပါးဝင်လာပြီး နံနက်ရောက်မှ အိမ်တစ်အိမ်တွင် အာဂန္တုရဟန်းကိုတွေ့၍ မေးလျှောက်ရာ ညက ထိုအချိန်တွင်ရောက်ကြောင်းသိရာ အဲဒီသိမ်ပွဲပျက်သွားပြီး ထပ်မံသမုတ်ရတယ်ဆိုပဲ။ တစ်ခုကတော့ တောနယ်က အာဂန္တုတစ်ပါး ဆေးရုံမှာ ဆေးကုနေတာကို အမှုမဲ့အမှတ်မဲ့ မသိဘဲဖြစ်ရာတွင် လည်း–သိမ်ဟာ ဒုတိယမ္ဘိထပ်မံ သမုတ်ရပြန်တယ်ဆိုပဲ။ ဒါကြောင့် ဒကာကြီးတို့ ရဲ့ရွာ အုပ်စုထဲမှာ အာဂန္တုရဟန်းကြွလာပါက ဘယ်ကပဲလာလာ၊ ဘယ်အချိန်ပဲ ရောက်ရောက် သိမ်သမုတ်မှုမပြုခင်ရောက်ပါက ဘုန်းကြီးတို့ကျောင်းကို ပင့်ခဲ့ပါ နော်။ အစစတာဝန်ယူပါတယ်။ အကယ်၍မကြွလာနိုင်ရင်လည်း ဖြစ်နိုင်တဲ့နည်းနဲ့ ဘုန်းကြီးတို့ အတတ်နိုင်ဆုံး ချမ်းသာမှုရအောင် စီစဉ်ပေးရမယ်နော်။ နောက်တစ်ခု ရှိသေးတယ်။ အဲဒီ စောင့်နေတဲ့ ဒကာတွေက ညဉ့်နက်သန်းခေါင်ဆိုတော့ အိပ်ချင်စိတ်တွေပြင်းပြပြီး၊ လှဲနေရင်းအိပ်ပျော်သွားရာ၊ ထိုအချိန် ဘုန်းကြီးတစ်ပါး ကြွသွားမှုကိုမသိဘဲ ပြီးမှသိရာ အဲဒါလည်း သိမ်ကို နောက်နေ့ ထပ်ပြန်သမုတ် ရတယ်ဆိုပဲ၊ အခု ဦးရွှေလှိုင်အဖွဲ့၊ ဦးအေးသိန်းအဖွဲ့နှင့် ဦးသိန်းထွန်းတို့အဖွဲ့ကတော့

ဒီလိုတော့ မဖြစ်တန်ကောင်းပါဘူးနော်။ ဘုန်းကြီးအနေနဲ့ ပြောရတာက ထုံးစံပြောနဲ့ ပြောရတာပါ။ ဒီဒကာတွေ ဒီလိုတာဝန်ကို ခပ်ပေါ့ပေါ့ မဆောင်ရွက်ကြဘူးဆိုတာ ယုံကြည်စိတ်ချပြီးသားဖြစ်ပါတယ်။ အဲဒီလို ရဟန်းတစ်ပါးတလေ ရွာထဲရပ်ထဲ ဝင်လာနေထိုင်တာကိုမဆိုထားနဲ့ ဒီ မိမိအုပ်စုနယ်အတွင်း ထိုရဟန်း ခြေစုံချမိသည်နှင့် တစ်ပြိုင်နက် သိမ်သမုတ်စဉ်ဆိုပါက (ဝဂ္ဂ–ခေါ်–ဝဂ်ဖြစ်ပြီး) သံဃာကွဲဖြစ်ကာ ထိုသိမ်ဟာ မအောင်မြင်ဘဲ ပျက်ပြယ်သွားရတော့တယ်ပေါ့။ ဒကာကြီးတို့ သိပြီးဖြစ်လောက်ပါတယ်။ သိမ်တစ်ခုလုံး ဖြစ်အောင်ပြုလုပ်ရတယ်ဆိုတာ ရဟန်းတွေအဖို့ ဘယ်မျှတာဝန်ကြီးလေးပြီး ဒကာတွေအဖို့လည်း တာဝန်ကြီးပြီး ကုန်ကျစရိတ်မှာလည်း သိန်းကျော်ကုန်အောင်ပြုလုပ် ရတယ်ဆိုတာတွေလေ။ ကဲ. . . ဒါဆို ပြောဖို့ရှိသမျှတော့ ပြောပြပြီး ပြည့်စုံလုံလောက်ပြီပေါ့။ အဲ. . . တစ်ခု ကျန်သေးတယ်။ ဒီည ဘုန်းကြီးတို့ သိမ်သမုတ်ပွဲစမည့်အချိန်က(၉)နာရီဖြစ်ပြီး၊ (၁၁)နာရီအချိန်မှာ ပြီးနိုင်လောက်ပါတယ်။ ဒကာတို့အဖွဲ့က စောစောက စီစဉ်ထားသည့်အတိုင်း စောင့်ကြပ်ရန် နေရာများမှာ–

၁။ ဦးရွှေလှိုင်(ဦးစီးနှင့်) ဦးဖားသော်၊ ဦးစိန်ငွေ၊ ဦးဖိုးကြူ၊ ဦးကာတွန်း၊ ဦးအောင်သန်းတို့ (၆)ယောက်အဖွဲ့က ကျိုက္ကော် (အ–ထ–က) ကျောင်းအကွေ့ကနေ၍ ရန်ကုန်ဘက်မှ ဝင်လာသော ကားများကို စောင့်ရန်။

၂။ ဦးအေးသိန်း (ဦးစီးနှင့်) ဦးအောင်ဖေ၊ ဦးပါနား၊ ဦးသိန်းဇော်ဦး၊ ဦးအောင်မြင့်တို့ (၅)ယောက်အဖွဲ့က သင်းထော်တံတားကနေ၍ မုတ္တမဘက်မှလာသောကားများကို စောင့်ရန်။

၃။ ဦးသန်းထွန်း (ဥက္ကဋ္ဌ) ဦးတော်တာ၊ ဦးကျော်သန်း၊ ဦးသံဒေါ်တို့ (၄)ယောက်က သက္ကဘက်မှ နောင်ဘိုကျေးရွာသို့ လာသောလမ်းမှ စောင့်ရန်တို့ ဖြစ်တယ်ပေါ့။

အဲဒီမှာ ပါလာသော ရဟန်းများကို ဒီ ဘုန်းကြီးတို့ရဲ့သိမ်ထဲကို ပင့်လာဖို့ကတော့ မမီနိုင်၊ မဖြစ်နိုင်တော့ဘူးပေါ့နော်။ ကျေနပ်လောက်တဲ့ စကားတို့ဖြင့် လိမ္မာစွာလျှောက်ထားပြီး ခေတ္တမျှသည်းခံနေပေးဖို့ လျှောက်ထားရုံပါပဲ။ (၉)နာရီအစနှင့် (၁၁)နာရီအပြီးကို ကျောက်စည်၊ ခေါင်းလောင်း၊ အိုးမောင်းများ တီးခတ်လိုက်မယ်၊ စက်လည်းဖွင့်မယ်၊ ကောင်းကင်ဗုံး၊ မီးကျည်မီးပန်းတွေလည်း

ဖောက်မယ်၊ လွှတ်မယ် ပထမအကြိမ်မှာ စပြီဟုသိပြီး၊ ဒုတိယအကြိမ်မှာ ပြီးပြီဟု သဘောပေါက်ရုံပါပဲ။ ကဲ. . . ကဲ ဒါဆို (၁)နာရီလောက်ကကြိုပြီး (၈)နာရီလောက် စောင့်ရမည့်နေရာကို ရောက်အောင်သွားကြပါလို့နော်။''

''သာဓု. . . သာဓု. . . သာဓု။''

မှတ်ချက်။ ။နယ်စောင့်တာဝန်မှာ လူနှင့် သမဏောများသာ ပြုခွင့်ရှိပါသည်။ ကောင်းကင်တွင် လေယာဉ်ပျံဖြင့် နယ်မြေပေါ်ဖြတ်၍ ကြွသွားသော ရဟန်းအတွက်မှု ဥပေက္ခာသာ ပြုရန်ဖြစ်ပါသည်။

## ၃၅။ ဤသို့ဂုဏ်တင် အခမ်းအနား အစီအစဉ်

''ကဲ. . . ဒါဆို ဦးဝိလာသနဲ့ ဦးကိတ္တိ တို့ရေ တပည့်တော်တို့က အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ကြစို့ရဲ့နော်''။ ''မှန်လှပါဘုရား''။

''ကိုင်း. . . ဦးကိတ္တိကရေးပါလေ၊ တပည့်တော်တို့ကပြောပြမယ်ပေါ့''။

*သာသနာတော်နှစ်–၂၅၄၇ ခုနှစ်။ ကောဇာသက္ကရာဇ် ၁၃၆၅–ခုနှစ်၊ ပြာသိုလဆန်း (၅)ရက် (၂၇–၁၂–၂၀၀၃)ခု၊ စနေနေ့ည (၉)နာရီအချိန် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျိုက်ထိုသိမ်ဆိပ်၊ အနန်းကုန်းကျေးရွာ၊ ချမ်းအေး တောရ ရိပ်သာတွင်းရှိ မြတ်မင်္ဂလ နောင်တော်ကြီး(ရွှေရတု) သိမ်သမုတ်ပွဲ အခမ်း အနားအစီအစဉ်–*

**အခမ်းအနားစတင်ကြောင်းကြေညာချက်**

အခမ်းအနားစတင်ကြောင်း၊ အခမ်းအနားစလျှင်စချင်း ကြေးစည်၊ ခေါင်းလောင်း၊ အုံးမောင်း၊ စသည်တီးခတ်ပြီး ကောင်းကင်ပုံး၊ မီးကျည်၊ မီးပန်း များပစ်လွှတ်၍ စက်သံပေးရန်။

**အခမ်းအနားအစီအစဉ်**

၁။ နမော တဿ– စသော ဘုရားရှိခိုး (၃)ကြိမ်ရွတ်ဆိုရှိခိုး၍ အခမ်း အနားကြီးကို စတင်ဖွင့်လှစ်တော်မူရန်။

၂။ သမန္တာမှစ၍ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တ၊ ခန္ဓ၊ မောရ၊ ဓဇဂ္ဂအာဋာနာဋိယသုတ်နှင့် ဘုရား၊ တရား၊ သံဃာဂုဏ်၊ ပဋ္ဌာန သုတ်တော်များကို ရွတ်ဆိုပူဇော်တော်မူရန်။

၃။ ဆန္ဒဆောင်ယူလာသော သံဃာတော်များက ဆန္ဒပေးရဟန်း

တော်များ၏ အမည်စာရင်းကို သံဃာတော်အားလျှောက်ထား တင်ပြရန်။ (ပြီးက သာဓု–၃–ကြိမ် ခေါ်ရန်)

၄။ မထေရ်မြတ်ကြီးများ၏ ဩဝါဒတော် အသီးသီးကို ရိုသေစွာ နာယူတော်မူကြရန်။

၅။ နိမိတ်စောင့်သံဃာတော်များ မိမိတို့တာဝန်ကျရာ အရပ်မျက်နှာတွင် အသီးသီးနေရာယူတော်မူကြရန်။

၆။ သဲကုန်းမြို့ သိမ်ကုန်းကျောင်းဆရာတော်ဘုရားက အရှေ့အရပ်မှစ၍ နိမိတ်စပ်အောင် ကျောက်နိမိတ်ကြားတော်မူပါရန်။

၇။ ရန်ကုန်တိုင်း၊ ဒါးပိန်မြို့ ဇီးဖြူကုန်းကျောင်းတိုက် ဆရာတော်က တောင်အရပ်မှစ၍ နိမိတ်စပ်အောင် ကျောက်နိမိတ် ကြားတော်မူပါရန်။

၈။ အနန်းကုန်းရွာ၊ ချမ်းအေး–တောရဆရာတော်ဘုရားက အနောက်အရပ်မှစ၍ နိမိတ်စပ်အောင် ကျောက်နိမိတ် ကြားတော်မူပါရန်။

၉။ မန္တလေးမြို့ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်း ဆရာတော်က မြောက်အရပ်မှစ၍ နိမိတ်စပ်အောင် ကျောက်နိမိတ် ကြားတော်မူပါရန်။

၁၀။ မော်ကျွန်းမြို့ ကဇောင်းရွာကျောင်းဆရာတော်က သံဃာ့အလယ်မှနေ၍ အရှေ့အရပ်မှစပြီး နိမိတ်စပ်အောင် ကျောက်နိမိတ် ကြားတော်မူပါရန်။

၁၁။ နိမိတ်စောင့် သံဃာတော်အားလုံး သိမ်အတွင်း သံဃာ့ဟတ္ထပါသ်သို့ ပြန်ကြွရောက်တော်မူကြပါရန်။

၁၂။ သမာနသံဝါသ သီမာသမ္မုတိ–ကမ္မဝါစာကို ဖော်ပြပါ သံဃာတော်တို့ တစ်ပါးချင်း(၃)ကြိမ်၊ နှစ်ပါးတွဲ (၃)ကြိမ်၊ သုံးပါးတွဲ(၃) ကြိမ် ဖတ်ရွတ်တော်မူပါရန်။

(က) တစ်ပါးချင်းဆရာတော်များ (၃)ပါး

ဦးသီလာစာရ၊ သိမ်ကုန်းကျောင်း၊ သဲကုန်းမြို့၊ ပဲခူးတိုင်း၊ (အနောက်)။

ဦးဝိလာသ၊ ဇီးဖြူကုန်းကျောင်း၊ ဒါးပိန်မြို့ ၊ ရန်ကုန်တိုင်း။

ဦးနာဂသေန၊ ချမ်းအေးတောရကျောင်း၊ အနန်းကုန်းကျေးရွာ၊ မွန်ပြည်နယ်။

(ခ) နှစ်ပါးတွဲ ဆရာတော်များ (၆)ပါး

၁။ ဦးပညာသီရိ၊ ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မန္တလေး။

၂။ ဦးဇိနဝံသ၊ ကဇောင်းကျောင်း၊ မော်ကျွန်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း။

၁။ ဦးဝိဇယ၊ ကံကော်ကျောင်း၊ ကျိုက္ကော်၊ မွန်ပြည်နယ်။

၂။ ဦးဇဋိလ၊ အသောကာရုံကျောင်း၊ ကျိုက္ကော်၊ မွန်ပြည်နယ်။

၁။ ဦးဓမ္မပိယ၊ ချမ်းအေးတောရကျောင်း၊ အနန်းကုန်း၊ မွန်ပြည်နယ်။

၂။ ဦးအဂ္ဂိနန္ဒ၊ ချမ်းအေးတောရကျောင်း၊ အနန်းကုန်း၊ မွန်ပြည်နယ်။

(ဂ) သုံးပါးတွဲ ဆရာတော် (၉)ပါး

၁။ ဦးဇောတိပါလ၊ ချမ်းအေးတောရကျောင်း၊ အနန်းကုန်း၊ မွန်ပြည်နယ်။

၂။ ဦးခေမိန္ဒ၊ မစိုးရိမ်တိုက်သစ်ကျောင်း၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၃။ ဦးဂန္ဓမာ၊ နိကာယ်ကျောင်း၊ တောင်ဒဂုံ၊ ရန်ကုန်တိုင်း။

၁။ ဦးဆေကာနန္ဒ၊ ချမ်းအေးရိပ်သာ၊ သဃ်န်းကျွန်း၊ ရန်ကုန်တိုင်း။

၂။ ဦးစန္ဒာဝရ၊ ပေတောကျောင်း၊ ပေါင်းတည်၊ မြိုင်၊ မကွေးတိုင်း။

၃။ ဦးဝိမလ၊ အထက်နိဗ္ဗန္ဒတောင်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၁။ ဦးကိတ္တိဝရ၊ ချမ်းအေးရိပ်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဦးခေမာစာရ၊ ချမ်းအေးတောရကျောင်း၊ အနန်းကုန်းရွာ၊ မွန်ပြည်နယ်။

၃။ ဦးဝေရသေန၊ ချမ်းအေးတောရကျောင်း၊ အနန်းကုန်းရွာ၊ မွန်ပြည်နယ်။

၁၃။ အဝိပ္ပဝါသ–သီမာသမ္မုတိ ကမ္မာဝါစာကိုလည်း အထက်ပါနည်းတူ အစဉ်အတိုင်း ဖတ်ရွတ်တော်မူပါရန်။

၁၄။ ဦးကိတ္တိဝရ၊ ချမ်းအေးရိပ်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း အရှင်သူမြတ်က သိမ်အောင်မင်္ဂလာမြတ်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပါရန်။

၁၅။ ဦးလှကြည်၊ ရဟန်းဒကာကြီး၊ အမှတ်(၆၉)၊ စက်မှုလက်မှု(၂) လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းက သိမ်အောင်မင်္ဂလာသြဘာစာတမ်းကို ရွတ်ဖတ်ပူဇော်ပေးပါရန်။

၁၆။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုပြီး သာဓု (၃)ကြိမ် ခေါ်၍ ဤအခမ်းအနားကြီး ရုပ်သိမ်းရန်။

၁၇။ အခမ်းအနားအစီအစဉ်ပြီးဆုံးကြောင်း အရပ်ရှစ်မျက်နှာ ကြားသိစေရန်အတွက် ကြေးစည်၊ ခေါင်းလောင်း၊ အုံးမောင်း၊ ပြောက်အိုး၊ ကောင်းကင်ပုံး စသည် အသံပေး၍ မီးကျည်၊ မီးပန်းများလွှတ်ပြီး အသံချဲ့စက်ဖွင့်ရန်။

## ၃၆။ ကမ္မဝါစာ နှစ်ခု အစဉ်အတိုင်းပြု

၁။ သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ (ဝိ-၃-၁၄၄)

(ဥတ်) သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံသမ္မန္နေယျ သမာနသံဝါသံ ဧက ပေါသထံ သောဉတ္တိ။

(စာကိုယ်) သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံသမ္မန္နတိ သမာနသံဝါသံ ဧကုပေါသထံ။ ယဿာ ယဿ္မတော ခမတိ၊ ဧတေဟိ နိမိတ္တေဟိ သီမာယသမ္မုတိ (သမ္မတိသ္သာ) သမာန သံဝါသာယ ဧကုပေါသထာယ၊ သော တုဏှဿ၊ ယဿန က္ခမတိ၊ သော ဘာသေယျ။

(နိဂုံး) သမ္မတာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာ နသံဝါသာ ဧကုပေါသထာ၊ ခမတိ သံဃဿ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

၂။ အဝိပ္ပဝါသသီမာသမ္မုတိ ကမ္မဝါစာ (ဝိ-၃-၁၄၈ )

(ဉတ်) သုဏာတု မေ ဘန္တေ သံဃော။ ယာသာသံ ဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကုပေါသထာ။ ယဒိ

သံဃဿပတ္တကလ္လံ၊ သံဃော–တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ
သမ္မန္နေယျဥပေထွာဂါမဥ္စဂါမူပစာရဥ္စ သောဉတ္တိ။
(စာကိုယ်) သုဏာတုမေ ဘန္တေသံဃော ယာသာသံဃေန သီမာ
သမ္မတာ သမာနသံဝါသာ ကေုပေါသထာ။ သံဃော တံသီမံ
တိစီဝရေန အဝိပ္ပဝါသံသမ္မန္နတိဌပေတွာ ဂါမဥ္စဂါမူပ စာရဥ္စ ယဿာ
ယသ္မတော ခမတိ။ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါ
သာယ သမ္မုတိ ဌပေတွာ ဂါမဥ္စ ဂါမူပစာရဥ္စ သောတုဏှာဿ။
ယဿနက္ခမတိ သောဘာသေယျ။
(နိဂုံး) သမ္မတာ သာသီမာ သံဃေနတိစီဝရေန အဝိပ္ပဝါသာဌ
ပေတွာ ဂါမဥ္စဂါမူပစာရဥ္စ။ ခမတိ သံဃဿ တသ္မာတုဏှီ
ဝေမေတံ ဓာရယာမိ။

## ၃၇။ သိမ်သမုတ်ခွင် ကြိုတင်ပြင်ဆင်

''ကဲ– ဦးနာဂသေနရေ. . . အရှင်ဘုရားရဲ့ သိမ်ဟာ ဒီညမှာ သမုတ်ဖို့ အနေတော်ရောက်ပြီပေါ့။ ဘာပြုလို့ အခုလိုညကျမှ ဒီလို သိမ်သမုတ်မှု ပြုရပါသလဲဆိုပါမူ အခု–သမုတ်မည့်သိမ်က အမိန့်မခံယူဘဲ နယ်သိမ်းသိမ်သမုတ်မှာဆိုတော့ကာ အသွားအလာကင်းပြတ်တဲ့ ညဟာ ပြုလုပ်ရမှု အလွယ်ကူဆုံး ဖြစ်လို့မို့ အခုလိုညကိုပဲ ပြုလုပ်ကြရတယ်ပေါ့။ တကယ်ကတော့ ညမှသာမဟုတ်ဘဲ နေရာဒေသအခြေအနေအရ အသွားအလာကင်းပြတ်၍ လွယ်ကူမယ်ဆိုပါက နံနက်–နေ့–ည–မဟူ ကြိုက်တဲ့အချိန်မှာ ပြုလုပ်လို့ရတယ်ပေါ့။ ဒီအကြောင်းကို ဥပေါသထက္ခန္ဓက အဋ္ဌကထာ ၂၆၉ မှာ (ဒိသာစာရိက ဘိက္ခူနံ နိဿဥ္စာရ သမယေ)ဟု လမ်းညွှန်မှုပြုထားတယ်လေ။ အဲ. . . အရေးကြီးတာက နိမိတ်ထားဖို့အတွက် ကျောက်ဆိုရင်လည်း အဆင်သင့်၊ ရေဆိုရင်လည်း အဆင်သင့် (၂,၃) ရက်လောက်ကစပြီး အကျယ်ထိပ်ဝ (၁)ပေ၊ အနက်(၂)ပေအနည်းဆုံး တွင်းတူး၊ ရေကို ကြာရှည်ခံအောင် ခဏခဏ နိမိတ်ကြားမှုမတိုင်မချင်း လောင်းထည့်ထားရမယ်ပေါ့။''

''မှန်လှပါ။ တပည့်တော်သိမ်က ကျောက်နိမိတ်ပြုမှာဆိုတော့ ရေမလိုတော့ဘူးပေါ့ဘုရား။ သိမ်ဒကာများဖြစ်တဲ့ ဦးကျော်နိုင်၊ ဦးသက်နိုင်တို့ ညီအစ်ကို

မောင်နှမတစ်စုတို့က တော်တော်ပဲ ဝီရိယကောင်းကြပါတယ် ဘုရား။ အစောကြီး ကြိုပြီး နိမိတ်ကျောက်တိုင် (၁၈)လုံးတောင် ပို့ထားပြီးဖြစ်ပါတယ်ဘုရား။ ပို့တဲ့ နေရာမှာတောင် ရိုးရိုးအတိုင်းမဟုတ်ဘဲ ကျောက်တိုင်ချင်းထိပြီး ပွန်းပဲ့မှာစိုးလို့ ဆိုပြီး ဘာဘူစောင်(ဂွမ်း)စောင်များနဲ့ ပတ်ထုတ်ပြီးပို့ပါတယ်ဘုရား။ အဲဒါ အခု တပည့်တော်အတွက်တော့ တော်တော်အဆင်ပြေသွားတယ်။ ကြွရောက် လာကြတဲ့ ဦးပဥ္စင်း(၂၀)ပါးလောက်အတွက် ခြံဖို့စောင် လုံလုံလောက်လောက် ကို ဖြစ်သွားပါတယ်။''

''သာဓုဗျာ. . . သာဓု. . . သာဓု။ ဘာသာရေးအမြင် ဗဟုသုတ ကြွယ်ဝကြပါပေတယ်။ ဒါ့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်မှာ (သေဋ္ဌံ ဒဒေါ သေဋ္ဌ မုပေတိဋ္ဌာနံ)လို့ ဆိုတယ်မဟုတ်ပါလား။ ဆရာကောင်းကို ကိုးကွယ်ဆည်းကပ် ရတဲ့ ဒကာတွေဟာ တယ်လဲအကျိုးကြီးမားရပေတယ်ပေါ့။ ကဲ–ဒါ ပြည့်စုံပြီဆိုရင် ညနေ နေအေးချိန်ကျရင် အဲဒီသိမ်ကွက်ထဲကို မဏ္ဍပ်ကန့်လန့်လုပ်ဆောက်စေပြီး အရှင်ဘုရား စိတ်ကူးရှိသလောက်သာ ခင်းကျင်းစီမံပေတော့နော်။ နုတ်စဉ်ကသာ မဆောက်ရ၊ မခင်းရတာ အခုတော့ စိတ်တိုင်းကျ အတွင်းမှာ ဆောက်နိုင်၊ ခင်းနိုင်ပြီလေ။ တချို့နေရာတွေ ကြည့်လေ. . . သိမ်နုတ်ကို စိတ်ကြိုက်အရင် ပြုပြီး အဲဒီအပေါ်မှာ သစ်သားကျောင်း၊ တိုက်ကျောင်း ကောင်းသည်ထက် ကောင်းအောင် ဆောက်ပြီးခါမှ အဆောက်အအုံအပြင်ဘက်မှာ နိမိတ်ထား၊ နိမိတ်ကြားပြီး သိမ်သမုတ် ကြတယ်လေ။ ဒါလည်းပဲ တစ်နည်းအားဖြင့်တော့ သံဃာချမ်းသာမှုကို ရစေတာပေါ့နော်။''

''မှန်လှပါ။ အခု သိမ်အတွက်လည်း အားလုံးပြုလုပ်ဖို့ရန်အတွက် ဒကာများကို ပုံစံပေးပြီး စီမံခိုင်းထားပြီး ဖြစ်ပါတယ်ဘုရား။''

''ဒါဆို တာဝန်အေးတာပေါ့နော်။''

''မှန်လှပါ။ ဆရာတော် အေးအေးဆေးဆေးသာ အနားယူတော်မူပါ ဘုရား။''

## ၃၈။ သိမ်သမုတ်ပွဲ စဆင်နွှဲ

''ဒီကနေ့ကတော့ တပည့်တော်တို့ရော၊ ဒကာတွေအတွက်ရော၊ သာသနာတော်အတွက်ပါ အထူးခြားဆုံးနေ့ပင် ဖြစ်ပါတယ်။ ဘယ်နေ့ပါလဲဟုမူ

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း (၅)ရက် (၂၇-၁၂-၂၀၀၃) စနေနေ့ည (၉)နာရီ အချိန်ပင်ဖြစ်ပါတယ်။ ကိုင်း. . . ဒါဆိုပါရင် ဦးကိတ္တိဝရက အခမ်းအနားမှူးတာဝန် ယူပြီး ဆောင်ရွက်ပါနော်။''

''မှန်လှပါဘုရား''

မှတ်ချက်။ ။ကြေးစည် ခေါင်းလောင်း စသည် အချက်ပေးသံများပြုရန်။

''ကဲ. . . အရှင်မြတ်တို့ဘုရား။ အခုလို စုံညီစည်းဝေးရာဖြစ်တဲ့ သံဃာတော်များနဲ့ ကြုံတောင့်ကြုံခဲမို့ တပည့်တော် စကားအနည်းငယ် လျှောက်ထားလိုပါတယ်နော်။ တခြားတော့မဟုတ်ပါဘူး။ တကယ်လို့များ တပည့်တော်တို့အပြင် ဒီနယ်မြေကဖြစ်စေ၊ အခြားနယ်ဝေးကဖြစ်စေ သိမ်နုတ်စဉ်တွင် မပါဝင်ဘဲ သိမ်သမုတ်ရန် ပင့်လျှောက်ထားချက်အရ ကြွရောက်လာတဲ့ သက်တော်ရ၊ ဝါတော်ကြီး ဗဟုသုတရေ ဖြစ်တော်မူတဲ့ မဟာထေရ်ကြီးများ ကြွရောက်ပါဝင်လာပါက အခုလို သံဃာစုံတုန်း မသမုတ်ခင်မှာ သိမ်နုတ်ကမ္မဝါစာတော်များကို (၁,၂,၃)ကြိမ် ဆိုတာလို အချိန်အခါနဲ့ အခြေအနေကိုကြည့်ပြီး ဖတ်ရွတ်ချီးမြှင့်တော်မူဖို့ တောင်းပန်လျှောက်ထားရန် ဖြစ်ပါတယ်နော်။

''ဒါဘာ့ကြောင့်ဆိုတော့ သက်ကြီးစကားသက်ငယ်ကြားဖြစ်၍ ဗဟုသုတလည်းတိုးပွားရခြင်း၊ မဟာထေရ်ကြီးများအဖို့လည်း ချီးမြှင့်ထိုက်သည်ကိုချီးမြှင့်ရ၍ စိတ်နှလုံးရွှင်လန်းချမ်းမြေ့ရခြင်း၊ ကာယကံရှင်ဖြစ်တဲ့ ဆရာနှင့် ဒကာတို့မှာလည်း မဟာထေရ်ကြီးများက ပင်ပန်းဆင်းရဲမှုကိုပဓာနမထားဘဲ တို့တွေကိုချီးမြှင့်ပေးတယ်ဟု အားရတက်ကြွမှု တိုးတက်ရခြင်းဆိုတဲ့ ကောင်းကျိုးချမ်းသာတွေဟာ အလွှာစုံ၊ ပုဂ္ဂိုလ်မရွေး ငွေကုန်ကြေးကျမရှိပဲနှင့် အထူးရယူလိုက်ခြင်းပင်ဖြစ်ပါသည်။''

''အဲဒီလို အထက်နှင့်အောက် အနီးနှင့်အဝေးတို့မှာ မေတ္တာထားခြင်းဆိုတဲ့ အချက်ဟာ တန်ဖိုးမဖြတ်နိုင်ဘူးပေါ့နော်။ ကြားဖူးတဲ့ သာဓကတစ်ခုကိုပြောရဦးမယ်။ ဘာတဲ့- (စေတနာ ပတ္တမြား တန်ဖိုးမထား)။ အုပ်စုရပ်ကွက်သိမ်သမုတ်ပွဲတစ်ခုမှာပဲပေါ့၊ အခုလို သမုတ်မည့်ညကျမှ မဟာထေရ်ကြီးတွေကြွလာကြရာ အဲ့ ဒီလို ပရိသတ်စုံ စည်းဝေးပြီး မဟာထေရ်ကြီးတွေက မိမိတို့ရဲ့ ဝတ္တရားလည်းပြီးစေ၊ ကာယကံရှင်နှင့် ဒကာ, ဒကာမတွေလည်း ကုသိုလ်ကိန်းစေဆိုပြီး သိမ်နုတ်ကမ္မဝါကို ဖတ်ရွတ်တော်မူကြရာ ပြီးလည်းပြီးဆုံးရော နယ်မြေခံ ဦးဆောင်ကိုယ်တော်များက တပည့်တော်တို့ (၂,၃)ရက်နည်းစုံအောင် သိမ်နုတ်

ရွတ်ဖတ်ရာ ဘာမှမထူးခြားဘဲ အခု ဆရာတော်တို့တွေနုတ်မှပဲ ဟုတ်ပေတော့တယ်ဟူ၏။ ဘုရား. . . ဘုရား (ဒုက္ခော ခေါပနာယံလောကေ၊ ယဒိဒံ အဂရုဝါသော) ဟူသော (ခု–အပဒါန်ဂျ၉) စသည်လာ ပုလိနထူပိယမထေရ်အလောင်း နာရဒရသေ့ သူတော်ကောင်းကြီး၏ စိတ်နှလုံးကို မကြည်ညိုနိုင်ဘဲကိုဟုသာ ဆိုရန်ရှိတယ်ပေါ့ဘုရား။"

"ဒီကိစ္စမျိုးကြုံလာပါက ပန်းကန်၊ ဇွန်းစသည်တို့ကို အထပ်ထပ်တိုက်ချွတ်ဆေးကြောသန့်စင်ပြီး စားပွဲတွင် စနစ်ကျစွာမှောက်ထား၍ ဆွမ်းစသည်ထည့်ခါနီးဝယ် ကိုင်သော လက်နှင့် ပန်းကန် စသည်တို့ကို ရေသန့်သန့်ဖြင့် သံသယကင်းအောင် ထပ်မံဆေးသော ပုဂ္ဂိုလ်အား ဘယ်လိုပြစ်ချက်ဖြင့် အရေးယူမယ်ဆိုတာကို ဖြူစင်ကောင်းမြတ်သော စိတ်ထားဖြင့်သာ ဝေဖန်ပေးတော်မူကြပါဘုရားဟုသာ အကြံဉာဏ်တောင်းခံရင်း တပည့်တော်ရဲ့ စကားကို ရပ်နားခွင့်ပြုတော်မူ ကြပါဘုရား။"

"အစီအစဉ် (၃)အရ ဆန္ဒဆောင်ယူလာကြသော ဆန္ဒများကို အသီးသီး ကြားလျှောက်ရန် ဖြစ်ပါတယ်ဘုရား။ ဦးဇောတိပါလ ကြားလျှောက်ရန်ပါဘုရား။"

၁။ "------------ ကျောင်းတိုက်ဆရာတော် ---------
ကလည်း ဆန္ဒပေးကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။"
(ဤသို့စသည်) လျှောက်ထားပါသည်။

"ဦးဓမ္မပိယ အရှင်မြတ်ကလည်း ဆောင်ယူလာပြီး ဆန္ဒများကို သံဃာတော်အား လျှောက်ထားရန် ဖြစ်ပါတယ်ဘုရား။"

၂။ "------------ ကျောင်းတိုက်ဆရာတော် ----------
ကလည်း ဆန္ဒပေးကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။"
(ဤသို့စသည်) လျှောက်ထားပါသည်။
အားလုံး သာဓု(၃)ကြိမ် ခေါ်ကြပါသည်။

မှတ်ချက်။ ။ငင်းဆန္ဒပေး၊ ဆန္ဒကြားမှုကို ကြိုမပေးရ၊ ကြိုမကြားရပါ။
နေ့ရက်လွန်က ဆန္ဒသိုး ဖြစ်နိုင်ပါသည်။

"အစီအစဉ် (၄)အရ ချမ်းအေးတောရ ဆရာတော်ဘုရား၏ ဩဝါဒချီးမြှင့်မှုကို နာယူကြရန်ပါဘုရား။"

"တပည့်တော် အထူးပြောလိုတာကတော့ ပြီးခဲ့တဲ့ နှစ်ကပင် နောင်တော် ဦးဝိလာသ၊ ဒါးပိန်ဆရာတော်ပေါ့နော်. . . ဒီချမ်းအေးတောရသို့ ကိစ္စတစ်ခုနဲ့ ကြွလာတဲ့ အချိန်ကစပြီး တပည့်တော်တို့ရဲ့ ဒီချမ်းအေးတောရ တိုက်ထဲမှာ သိမ်တစ်လုံး သမုတ်လိုကြောင်း လျှောက်ထားခဲ့ပါသည်။ သမုတ်တဲ့ နေရာမှာလည်း တပည့်တော်တို့ရဲ့ ဇာတိအရပ်က ကျောင်းထွက်၊ ရွာထွက် သံဃာများဖြစ်ကြတဲ့ တပည့်လည်းဟုတ်၊ ညီငယ်ဆိုရင်လည်း မှန်နိုင်တဲ့ ရဟန်း ငယ်များ စုပေါင်းပြီး (၅)နှစ်တာ ခရီးကွာနေကြတဲ့ နောင်တော်,ညီတော်များ စုံညီစွာတွေ့ခွင့်ရပြီး တွေ့ရုံမျှမဟုတ်ဘဲ သာသနာအတွက်ရော၊ မိမိအတွက်ပါ ရေရှည်အကျိုးရှိတဲ့ လုပ်ငန်းတစ်ခုအနေနဲ့ ကျန်ရစ်၍ တပည့်ငယ်၊ ညီငယ်များ အဖို့လည်း သက်ကြီးစကား သက်ငယ်ကြားဖြစ်စေပြီး တွေ့ကြုံရခဲ့တဲ့ သိမ်နုတ်၊ သိမ်သမုတ်နည်းတွေလည်း လက်တွေ့သိရကာ နောက်နောင်ကို မိမိတို့ ဦးဆောင် ဦးရွက်ပြုကြရတဲ့အခါမှာ တွန့်ဆုတ်မှုမရှိဘဲ ရဲရဲဝံ့ဝံ့ဆောင်ရွက်နိုင်ရန်ဆိုတဲ့ ရည်မျှော် ရည်သန်ချက်ဖြင့် ဒီသိမ်သမုတ်ကိစ္စကို ဆောင်ရွက်လာခဲ့ပါသည်။ အခုမကြာမီ နာရီ၊ မိနစ်အတွင်းမှာ ပြီးဆုံးအောင်မြင်တော့မှာဖြစ်ရာ တပည့်တော်အဖို့ တပည့် တော်ရဲ့ ရည်ရွယ်ချက်အားလုံး အောင်မြင်လို့ ဝမ်းသာအားရဖြစ်တဲ့အပေါ်မှာ အခုလို နောင်တော်၊ ညီတော်များနဲ့ စုံစုံညီညီ တွေ့ရဆုံရ စကားတွေပြောကြရ၊ သာသနာ့ကိစ္စတွေ ပြုကြရတဲ့ အတွက်ကြောင့် ရင်ထဲက ပြောမထွက်နိုင်၊ ဘယ်လိုနှုတ်ဖျားမှာ စကားလုံးတင်ပြီး ဘယ်လိုစာတမ်းထိုးပြီး ရေးမှတ်လို့ မရ နိုင်ဘဲ အလွန့်အလွန် ဝမ်းသာအားရဖြစ်ပါကြောင်း ပြောကြားရင်းကပဲ တပည့် တော်ရဲ့ ဩဝါဒစကားကို ရပ်နားခွင့်ပြုတော်မူကြပါဘုရား။" (သာဓု (၃)ကြိမ် ခေါ်ကြသည်။)

"ယခုတစ်ဖန် သဲကုန်းမြို့ သိမ်ကုန်းကျောင်း ဆရာတော်၏ ဩဝါဒ တော်ကို နာယူကြရန် ဖြစ်ပါတယ်ဘုရား။"

"တပည့်တော်ရဲ့ ဩဝါဒကတော့ အထူးမဟုတ်ပါဘူး။ တပည့်တော်ရဲ့ ဩဝါဒလို့ ပြောရ၊ သုံးရမယ့်အစား (အာစရိယ ပရမ္ပရ) ဆရာစဉ်ဆက်တို့ရဲ့ ဩဝါဒစကားလို့သုံးမှပဲ ပြည့်ပြည့်ဝဝမှန်နိုင်တယ်ပေါ့ဘုရား။ ဘာ့ကြောင့်ဆိုတော့ ယခု တပည့်တော်တို့ လုပ်ကိုင်ဆောင်ရွက်လာခဲ့တဲ့သိမ်ကိစ္စဟာ မကြာခင် မိနစ် များအတွင်းမှာပင် ပြီးစီးအောင်မြင်ခြင်း အထွတ်အထိပ်သို့ ရောက်တော့မယ်

ဆိုတာ အားလုံးသိတော်မူပြီး ဖြစ်ပါတယ်ဘုရား။

အဲဒီအထဲမှာ အောင်မြင်ဆိုတဲ့ စကားရဲ့ အင်္ဂလိပ်ထဲမှာ ကစ်ါအဌ ကထာ (၈၇)ရဲ့ ဖော်ညွှန်းပြချက်အရ (တိဝိဓသမ္ဘတ္တိယုတ္တာ)လို့ ရှိတယ်လေ။ အဲဒါ (နိမိတ်-ပရိ ကမ္မထည်၊ တိဝိသမ္ဘတ္တိ)နှင့်အညီ ပြုလုပ်ဆောင်ရွက်လာခဲ့ကြရာ နိမိတ်လည်း ပြီးပြည့်စုံပြီး၊ (၈)မျက်နှာအတွက် ကျောက်တိုင် (၁၆)လုံးလေ၊ ပရိသတ်ဆိုတာကလည်း (၄)ပါးဆိုရင်ပင် ပြည့်စုံခဲ့ရာ အခုလေးငါးပါးမက (၂၀) ကျော်ဆိုတော့ ဒါလည်းပြီးပြည့်ခဲ့ပြီပေါ့။ အဲဒီ(၃)ပါးထဲမှာ ကမ္မဝါစာ၏ ပြည့်စုံခြင်းဆိုသည်မှာ ယခုဖတ်ရွတ်ရတော့မည့် ဝိနည်းမဟာဝါ ပါဠိ(၁၄၈)လာ (၁) သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာနှင့် (၂) အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာ နှစ်ဆူတို့ကို ဉတ်ကမ္မဝါစာအဖြစ် ဒေါသမဖြစ်ရလေအောင် ဗျဥ္ဇနဗုဒ္ဓိ(၁၀)ပါးနှင့် ဌာန်, ကရိုဏ်း, ပယတ် တို့ကို စောစောကပင် သဘောပေါက်ခဲ့ပြီးဖြစ်၍ အသင့်အနေအထားမှာရှိကြပြီးဖြစ်တယ်ဆိုတာကို ချွင်းချက်မရှိ ယုံကြည်ပြီးဖြစ်ပါတယ်ဘုရား။ သို့ပေမယ့် တစ်ခါတစ်ခါ မြင်းကောင်းခွာလိပ်ဖြစ်ဘိသို့ ကြုံတတ်ကြရာ ကမ္မဝါစာဆိုင်ရာကိုလည်း အနည်းငယ် လျှောက်ထားပါရစေဘုရား။

သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာကို ရှုတော်မူရန်ပါ ဘုရား။ အဲဒီမှာ ယာဝတာ ဆိုတဲ့ပုဒ်ကို (ယာ-ဝတာ)ဟုလည်းကောင်း၊ (ယာဝ-တာ) ဟုလည်းကောင်း မဖတ်ရပါဘုရား။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီ ယာဝတာပုဒ်ဟာ (တတိယန္တ အနိယမ ပရိစ္ဆေဒတ္ထဇောတက နိပါဒ်) ဖြစ်တာလည်းတစ်ကြောင်း၊ (ယ-ပုဒ်-အာဝန္တု) ပစ္စည်းဖြစ်တာလည်းတစ်ကြောင်း တို့ကြောင့် ပုဒ်နဲ့ပစ္စည်းခွဲမဖတ်ကောင်း၍ (ယာဝတာ)ဟုသာ တစ်ဆက်တည်းဖတ်ရန်ဖြစ်ပါတယ်ဘုရား။ (သိမံ-သီမံ) အသံညီပြီး ကြိုက်ရာဖတ်နိုင်ပြီး သိမ်နုတ်ဖတ်ခဲ့စဉ်က နည်းယူပြီး ကျန်စာလုံးများကိုလည်း ဖတ်ရန်ဖြစ်ပါတယ်။ ဥပမာ- (ကော ပေါသထံ အဝိပ်-ပဝါသံ ခမတိ) စသည်တို့ပေါ့ ဘုရား။

ထို့အပြင် ပြောရန်ရှိပါသေးတယ်ဘုရား။ (ဂါမဥ္စ ဂါမူပစာရဥ္စ) ပါဠိတော်မူရင်း အရှိကိုပင် (ဂါမံစ ဂါမူပစာရံစ)ဟု တချို့ပြင်၍ ဖတ်တတ်ကြရာ မှားသည်ဟုတော့ ဆိုရန်မရှိပါ။ ဒါပေမဲ့ ဝဂ္ဂန္တဝါဝဂ္ဂေသုတ် အစီအရင်အရ (ဂါမဥ္စ)ဟု ရှိသင့်ရာကို သုတ်ပါသော (ဝါ) သဒ္ဒါအရ (ဂါမံစ) ဟုလည်းရှိသင့်ရာ အဲဒီနှစ်ဖြာတွင် (ဝါ) သဒ္ဒါထက် သုတ်ရင်းက ဗလဝဖြစ်၍ (ဂါမဥ္စ)သာပို၍ သင့်မြတ်သည်ကို သဘော

ကျ ကျေနပ်တော်မူရန် ဖြစ်ပါတယ်ဘုရား။

ဒါနဲ့ဆက်စပ်လို့ (ဒွန်ကမ္မဝါစာတွင်လည်း) နာဂဥသာ အလွန်သင့်မြတ်ပါတယ်ဘုရား။ အဲဒီ (ဂါမဥ)ကိုပင် (ဥ) လေးအသတ်ဖြစ်သော်လည်း (ည)ကြီးသတ် မြန်မာအသုံး (နာမည်) (ရွာလည်) စသည်တို့ကဲ့သို့ကြံပြီး (ဂါမည်စ၊ ဂါမီစ၊ ဂါမူပစာရိစ) ဟုလည်း ရွတ်ဆိုတတ်ကြရာ ဒါလည်း မကောင်းလှပါဘုရား။

တစ်ခါက မြန်မာပြည်အထက်ပိုင်းတစ်နေရာမှာ ဦးဆောင်ဆရာတော်ကြီးက (ဂါမဥ)ကို (ဂါမီစ) ဖတ်ရန်မိန့်ကြားရာ ဖတ်မည့် ဆရာတော်များက (ဂါမီစ) မဖတ်နိုင်ကြောင်း လျှောက်ထားကြသောဟူ၏တဲ့။ ဒီအကြောင်းကို သိမ်မျိုးစုံ ဘာသာဋီကာ (၆၅)တွင်မူ ပါဠိသံတွင် မြန်မာအသံ၊ ကမ္ဘာ့အသံနှစ်မျိုးလုံးပင် (ဂါမည်စ)ဟု (ည)ကြီးသတ်သံ မထွက်နိုင်ကြောင်း သတိပြုဖို့ ပြဆိုထားတယ်ပေါ့။ ဒါဟာအမှန်ပါပဲ။ နားထောင်ကြည့်ပါနော်။ မူလတန်းကလေးငယ်လေးတွေ ပြောနေကြပုံက ဒါဆိုရင် (ပဥ္စမတန်း၊ ပဥ္စမအကြိမ်) ဆိုတာတွေကိုလည်း (ပိစမတန်း၊ ပိစမအကြိမ်) ဆိုရမှာပေါ့တဲ့။ ပြီးတစ်ခါ (ပိစသီလ၊ ပိစဝဂ္ဂ) အဲ. . . အဲ. . . ဒါဆိုရင် ပါဠိသံ၊ မြန်မာသံတွေ ရှုတ်ထွေးကုန်ရောပေါ့နော်။ ဒါလည်း မှတ်သားစရာပါပဲ။ တခြားကို မကြည့်နဲ့ဦးလေ. . . (ဇရာ)ဆိုတဲ့ ပါဠိကိုပင် (ရ)သံမဆိုဘဲ (ဇယာ)တဲ့၊ (ဇယာ)ဆိုတဲ့ ပါဠိကျတော့လည်း (ဇရာ)လို (ရ)အသံနဲ့ ဆိုကြည့်ပြီး အနက်ကို တိုးတိုးဆိုကြည့်ပါက (ဇရာ)အိုခြင်း၊ (ဇယာ)အောင်ခြင်းတဲ့၊ အဓိပ္ပာယ် ဘယ်လောက်ကွာခြားသွားပါသလဲဆိုတာတွေ အလေးအနက် စဉ်းစားကြဖို့ပေါ့နော်။

ဒီနေရာမှာ စပ်မိတုန်းမို့ ဗဟုသုတအဖြစ်ပြောရဦးမယ်။ မသာဝါဒ မှတ်ကုန်ကြတဲ့။ တစ်ချိန်က ပထမ ဇောတိကာရုံ ဆရာတော်ဘုရားကြီး ကိုယ်တိုင်ပါဝင်တဲ့ သဲကုန်းမြို့၊ ဆင်မြီးဆွဲတိုက်နယ်၊ ခွေးရဲကျောင်းသစ်ကျောင်းတွင် သိမ်သမုတ်စဉ်ကပေါ့။ အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာနိဂုံးမှာ (သမ္မတာ သာသီမာ)၌ကား (သာ)ပါသင့်၏။ သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ နိဂုံးမှာကား (သမ္မတာသာသီမာ)ဟု (သာ) အစွဲမရှိ၍ (သာ) မပါသင့်ဟု ယူဆကြရာ ဆရာတော်ဘုရားကြီးက မူအစွဲဆိုသည်မှာ ဖြစ်အောင်စွဲက ဖြစ်နိုင်သည်တဲ့။ ဥပမာစွဲပြပုံမှာ. . . ဗဠမာနာ–ဖွဲ့သမုတ်ဆဲသော။ ယာသီမာ–အကြင်သိမ်သည်။ အတ္ထိ–ရှိ၏။ သာသီမာ–ထိုသိမ်ကို။ သံဃေန–သံဃာသည်။ သမ္မတာ–

သမုတ်အပ်ပြီဟု (သာ) အစွဲကို စွဲပြပါသည်။ ဆက်ပြီးမိန့်ပုံက. . . အကယ်၍ ဘုရားဟောစဉ်က (သာ)မပါသော်လည်း အက္ခရာဓိက (အက္ခရာပို)အတွက် ကံမပျက်၊ ဘုရားဟောစဉ်က (သာ)ပါရှိ၍ အခု (သာ)မပါဘဲ ဖတ်မည်ဆိုပါက အက္ခရာဟာပန (အက္ခရာယုတ်လျော့)မှုအတွက် ကံပျက်နိုင်ပါသည်။ ထို့ကြောင့် (သာ)ပါသော ဝါဒက ဗလဝ ဖြစ်၍ လိုက်နာရမည်။ (သာ) မပါသော ဝါဒမှာ (မသာဝါဒ) ဒုဗ္ဗလ ဖြစ်၍ မလိုက်ရဟု ရဲရဲတောက် ဆုံးဖြတ်စကား မိန့်ကြားတော်မူပါသည်ဘုရား။ ယခု ကမ္မဝါစာနှင့် ဆဋ္ဌမူပါဠိတော်များတွင်ကား (သာ)အက္ခရာမှာ ချန်ကြွသွားတော်မူဟန်ဖြစ်သည်ကို ဗဟုသုတအဖြစ် လျှောက်ထားလိုက်ရပါတယ်ဘုရား။

ယခုတစ်ဖန် နိဂုံးမချုပ်ခင်လေးမှာ သတိပေးစကားပင် လျှောက်ထားပါရစေဦးနော်။ ကမ္မဝါစာ ဖတ်ရာမှာ ချွတ်ယွင်းက ကံပျက်ရပုံကဲ့သို့ ဒီလိုကံပြုတဲ့အထဲမှာလည်း အနေအထိုင်ပုံမမှန်ကလည်း ပြုဆဲကံဟာ ပျက်သွားနိုင်တယ် ပေါ့နော်။ ဘယ်လိုပါလဲဆိုတော့ ဥပမာ– ဒီမှာက ကမ္မဝါစာကို ဌာန်ကျကျ ဖတ်နေဆဲမှာ ဒီအထဲ တစ်ပါးပါးက ကိစ္စတစ်ခုခုကြောင့် ယုတ်စွအဆုံး နှပ်ညှစ်၊ တံတွေးထွေးလိုမှုကြောင့် တစ်တောင့်ထွာ ဟတ္ထပါသ်အပြင် ပြူတင်းပေါက်သို့ သွားပြီး ကွမ်းထွေးခြင်း စသည်ပြုမယ်ဆိုပါက ထိုဖတ်ဆဲကမ္မဝါစာဟာ ပျက်သွားပြီး အစကပင် ပြန်၍ ဖတ်ရွတ်ရတော့တယ်ပေါ့။ ဒါလဲ သတိရှိဖို့ပဲပေါ့ဘုရား။ မိမိအတွက် ဝဂ္ဂ–ဝဂ်ဖြစ်ပြီး ကံမပျက်စေသင့်ဘူးပေါ့။

နောက်တစ်မျိုးရှိသေးတယ်။ သံဃာ့ပရိသတ်ထဲမှာ နေလျက်ပင် ဖတ်နေဆဲ ကမ္မဝါစာကို နားထောင်မှု မပြုဘဲ နီးစပ်သော ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ တီးတိုးစကားပြောတာလေး။ တစ်မျိုးပိုဆိုးတာက စာဖတ်တာက ဘယ်ပုံပဲ၊ ဌာန်မကျ၊ စာမမှန်ဘူး စသည် ကံပျက်လိုမှု စိတ်ထားရင်းမပါသော်လည်း အဲဒီလို တီးတိုးပြောဆိုပါကလည်း ကံဟာ ပျက်နိုင်တယ်ပေါ့။ ကမ္မဝါစာကို ပြိုင်တူဖတ်လျက်ပင် မိမိက တစ်စုံတစ်ခုကြောင့် မမီ၍ နေပါဦး၊ ဆိုင်းပါဦးဟု ပြောခြင်းသည်လည်း တားမြစ်ရာရောက်၍ ပြုဆဲကံ ပျက်သွားနိုင်တယ်ပေါ့။ ပြန်၍ အစကပင် ဖတ်ရပြန်တယ်ပေါ့။ ဒီအချက်တွေကို သာမန်ပဲလို့ ခပ်ပေါ့ပေါ့ သဘောမထားဘဲ ကမ္မဝါ အစ သုတ္တာတုရဲ့ အနက်သဘောကို မိမိရဲ့ညက်ညောလှတဲ့ ကုသိုလ်စိတ်နဲ့သာ ပြုတိုင်းသော ကံကိစ္စတို့မှာ အထူး ဆင်ခြင်တော်မူကြပါဘုရားလို့

လျှောက်ထားရင်းကပင် တပည့်တော်ရဲ့ကထာကို ရပ်နားပါရစေပါဘုရား။''(သာဓု (၃)ကြိမ်ခေါ်ကြသည်)

''အစီအစဉ် (၅)အရ နိမိတ်စောင့် သံဃာတော်များ တာဝန်ကျနိမိတ် အရပ်သို့ အသီးသီး နေရာယူတော်မူကြရန်ပါ ဘုရား။''

''အစီအစဉ် (၆)အရ သဲကုန်းမြို့ သိမ်ကုန်းကျောင်း ဆရာတော်ဘုရား က အရှေ့အရပ်မှစ၍ နိမိတ်ကြားတော်မူရန်ပါဘုရား။''

မေး = ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။

ဖြေ = ပါသာဏော ဘန္တေ။

ကြား = ဧသော ပါသာဏော နိမိတ္တံ။

ဖြေ = အာမဘန္တေ ပါဘုရား

မှတ်ချက်။ ။ငင်းအနက်ကို ဆိုင်ရာတွင် ပြန်ကြည့်ရန်သာ ဖြစ်ပါသည်။ ဤသို့ နိမိတ်စပ်၊ နိမိတ်ထပ်အောင် ကြားတော်မူပါသည်။

''အစီအစဉ် (၇)အရ ရန်ကုန်တိုင်း၊ ဒါးပိန်မြို့၊ ဖီးဖြူကုန်းကျောင်းတိုက်၊ ဆရာတော်ဘုရားက တောင်အရပ်မှစ၍ နိမိတ်ကြားတော်မူရန်ပါဘုရား။

မေး = (ဥါ့ရှင်နိမိတ်စောင့်)ယခု သမုတ်အံ့လတ္တံ့သော ဤသိမ် တောင်အရပ်၌ သိမ်၏အပိုင်းအခြားကို မှတ်ကြောင်းဖြစ်သောနိမိတ်ကား အဘယ်နည်း။

ဖြေ = ကျောက်ပါ ဘုရား။

ကြား = ဤကျောက်သည် ယခု သမုတ်အံ့လတ္တံ့သော ဤသိမ်၏ အပိုင်း အခြားကို မှတ်ကြောင်းဖြစ်သော နိမိတ်။

ဖြေ = မှန်လှပါ ဘုရား။

''အစီအစဉ် (၈)အရ ကျိုက္ကော်၊ အနန်းကုန်းချမ်းအေးတောရ ဆရာ တော်ဘုရားက အနောက်အရပ်မှစ၍ နိမိတ်ကြားတော်မူပါရန်ဘုရား။

မေး = ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တံ။

ဖြေ = ပါသာဏော ဘန္တေ။

ကြား = ဧသော ပါသာဏော နိမိတ္တံ။

ဖြေ = အာမဘန္တေ ။

ဤနည်းဖြင့် စပ်အောင်၊ ထပ်အောင် ကြားတော်မူပါသည်။

အစီအစဉ် (၉)အရ ဤနည်းတူ မန္တလေးမြို့ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်း ဆရာတော် ဦးပညာသိရီ အရှင်မြတ်က မြောက်အရပ်မှလည်းကောင်း. . .

အစီအစဉ် (၁၀)အရ မော်ကျွန်း ကဖောင်းကျောင်း ဆရာတော်က သံဃာတော်များ အလယ်မှနေ၍ အရှေ့အရပ်မှစ၍လည်းကောင်း စပ်မိ၊ ထပ်မိ အောင် ကြားတော်မူပါသည်။

''အစီအစဉ် (၁၁)အရ နိမိတ်စောင့်များ သိမ်အတွင်းသို့ ပြန်ကြွတော်မူပါရန်ပါဘုရား။''

အစီအစဉ် (၁၂)အရ သမာနသံဝါသသီမာ သမ္မုတိ ကမ္မဝါစာတော်ကို အစီအစဉ်တွင် ဖော်ပြပြီးဖြစ်သော ဆရာတော်ဘုရားများက တစ်ပါးချင်း (၃)ကြိမ်၊ နှစ်ပါးတွဲ(၃)ကြိမ်၊ သုံးပါးတွဲ(၃)ကြိမ်အားဖြင့် (၉)ကြိမ်တိုင်တိုင် ဖတ်ရွတ်တော်မူကြရာ (ချမ်းအေးရွှေရတုသိမ်တော်)မှာ အောင်မြင်ခြင်းအထွတ်သို့ ရောက်တော်မူပြီး ဖြစ်ပါသည်။

မှတ်ချက်။ ။အကယ်၍ ရေနိမိတ်ထား သမုတ်ပါက ရေရှိ,မရှိ ကြည့်ခိုင်းပါလေ။ ရေရှိနေပါက ခြွင်းချက်မရှိ အောင်မြင်သည်ဟု စိတ်ချရန် ဖြစ်ပါသည်။

''အစီအစဉ် (၁၃)အရ အဝိပ္ပဝါသသီမာသမ္မုတိ ကမ္မဝါစာတော်ကိုလည်း သမာနသံဝါသသီမာသမ္မုတိ ကမ္မဝါစာနည်းတူ အစဉ်မပြတ် (၉)ကြိမ်ပင် ဖတ်ရွတ်တော်မူကြရန် ဖြစ်ပါတယ်ဘုရား။''

''အရှင်မြတ်တို့ဘုရား. . . အဲဒီ အဝိပ္ပဝါသသီမာသမ္မုတိ ကမ္မဝါစာကို မဖတ်ခင် တပည့်တော်အနည်းငယ် လျှောက်ထားပါရစေဘုရား၊ သိမ်သမုတ်တိုင်းလိုလိုပင် သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာ ပြီးပါက ဆက်လက်၍ အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာကို တစ်ဆက်တည်းမရပ်မနားဘဲ သိမ်နုတ်နည်းတူ ဆက်၍ဖတ်သည်လည်း ရှိတယ်ပေါ့ဘုရား၊ ယခုလို သမာနသံဝါသကို အပြီးအစီး (၉)ကြိမ် စိတ်ကြိုက်ဖတ်ပြီးပါမှ အဝိပ္ပဝါသ ကမ္မဝါစာကို ဖတ်ရွတ်တဲ့နည်းလည်းရှိတယ်ပေါ့ ဘုရား၊ ဘာပဲပြောပြော တပည့်တော်တို့ ယခုဖတ်တဲ့နည်းကတော့ ဆွမ်းကို ဟင်းစုံနဲ့ စိတ်ကြိုက်ဘုဉ်းပေးပြီးမှ သွားရေစာနှင့် အကြမ်း၊ အချော၊ အချိုပွဲစုံကို စားပွဲကြီးနဲ့ တခမ်းတနားပြင်ပြီးတော့ ဘုဉ်းပေးတဲ့နည်းလို့ပဲ ဆိုရတော့မှာပေါ့နော်။''

အဲဒီ အဝိပ္ပဝါသ သီမာသမ္မုတိ တကယ်တော့ မဖတ်ဘဲလည်းရနိုင်၊ ဖြစ်နိုင်တယ်ပေါ့ဘုရား။ ဘာ့ကြောင့်လည်းဆိုတော့ မဟာသိမ်ကြီး သိမ်ကျယ်ထဲမှာ သမုတ်တဲ့ ခဏ္ဍသိမ်ဆိုရင်တော့ အဝိပ္ပဝါသ ကမ္မဝါစာကို မဖတ်မနေ ဖတ်ရမယ်ပေါ့ ဘုရား။ အခုလို ဂါမသိမ်ပေါ်မှာ ပိုင်းခြားသတ်မှတ်သမုတ်တဲ့ ခဏ္ဍသိမ် (အတု) မျိုးကတော့ အဝိပ္ပဝါသ ကမ္မဝါစာကိုဖတ်လည်းအထူးမရှိ၊ မဖတ်လည်း အထူး မရှိပါ။ ဘာ့ကြောင့်ဆိုတော့ တိစီဝရိတ်နှင့် ညဉ့်ကင်းသော်လည်း ဒီသိမ်ထဲမှမဟုတ်၊ ကျောင်းတိုက်တွင်းဆိုပါက အပြစ်မရှိနိုင်သောကြောင့် ဖြစ်တယ်ပေါ့ဘုရား။ ဒါပေမဲ့ (သီမံ ဘိက္ခဝေ သမ္မန္နိတွာ၊ ပဌမံ သမာနသံဝါသ သီမာ သမ္မန္နိတဗ္ဗာ၊ ပစ္ဆာတိ စီဝရေန အဝိပ္ပဝါသော သမ္မန္နိ တဗ္ဗော)စသည် ဝိနည်းမဟာဝါပါဠိ (၁၄၉)တွင် မိန့်တော်မူချက် အထင်အရှားရှိသောကြောင့် လည်းကောင်း၊ အဋ္ဌကထာဋီပင် (ဒဠှီကမ္မတ္ထံ) မြဲမြံစွာပြုခြင်း အကျိုးရှိသည်ဟုလည်းကောင်း၊ အဋ္ဌကထာဆရာ အရှင်မြတ်တို့၏ အစဉ်အလာကျင့်ထုံးဖြစ်သောကြောင့်လည်းကောင်း၊ မည်သည့် အရာမျှ ထိခိုက်မှုမရှိဘဲ အပြစ်မရှိသောကြောင့်လည်းကောင်း၊ သိမ်သမုတ်တိုင်း လိုလို အဝိပ္ပဝါသ ကမ္မဝါစာကို ထပ်၍ သမုတ်တော်မူကြခြင်းဖြစ်သည်ကို သဘော ပေါက်ပြီး မလုပ်မနေရဟူသော တရားသေဝါဒကို စွဲစွဲမြဲမြဲကြီး အယူမသန်၊ အယူမသည်းရန်ကို သဘောကျဖို့လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား။

တကယ်တော့ကာ– ရှေးကလည်းဒီအတိုင်း၊ ယခုလည်းဒီမူ၊ နောက် နောင်လည်း ဒီပုံစံဆိုတဲ့ အစဉ်အလာကောင်းများကို ထိန်းသိမ်းဖို့ဆိုတာ အလွန် အရေးပါလှတယ်ပေါ့ဘုရား။ သာဓကကိုပြရမယ်ဆိုပါက ဘုရားရှင်က 'ငါဘုရား မရှိသည့်နောက် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များကို ပယ်လို၊ နုတ်လိုက ပယ်နုတ်နိုင် ကြောင်း' အခွင့်သနားပေးခဲ့ပေမဲ့ အရှင်မဟာကဿပ ဦးဆောင်သည့် သံဃာ တော်တစ်ဖွဲ့လုံးဟာ မပယ်တမ်း, မနုတ်တမ်း ဟူသောဝန်ခံချက်ဖြင့် ပြုလုပ် လာခဲ့မှုကြောင့် ယနေ့ထိ ထေရဝါဒသာသနာဟာ သန့်စင်ပြီး အသက်ရှည်လာ ရပုံကိုလည်းကောင်း၊ နောက်တစ်ခါ မဂ္ဂဒေဝမင်းမှစ၍ နေမိမင်းကြီး အထိ မင်းဆက်ပေါင်း (၈၄၀၀၀)ရှစ်သောင်းလေးထောင်တို့ဟာ ဆံတစ်ပင်ဖြူတဲ့အရွယ် ရောက်တိုင်း တောထွက်ပြီး တရားကျင့်သုံးတဲ့ အစဉ်အလာထုံးက လိုက်နာလာခဲ့ ခြင်းတို့ဟာ သူတော်ကောင်းတို့ရဲ့ အစဉ်အလာကျင့်ထုံးကို သူတော်ကောင်းတိုင်း လိုက်နာကျင့်သုံးခြင်းဟာ အလွန်သဘာဝကျပြီး အလွန်လည်းမှန်ကန်ကြောင်းကို

နမူနာယူပြီး ဘုရားဟောတော်မူခြင်း၊ အဋ္ဌကထာဆရာမြတ်တို့၏ အစဉ်အလာ ကျင့်ထုံးဖြစ်ခြင်း၊ ရှေးရှေးဆရာတော်တို့၏ ထုံးစံစနစ်ဖြစ်ခြင်း စသည်တို့ကို ဦးထိပ်မှာထားပြီး ကိုင်း. . . အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာကို ရှိရှိသေသေ ဖတ်ရွတ်ကြပါစို့ဘုရား။''

''အစီအစဉ် (၁၃) အရ အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာတော် ကိုလည်း တစ်ပါးချင်း (၃)ကြိမ်၊ နှစ်ပါးတွဲ (၃)ကြိမ်၊ သုံးပါးတွဲ (၃)ကြိမ်အားဖြင့် (၉)ကြိမ်တိတိ ဖတ်ရွတ်တော်မူကြရန်ပါ ဘုရား။''

အစီအစဉ် (၁၄) အရ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ချမ်းအေး ရိပ်သာ ဦးကိတ္တိဝရ အရှင်သူမြတ်က (သိမ်အောင်မင်္ဂလာမြတ်ဂါထာတော်)ကို ရွတ်ဖတ်ပူဇော်ရန်ပါဘုရား။

## သိမ်အေ ာင်မင်္ဂလာမြတ်ဂါထာပါဘုရား

ပါဠိ ။ ။ အဟောပုညံ၊ ပရမပုညံ၊ သုသီမံ သုပ္ပတိဋ္ဌိတံ။ တသ္မာ ကလျာဏာသကံပ္ပါ ၊ အနုမောဒန္တု သာဓဝေါ။

အနက် ။ ။ ဘောန္တော– သာသနာကျိုး သယ်ပိုးရွက်ဆောင်၊ ဘုန်းခေါင် ကြီးမား ထေရ်မြတ်များနှင့် မခြားတူလှ၊ သာသနာ့ကျိုးခိုင်၊ ဦးကျော်နိုင်နှင့် ဦးသက်နိုင်မယွင်း အရင်းမောင်နှမ၊ မြတ်လှ ဆွေမင်း၊ စိတ်ထားရင်းဖြင့်၊ ထင်လင်းစုဆောင်း ၊ အို. . . ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့. . .။
ကွဒါနိ – သိမ်သမုတ်ပွဲ၊ ဆင်နွဲအောင်ရာ၊ ဤယခုအခါ၌
ကွဒါနိ – ရွှေရတုခေါ်၊ မြတ်သိမ်တော်ပွဲ၊ အောင်နွဲဆင်ရာ၊ ဤယခုအခါ၌။
ပုညံ– သဒ္ဒါမှာလိုင်၊ ရတနာမှာစိန်ဟု အခေါင်သိမ်မှီး၊ အမြတ်ဒါနကြီးကို၊ ကျနမယွင်း၊ စိတ်ထားရင်းဖြင့်၊ ထင်လင်း ကြည်ဖြူ ပေးလှူပါရ၊ မြတ်ပုညသည်။
အဟော– လူ့နယ်၊ နတ်ရွာ၊ ဗြဟ္မာခေါင်းထိး၊ လက်ဖျစ်တီး လောက်အောင်၊ မြတ်ခေါင်တင့်လှ၊ ချီးမွမ်းအပ်ပါပေစွတကား။
ပရမပုညံ– ငွေကျောင်း၊ ရွှေကျောင်း၊ ရတနာကျောင်းတို့

ထောင်သောင်းကုဋေ၊ ဆောက်လှူစေလည်း၊ မလွဲပိုင်ပိုင်၊ ဦးဆံကိုင်၍၊ အနိုင်ချေသတ်၊ ကောင်းမှုမြတ်ကို၊ ကုသိုလ် ကိုင်စွဲ၊ နိုင်အောင်နွဲ၍၊ ထူးကဲထိပ်ဆုံး၊ အားလုံးထက်သာ၊ ပမာမြင်းမိုရ်၊ ပုံနှိုင်းဆိုလည်း၊ မလွဲမသေ၊ ကုန်နိုင်ပေမို့ မို့မို့ထိပ်တင်၊ အမြတ်ဆုံးဘုရင်ကြီးသာ၊ ဖြစ်ပါပေစွာ တကား။

သုသီမံ- ကောင်းရာ ကောင်းမှု၊ ကောင်းအစုနှင့်၊ ပြစ်မှု ကင်းကွာ၊ ထေရ်သံဃာအား၊ ထင်ရှားကေန်၊ မြတ်နိဗ္ဗာန် သို့၊ အမှန်ပို့လတ်၊ မြတ်မဂ္ဂင်မွေး၊ ချမ်းအေးရွှေရတု၊ မေရုတိုင်မှီး၊ အနိုင်စီးသည့်၊ သိမ်တော်ကြီးကို။

သုပ္ပတိဋ္ဌိတံ- အနန်းကုန်းခေါ်၊ ရွှေကျောင်းတော်ရင်း၊ ဓမ္မာရုံအတွင်းဝယ်၊ တင့်တယ်ကျနှ၊ လှလှပိုင်ပိုင်၊ နိုင်နိုင် အဟုတ်၊ သမုတ်စုံနည်း၊ အသီးသီးဖြင့်၊ ထီးထီးမားမား၊ တည်ထားအပ်ပါပေပြီတကား။

တသ္မာ- ဆိုခဲ့တိုင်းသာ၊ အဖြာဖြာဖြင့်၊ ကောင်းစွာထင်လင်း၊ တည်ထားခြင်းတည်းဟူသော၊ ထိုအကြောင်းကြောင့်။

ကလျာဏသက်ပ္ပါ- ကိုယ် နှုတ် စိတ်မှန်၊ အကြံနေဝန်း၊ ကေန်ထွန်းသို့၊ သဃ်န်းကျွန်းနေ၊ ရွှေသိမ်ကိုပိုင်၊ ဦးကျော် နိုင်နှင့်ဦးသက်နိုင်ညီရင်း၊ မောင်နှမတစ်သင်း နှင့် စိတ်ရင်း ရွှေတုံး၊ အနန်းကုန်းတစ်ခွင်၊ ရှင်ရှင်စုအောင်း၊ သူတော် ကောင်းတို့၊ အကြောင်းတူညီ၊ အကြံကောင်း ကိုယ်စီကိုယ်င၊ ရှိနေကြကုန်သော။

သာဝေါ- စိတ်ထားဖြူလွှင်၊ တရားခင်၍၊ မြလျှင်ဒါန၊ သီလမက္ကာ၊ ဘာဝနာပွား၊ မနေအားဘဲ၊ ဝိပဿနာဉာဏ်၊ ကစားကြကုန်သော၊ သူတော်ကောင်းတို့သည်။

အနုမောဒန္တု- အဖန်ဖန်သဘောပေါက်၍၊ ဝမ်းမြောက် တော်မူနိုင်ကြပါစေကုန်သတည်း။

အနုမောဒန္တု- သဘောကျကြည်လင် သောမနဿမှီယှဉ်၊ ဇောဟဒယ မနသိ အစဉ်တို့ဖြင့်၊ တရှင်ရှင်တဖိတ်ဖိတ်၊

နှစ်သိမ့်လျှံစွာ၊ သာဝဇ္ဇသံ သုံးကြိမ်ဖြာလျက်၊ ဤကမ္ဘာမြေ တုန်ဟီးလောက်အောင်၊ ညီညာစွာ သံစုံတီးလို့မို့၊ ဝမ်း အမြောက်ကြီး ဝမ်းမြောက်တော်မူနိုင်ကြပါစေကုန်သတည်း။ (သာဓု-၃-ကြိမ်)

"အစီအစဉ် (၁၅)အရ ရဟန်းဒါယကာကြီး ဦးလှကြည်၊ အမှတ်(၆၉) စက်မှုလက်မှု (၂)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းက ချမ်းအေးရွှေရတု သိမ်တော်ကြီး၏ သိမ်အောင်ကြောင်းဖြာ ဩဘာစာအလင်္ကာကို ဖတ်ကြားတင်ပြရန်ဖြစ်ပါသည် သူတော်ကောင်းတို့. . ."။

### သိမ်အောင် ဩဘာစာပါ ဘုရား

၁။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊ မိန့်မှုသေချာ၊ စောသတ္တာသည်၊ သုံးဖြာဘုံတိုက်၊ ဝေနေမိုက်အား အမြိုက်ရသာ၊ ဒေသနာကို၊ ဝါလေးဆယ့်ငါး၊ ထင်ရှားတည်ထွေ၊ တိုက်ကျွေးလေလည်း၊ စိတ်ထဲမလှ၊ မဝသလို၊ အာသာ ပိုကြောင့်၊ ထိုထိုများစွာ၊ သားသံဃာတို့၊ ဆင့်ကာလီလီ၊ ငါးထောင် တည်အောင်၊ ဂုဏ်ရည်ဖြူဖွေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးကိုယ်စား၊ ကျင့်ပွားဖို့ရာ၊ သာသနာ ကို၊ ရှစ်ဖြာအံ့ဖွယ်၊ နည်းသွယ်သွယ်ဖြင့်၊ ခြယ်လှယ်ငွားငွား၊ ဝင့်ဝင့်ကြွားမျှ၊ အားထားရည်မျှော်၊ ကောင်းကျိုးဖော်ဖို့၊ မချို့သာသနာ၊ အဖြာဖြာကို၊ ကောင်းစွာ ထားတော်မူခဲ့သည်ဖြစ်ပါကြောင်း။

၂။ အပေါင်းစုံစွာ၊ ဂုဏ်ရောင်ဝါဖြင့်၊ မှန်စွာထားရာ၊ မြတ် သာနာကား၊ သံဃာနောက်သား၊ တပည့်များတို့၊ စိတ်ထားကိုယ်ပါ၊ ညီညာ ညာဖြင့်၊ ကမ္မာကမ္မ၊ အဝဝကို၊ ပြုကြမယွင်း၊ တည်မြဲခြင်းကြောင့်၊ ဉာဏ်ရင်း မူစွဲ၊ သဒ္ဒါကဲပိုင်။ ဦးကျော်နိုင်နှင့်၊ ဦးသက်နိုင်တို့၊ ညီအစ်ကို မောင်နှမ၊ စေတနာလှကြောင့်၊ နေကြမယွန်း၊ သဃ်န်းကျွန်းမြို့နယ်၊ မှတ်ဖွယ်ငါးခု၊ နေမှုတင့်ဆန်း၊ သင်္ဂဟလမ်းတွင်၊ ထို့ပြင်(ဃ)ကြီး၊ ရပ်ကွက်မှီးစဉ်၊ နေတွင်လ နှယ်၊ ဉာဏ်ကောင်းခြယ်လျက်၊ သွယ်သွယ်ခညောင်း ၊ တပည့်အပေါင်းတို့၏။ ခိုအောင်းမှီရာ၊ ထေရ်ဆရာချမ်းအေး၊ ကိုးကွယ်ရွေးလျက်၊ ထက်မြက်ဝေဖြာ သိမ်မဟာကို၊ လှူပါလိုကြောင်း၊ ခွင့်ကိုတောင်းရာ၊ အကြောင်းမျှော်တွေး၊ ထေရ်ချမ်းအေးလည်း၊ နောင်ရေးရှည်ကြာ၊ သာသနာအတွက်၊ ဦးထက်ရွက်

ကာ၊ ဗုဒ္ဓါမိန့်ကြား၊ ခွင့်ပြုထားမှု၊ (အနုဇာနာမိ ဘိက္ခဝေ သိမံ သမ္မန္နိတုံ ) မိန့်အာရုံကို၊ ကြေးမုံအလား၊ နှလုံးထားလျက်၊ မှစ်ပါးဝုရ၊ ပြည့်စုံစွပ်ဟူ၊ သူငါအပေါ်၊ သာလွန်ကျော်ဘိ၊ မဟော်ထုံးလို၊ သိဉာဏ်ပိုငြား၊ နောင်တော်များကို၊ ထင်ရှားပန်းလျှောက်၊ စိတ်ထားဖြောင့်ကာ၊ နောင်လာဆပွား၊ သံဃာများတို့ ထင်ရှားလွယ်ကူ၊ စိတ်ဖြူညီစွာ၊ ကမ္မာကမ္မ၊ ဆောင်ရွက်ကြဖို့၊ လှလှပေါ်ထင်၊ မြတ်မင်္ဂလာမွေး၊ ချမ်းအေးရွှေရတု၊ သိမ္မူဉာဏ်မှီး၊ သိမ်တော်ကြီးကို၊ ထိုထိုဉာဏ်လွှာ၊ အင်္ဂါဖုံဖုံ ၊ လွန်ပြည့်စုံသည့်၊ တည်တံ့ဂါမ၊ ရပ်ဌာနှဉ်၊ လုံ့လအားထုတ်၊ ပတ်တကုတ် ဖြင့်၊ သမုတ်ကြရန်၊ စိတ်အကြံကို၊ ကောန်လုပ်ကွက်၊ အချက်ကျကျ၊ မွေနည်းထုံး၊ အမြဲသုံးသည့်၊ သဲကုန်းမည်ခေါ်၊ နောင်တော်အစ၊ ဒေသမြို့နယ်၊ တင့်တယ် ပေါင်းတည်၊ ညီအစ်ကိုစုပေါင်း၊ ပေတောကျောင်းပျော်၊ မြတ်ထေရ်ကျော်များ၊ ရှေ့တန်းထားလျက်၊ ထက်မြက်မဆုံး၊ အနန်းကုန်းဝန်းကျင်၊ ထေရ်အရှင်တို့၊ ပါဝင်စိတ်ထား၊ ညီညာအားဖြင့်၊ ထင်ရှားစေ့ငု၊ ရွှေရတုကြံ့ပျော်၊ တစ်ဖော်မြတ် မင်္ဂလာ၊ ထို့ပြင်ချမ်းအေး၊ လွန်စွာမွေးကျော်၊ ဤသိမ်တော်ကို၊ တူပျော်ပျော်ကြီး၊ သမုတ်ခဲ့သည် ဖြစ်ပါကြောင်း။

၃။ တပ်လောင်းစုံဖော်၊ သိပ်တော်၏ဂုဏ်၊ သမုတ်ပုံကို၊ ပြည့်စုံ ဝဝ ၊ ဖော်ပြရသော်၊ ကျနုမလွဲ၊ ပျားကြီးစွဲနှင့်၊ တစ်ခဲ့ကိုးခန်း၊ ရင်ပေါင်တန်းတွင်၊ ဒေါင့်တန်းကြက်ခြေ၊ နုတ်ပြီးလေမှ၊ တစ်ထွေနုလုံ၊ ပင့်လုံးနှင့်၊ အစုံခရုပတ်၊ တစ်ရပ်မြင်းမိုရ်၊ တက်ဆိုဆင်းလတ်၊ နုတ်တုံမြတ်ကြောင့်၊ သုဒ္ဓတ်ဖြစ်လာ၊ သံဃာ သုံးဆယ်၊ ပြည့်ကြွယ်သီလ၊ စည်းဝေးကြ၍ (နိမိတ္တာနိ၊ သကိ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ ) ကျမ်းဂန်ရှိလည်း၊ ဒွိဟာသက်ာ၊ ကင်းရှင်းကွာအောင်၊ ရှိရာဒေသ၊ အရောက်ကြွလျက်၊ ကြားမှုလေးခါ၊ တစ်ဖြာအလယ်၊ ကြားဖွယ် တစ်ကြိမ်၊ ကျောက်ရွှေစိန်ထား၊ ငါးကြိမ်ကြားကာ၊ အရိယာများ ၊ ကဲ့အလားသို့၊ တရားချစ်ခင်၊ သက်မမင်ဘဲ၊ များဖျင်သီးသီး၊ မထေရ်ကြီးသို့၊ ပွမ်းတီးလိမ္မာ၊ ကျွမ်းကျင်စွာလျှင်၊ ဌာနာကရဏ၊ ပယတနှင့်၊ ဗျဉ္ဇနဗုဒ္ဓိ၊ အညီညှိလျက်၊ ပရိဟိန္၊ ဒုရုတ္တကင်း၊ ဝိပ္ပယွင်းလျက်၊ သန့်ရှင်းညီစွာ၊ သမာနသံဝါ၊ ကိုးကြိမ်ခါဟိန်း၊ မိုးကြိုးကိန်းပုံ၊ တစ်ဖုံအဝိပ္ပ၊ တူစွာကိုးကြိမ်၊ ဉာဏ်ဝရဇိန်ဖြာ၊ သို့ခြင်းရာကြောင့်၊ ကခ်ါအဖြုန်း၊ မြူလုံးမထင်၊ လွန်သန့်စင်လျက်၊ နိမိတ္တာပြင်ဘက်၊ ရောယှက် မှုကင်း၊ နိမိတ်တွင်းသာ၊ ပေါ်မြေလွှာမှ၊ အစပြုကာ၊ သချ်ာ တွက်ကိန်း၊ နှစ်သိန်း

လေးသောင်း၊ ထုပေါင်းယူဇနာ၊ ဖောက်ထွင်းကာလျှင်၊ ရေလွှာတိုင်တိုင်၊ တည်မတ်နိုင်ပြု၊ ကောဇာခုဆောင်၊ တစ်ထောင်သုံးရာ၊ ခြောက်ဖြာငါးခု၊ ဆောင်းဥတုဆို၊ ပြာသိုဆန်းတွက်၊ ငါးရက်ညတွင်၊ ပန်းလျှင်ခွာညို၊ အမွေးပိုသင်း၊ လေညင်းဆောင်ရာ၊ ထိုချိန်ခါကား၊ နာရီမယွင်း၊ (၁၁)နာရီအတွင်းဝယ်၊ တင့်တယ်ဂုဏ်စုံ၊ ရွှေရတုမည်သာ၊ သိမ်မဟာသည်၊ ဗုဒ္ဓါမိန့်မှာ၊ စက်အာဏာကြောင့်၊ လွန်စွာမြတ်တောင်၊ ပွဲသိမ်အောင်မို့၊ နတ်ဘောင်လွန်မြောက်၊ ဗြဟ္မာရောက်ထီး၊ ဘဝဂ်မိုးအောင်၊ စည်တီးအောင်သံ၊ တစ်ဖန်အောင်မောင်း၊ ပြောသံဆောင်းလျှက်၊ လက်ပန်းပေါင်းစုံ၊ တစ်ဖုံစိန်ပြောင်း၊ အမြောက်ပေါင်းမြည်၊ အလီလီနှင့်၊ ဟီဟီဗုံးသံ၊ နဘံမိုးလုံး၊ အုံးအုံးခြိမ်းညံ၊ အောင်အသံနှင့်၊ အောင်လံစိုက်ထူ၊ အောင်ဇမ္ဗူဝယ်၊ အောင်သူတို့ထုံး၊ အောင်နလုံးဖြင့်၊ အောင်ပြုံးကြည်သာ၊ အောင်ကြောင်းဖြာသည်၊ အောင်စွာသာစု ခေါ်စေသော်။ (သာဓု–၃–ကြိမ်)

၃၉။ "အစီအစဉ် (၁၆) အရ ဤသိမ်အောင်ပွဲအခမ်းအနားကြီးကိုအားလုံးသော အရှင်တို့နှင့်တကွ ယောဂီသူတော်ကောင်းအပေါင်းတို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆို၍ ဤအခမ်းအနားကြီးကို အပြီးရုပ်သိမ်းပေးတော်မူပါဘုရား။"

## ၄၀။ သိက္ခာထပ်မှူ့ရွှေရတု သိမ်ခုလှူပွဲ ခြိမ့်ခြိမ့်သည်း

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း (၆)ရက် (၂၈–၁၂–၂၀၀၃) တနင်္ဂနွေနေ့ (၈)နာရီကစ၍ ဘဒ္ဒန္တနာဂသေနာဘိဝံသ၊ ချမ်းအေးတောရ ဆရာတော်အား သိက္ခာထပ်တင်ပြီး၊ ချမ်းအေးရွှေရတု သိမ်တော်ကြီးကို ရေစက်ချသဘင်စုံစုံလင်လင် ကျင်းပတဲ့ပွဲကြီး၊ ချမ်းအေးဆရာတော်အရှင်သူမြတ်ကိုယ်တော်တိုင် အလှူဒါယကာများဖြစ်ကြတဲ့ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဂဟလမ်းမှာနေထိုင်ကြတဲ့ အစ်ကို ဦးကျော်နိုင်နှင့် ညီဖြစ်သူ ဦးသက်နိုင်အစ ညီအစ်ကို မောင်နှမတို့အား အစထား၍ အနန်းကုန်းနှင့် ထို့ပြင် ရှစ်မျက်နှာမှ ရောက်လာကြသော တရားနာ ယောဂီတို့အား အလှူကြီးနှင့် လိုက်ဖက်ညီစွာ အားပါးတရ ဟောပြပုံတို့ကို ဤဌတင်ပြလိုသော်လည်း စာအုပ်ဖြစ်၍ ကျယ်သွားမည်စိုး၍ကတစ်ကြောင်း၊ ထိုစဉ်က ကက်ဆက်အခွေများဖမ်းထားပြီးဟု ယုံကြည်

ရခြင်းကတစ်ကြောင်းတို့ကြောင့် မဖော်ပြသည်ကို ခွင့်ပြုပါဟု။ ၎င်းရေစက်ချ အလှူပွဲတွင် ပင့်သံဃာတော် (၃၀)ကျော်တို့အား ထိုက်ထိုက်တန်တန် အားရပါးရ လှူဒါန်းကြတဲ့ ညီအစ်ကို မောင်နှမတစ်စုတို့၏ အလှူဒါနကိုသာ ကုသိုလ်ရရန် ရည်သန်ပြီး သာဓုသာ ကျယ်ကျယ်ခေါ်ကြပါတော့ဟူ၍သာ။

## ၄၁။ နောင်တော်ကြီး(ရွှေရတု) သိမ်တော်မော်ကွန်းရွှေစာညွှန်း

ဗုဒ္ဓသာသနံ၊ မြဲစိရံ၊ ကေနတိဋ္ဌတု၊

ရည်မျှော်ပြု၍၊ ငါးခုဘွဲ့ရ၊ ဘဒ္ဒန္တမည်၊ နာဂသေန၊ ထေရ်မဟာသည်၊ တောမိုပျော်လစ်၊ ငါးနှစ်အရှိ၊ ပြည့်ဘိ (၅၀)၊ တင့်တယ်ရွှေရတု၊ ထိမ်းမှတ်ပြုကြို၊ ရန်ကုန်မြို့တော်၊ ပျော်စုံသဃ်န်းကျွန်း၊ ဖော်ညွှန်း(ဃ)ရပ်ကွက်၊ နှစ်သက်(လ)စန်း၊ သင်္ဂဟလမ်းနေ၊ သဒ္ဓါခြေခိုင်၊ ဦးကျော်နိုင်၊ ဦးသက်နိုင်၊ တူပြိုင်မယွင်း၊ ညီအစ်ကိုမောင်နှမ တစ်သင်းတို့၏၊ ရှိရင်းဥစ္စာ၊ စွန့်လှူကာပြု၊ တောင်းပန်မှုကြောင့် (ရွှေရတု)မှည့်ခေါ်၊ ဤသိမ်တော်ကို၊ ဖြစ်ပေါ်စေရေး၊ ဦးစားပေး၍၊ ဥက္ကာရေးအမော်၊ နောင်တော်မည်လှ၊ ဦးသီလာစာရနှင့်၊ ဦးဝိလာသ၊ နှစ်ဝနောင်ညီ၊ တစ်လီညီဖွား၊ ဇာတိသားရဟန်းတော်၊ (၂၀)ကျော်ထင်လင်း၊ နည်းစုံသွင်းကာ၊ နုတ်ခြင်းခန့်ထည်၊ သမုတ်နည်းဝယ်၊ အသွယ်သွယ်တို့ဖြင့်၊ မှဝ်ဖွယ်ကောဇာ၊ တစ်ထောင့်သုံးရာဟု၊ ခြောက်ငါးခုဆို၊ ပြာသိုဆန်း (၅)ရက်၊ နှစ်သက်ရွှင်လန်း၊ ချွဲညိုပန်းပန်၊ ညဥ္ဇယာမ်ဗဟို၊ ထိုချိန်(၁၁)၊ ခါစဉ်စစ်တွင်၊ အပြီးဆင်လျက်၊ ပူပင်(၁၁)မီး၊ ငြိမ်းစေနည်းတွေး၊ ချမ်းအေးရွှေဘုံ၊ တောင်းဆုစုံပန်၊ တစ်ဖန်ဝေနေ၊ ရစေအမျှ၊ မြင်တိုင်းရဖို့၊ မြတ်လှမော်ကွန်း၊ ရွှေစာညွှန်းသည်၊ (လ)ဝန်းယုန်နှယ်တည်စေသော်။

## ၄၂။ အိပ်မက်ပြီးဆုံး ကျမ်းနိဂုံး

၁၃၆၅–ခုနှစ်၊ ပြာသိုလဆန်း(၃)ရက် (၂၅–၁၂–၂၀၀၃) ကြာသပတေး နေ့က ဖြစ်ပါသည်။ မိမိအပေါ် တာဝန်ကြီးမားစွာရောက်ရှိလာသော ဦးဆောင်ပြု၍ သိမ်နုတ်သိမ်သမုတ်ရန်ဟူသည့် တာဝန်ကြီးကို တွေးတောရင်မောရင်းနှင့် (၂၅) နှစ်ကျော်က ဘဝဗြဟ္မာဘုံ ခိုလှုံကြွသွားတော်မူသော ကျေးဇူးတော်သခင် ပထမ ဇောတိကာရုံ (ပြည်)ဆရာတော်ဘုရားကြီးကို အလွန်မှန်းဆ တမ်းတရင်း

ပျော်မှန်းမသိ အိပ်ပျော်သွားရာ၊ အိမ်မက်ထဲမှာ ဆရာတော်ဘုရားကြီးက ပြဟ္မာဘုံကနေ ကြွရောက်လာပြီး၊ သိမ်နုတ်၊ သိမ်သမုတ်နည်း အစုံစုံတို့ကို အသက်ထင်ရှား ရှိစဉ်ကကဲ့သို့ သင်ကြားပြသ ပို့ချပေးတော်မူပြီး ကိုင်း. . . ငါ့တပည့်၊ သိမ်မော်ကွန်းပါ နိဋ္ဌိကံပြီးသည်အထိ ငါသင်ပြပြီးပေပြီမို့ နေရင်းပြဟ္မာနန်းသို့ ငါပြန်ကြွတော်မူတော့မယ်ဟု ပြောပြောဆိုဆို ကောင်းကင်ထက်သို့ ပြန်တက်တော်မူသွားရာ အားမလို အားမရဖြစ်ပြီး ''ဆရာတော်ဘုရား. . . ဆရာတော်ဘုရား. . . ဆရာတော်ဘုရား. . .'' ဟု အော်ဟစ်ခေါ်နေစဉ်မှာပင် မိမိရဲ့ အိပ်ခန်းဝက ဒါယကာများက အရုဏ်ဆွမ်းဘုန်းပေးကြွဖို့ ''ဆရာတော်ဘုရား. . . ဆရာတော်ဘုရား. . .''ဟုနှိုးလေမှပင် ဟင်. . . ဆိုပြီး မှိတ်နေသောမျက်စိများကို ဖွင့်ကြည့်လိုက်ရာ၊ လောကဓါတ်တစ်ခွင်လုံးမှာ ''သက်သက်စဉ်လင်းနေမှ ကိုး''ဟု နှုတ်ဖျားမှ ရေရွတ်ပြီးခါ ကုဋ္ဌိကိစ္စပြီး၍ မျက်နှာသစ်ပြီး မျက်နှာသုတ်တဘက်ဖြင့် သုတ်ရင်းကပင် စိုးရိမ်ကြောက်ရွံ့မှုများကင်းပြီး အလွန်ရဲတင်းကာ ပါးစပ်ဖျားမှ လွှတ်ခနဲ ထွက်သွားမိသည်မှာကား ''ငါတို့အောင်ရမည်၊ ငါတို့အောင်ရမည်''ဟူ၏။ ထိုအခါ ညီတော်မောင် ဦးဝိလာသက ''နောင်တော် ဘာတွေအောင်နေတာလဲ၊ ကဲ. . . ဆွမ်းဘုဉ်းပေးသွားကြမယ်လေ၊ လာပင့်ပြီမှပဲ။''

''တခြားမဟုတ်ပါဘူး ညီတော်၊ ညက အိပ်ရင်းကမက်တဲ့ အိပ်မက်ကို တွေးမိပြီး အခုလိုရေရွတ်မိတာပါပဲ။ ကဲ. . . ဘာတွေလဲဆိုတာကတော့ သိမ်နှုတ်၊ သိမ်သမုတ်ရင်းကျမှပဲ စိကာစဉ်ကာ ပြောပါရစေတော့ညီတော်။''

ဤသိမ်နှုတ်၊ သိမ်သမုတ်ကို အစဦးဆုံးမှ အစပြုကာ မော်ကွန်းပြီးသည်အထိ အိပ်မက်အကြောင်းကို ပြန်လည်ရှင်းလင်းပြောပြရပါပေသတည်း။

ဤတွင်ချမ်းအေး (ရွှေရတု) သိမ်တော်မော်ကွန်းစာတမ်းပြီးပါပြီ။

**စီစဉ်တင်ပြသူ**

**ဦးသီလာစာရ**

သဲကုန်းဆရာတော်

သိမ်ကုန်းကျောင်း သဲကုန်းမြို့

**ဤစာတမ်း ပြီးဆုံးရက်စွဲ**

၁၃၆၅-ခု၊ တပို့တွဲလဆန်း (၁၃) ရက် (၃-၂-၂၀၀၃)

အင်္ဂါနေ့၊ နေ့လယ် (၂း၁၇) နာရီ အချိန်ဖြစ်ပါသည်။

## (နောက်ဆက်တွဲ)

### ၄၃။ ဝိသုံဂါမ–သမုတ်ပုံပြ

ဆိုခဲ့ပြီးသိမ်သမုတ်နည်းတို့မှာ နယ်သိမ်း(သိမ်) သမုတ်နည်းတို့ဖြစ်ရာ အကယ်၍ အမိန့်ခံယူပြီးခါ အေးအေးဆေးဆေး သိမ်သမုတ်လိုပါက ပထမတွင် ဝိသုံဂါမအမိန့်ရအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထိုနောက်မှ နေ့ရက်စိတ်ကြိုက် ရွေးချယ်ပြီး နယ်သိမ်းတွင် ပြခဲ့ပြီးနည်းများအတိုင်း သိမ်နုတ်ခြင်းကိစ္စအဝဝကို ဆောင်ရွက်ပြီးပါက နယ်သိပ်းခြင်း၊ နယ်မြေစောင့်ရှောက်ခြင်း စသည် လုံးဝ မပြုရတော့ဘဲ နံနက်၊ နေ့ စသည် ကြိုက်ရာအချိန်မှာ သမုတ်နိုင်ပါသည်။ အခြားအထူးပြောဖွယ်မရှိပါ။ အမိန့်ခံယူရခြင်းသာထူးပါသည်။ ထိုအမိန့်ခံယူစေရာ တွင်လည်း မူလလက်ရှိ သူကြီးခေါ် ဥက္ကဋ္ဌဟောင်းကို မခံယူစေရပါ၊ အခြား သင့်လျော်သူ တစ်ဦးဦးကိုသာ အမိန့်ခံယူစေရမည်ဟု ရှေးဆရာမြတ်တို့ ဆိုထုံး ရှိကြပါသည်။ (ဝိနယ ဂူဠ္ဌာန ဝိနိစ္ဆယတ္ထ)ကျမ်းနှင့် (သီမာဝိနိစ္ဆယ)ကျမ်းတို့တွင် အပြည့်အစုံ ကြည့်ရှုနိုင်ပါသည်။

#### ဝိသုံဂါမ အမိန့်လျှောက်တင်ပုံ နမူနာပုံစံ

သို့

ဝန်ကြီး
သာသနာရေးဝန်ကြီးဌာန
ကမ္ဘာအေးကုန်းမြေ
ရန်ကုန်တိုင်း။

ရက်စွဲ ။ ၁၃၆၅ ခု၊ တပို့တွဲလဆန်း (၁၅)ရက်
(၅–၂–၂၀၀၄) ကြာသပတေးနေ့။

အကြောင်းအရာ ။ ။ <u>ဝိသုံဂါမ မြေစားပေးသနားတော်မူရန် လျှောက်တင်ခြင်းကိစ္စ။</u>

ပဲခူးတိုင်း၊ ---------------မြို့၊ ---------------
ကျေးရွာ–ရပ်ကွက် အတွင်းရှိ --------------------- ကျောင်း၏ အတွင်း၌ ဗဒ္ဓသိမ်သမုတ် လှူဒါန်းလိုပါသောကြောင့် ဝိသုံဂါမ မြေစားအမိန့် ချမှတ်ပေးတော်မူပါရန် အသနားခံ လျှောက်တင်အပ်ပါသည်။

လျှောက်တင်သူ

ဦး-----------------

----

ကျေးရွာ/ရပ်ကွက်

---------------မြို့နယ်

---------------

တိုင်း/ပြည်နယ်

ပူးတွဲပုံစံ

၁။ ---------------တိုင်း/ပြည်နယ်၊ ----------------
----မြို့နယ် --------------------ရပ်ကွက် -
ကျေးရွာအုပ်စု၊ --------------ကျောင်းတိုက် အတွင်းရှိ
ကွင်းနံပါတ် -------------ခုနှစ်၊ ဦးပိုင်အမှတ် -------
------------ဧရိယာ ဧက -------------ဒသမ ---
----------အနက်မှ မင်နီဖြင့် ပြထားသော အလျားပေ (---
----)၊ အနံပေ (--------)ရှိမြေကို ဝိသုံဂါမ မြေစားပေး
သနားတော်မူရန် လျှောက်တင်အပ်ပါသည်။

၂။ ၎င်းနှင့်အတူ စုဝဝါသ အမြဲသီတင်းသုံးနေထိုင်တော်မူသော ဘုန်းတော်ကြီး၏ ခွင့်ပြုထောက်ခံလွှာကိုပါ ထည့်သွင်းပေးပို့အပ်ပါသည်။

ဝိသုံဂါမ မြေစားပေးသင့်ကြောင်း

ဆရာတော် ဦး-------------

-------------ကျောင်း၊ ---------

ရပ်ကွက်/အုပ်စု

မြို့နယ် -------------တိုင်း။

၁။ ပထမ မြို့နယ်မြေစာရင်းဌာနနှင့် ညှိနှိုင်း၍ ထောက်ခံချက်လက်မှတ်နှင့် တံဆိပ် (သာသနာ့မြေ မကျသေးပါက၊ ကျစေရန် ပြုရမည်)

၂။ ဆိုင်ရာ အုပ်စု၊ ရပ်ကွက်၊ သံဃနာယကအဖွဲ့၏ လက်မှတ်နှင့် တံဆိပ်
၃။ ဆိုင်ရာ မြို့နယ်၊ တိုင်း အစိုးရရုံး၏ လက်မှတ်နှင့် တံဆိပ်
၄။ အားလုံးအပြည့်အစုံ ထောက်ခံချက်ယူပြီးပါမှ နိုင်ငံတော် ရုံးချုပ်သို့ တင်ရပါမည်။

## ၄၄။ အမြဲတေသာရ ဩဝါဒ

မိမိထံတွင် ပညာသင်တပည့်ငယ်တို့အား အမြဲနေ့စဉ် လိုက်နာယူရသော အချက်(၃)ချက်ရှိပါသည်။ ထိုအချက်တို့မှာ (လိုက်နာ၊ ဝေဖန်၊ အမြင်မှန်) သုံးခုပင် ဖြစ်ပါသည်။

၁။ လိုက်နာဟူသည် ကျောင်းစည်းကမ်း (၅)ချက်ကို လိုက်နာခံယူရန် ဖြစ်ပါသည်။

(ဆောင်ပုဒ်) စိတ်–ကျင့်–ကျန်း–ပဉ်၊ သာ–ငါးအင်၊ မြဲလျှင်ကောင်းရမည်။

အဓိပ္ပာယ်

| | |
|---|---|
| စိတ် | = စိတ်ထားကောင်းရမည် |
| ကျင့် | = အကျင့်ကောင်းရမည် |
| ကျန်း | = ကျန်းမာရေးကောင်းရမည် |
| ပဉ် | = ပညာရေးကောင်းရမည် |
| သာ | = သာသနာအတွက်ကောင်းရမည် |

(မိမိအတွက် အဆုံးအမ သာသနာ၊ မိမိဝန်းကျင် မိဘ–ဒကာ–ဒကာမ–သာသနာ၊ မိမိအမျိုးဘာသာ–သာသနာ–ကောင်းရမည်။)

၂။ ဝေဖန်ဟူသည် ယခုဖော်ပြပါတို့ကို ဝေဖန်နိုင်စွမ်းရှိရမည်။

ရည်ညွှန်းချက်

နည်းများမဟူ ပရိသတ်နှင့် နေထိုင်ကြသူ အားလုံးအတွက် အထက်အောက်နှစ်မျိုး ကောင်းကျိုးများ တိုးပွားရန် ရည်ညွှန်းပါသည်။

## တပည့်လေးမျိုး ကမ္ပည်းထိုး

၁။ တော်–သင့်–ညွှံ့–ဆိုး၊ ဤလေးမျိုး၊ မှတ်ရိုး တပည့်မည်။
၂။ တော်–သင့်နှစ်စား၊ တပည့်ကား၊ တို့များဖြစ်ရမည်။
၃။ အလိမ္မာ–ပညာ၊ ဤနှစ်ဖြာ၊ ခြားကာခွဲပြမည်။
၄။ အလိမ္မာမြဲ၊ ပညာကဲ၊ ခေါင်စွဲ အောင်ရမည်။
၅။ ရိုးသား–ကြိုးစား၊ သတိထား၊ ကျော်ကြား ဂုဏ်ရှင်ဖြစ်ရမည်။
၆။ ညွှံ့–ဆိုး တပည့်၊ အကယ်ရှိ၊ စိစိမွှမွှ ချေဖျောက်မည်။
၇။ သာသနာရေး၊ အသက်ပေး၊ အပြေးဆောင်ရွက်မည်။

### ဖွင့်ဆိုချက် အဓိပ္ပာယ်

၁(က) တော်ဟူသည် တော်ဝင်သည့် တပည့်(ဝါ) တော်ဝင်သည့် ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ (ဥပမာ) အစစအရာရာမှာ ဘက်စုံတော်၍ (၁–၂–၃) အဆင့် စာရင်းဝင်အောင် ကြိုးစားနိုင်စွမ်းရှိသူဟု ဆိုလိုပါသည်။

(ခ) သင့်ဟူသည် အစစအရာရာမှာ ဘက်စုံသင့်မြတ်၍ (၁–၂–၃) အဆင့် အောက်နားတွင် ကပ်လျက်ရှိသူဟု ဆိုလိုပါသည်။ (ဥပမာ) အစစ အရာရာ ပညာရေး၊ စီးပွားရေးတို့ကို လူတမ်းစေ့ အောင်မြင်မှုရှိသူဟု ဆိုလိုပါသည်။

(ဂ) ညွှံ့ဟူသည် အစစအရာညွှံ့ဖျင်း၍ သာမန်အောက်ပင် နိမ့်ကျသူဟု ဆိုလိုပါသည်။ (ဥပမာ) ပညာရေး၊ စီးပွားရေးအစ ဘယ်အရာမဆို အကြိမ်ကြိမ် အားထုတ်သော်လည်း လူသာမန်တို့အောက် နိမ့်ကျသူ ဟု ဆိုလိုပါသည်။

(ဃ) ဆိုးဟူသည် အစစအရာရာ ဆိုးသွမ်းသူကို ဆိုလိုပါသည်။ (ဥပမာ) ဘယ်အရာမဆို ကောင်းသည်ပင်မရှိဘဲ အမြဲဆိုးသွမ်းပြီး အစစ အရာရာမှာ အရှုံးဖြင့်သာ နိဂုံးချုပ်ရသူကို ဆိုလိုပါသည်။

၃(က) အလိမ္မာဟူသည် ဘုရား၊ တရား၊ သံဃာနှင့် ဆရာ၊ မိဘ ကြီးသူ မှန်သမျှတို့၏အဆုံးအမနှင့် မင်းစိုးရာဇာတို့၏အမိန့်ဥပဒေကို လေးလေး စားစား လိုက်နာကျင့်သုံးနေထိုင်သူကိုဆိုလိုပါသည်။ (ဥပမာ) နာမည် ကောင်းလက်မှတ် ဆုလာဘ်အကြိမ်ကြိမ်ရသူကို ဆိုလိုပါသည်။

(ခ) ပညာဟူသည် ဆိုင်ရာအတန်းဘာသာရပ်နှင့် သိမှု၊ တတ်မှု၊ ကျွမ်းကျင်မှု ပညာအဖြာဖြာနှင့်တကွ မဂ်ပညာ၊ ဖိုလ်ပညာတို့ကို ဆိုလိုပါသည်။ (ဥပမာ) ဝိဇ္ဇာ-သိမှုပညာအဖြာဖြာနှင့် သိပ္ပ-စက်မှု၊ လက်မှု အဖြာဖြာတို့ကို စာတွေ့၊ လက်တွေ့ ကျွမ်းကျင်သူကို ဆိုလိုပါသည်။

၅။ ရိုးသားဟူသည် ပျင်းသူ၊ အ-သူ၊ မိုက်သူမဟုတ်ဘဲ မွေးရာပါ ပင်ကိုစိတ်ထားကောင်းမွန်သူဟု ဆိုလိုပါသည်။ (ဥပမာ) တောထွက်ကောင်းကျွန်းသစ်။ တွင်းထွက်ကောင်း ရတနာတို့နှင့်တူသူဟု ဆိုလိုပါသည်။

၆။ စိစိမွမွချေဖျောက်ဟူသည် ပုဂ္ဂိုလ်ပညတ်ကိုမဆိုလိုဘဲ ထိုထိုပြုမူသမျှ ညံ့ဆိုးမှုညစ် စရိုက်ဆိုး အပြုအမူအကျင့်မျိုးကို မိမိကိုယ်တိုင်လည်း ချေဖျောက်၊ ဆရာ မိဘ ကြီးသူ အာဏာပိုင် မင်းများကလည်း ချေဖျောက်၍ နောက်ထပ်တစ်ဖန် မပြုဝံ့အောင် ပြုလုပ်ခြင်းဟု ဆိုလိုပါသည်။ (ဥပမာ) ခြိမ်းခြောက်မှု၊ ဒဏ်ပေးမှု၊ ရိုက်နှက်မှု၊ အချုပ်ထောင်ချမှု စသည်ဖြင့် ပြုလုပ်ဒဏ်ပေးခြင်းဟု ဆိုလိုပါသည်။

၇။ သာသနာဟူသည် ဆိုင်ရာဆိုင်ရာ ဆရာ မိဘ ကြီးသူတို့၏ အဆုံးအမ (သာသနာ)၊ အိမ်စည်းကမ်း၊ မြို့ရွာစည်းကမ်း၊ ကျောင်းစည်းကမ်း၊ သင်တန်းစည်းကမ်း၊ ရုံးစည်းကမ်း၊ စက်ရုံ စည်းကမ်း၊ နိုင်ငံစည်းကမ်း (ဥပဒေ)ဟူသော (သာသနာ)နှင့် ရှင်တော်မြတ်ဘုရား၏ အဆုံးအမအားလုံးဟူသော (သာသနာ)ကို ဆိုလိုပါသည်။

(အမှာ) ကျန်စကားလုံးစကားစုများမှာ အဓိပ္ပာယ် သိသာ ပေါ်လွင်လှပါသည်။

၃။ အမြင်မှန်ဟူသည် ဖော်ပြပါ သံပေါက်ကဗျာများ ပြည့်ွန်ချက်အတိုင်း အမှန်ကိုမြင်သိရန် ဖြစ်ပါသည်။

၁။ စာလည်းမတတ်၊ ကျင့်ဝတ်ပြတ်၊ အငတ်တောင်းစား အပယ်လား။
၂။ စာမတတ်ဘဲ၊ ကျင့်ဝတ်ဖြည့်၊ ချစ်၏ လူနတ်၊ ပူဇော်အပ်။
၃။ စာတတ် ကျင့်စုံ၊ လောကီဘုံ၊ အကုန်ကျော်စော၊ လွန်အံ့သြ။
၄။ မကျက်မပြန်နေ၊ လူမိုက်တွေ၊ စာပေဘိတ်မသိ။
၅။ ကျက်မပြန်လည်း၊ လူမိုက်ပဲ၊ ဗိုက်ထဲစာမရှိ။
၆။ ကျက်ပြန်မြဲနေ၊ လူလိမ္မာတွေ၊ စာပေပညာရှိ။

၇။ သင် နာ ကျက် ပြန်၊ ရေး စစ် ကြံ၊
မေး မှန် ဆောင်သိ၊ ပညာပြည့်။
၈။ ကိုယ်နှင့်ဝန်းကျင်၊ ညစ်ပတ်လျှင်၊ ပြစ်တင် ရှုတ်ချ၊ ရောဂါရ။
၉။ ကိုယ်နှင့်ဝန်းကျင်၊ သန့်ရှင်းလျှင်၊ တွေ့မြင်ချစ်ကြ၊ ချမ်းသာရ။
၁၀။ မှန်–ရ–ရေး–သိ၊ အကျင့်ပြည့်၊ အောင်ဘိ သရဖူ၊ ပါရဂူ။
(အထူး) မိမိကျောင်းတွင်မူ ရှင် ရဟန်းငယ်တို့အား ညစဥ် ရွတ်ဆို ကျင့်သုံးစေပါက အကျိုးရှိနိုင်ကြောင်း လက်တွေ့ခံစားသိမြင်ရပါသည်။

## ၄၅။ စာတမ်းပြုအရှင် အတ္ထုပ္ပတ္တိဖြစ်စဥ်

ဤနောင်တော်ကြီး(ရွှေရတု) သိမ်တော်မော်ကွန်းအမည်ရှိ စာတမ်းကို ရေးသားပြုစုသော အရှင်မြတ်၏ဘဝဖြစ်စဥ်ကို ကောန်ပင် သိချင်လိုကြပေမည်။ ထိုအာသာဆန္ဒကို ဖြည့်ဝေသောအနေဖြင့် အရှင်၏ဖြစ်စဥ်ကို ဖော်ပြရပါမူ. . . မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မြောက်ပိုင်းကို ဒေသန္တရဗဟုသုတအဖြစ် သွားရောက်ကြပါစို့။ ဟော. . . တွေ့ပါပြီ။ ပေါင်းတည်အုပ်စု၊ ကန်စွယ်ရွာဆိုပါလား။ ဘုရားအဆူဆူ၊ ကျောင်းအတန်တန်၊ ရေကန်အဖြာဖြာ၊ ထန်း၊ ထနောင်း၊ မန်ကျည်းပင်ပျို စသည်တွေ ဝိုင်းရံနေသော ထိုရွာကို မြင်လိုက်ရသည်ကပင် ရွာနေလူတို့၏ အကျင့်စရိုက် ဘယ်မျှ နှစ်မြို့က်ဖွယ်ကောင်းမည်နည်းဟု မေးရန်ပင် မလိုပါ။ ဖြေဖို့ရာ ဝေလာဝေးပင်။ အေးအတူ၊ ပူအမျှ နေထိုင်ကြတဲ့ ရွာသားစုထဲတွင် တွေ့ရပါပြီ။ ခမည်းတော် ဦးရွှေစိန်၊ မယ်တော် ဒေါ်ကြွယ်တို့မှ သားသမီး (၅)ယောက် ထွန်းပေါ်ပေါက်သည့်အနက် ဤစာဆိုရှင်မှာ ၁၃၀၅ခုနှစ်၊ သီတင်းကျွတ်လဆန်း(၃)ရက်၊ နံနက်(၃)နာရီ၊ သောကြာနေ့တွင် ဖွားသန့်စင်သည့် စတုတ္ထမြောက် သားထူးတစ်ယောက်ပင် ဖြစ်ကြောင်းကို သိရပါပေပြီ။

### ကျောင်းနေပညာထက်အောက်ရှာ

စာဆိုရှင်သည် (၅)နှစ်သားအရွယ်စ၍ ရွာဦးပေတောကျောင်း၊ ဆရာတော်ဦးသာအေး (ခ) ဦးသာဂရနှင့် တိုက်အုပ် ဆရာတော် ဦးသောပါက တို့ထံတွင် တတ်သိထိုက်သော အရွယ်နှင့် ထိုက်တန်

သော ထိုထိုစာပေတွေကို သင်လို့လည်းရ၊ မသင်ဘဲလည်းရနိုင့် ပညာရည်စုံသော ကျောင်းသား မောင်မှုံဘဝမှ အသက် (၁၂)နှစ်အရွယ် အရောက်တွင် ခမည်းတော်၊ မယ်တော်များ၏ ပစ္စယာနုဂ္ဂဟဖြင့် ထိုဆရာများထံတွင် ကိုရင်လေး ရှင်သီလာစာရ ဟူသောဘွဲ့တော်အမည်ဖြင့်ပင် ရွှေရည်လွှမ်းသော သာသနာအထက်တန်းသို့ တက်လှမ်းခဲ့ရ ပထမခြေလှမ်းအစတဲ့။

ထိုမှတစ်ခန်း မြို့သူရဲတန်း (သလဲတန်း)မြို့ ကျောင်းသစ်ကျောင်း ဆရာတော် ဘကြီးတော် ဦးကလျာဏထံတွင် ပိဋကအခြေခံ ကျမ်းစာအတန်တန်ကို ရှစ်နှစ်တိုင်တိုင် ကျမ်းကြီးရောက် ကျမ်းကြီးပေါက် အဖြစ် သင်ယူပြီး ၁၃၂၄ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၂)ရက်နေ့တွင် ကြံခင်းမြို့ စာချကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး စစ်ကျွန်းအုပ်စု၊ လက်ပန်ကပ်ရွာ ဦးသူတော်-ဒေါ်ကျော့မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥဒကုက္ခေပ (ရေသိမ်)မှာ ကမ္မဝါစာတမ်းကို တခမ်းတနားနာယူရသည်မှာကတော့ ဒုတိယခြေလှမ်းအထက်တန်းတဲ့။

ပညာသင်ကြား ဆရာများ

၁။ ဆရာတော် ဦးသာဂရနှင့် တိုက်အုပ်ဆရာတော် ဦးသောပါက၊ ပေတောကျောင်း၊ ပေါင်းတည်ရွာ၊ မြိုင်မြို့နယ်၊ ပခုက္ကူခရိုင်၊ မကွေးတိုင်း။

၂။ ဆရာတော် ဦးကလျာဏ (ဘကြီးတော်)၊ ကျောင်းသစ်ကျောင်း၊ သလဲတန်းမြို့၊ ပန်းတောင်းမြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်း။

၃။ ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာဘိဝံသနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥတ္တရာဘိဓရ၊ ဘဒ္ဒန္တနရိန္ဒာစာရ စသည့် စာချဆရာတော်များ၊ ပါဠိတက္ကသိုလ်၊ တိုက်ကျောင်း၊ ကြို့ပင်ကောက်မြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်း။

၄။ ဆရာတော် ဦးကလျာဏနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒ စသည့် စာချဆရာတော်များ၊ ပိုးစာတောတိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။

၅။ ဆရာတော် ဘဒ္ဒန္တ တေဇနိယနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ

ကုဏ္ဍလဇောတိ စသော စာချဆရာတော်များ၊ ပါဠိတက္ကသိုလ်၊
ဇောတိကာရုံတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း။
အောင်ပန်းအလီလီ ပညာရွှေရည်

အထက်ဖော်ပြပါ ဆရာတော်များထံတွင် လိုအပ်ရာရာ ပညာရပ်များကို မနားမနေ သင်ယူလိုက်နာပြီး စာမေးပွဲများကို ဖြေဆိုခဲ့ရာ ငယ်၊ လတ်၊ ကြီး၊ အမျိုးသား ပထမကျော်နှင့် အစိုးရဓမ္မာစရိယတန်းတို့ကို ဆုံးခန်းတိုင်ဟူ အောင်လံတံခွန်ထူနိုင်ခဲ့ပြီး မြန်မာဂုဏ်ထူး၊ ပါဠိဂုဏ်ထူးကျမ်းတို့ကိုလည်း အောင်နိုင်စွမ်းအထိ သင်ယူနေစဉ် ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကို ဦးထိပ်ထက်ရွက်လျက် သိမ်ကုန်းကျောင်း၊ သဲကုန်းမြို့၊ ပြည်ခရိုင်၊ ပဲခူးတိုင်းတွင် ဓုဝ ဝါသ ကျောင်းထိုင်မှူ သာသနာပြုနေသည်မှာ ဤစာရေးသည့်နေ့အထိ ဝါတော် (၄၁)၊ သက်တော် (၆၁)သို့ပင် အရောက်နှင်ခဲ့သည်မှာ တတိယ ခြေလှမ်းဟု ဆိုရမလားလို့။

*ဆက်ရန် ရှေ့အဖို့ အထက်သို့*
ဦးသီလာစာရ သိမ်ကုန်းကျောင်း
(သဲကုန်းဆရာတော်)

၄၆။ တရားကျင့်နည်း၊ နိဿရည်း၊ ချုပ်ပြီး မှတ်စရာ

၁။ မိမိရုပ်နာမ်ကို (သာသနာ)အားလှူရန်
ရုပ်နာမ်နှစ်ဖြာ၊ (သာသနာ)၊ အပ်ကာလှူပါ၏။(၃)ကြိမ်

၂။ တရားကျင့်က (ဗုဒ်-မေတ်-မ) စ
(ဗုဒ်) ဗုဒ္ဓါနုဿတိ ဘာဝနာ
ဤလောကမှာ၊ ဘုရားသာ၊ လွန်စွာမြတ်ဆုံး ပါတကား။
(၃)ကြိမ်
(မေတ်) မေတ္တာဘာဝနာ
လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၃)ကြိမ်
(မ) မရဏာဿတိဘာဝနာ
ငါသည် မုချ၊ တစ်နေ့ကျ၊ သေရမှာပါတကား။(၃)ကြိမ်

အချိန်တိုင်းမှာ၊ ငါ့တွက်တာ၊ မှန်စွာသေနိုင်ပါတကား။
(၃)ကြိမ်
မသေခင်က၊ (မဂ်)ရမှ၊ စိတ်ချအေးမှာတကား။ (၃)ကြိမ်

၃။ တရားထိုင်နည်းနိသျရည်း

(၁) ဆိတ်ငြိမ်ရာရှာ၊ တွေ့သောခါ၊ ခွေကာထိုင်ရမည်။
(၃)ကြိမ်

(၂) ဘယ်လက်ညာတင်၊ ကိုယ်ကိုပင်၊
အစဉ်ဖြောင့်အောင်ထားရမည်။
(၃)ကြိမ်

(၃) ပါးစပ်ကိုပိတ်၊ မျက်စိမှိတ်၊ ကိုယ်စိတ်
ငြိမ်အောင် ထားရမည်။
(၃)ကြိမ်

(၄) သတိကိုပွား၊ (မြဲ)အောင်ထား၊ (ထွက်)ငြား
ဝင်လေသိရမည်။
(၃)ကြိမ်

၄။ လက္ခဏာသုံး–ရမြဲထုံး

(၁) ထွက်လေရုပ်ပဲ၊ ဘယ်မမြဲ၊ ဆင်းရဲစိုးမရပြီ။
(၃)ကြိမ်

(၂) ဝင်လေရုပ်ပဲ၊ ဘယ်မမြဲ၊ ဆင်းရဲစိုးမရပြီ။ (၃)ကြိမ်

(၃) သိမှုနာမ်ပဲ၊ ဘယ်မမြဲ၊ ဆင်းရဲစိုးမရပြီ။ (၃)ကြိမ်

(၄) ရုပ်နာမ်စုံတွဲ၊ ဘယ်မမြဲ၊ ဆင်းရဲစိုးမရပြီ။ (၃)ကြိမ်

၅။ တရားနိဂုံး–လက်တွေ့သုံး

(၁) ဤနည်းကျင့်ပွား၊ (မြဲ) တရား၊ ရောက်ငြား
(နိဗ္ဗာန်) ပြည်။
(၃)ကြိမ်

(၂) တရားကျင့်နည်း၊ (နိသျရည်း)၊ (ပွဲပြီး)
မှန်လှသည်။
(၃)ကြိမ်

(၃) သတိပဋ္ဌာန်း၊ မြတ်ကျမ်းဂန်၊ (နာထံ)
မိန့်မြွက်သည်။
(၃)ကြိမ်

(၄) သိမ်ကျောင်းဆရာ၊ သီလာစာ (ရ)ရန်
မြတ်စာစီ။
(၃)ကြိမ်

(၅) ဤသည့် ပူညျ၊ များသတ္တ၊ မျှဝေသော
ခုညီ။
(၃)ကြိမ်

၄၇။ ကျေးဇူးတုံ့အပ် တပ်အပ်မသွေ ရရောက်ပါစေ

ဤနောင်တော်ကြီး(ရွှေရတု) သိမ်တော်မော်ကွန်းစာတမ်းကို ရေးသားပူဇော်ရသော ကောင်းမှုအထု ကုသိုလ်အစုစုတို့သည် ကျေးဇူးတရား အလွန်ကြီးမားကြသော ပထမဇောတိကာရုံ တောင်ပြင်နဂါး အမည်ကျော်ကြားသည့် ဆရာတော်ဘုရားနှင့်တကွသော ဆရာသမားအားလုံးတို့၏ထံသို့လည်းကောင်း၊ ခမည်းတော်ဦးရွှေစိန်၊ မယ်တော် ဒေါ်ကြွယ်တို့၏ ထံသို့လည်းကောင်း၊ ရဟန်းဒါယကာ–ဒါယိကာမများဖြစ်ကြသော ဦးသူတော်၊ ဒေါ်ကျော့နှင့် ဦးချစ်မောင်၊ ဒေါ်လုတင်မိသားစု အစထား၍ ပစ္စည်းလေးပါးဒါယကာ ဒါယိကာမ တို့ထံသို့လည်းကောင်း ကျေးဇူးတုံ့ဆပ် ကုသိုလ်မြတ်တွေ ဆက်ဆက်မသွေ ရောက်ပါစေသော်။

ဦးသီလာစာရ

၄၈။ ဆရာမြတ်တင်မှီ–ကျမ်းအလီလီ

၁။ ပါရာဇိ ကဏ် ပါဠိ
၂။ ၎င်း အဋ္ဌကထာ
၃။ ဝိနည်းမဟာဝါ ပါဠိ
၄။ ၎င်း အဋ္ဌကထာ
၅။ ဝိနယ သင်္ဂဟ–ဋ္ဌ
၆။ ပါစိတျာဒိ–ဋ္ဌ

၇။ ပရိဝါ-ပါဠိ
၈။ ၎င်း အဋ္ဌကထာ
၉။ ကင်္ခါဝိတရဏီ-ဋ္ဌ
၁၀။ ကင်္ခါဋီကာဟောင်း
၁၁။ ၎င်း ဋီကာသစ်
၁၂။ သာရတ္ထ-ဋီ
၁၃။ ဝိမတိ-ဋီ
၁၄။ ဝဇီရဗုဒ္ဓိ-ဋီ
၁၅။ ဝိနယာလင်္ကာရ-ဋီ
၁၆။ သီလက္ခန္ဓ-ပါဠိ
၁၇။ ၎င်း အဋ္ဌကထာ
၁၈။ ဝိနည်း-ဘာသာ-ဋီ
၁၉။ ကစ္စည်းဘာသာ-ဋီ
၂၀။ သီလက္ခန် ဘာသာ-ဋီ
၂၁။ အဘိဓာန် နိဿယ (ကျော်အောင်စံထား)
၂၂။ အဘိဓာန်-ဋီ
၂၃။ မိုင်းခိုင်း-သိမ်ပုံကျမ်း
၂၄။ သိမ်မျိုးစုံ ဘာသာဋီကာ
၂၅။ သိမ်သင်တန်း (ဘဒ္ဒန္တသီလာနန္ဒ)
၂၆။ သိမ်အောင်စာတန်း (ကနောင်)
၂၇။ သိမ်နှင့်သိမ်သမိုင်း
၂၈။ ကင်္ခါ မေး-ဖြေ (ညောင်တုန်း)
၂၉။ ဝိသုဒ္ဓနာဝရဖိန်
၃၀။ ဝိနယ ဉဏ်ရောင်
၃၁။ ဝိနယ ဂဏ္ဌိဋ္ဌာန ဝိနိစ္ဆယတ္ထ
၃၂။ သီမာ ဝိနိစ္ဆယ
၃၃။ ရူပသိဒ္ဓိ-ပါဠိ
၃၄။ ၎င်း နိဿယ

၃၅။ ပယောဂ သိဒ္ဓိ နိဿယ
၃၆။ ထေရာပဒါန် ပါဠိ
၃၇။ ၎င်း အဋ္ဌကထာ
၃၈။ ၅၅၀ ဇာတ် ပါဠိ ဋ္ဌ
၃၉။ ဇာတ်ကြီး (၁၀)ဘွဲ့
၄၀။ ဇောတိကာရုံ လက်စွဲ
၄၁။ ဇောတိကာရုံ ဆရာတော်
၄၂။ ဇေယျသိန် ဆရာတော်
၄၃။ ဇောတိကာရုံ ရွှေရတုစာစောင်
၄၄။ (၁၅)စောင်တွဲ
၄၅။ ဝိနယ သံခိပ်
၄၆။ နိယတ ဂတိက ဘုံစဉ်ကျမ်း
၄၇။ သုတ သန္နိစယ ကျမ်း
၄၈။ ကမ္မဝါစာ မူများ
၄၉။ မှန်နန်းရာဇဝင်တော်ကြီး
၅၀။ မဃဒေဝ လင်္ကာ